www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

အလင်္ကာဝတ်ရည်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

အလင်္ကာဝတ်ရည်(စာစဉ်–၂၀)

အလင်္ကာဝတ်ရည်

အလင်္ကာဝတ်ရည်စာပေ
အမှတ်–၂၆ရ(ဘီ–၁)၊ ၃၉–လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး --- ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး --- ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး --- ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို

နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်
တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်
တည်ဆောက်ရေး။

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏
လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။

အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊

အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၀၃၀၂၀၃၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၄၅၃၀၅၀၇
ပုံနှိပ်ခြင်း
၂၀၀၈၊ ဒီဇင်ဘာ
ဖလင်
**Colour King**
အတွင်းဖလင်
ကိုဦးနှင့်ညီများ
ထုတ်ဝေသူ
ဦးဥက္ကာအေး
(ယာယီ-၁၁၂၁)
အလင်္ကာဝတ်ရည်
မျက်နှာဖုံး+အတွင်းပုံနှိပ်
အလင်္ကာဝတ်ရည်ပုံနှိပ်တိုက် (ယာယီ-၆၃၂၇)
အမှတ် (၁၂၉)၊ မြဝတ်ရည်လမ်း၊
၂၉- ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
စာအုပ်ချုပ်
ကိုသန်းဌေး
၉၇-လမ်း၊ ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်။
အုပ်ရေ
၅၀၀
တန်ဖိုး
၂၀၀၀
ဖြန့်ချိရေး
အလင်္ကာဝတ်ရည်စာပေ
ဖုန်း-၃၉၂၅၀၇၊
ထွန်းဦးစာပေ (မန္တလေး)
ဖုန်း-၀၂-၃၉၈၉၁၊ ၇၃၅၀၂
နဂါးစာပေ (မန္တလေး)
ဖုန်း-၀၂-၃၉၈၆၉
Layout
ဂျူဂျူး
မျက်နှာဖုံးဒီဇိုင်း
ခိုင်မင်းစိုး
အတွင်းပန်းချီ
အောင်ခိုင်၊ ကိုကိုနိုင်၊ ပုံရိပ်
စီစဉ်သူ
ပန်းချီ မြတ်အောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်

# အိုး . . . မယ်ဝေး
# ကြီးကျယ်စဘာန်မား

(ကမ်းရိုးတန်းဝတ္ထုတိုများ)

## မိချမ်းဝေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | မိချမ်းဝေ၏ အမှာ | ၁ |
| ၁။ | ငွေယံဦးကမ်းရိုက်ဖုံသံ | ၅ |
| ၂။ | ချမ်းဖမ်းလေပွေ | ၂၅ |
| ၃။ | အရှေ့လေမှာ လွင့်ပါးတဲ့ရွက်ဝါ | ၄၁ |
| ၄။ | နဂိုအတိုင်းခပ်ယဉ်ယဉ် | ၅၉ |
| ၅။ | စလိုးမိုးရှင်း | ၇၅ |
| ၆။ | အချစ်နှင့် ကြားခံအရာဝတ္ထု | ၈၉ |
| ၇။ | လွမ်းတတ်အောင် | ၁၀၅ |
| ၈။ | ဖြူစင်စွာ ရှုံးနိမ့်ခြင်းစက်ဝန်း | ၁၂၁ |
| ၉။ | ညင်းညှံ့ညှံ့ကြာညိုရနံ့ကဆွတ်ပျံ့ | ၁၃၅ |
| ၁၀။ | အဝေးလွမ်းအိပ်မက်ရာသီတမ်းချင်း | ၁၅၁ |
| ၁၁။ | တစ်ကိုယ်ရေအလွမ်း | ၁၆၅ |
| ၁၂။ | အရည်ရွှမ်းသစ်သီးတွေရဲ့ ယာခင်း | ၁၈၁ |
| ၁၃။ | ကူးတို့ဆိပ် | ၁၉၉ |

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## အမှာစာ

၁၉၉၆ ခုနှစ်နောက်ပိုင်း ကျွန်မ အလုပ်မှ အနားယူသောအခါ ပင်လယ်တံငါဝတ္ထုများကို တစိုက်မတ်မတ်ရေးဖြစ်လေသည်။ မှတ်မှတ်ရရ 'လရောင်ကြောက်တဲ့ငါး' ဝတ္ထုမှ အစပြု၍ ပင်လယ်တံငါဝတ္ထုများ ဆက်တိုက်ရေးဖြစ်ခြင်း ဖြစ်သည်။ ဝါးလတ်၊ ဝါးတန်း၊ ငါးဖမ်းလှေ၊ ခုံးရှာ၊ ကမာငုပ်၊ ကျောက်ပုစွန်မွေးမြူ ပင်လယ်ခူရှာဖွေ၊ ကဏန်းမြှုံးထောင်ခြင်း စသော ပင်လယ်တံငါပိုင်းဆိုင်ရာ ဝတ္ထုများ ဖြစ်သည်။ ထိုသို့ ပင်လယ်တံငါဝတ္ထုများ ရေးရင်းနှင့်ပင် (ပင်လယ်တံငါ မဟုတ်သော) ကမ်းရိုးတန်းနေ လူမှုဘဝကို ဖော်ညွှန်းသည့် 'ပင်လယ်ဝတ္ထု' များ ဆက်ရေးဖြစ်ပါသည်။

ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ တနင်္သာရီကမ်းရိုးတန်းနေသူများအားလုံး တံငါလုပ်ငန်းဖြင့် အသက်မွေးသူများ မဟုတ်ကြပါ။ နောက်ပိုင်း ကျွန်မရေးသည့် ကျွန်းတောင်, သောင်, ကမ်းအဖွဲ့များထဲတွင် တံငါမဟုတ်သော ဘဝများလည်းပါလာသည်။ မြိတ်မြို့နယ်အတွင်းမှာပင် ယခင်က မြိတ်အရှေ့မြို့နယ်သည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးသည့်ရွာတွေဖြစ်ပြီး မြိတ်အနောက်မြို့နယ်သည် တံငါလုပ်ငန်းဖြင့် အသက်မွေးသော ရွာတွေများပါသည်။ ဥယျာဉ်တစ်ပိုင်း တံငါတစ်ပိုင်းရွာတွေလည်း ရှိသည်။ ယခုဆိုလျှင် မြိတ်အရှေ့မြို့နယ်သည် မြိတ်မြို့နယ်ဖြစ်၍၊ မြိတ်အနောက်မြို့နယ်သည် ကျွန်းစုမြို့နယ်ဟူ၍ ဖြစ်လာသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

ကျွန်မက ခရီးများများထွက်သူဆိုတော့ မြို့ပြသာမက ကျေးလက်တောရွာတွေဆီပါ ရောက်သွားသည်။ ဤတွင် မီးသွေးဖောင်းလုပ်ငန်း၊ ကျွန်းတောင်ဂလက်များနောက်မှ ပုစွန်အအေးခန်းအလုပ်ရုံများ၊ ပင်လယ်ရေပေါ် ပေါလောပေါ်နေသည့် ကျောက်ငါးမွေးကန်များ၊ တူရွင်းပြားခရုရှာဖွေခြင်း၊ ကင်းနင်းခြင်း၊ ဂွထိုးခြင်း စသောလုပ်ငန်းများနှင့် ထိတွေ့ခွင့်ရခဲ့သည်။ လူစိမ်း၊ မြင်ကွင်းစိမ်း၊ ရနံ့စိမ်းတွေကြား ကျွန်မအတွက် မြင်သမျှ ကြားသမျှ အဆန်းတကျယ်ဖြစ်ရ၏။ ကျွန်မတို့ဘက်ကနှင့် မတူညီသော ဓလေ့ထုံးစံ အမူအကျင့်၊ စရိုက်လက္ခဏာ၊ ဘာသာဘာဝတို့ကို မြင်တွေ့ရလေလျှင် ရင်သပ်ရှုမော အံ့သြတကြီး ဖြစ်ရ၏။

ကျွန်မ သူတို့နှင့် စကားစမြည်ပြောဖြစ်သည်။ ကျွန်မက သူတို့ကို မေးခွန်းနည်းနည်းမေး၍ သူတို့ပြောတာကို များများနားထောင်ခြင်း ဖြစ်သည်။ ပထမတစ်ခေါက်၊ နှစ်ခေါက် သူတို့ ကျွန်မအပေါ် မယုံကြည်သေး၊ သူတို့အကြည့်တွေကစိတ်မချတချ၊ သူတို့လေသံတွေက တကြောင့်ကျကျ။ တဖြည်းဖြည်း ရင်းနှီးပွန်းတီးလာမှ သူတို့ရင်ထဲက ခံစားချက်တွေ ပွင့်ဟလာသည်။ ဝေဒနာအစိုင်အခဲတွေထွက်ကျ လာသည်။

အင်္ဂလိပ်စာရေးဆရာ ဆမ္မားဆက်မွန်က 'လူသည် ပုံတိုပတ်စ ပြောတတ်သောသဘာဝရှိသည်။ အစားအသောက်ကို ဝဝလင်လင် စားသောက်ပြီးနောက် ညအချိန်သို့ရောက်၍ မီးလင်းဂူထဲ မီးဖိုဘေးတွင် ဝိုင်းထိုင်မိကြသည့်အခါ မုဆိုးသည် မိမိကြားခဲ့ရသော ထူးဆန်းသည့် အဖြစ်အပျက်တချို့ကို ပြန်၍ ပြော၏။ ထိုသို့ဖြင့် ဝတ္ထုတိုသည် မီးပုံဘေးတွင် မွေးဖွားလာခြင်း ဖြစ်သည်' ဟု ရေးခဲ့ဖူးသည်။

ဆမ္မားဆက်မွန်သည် ကမ္ဘာအနှံ့ခရီးသွားသည့် ခရီးသည်ကြီးတစ်ဦး ဖြစ်သည်။ သူသည် တောင်အမေရိက၊ တောင်ပင်လယ်၊ အရှေ့အလယ်ပိုင်း၊ ဥရောပ၊ အရှေ့ဖျား၊ အရှေ့တောင်အာရှ စသည့် နေရာများစွာသို့ ရောက်ခဲ့ဖူးသည်။ အရှေ့တိုင်းသို့ ရောက်သည့်အခါ လမ်းဘေးတွင် တမာကူအိုးကိုရှေ့တွင်ချပြီး ပုံပြင်ထဲက ဇာတ်လမ်းများကို ပြောပြနေသော ပုံပြောဆရာကို သူမြင်ဖူးခဲ့သည်။ ဟောင်ကောင်နှင့် ရှန်ဟိုင်းလမ်းထောင့်တွင် ရှေးဟောင်းတရုတ်ဒဏ္ဍာရီများကိုပြောနေသော ပုံပြောဆရာကို သူမြင်ခဲ့ဖူးသည်။ ထိုပုံပြင်များသည် ဝတ္ထုတို၏ မြစ်ဖျား မလိခဖြစ်တန်ကောင်းသည်ဟု သူက ဆိုသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်

(ဒေါက်တာမောင်မောင်ညို၏ ဝတ္ထုတိုရေးနည်း အတတ်ပညာစာအုပ် - ဆရာ မြသန်းတင့်အမှာစာမှ)

ယခုလည်း ကျွန်းတောင်သားတို့သည် ကျွန်မကို ထိုနည်းဖြင့် ဝတ္ထုတိုများ ပေးလေ၏။ ကျွန်မကား သူတို့အကြောင်းကို သိရလေလေ၊ အံ့အားတသင့် ဖြစ်ရလေလေပင်။ ကျွန်မသည် ထိုအံ့သြဖွယ်ရာတို့ကို လောဘတကြီး ကောက်ငင်မိ၏။ ဤဒေသမှာ တစ်စုံတစ်ရာကို အံ့သြတကြီး တွေ့မြင်လိုက်လျှင် အမေကိုတ,၍ ရေရွတ်လေ့ရှိသည့် အာလုတ်သံဖြင့်ပြောသော စကားတစ်ခွန်းရှိသည်။ ထိုအာလုတ်သံမှာ 'အိုး... မယ်ဝေး ... ကြီးကျယ်စဘန်မား' ဟူ၍ ဖြစ်သည်။ မြန်မာလိုဆိုလျှင် 'အိုး... အမေရေ... ကြီးကျယ်လှပါလား'...ဟု အဓိပ္ပါယ်ရမည်ပင်။

ကျွန်မသည် တနင်္သာရီကမ်းရိုးတန်းတစ်ကျောသို့ သွားရောက်သည့်အခါတိုင်း မြင်ကွင်းစိမ်းတွေကြား ထိုအံ့သြဘနန်းကိစ္စတွေနှင့် အကြိမ်ကြိမ်တွန်းတိုက်မိကာ မကြာခဏပင် အထက်ပါ အာလုတ်စကားကို ရွတ်ဆိုမြည်တမ်းမိ၏။ ယခု ကျွန်မတအံ့တသြဖြစ်မိသည့် ကိစ္စတချို့ကို စာဖတ်သူရှေ့မှောက်သို့ ပို့လိုက်ပါပြီ။

ကျွန်မနှင့် ထပ်တူခံစားရသည်ဆိုလျှင် လူမနီးသူမနီး ကျွန်းတောင်သောင်ကမ်းတွေဆီအရောက် ခရီးခြေဆန့်ရကျိုးနပ်သည်ဟု ယူဆပါသည်။ ယခုဝတ္ထုတိုများကိုလည်း ကျွန်မအားနှင့်နိုင်သမျှ ကြိုးစားရေးသားထားသည်များ ဖြစ်ပါသည်။

တစ်နေ့ 'မင်းရေးတဲ့ဝတ္ထုတချို့ဟာ ဆောင်းပါးကို ရသထည့်ထားသလို သုတအချက်အလက်တွေကဲနေတာ တွေ့ရတယ်၊ ဝတ္ထုတို၊ ဝတ္ထုရှည် ဘာဖြစ်ဖြစ် အနုပညာဖန်တီးမှုတစ်ခုခုမှာ သူ့အင်္ဂါရပ်တွေရှိတယ်၊ အသေးစိတ်လေ့လာ၊ စာများများဖတ် ကိုယ်ရေးမဲ့စာ ဘယ်ဘာသာရပ်မဆို ကောင်းသထက်ကောင်းအောင် ကြိုးစား...' ပါလို့ ဆရာလူထု(ဦး)စိန်ဝင်းက ဆုံးမဖူးပါသည်။

ဂရုတစိုက် ဆိုဆုံးမတာ၊ လမ်းညွှန်တာ၊ မသိတာလေးတွေကို ပြုပြင်ပေးတာ ဆရာလူထု(ဦး)စိန်ဝင်း အပါအဝင် စာဖတ်သူအားလုံးကို လေးစားရပါသည်။ ပြောဆိုဆုံးမထောက်ပြကြသည်များကိုလည်း ရိုသေစွာ လိုက်နာပြုပြင်ရင်း ကျွန်မကို ဖေးမကူညီသူများအားလည်း ကျေးဇူးတင်ပါသည်။ ကျွန်မကြိုးစားပါသည်။ အားထုတ်မှုနှင့် ကျွန်မ အနုပညာတိုးတက်လာလျှင် ပြုပြင်ပေးကြသူများရဲ့ ကျေးဇူးကြီးမားမှုကြောင့် ဖြစ်ပါသည်။ ညံ့နေသေးလျှင် ကျွန်မဆက်ကြိုးစားရပါဦးမည်ဟု နားလည်ခံယူပါသည်။

*စာဖတ်သူများကို လေးစားစွာ...*

*မိချမ်းဝေ*

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# ငွေယံဦးကပ်းရိုက်ဗုံသံ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# ငွေယံဦးကမ်းရိုက်ဖုံသံ

နေ့တစ်နေ့၏ အလုပ်ချိန်ကို နိဂုံးကမွတ်အဆုံးသတ်ပေးလိုက်သော အလုပ်ဆင်း အချက်ပေးခေါင်းလောင်းသံက ကျွန်တော်တို့ထံ လွတ်လပ်မှုများကို သယ်ဆောင်လာလေသည်။ တစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုများက လုပ်ငန်းခွင်မှ ထွက်ခွာရန် ကျွန်တော်တို့နောက်မှ ထက်ကြပ်မကွာ တွန်းအားပေးနေသည်။ စက်ရုံထဲမှ အလုပ်သမားနှစ်ရာကျော်တို့ ပြန့်ကျဲအန်ကျလာချိန် ပုစွန်အအေးခန်းတည်ရာ တိမ်လိုင်းပြာ ကျွန်းကလေးပေါ်မှာတော့ အလင်းဖျော့ လက်ကျန်တွေ ကျိုးကျိုးကျဲကျဲ ကျန်ဆဲပါ။

အအေးခန်း အပြင်ဘက်ရောက်တော့ အလုပ်သမားတွေ အတော်လှမ်းလှမ်းက ခရေ၊ နှင်းဆီ၊ စံပယ်အဆောင်တွေဆီ သွားကြသည့်အခါ ကျွန်တော်ကတော့ ကျွန်းရဲ့ အရှေ့တောင်ဘက် ယွန်းယွန်းကလေးက ကျောက်ကျွန်းဆွယ်တွေရှိရာ သောင်ပြင်သာဘက် ထွက်ခဲ့မိသည်။ တကယ်တော့ တိမ်လိုင်းပြာကျွန်းကလေးရဲ့ထိပ်မှာ အော်ကွေ့ကလေးပါသည့်အတွက် ကမ်းခြေသောင်ထွတ်တွေက ပစောက်ပုံကွေ့ဝိုက်ကာ တစ်မျိုးလေး ကဗျာဆန်နေသည်ဟု ကျွန်တော့်စိတ်ထဲ ထင်နေမိသည်။ သည်ပင်လယ်ပြင်မှာက ထိုကဲ့သို့ အော်ကွေ့ကလေးတွေနှင့် ကျွန်းတွေအများကြီး။ ပြင်ထပ်အော်၊ ရေပြည့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အော်၊ ပန်လုံးအော်၊ ထိုကျွန်းတွေအားလုံး ပစောက်ပုံအော်ကွေ့ကလေးတွေနှင့် သီးခြားဂုဏ်ရည်ရှိကြသည်။ ကျွန်တော်ချစ်သော ကမ်းခြေသောင်ထွတ်သည် ထိုအော်ကွေ့၏ ထိပ်မှာရှိသဖြင့် ပင်လယ်ပြင်ဘက် ကွေ့ဝိုက်ချွန်ထွက်နေရာ တိမ်လှိုင်းပြာကျွန်းကလေးရှေ့မှမြင်ကွင်းကို ပိုမိုနီးကပ်စွာမြင်ရသည်ဟု ထင်မြင်ဖွယ်ရှိပေသည်။

ထိုမြင်ကွင်းကား ကျွန်တော်တို့ နေ့စဉ်မိုးသောက် မြင်တွေ့နေရသော်လည်း မည်သည့်အခါမှ အမြင်မရိုးနိုင်သည့် ငှက်သိုက်တောင်မြင်ကွင်းများပင် ဖြစ်သည်။ ပင်လယ်ရေပြင်ထက်မှ ထီးထီးပေါ်ထွက်နေသော ကျောက်တောင်ငှက်သိုက် ကျွန်းလေးကျွန်း၊ အဖိုးတန်ငှက်သိုက်များကို အန်ထုတ်ပေးသည့် ဇီဝဇိုးငှက်ကလေးတို့ ခိုနားမှီတွယ်ရာ ထိုငှက်သိုက်ကျွန်းလေးကျွန်းသည် ကျွန်တော်တို့၏ စိတ်အပန်းဖြေရာ၊ မျှော်လင့်ခြင်းရောင်ခြည်တို့ကွန့်မြူးရာ၊ စိတ်ကူးငွေမင်တို့ကြဲပက်ရာ၊ စိတ်ကူးပူပေါင်းတို့ ချိတ်ဆွဲရာ နေရာဌာနကြီး ဖြစ်တော့၏။

ကျွန်တော်ချစ်သော ကမ်းခြေသောင်ထွတ်မှာ လဲလျောင်းနေသည့် ကျောက်ဆွယ်တန်းတွေအပေါ်မှာထိုင်ရင်း ထိုငှက်သိုက်ကျွန်းမြင်ကွင်းကို ငေးမောတွေးတောသည့်ခလေ့၌ ကျွန်တော်ပျော်မွေ့နေသည်မှာ တိမ်လှိုင်းပြာ ပုစွန်အအေးခန်းတွင် အလုပ်စဝင်စဉ်ကတည်းကပင်။ ငှက်သိုက်ကျွန်းလေးကျွန်းသည် သုံးကျွန်းမှာ ခပ်စုစု၊ တစ်ကျွန်းမှာ အနည်းငယ်ကွဲထွက်နေပြီး ဟိုဘက်သည်ဘက် တိုးလျှိုပေါက်နေသည့် 'ဂလက်' လမ်းကြောင်းပေါ်နေသည်။ 'ဂလက်' ဆိုသည်မှာလည်း ဤဒေသမှ အခေါ်အဝေါ်တစ်ရပ်ပင်။ ကျွန်းဖြစ်စေ၊ တောင်ဖြစ်စေ၊ ဟိုဘက်သည်ဘက် တိုးလျှိုပေါက်ဖြတ်သန်းနိုင်သည့်လမ်းကြောင်းသည် ဂလက်ပင် ဖြစ်သည်။

ကျွန်တော်သည် ထိုဂလက်လမ်းကြောင်းမှ ငှက်သိုက်ကျွန်း ဟိုဘက်ပင်လယ်ပြင်ကြီးကို စောင့်ကြည့်ရင်ခုန်ရသည့်အပေါ် အရသာတွေ့လှ၏။ ထိုပင်လယ်ပြင်ကို ဖြတ်လျက် ကော့သောင်းမှ ကျွန်တော့်ဇာတိမြိတ်မြို့သို့ မောင်းနှင်သွားသော လှေ၊ သင်္ဘောများ၊ အမြန်ရှုပ်ပြေးယာဉ်များကို ဂလက်လမ်းကြောင်းမှ တွေ့ရှိရသည့်အခါ ဖြစ်ပေါ်လာသော စိတ်ဓာတ်အင်အားဖြင့် ပုစွန်အအေးခန်းတွင် ရင်ဆိုင်နေရသော ပင်ပန်းနွမ်းနယ်မှု၊ အထီးကျန်မှု၊ စိတ်ဖိစီးမှုဝေဒနာများကို ကုစားနေခဲ့သည်မှာ အချိန်ကာလ အတန်ကြာခဲ့လေပြီ။

ဂလက်လမ်းကြောင်းမှာ ရေယာဉ်တစ်စီးစီး ဖြတ်သန်းတိုင်း ကျွန်တော့်စိတ်တွေ အိမ်ပြန်ပါသွားခဲ့သည်။ 'အိမ်' ဆိုသည့် နွေးထွေးပျော်ရွှင်ဖွယ် မိသားစုကလေးနှင့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မကွဲမကွာနေရန် ဘာလို့များ ကျွန်တော့်မှာ ဇာတာမပါခဲ့ရတာပါလိမ့်။ တစ်သက်လုံး မိသားစုကို ရှာဖွေကျွေးလာသည့် ဖခင်ကြီး ကျန်းမာရေးချို့ငဲ့လာခြင်းနှင့် ညီ နှစ်ယောက် တစ်ပြိုင်နက် တက္ကသိုလ်တက်မည့်ကိစ္စသည် ဘွဲ့ရပြီးစ ကျွန်တော့်ကို တိမ်လှိုင်းပြာကျွန်းမှ အအေးခန်းထဲ ပစ်သွင်း လိုက်သည့်ကိစ္စပဲ ဖြစ်သည်။

စဉ်းစားရန်၊ ရွေးချယ်ရန်၊ ငြင်းပယ်ရန် အခွင့်အရေးမရှိ။ အခုဆို အလုပ်ဝင်ခဲ့ သည်မှာ ၆ လ ချဉ်းနေပေပြီ။ ကျွန်တော် ကျွန်းမှာ မပျော်သေး။ အိမ်လွမ်းစိတ်တို့ လွှမ်းခြုံစိုးမိုးဆဲ။ အထူးသဖြင့် အစားအသောက် ရှားပါးချို့ငဲ့မှုကို သည်းမခံနိုင်ဆုံးပင်။ ကျွန်တော်က ပင်လယ်ဆိပ်ကမ်းမြို့မှာ မွေးဖွားကြီးပြင်းပြီး ပင်လယ်ငါးပုစွန်တို့ အပေါ် စားသောက်ရန် နှစ်ခြိုက်မှုမရှိခြင်းက ကျွန်တော့်ဘဝအတွက် ကြီးစွာသော လွဲချော်မှု ပင် ဖြစ်သည်။ မြို့မှာနေစဉ် ထိုကိစ္စက ရေးကြီးခွင်ကျယ်မဟုတ်ပေမယ့် ပင်လယ်ကျွန်း တောင်မှာတော့ ကျွန်တော်ခံတွင်းတွေ့သော သစ်ဥသီးနှံတို့မရှိ၊ ပင်လယ်တွင်းမှ ငါး ပုစွန်တို့သာ လှိုင်လှိုင်ပေါ်နေတော့ရာ ထိုအစားဆင်းရဲမှုက ကျွန်တော့်အတွက် ကြီးစွာ သော အနှောင့်အယှက် ဖြစ်စေသည်။

သည်တော့ ကျွန်တော့်စိတ်က ဂလက်ထဲချောင်းကြည့် ဖြတ်သွားသည့်ယာဉ်နှင့် အိမ်ပြန်ကာ အိမ်မှ အမေစီစဉ်ပေးသည့် အသီးအရွက်များများ ထမင်းဝိုင်းဆီသို့ ရောက်နေတော့သည်။ ပြီးတော့ သည်နေရာမှာ ကျွန်တော်မပျော်သည့် တခြား အကြောင်းတစ်ရပ်လည်း ရှိသေးသည်။ ထိုအကြောင်းတရားသည် ဖေဖေ့ညီ ဦးလေး မောင်လွင်နှင့် သက်ဆိုင်နေသည်။ လွန်ခဲ့သည့်သုံးနှစ်က ဤနေရာမှာ ဦးလေး မောင်လွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုသို့ တာဝန်ထမ်းရင်း တစ်ကျွန်းတည်း အတူနေအိမ်ထောင်ရှိ အမျိုးသမီးနှင့် ဇာတ်လမ်းရှုပ်ကာ ထိုအမျိုးသမီးကို စွဲလမ်းစိတ် နှင့် အရယူခဲ့သည်။ အမျိုးသမီးမှာ အိမ်ထောင်ကွဲသွားပြီး သားနှစ်ယောက်ပါလာ သည်။ ဖေဖေက ဦးလေးမောင်လွင်လုပ်ရပ်ကို မျိုးရိုးဂုဏ်ထိခိုက်သည်ဆိုကာ သေခန်း ဖြတ်ထားခဲ့သည်။

ဦးလေးမောင်လွင် မြိတ်သို့တာဝန်နှင့် အလုပ်ပြောင်းလုပ်တော့ ဖေဖေက ကျွန်တော်တို့ကို အဆက်အဆံမလုပ်စေပါ။ တိမ်လှိုင်းပြာ အအေးခန်းမှာတော့ ဦးလေး မောင်လွင်လုပ်ရပ်က ကောင်းကောင်း ပြောစမှတ် ကျန်ခဲ့တော့သည်။

“ချမ်းငြိမ်းအောင်က မောင်မောင်လွင့်တူလား၊ မင်းဦးလေးခြေရာတော့ မနင်းနဲ့ နော်”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**မိချမ်းဝေ**

စခန်းကလူကြီးတွေ အလုပ်ဝင်ခါစက နောက်ပြောင်ပြောဆိုသည်ကို သည်းမခံနိုင်အောင်ပင် ရင်မှာဆတ်ဆတ်ခါ နာကျင်ရသည်။ ကျွန်တော်က မိန်းမနှင့် ပတ်သက်လျှင် အရှုပ်အရှင်းကင်းသည်မို့ ထိုအပြောမျှလောက်ပင် မခံနိုင်။

အလုပ်ခွင်ထဲ ပုစွန်ရွေး၊ ခေါင်းဖြတ် ကောင်မလေးတွေ ပရောပရည်လုပ်လျှင်လည်း ခပ်တည်တည်၊ စာရေးမလေးတွေ အရောတဝင်လုပ်လျှင်လည်း ခပ်တန်းတန်း၊ ကြာတော့ အလကား ဘဝင်ကိုင်အထာပေးသည်ဟု မေးထိုးခေါင်းခါ အတင်းပြောခံရတော့သည်။ ဦးလေးမောင်လွင်လို ဘဝနှင့် ချိန်စက်လျက် ရှက်ရွံ့နာကျင်ဖွယ် အဖြစ်မျိုးနှင့် မတိုးရလေအောင် ဆင်ခြင်တုံတရားကို ဒိုင်းသဖွယ် ကာရံထားမည်ဟု ဆုံးဖြတ်ထားပြီဖြစ်သည်။ ထိုအခံစိတ်ဓာတ်သည်ပင်လျှင် ကျွန်တော့်ကို ပိုမို အထီးကျန်စေသည်လားမသိ။

စားသောက်ရေးတာဝန်ခံအဆောင်မှ ထမင်းချိုင့်လာပို့လျှင် အတွင်းသို့ မဝင်စေဘဲ အပြင်ဝရန်တာစွန်းတွင်ပင် ချထားစေခြင်းမျိုး၊ ကောင်မလေးတွေက 'ဆရာ၊ အဝတ်လျှော်စရာရှိရင် ပြောပါနော်' ဟု ကမ်းလှမ်းသည့်စကားကို ငြင်းပင်တာမျိုး၊ ထိုအပြုအမူများက ကျွန်တော့်ရဲ့ သင်းကွဲစိတ်ဓာတ်ကို ဖော်ကျူးရာရောက်သည်ဆိုလျှင် ကျွန်တော့်ရဲ့တစ်ကိုယ်တော် အထီးကျန်မှုအတွက် သင့်တင့်စွာ ရောင့်ရဲနိုင်ရမည် ဖြစ်သည်။

ညနေစောင်း အလုပ်သိမ်းချိန်ယောက်ျားလေးတွေ အတော်များများ လက်ဖက်ရည်ဆိုင်ထိုင်ကာ တစ်နေ့တာ အတွေ့အကြုံတွေ ဖလှယ်နေချိန်၊ ကျွန်တော်ကမ်းခြေသာ ကလေးဆီရောက်နေတတ်သည်။ တစ်ခါတစ်ရံ မိုးယံမှာ တိမ်ညွန့်တက်စားသည့် ဇီဝဖိုးတို့၏ ပျံသန်းခြင်း၌ လိုက်ပါ၊ တစ်ခါတစ်ရံ ကျောက်တောင်ဂူပေါက်အတွင်း ရေတက်နှင့် အတူဝင်သွားသော ငှက်သိုက်ဆွတ်လုပ်သားတို့၏ လှေငယ်ကလေးတွေကို ငေးကြည့်၊ ကျောက်နံရံတွင် တည်ရှိနေမည့် တန်ဖိုးမြင့်ငှက်အန်ဖတ်တို့၏ အနေအထားကို စိတ်မှန်းနှင့် တွေးမြင်၊ တစ်နေရာတည်းတွင် စူးစိုက်မနေသော တိမ်းတိမ်းပွေ့ပွေ့ စိတ်ကူးတို့သည် ကျောက်တောင်မြင်ကွင်းတစ်ဝိုက် ဝဲလှည့်ပျံသန်းနေတော့သည်။

သည်နေ့လည်း ပုစွန်ဆီသွေးဖျော့ဆည်းဆာသည် ပင်လယ်ရေပြာထဲ မညှာမတာ ဖိတ်စင်ကျနေသည်။ ကျောက်တောင်အရိပ်ကျသည့်ဘက်က နက်မှောင်မှောင်၊ နေခြည်အလင်းကျသည့်ဘက်က စူးရှရှ၊ ကျောက်တောင်အေးရိပ်အောက်မှာတော့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ငါးတွေအုပ်စုဖွဲ့ အိပ်စက်နေမလား။ ပုစွန်ဆီသွေးရောင်ကြောင့် ဂလက်လမ်းကြောင်းသည် ပီပြင်ထင်ရှားနေသော်လည်း မည်သည့်ရေယာဉ်တစ်စင်းတလေမှ ဖြတ်သန်းသွားခြင်းမရှိပါ။

ကျွန်တော်သည် ကျောက်ဆွယ်တန်းပေါ် သွက်လက်စွာ ခုန်တက်၍ ပင်လယ်လေအေးကို အဆုပ်တွင်းရောက်အောင် ရှူသွင်းမည်ပြုခိုက် ကျောက်ဆွယ်တန်းအောက်ခြေမှ မြင်ကွင်းကြောင့် အံ့သြမှင်တက်မိသွားသော စိတ်နှင့်အတူ . . .

"ဆောရီးဗျာ၊ ကျွန်တော် လူရှိမှန်းမသိလို့"

ကျောက်ဆွယ်တန်းအောက် သောင်ပြင်မှာ ကျကျနနထိုင်ကာ ပင်လယ်ပြင်ဘက်ငေးစိုက်ကြည့်နေသည့် အမျိုးသမီးတစ်ယောက်။ အို . . . မှားလို့၊ အမျိုးသမီးတစ်ယောက်တည်းမဟုတ်၊ သူ့နံဘေးမှာ လေးငါးနှစ်အရွယ် ကလေးတစ်ယောက်လည်းပါသေးရဲ့။ သူတို့နှစ်ယောက် ငြိမ်ငြိမ်သက်သက် တိတ်တိတ်ဆိတ်ဆိတ် စိတ်ကူးတွေ ရွက်လွင့်နေတုန်း ကျွန်တော့်ကြောင့် အနှောင့်အယှက် ဖြစ်သွားပြီလား။

အမျိုးသမီးက ကျွန်တော့်ကို မျက်လုံးစူးစူးတို့ဖြင့် လှမ်းကြည့်သည်။ ကလေးကရုတ်တရက် ကျွန်တော့်ကိုမြင်တော့ လန့်သွားသည် ထင့်၊ အမျိုးသမီးရင်ခွင်ထဲတိုးကပ် သွား၏။

"ဩော်၊ ရှင်ရောက်လာပြီကိုး၊ စိတ်မရှိပါနဲ့ရှင်၊ ရှင့်နေရာကလေးကို ကျွန်မတို့အပိုင် လာစီးထားမိတယ်၊ ရှင် ဒီနေ့ နောက်ကျတယ်နော်၊ သားက ကမ်းခြေလိုက်ပို့ပါ၊ ကမ်းခြေလိုက်ပို့ပါ ပူဆာလွန်းလို့"

အမျိုးသမီးက ကလေးလက်ဆွဲကာ ကျောက်တန်းဆွယ် အကွယ်မှထွက်ပြီး သောင်ပြင်တစ်လျှောက် လျှောက်သွားတော့ သူမရဲ့ မျက်လုံးစူးစူးကလေးရယ်၊ အသံလွင့်လွင့်ကလေးရယ်၊ အဆီပိုမရှိ ကျစ်လျစ်သွယ်လျသော အနောက်ပိုင်း မြင်ကွင်းကလေးရယ် သည်နေရာမှာ ဝေ့ဝဲကျန်ရစ်ခဲ့သည်။

အမျိုးသမီးဘယ်သူလဲ၊ ကျွန်တော်မသိပါ။ စက်ရုံအအေးခန်း လုပ်သားနှစ်ရာခန့်ရှိရာ အမျိုးသမီးအားလုံး ကျွန်တော်မသိနိုင်သည်မှာ သဘာဝကျပါသည်။ အမျိုးသမီးကတော့ ကျွန်တော့်ကို သိနေပုံပါပဲ။ 'ရှင့်နေရာကလေးကို ကျွန်မတို့ အပိုင်လာစီးထားမိတယ်၊ ရှင် ဒီနေ့ နောက်ကျတယ်နော်' တဲ့။ ဒါဆို ကျွန်တော် သည်နေရာကလေးသို့ နေ့စဉ်ရောက်ရှိနေတတ်မှုကို သူမ သိထားပြီးပြီပေါ့။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**မိချမ်းဝေ**

ကျွန်တော်ကမသိဘဲ ကျွန်တော့်ကို မိန်းကလေးတစ်ယောက်က မှတ်မှတ်ထင်ထင် သိရှိနေမှုအပေါ် နည်းနည်းတော့ ထူးဆန်းနေသည်။ ကျောက်ဆွယ်တန်းပေါ် ကျွန်တော်ထိုင်နေသော်လည်း ငှက်သိုက်တောင်ကို မမြင်၊ ဂလက်ကြောင်းကို မမြင်၊ ပုစွန်ဆီရောင်မှ ခရမ်းသွေးရင့်ရင့်သို့ ပြောင်းသွားသော ဆည်းဆာအလှကိုပင် မမြင်တော့၊ သူမ၏ သွင်ပြင်သည်သာ အရိပ်ထင် စိုးမိုးနေတော့သည်။

"သားက ကမ်းခြေကိုလိုက်ပို့ပါ ပူဆာလွန်းလို့"

သူမ အသံလွင်လွင်ကလေး ပြန်လည်ကြားယောင်ကာ မီးလျှံကို ကိုင်မိတော့မည့် ကလေးငယ်တစ်ယောက်၏ ထိတ်လန့်မှုမျိုးဖြင့် ကျွန်တော် ထိတ်လန့်သွားလေသည်။ တစ်ဆက်တည်းမှာပင် ဦးလေးမောင်လွင်ကို သတိရသွားကာ အတွေးရိုင်းတို့ဖြင့် နောက်ကျူသွားသော ခေါင်းကို အကြိမ်ကြိမ်ယမ်းခါမိလေသည်။

× × ×

လူ့စိတ်သည် အတော်ပင်ဆန်းကြယ်လှ၏။ မောင်းနှင်တော ထုတ်ယမ်းခါပစ်သမျှ ထိုအာရုံသည် ဝေးဝေးမသွား၊ ပင့်ကူ၏ခြေတွင် တွယ်ငင်နေသော ပိုးသားချည်မျှင်ကဲ့သို့ သွားလေရာသို့ လိုက်ပါနှောင်ဖွဲ့လေ၏။ နောက်တစ်နေ့ အလုပ်ခွင်ထဲ ရောက်တော့ ကျွန်တော့်စိတ်တွေ အလုပ်ထဲမနေ၊ တစ်စုံတစ်ရာကို ရှာဖွေနေ၏။ သူမ ဘယ်သူလဲဆိုသည့် သိချင်စိတ်ကို မည်သည့်အရာနှင့်မျှ ဟန့်တားမနိုင်၊ ကျွန်တော်တို့ အလုပ်ကလည်း ထိုသို့အာရုံထွေပြား၍ ရသည်မဟုတ်။

ကိုယ်စားလှယ်တွေ လာရောင်းသမျှ ပုစွန်တွေ ရေစစ်ပြီးချိန်တွယ်ကာ ရွေးစင်ပေါ်တင်၍ အမျိုးအစားခွဲကြရသည်။ အလုပ်သမအများစုကတော့ အော်ဒါမှသည့်အတိုင်း ပုစွန်ကိုင်ကြသည်သာ များသည်။ ခေါင်းဖြတ်လား၊ အမြီးကျန်လား၊ ကျောဖောက်လား၊ ကျောခွဲကာ အကြောကြောင်းထုတ်လား၊ ဒါမှမဟုတ် ချေးကြောင်းထုတ်လား၊ မှာသည့်အော်ဒါအလိုက် ကိုင်ပေးကြရသည်။ ဆိုဒ်ခွဲဖို့ကျတော့ တစ်ပေါင်မှာ ဘယ်နှစ်ကောင်ပါမလဲ။ နှစ်ဆယ့်ငါးကောင်လား။ တစ်ဘူးမှာ ၄ ပေါင် ၁.၈ ကီလိုဂရမ်ပါမည်။ ၁.၈ ကီလိုဂရမ်သုံးခန်းပါ ဘူးတွဲတွေလည်းရှိမည်။ အမျိုးအစားအလိုက် ဆိုဒ်ပြားကပ်၊ ပါကင်ချုပ်ကာ အအေးခန်းထဲထည့်သည့်အလုပ်က ကျွန်တော်တို့အလုပ်။ သိပ်မကြာခင် မိဘမေတ္တာ၊ ငွေပင်လယ်တို့လို သင်္ဘောတွေ ရောက်လာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တော့ မြိတ်အနောက်ဘက်ပထက်ကမ်း အအေးခန်းကိုပို့ ထိုမှတစ်ဆင့် စျေးကွက်ရှိရာ ရန်ကုန်သို့ လက်လွှဲကုန်တင်ရုံသာ ဖြစ်သည်။

အလုပ်တာဝန်ခွဲဝေသည့် စနစ်အရဆိုတော့ ကိုယ့်တစ်ဦးတည်း ငေးငိုင်နောက်ကျန်နေ၍မဖြစ်၊ လက်သွက်ညီညီ လုပ်ကိုင်နေရသည်ဖြစ်ရာ ထိုနံနက်က ကျွန်တော့် ရှာပုံတော်ဖွင့်မှုသည် အောင်မြင်ခြင်းမရှိပေ။ တူညီဝတ်စုံဝတ် အလုပ်သမတွေကြား တစ်ခဏတာ တွေ့လိုက်ရသူလေးကို ကျွန်တော် ရုတ်တရက် မှတ်မိသိရှိဖို့ ပင်မလွယ်၊ နာမည်သိမည်ဆိုလျှင်တော့ ဝန်ထမ်းစာရင်း သွားလှန်လိုက်လျှင် ကိစ္စပြီးသည်။

ကျွန်တော် စဉ်းစားကြည့်သည်။ သူမသည် ကျွမ်းကျင်ခေါင်း ဆောင်ထဲကတော့ မဖြစ်နိုင်၊ ထိုခေါင်းဆောင်တွေအားလုံး ကျွန်တော်နှင့် ရင်းရင်းနှီးနှီးကြီး မဟုတ်သည့်တိုင် မျက်မှန်းတန်းမိသည်ချည်း။ သည်လိုဆို ခေါင်းဖြတ်၊ အခွံခွာထဲကရော မဖြစ်နိုင်ဘူးလား။ ထိုအလုပ်သမထုက အများဆုံးဖြစ်သဖြင့် ရှာဖွေမလွယ်ခြင်း ဖြစ်တန်ရာသည်။

ထိုနေ့ညနေ အလုပ်သိမ်းခေါင်းလောင်းသံသည် ကျွန်တော့်အတွက် အဓိပ္ပါယ်ရှိလှ၏။ ခါတိုင်းတော့ ပင်ပန်းမှုကို အာရုံဖြေဖျောက်ရန် ကျောက်ဆွယ်တန်းဆီ ကျွန်တော် အရောက်လာခဲ့သည်။ မနေ့တုန်းကလိုများ သူမတို့ ကျောက်ဆွယ်တန်း အခြေပိုင်းသဲပြင်မှာ ထိုင်နေလေမလား၊ အပြေးရောက်လာပေမယ့် သဲပြင်ပေါ်မှာ မည်သူမျှ ရှိမနေပါ။ ဒါဆိုလျှင် အနီးအနားဝန်းကျင်မှာရော။

ခပ်လှမ်းလှမ်းသောင်ပြန့်တစ်နေရာမှာ တချို့ပင်လယ်ရေဆင်းချိုး၊ တချို့သောင်ပြင်မှာ ခရုကောက်၊ တချို့အုန်းပင်အောက် ခုံပုကလေးတွေမှာ ထိုင်ကာစကားပြော၊ တစ်နေ့တာ ငြီးငွေ့မှုတွေကို ကိုယ့်နည်းကိုယ့်ဟန်နှင့် ဖြေဖျောက်နေကြသည်။ ထိုအမျိုးသမီးထုအနီးသို့ ချဉ်းကပ်သွားလောက်အောင်တော့ ကျွန်တော်သတ္တိမကောင်း။

ကျောက်ဆွယ်တန်းပေါ် ထိုင်နေပေမယ့် အလိုမပြည့်မှုတွေ ပြည့်အိုင်နေခြင်းကြောင့် ခရုဖင်လိန်တွေကို ပင်လယ်ထဲ ပစ်ပေါက်နေမိသည်။ မနေ့က သူမ စကားဆိုတော့ ကျွန်တော် ဘာကြောင့်များ နှုတ်နည်းနေရတာပါလိမ့်။ အနည်းဆုံးသည် နေရာဟာ ကျွန်တော်တစ်ယောက်တည်းရဲ့ နေရာမဟုတ်ကြောင်း၊ မည်သူမဆိုလာရောက်နိုင်ကြောင်းလောက်တော့ လောကပျူငှာ စကားဆိုလိုက်ဖို့သင့်သည်။ ခုတော့

ကျွန်တော် အာစေးမိနေသည်နှင့် ကျွန်တော်မကြိုက်မှာစိုး၍များ မလာတော့လေသလား။

ချာချာလည်အတွေးဘောင်ဘင် တို့နှိပ်စက်သဖြင့် ညနေခင်းဆည်းဆာအလှသည် ကျွန်တော့်ကို တိတိပပ မဖမ်းစားနိုင်တော့ပါ။

× × ×

တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ ကျောက်ဆွယ်တန်းမှာ မည်သူမျှမရှိ၊ ကျွန်တော်ပင်ဆည်းဆာရီမှာ အမြင်မှား အထင်မှားလေသလား။ တစ်ရံရောအခါက လူတွေပင်လယ်ရေဝက်ကို ရေသူမ အထင်မှားခဲ့ဖူးသည်။ ကျွန်တော့်ကိုရေသူမ တစ္ဆေခြောက်နေလေပြီလား။ လွန်ခဲ့သည့်လေးငါးနှစ်က ဝန်ထမ်းစာရေးမလေးတစ်ယောက်ဖျားနာ၍ သေဆုံးဖူးသည်။ မကျွတ်မလွတ်နှင့် ရေဘောင်တံတားမှာ တွေ့သလိုလို၊ စက်ရုံနှင့် အိပ်ဆောင်ကြား လမ်းလျှောက်နေသလိုလိုနှင့် သတင်းသန့်သန့် ကြားရဖူးသည်။ အိုဗာတိုင်အလုပ်သမတွေ ညရေးညတာ တစ်ယောက်တည်း မသွားမလာရဲသည့်ကိစ္စနှင့် ကျောက်ဆွယ်တန်းအောက်ခြေမှ သားအမိကိစ္စ ဆက်စပ်မှုရှိမရှိ ကျွန်တော် အတွေးကွန်ယက်တွေ ပြန့်ကျက်နေမိသည်။

သည်နေ့လည်း ဘာလိုလိုနဲ့ ဆည်းဆာအိုမင်းလာတော့မည်ပါလား။ ကျောက်ဆွယ်တန်းပေါ်မှ ဆင်းချလာပြီး ရေကျနေသည့် သောင်စပ်အတိုင်းလျှောက်လာတော့ကျွန်တော့်ဘက်သို့ လျှောက်လာသည့်အမျိုးသမီးတစ်ယောက်။ အလို...သူမပါလား။ ဆည်းဆာမှိန်ညိုနေပေမယ့် ကျွန်တော့်အမြင်အာရုံတို့ မအိုမင်းသေးပါ။ သည်ခါတော့ကျွန်တော်အခွင့်အရေးကို လက်လွှတ်မခံတော့။

"ဟော . . . အမိပါလား၊ လမ်းလျှောက်ထွက်လာတယ် ထင်တယ်"

"ကျွန်မနာမည်အမိ မဟုတ်ပါဘူး၊ သရဖီသင်းလတ်တဲ့၊ လမ်းလျှောက်ထွက်လာတာ မဟုတ်ပါဘူး၊ ဟိုဘက်နားမှာ ဂျင်းသွားရှာတာပါ"

သူမလက်ထဲက ပလတ်စတစ်ခြင်းကလေးထဲမှာတော့ ဂျင်းခရုတွေ အတော်များများ တွေ့ရသည်။ ဤဒေသကလူတွေ ဂျင်းကို နှစ်နှစ်ခြိုက်ခြိုက် စားကြလေ့ရှိသည်။

"ကျောက်ဆွယ်တန်းကို ရောက်လာဦးမလားလို့ ကျွန်တော် မျှော်နေမိတယ် . . . မ"

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

"ကျွန်မနာမည်က နည်းနည်းရှည်တော့ခေါ် ရခက်တယ်၊ လတ်လတ်လို့ခေါ် ရင်တော့ အဆင်ပြေမှာပါ ကိုချမ်းငြိမ်းအောင်"

"ခင်ဗျား ကျွန်တော့်ကို သိနေတယ်"

"သိတာပေါ့ရှင်၊ ရှင်က အလုပ်သမတွေကြားမှာ တကယ် ဖေးဘရိတ်ဖြစ်တဲ့လူ"

သူမက ပေါ့ပေါ့ပါးပါးကလေး ပြောလိုက်ပေမယ့် ကျွန်တော့် မျက်နှာပေါ် ဖြတ်ရိုက်လိုက်သလို ထူပူသွားသည်။

"ရှင် မိန်းကလေးတွေကို ရှောင်ပြီး တစ်ကိုယ်တော် သီးသန့်ဆန်ဆန် နေထိုင်တတ်မှုအပေါ် အံ့သြစိတ်တွေနဲ့ စိတ်ဝင်စားနေကြတာပါ"

"ဟာဗျာ . . . မဟုတ်တာ၊ အများအမြင်မှာ ကျွန်တော်ဟာ အဲဒီလောက် တစ်ဖက်သတ် ဆန်သွားပြီလား"

"တော်ရုံ အဆွေးဓါတ်ခံမရှိဘဲနဲ့တော့ ကျောက်ဆွယ်တန်းဆီ နေ့စဉ်ပုံမှန် မလာပါဘူး"

"ခင်ဗျား ပြောမှ ပိုဆိုးသွားပြီ၊ ကျွန်တော့်မှာ ဘာအဆွေးဓာတ်ခံမှ မရှိပါဘူးဗျာ၊ ဒီဘက်ကမြင်ရတဲ့ ပင်လယ်ပြင်မြင်ကွင်းက ပိုလှလို့ပါ၊ ကြည့်ပါလား၊ ကောင်းကင်နဲ့ ရေပြင်နဲ့၊ ကျောက်တောင်နဲ့၊ ဂလက်နဲ့ ဘယ်လောက်ပနံရသလဲ"

"ဟုတ်တယ်နော်၊ ကျွန်မတောင်သားပူဆာလို့လိုက်ပို့ရင်း ဒီနေရာကလေး ကိုစွဲလမ်းသွားပြီး၊ ကျွန်မက ဇီဝဗိုးတွေရဲ့ သဘာဝကို ပိုပြီး စိတ်ဝင်စားတာပါ၊ လူတွေအတွက်၊ လူတွေရဲ့ ကျန်းမာရေးအတွက် ဆေးဝါးအာဟာရ ဖြည့်ဆည်းဖို့သက်သက် ကျွန်းတောင်တွေဆီ အချိန်မှန်ရောက်လာရတဲ့ ငှက်ကလေးတွေ"

"ကျွန်းတောင်မှာနေတဲ့ သဘာဝကိုလွန်ဆန်ပြီး မြိတ်ကမ်းနားလမ်းက ဘွားသီမေ တိုက်မှာဝင်နေတဲ့ ဇီဝဗိုးငှက်ကလေးတွေက ပိုပြီး မထူးဆန်းဘူးလား၊ ဘွားသီမေတို့ သူဌေးဖြစ်ဖို့ ဖန်လာတာလေ"

"ကျွန်မ အဲဒီအိမ်ရောက်ဖူးပါတယ်၊ အိမ်ရဲ့မျက်နှာကျက်တွေမှာ အသိုက်လုပ်ထားကြတာတွေက ထူးဆန်းတယ်၊ သူ့သဘာဝ မဟုတ်တဲ့နေထိုင်မှုက အံ့သြစရာပါ၊ စကားကောင်းနေလိုက်တာ ခုနေဆို သားမျှော်နေလောက်ရောပေါ့၊ ဟိုတစ်နေ့က ကမ်းခြေမှာ လေတိုက်ထဲအနေကြာသွားလို့ ကိုယ်နွေးနေတာ နှစ်ရက်သုံးရက်ရှိပြီ၊ ကလေးနေကောင်းမှ ဒီနေရာကလေးဆီ ခေါ်လာခဲ့ဦးမယ်"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သူမက ပကတိအရိုးခံအတိုင်းပြောပြီး ထွက်သွားတော့ ကမ်းခြေမှာ ကျွန်တော် တစ်ယောက်တည်း ငိုင်ပြီးကျန်ရစ်သည်။ ကျွန်တော် ဘယ်ကိုသွားနေသလဲ။ ဦးလေး မောင်လွင် လျှောက်ခဲ့သည့်လမ်းကြောင်းပေါ် ရောက်နေပြီလား။ 'ချမ်းငြိမ်းအောင် ဆိုတဲ့ကောင်ဟာ သူ့ဦးလေးမောင်မောင်လွင်အတိုင်းပါပဲကွာ'လို့ ပတ်ဝန်းကျင်က အပြစ်ဖို့စကားကို ရင်ဆိုင်နိုင်ပြီလား။ သရဖီသင်းလတ်ဆိုတဲ့ လတ်လတ်ဟာ အိမ်ထောင်ရှိလား၊ အိမ်ထောင်ကွဲလား၊ မုဆိုးမလား၊ ကလေးတစ်ယောက်ရှိတာက တော့ သေချာသည်။

ကျွန်တော် လတ်လတ်ကို ချစ်သွားပြီလား၊ အိမ်ထောင် လက်ရှိဆိုလျှင်တော့ မချစ်သင့်၊ တစ်ခုလပ်၊ မုဆိုးမ၊ ကလေးတစ်ယောက်အမေဆိုလျှင်ရော ချစ်နိုင်မလား။ ဘာပဲဖြစ်ဖြစ် ကျွန်တော် လတ်လတ်အကြောင်းကို အနည်းနှင့်အများ စုံစမ်းမှ ဖြစ်တော့မည်။

နောက်တစ်နေ့ အလုပ်ခွင်ရောက်တော့ အလုပ်သမားစာရင်းထဲ ဘယ်လိုရှာရှာ သရဖီသင်းလတ်ဆိုသည့်နာမည်ကို မတွေ့ရ၊ ဒါဆိုလျှင် သူမ အလုပ်သမားဝန်ထမ်း ထဲက မဟုတ်တန်ရာ။ မလှမ်းမကမ်း လုံခြုံရေးစခန်းမှ တာဝန်ခံတစ်ယောက်ယောက် ၏ ဇနီးမယား ဖြစ်တန်ရာသည်။ သည်သို့ဆိုလျှင်တော့ သည်ဇာတ်လမ်းကိုသည်မှာ ပင် ရပ်တန်းက ရပ်သင့်ပြီ။

ဆင်ခြင်တုံတရားသည် အတွေးထဲမှာသာရှိ၍ လက်တွေ့တွင်မူ ကျွန်တော့် ခြေလှမ်းများကို ကျောက်ဆွယ်တန်းဘက်မသွားအောင် ထိန်းချုပ်မနိုင်သေးပါ။ ညနေစောင်း ကျွန်တော်ရောက်သွားတော့ သူတို့သားအမိ သောင်ပြင်မှာ လိုက်တမ်း ပြေးတမ်း ကစားနေကြသည်။ ရေကျနေသဖြင့် ဖွေးဖွေးဖြူနေသော သဲသောင်ပြင်တွင် သူတို့နှစ်ယောက်ခြေရာတွေ ရှုပ်ယှက်ခတ်နေသလို သူတို့နှစ်ယောက် ခိုးခိုးခစ်ခစ် ရယ်သံတွေမှာ ညနေခင်းတေးဂီတတွေ ဖြစ်နေသည်။

"ဟော . . . ကိုချမ်းငြိမ်းအောင် ရောက်လာပြီ၊ သားရေ ဦးဦးကို နှုတ်ဆက် လိုက်ပါဦး"

"ဦးဦး သားတို့နဲ့ ကစားပါလား"

ကလေးကသည်နေ့ အထူးပင်သွက်လက်လို့နေသည်။ စတွေ့သည့်နေ့တုန်း ကလို ရွံ့ကြောက်သည့်အမူအရာမျိုးမရှိ၊ တစ်ခါတွေ့ နှစ်ခါတွေ့ အမြင်ရိုးသွားဟန်တူ သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

"မင်းက တယ်သွက်ပါလားကွဲ့၊ လာပါဦး ဦးဦးဆီကို၊ သားနာမည် ဘယ်လိုခေါ်သလဲ"

"သားနာမည် မောင်လွမ်းဝါတဲ့၊ ဦးဦးကို သားကောက်ထားတဲ့ ခရုတွေပြမယ်၊ ကြည့်မလား"

ကလေးက အသွက်စားကလေး၊ ရေတိုက်စားသဖြင့် ခွင်ဝင်နေသော ကျောက်လိုဏ်ခေါင်းထဲမှာ ဖွက်ထားသည့် ခရုတွေကိုလိုက်ပြသည်။ လတ်လတ်က အလုပ်ရှုပ်နေသောကလေးနှင့် ကျွန်တော့်ကို သဘောကျသလိုကြည့်ကာ ခပ်လှမ်းလှမ်းမှာ ရပ်ကျန်ရစ်သည်။ နက်ပြာခံမှာ အဖြူပွင့်ပါတိတ်နှင့် ပြောင်အကျီနက်ပြာကလေးတွဲဖက်ဝတ်ထားသဖြင့် ဝင်းဝါသောအလှက ပိုမိုပေါ်လွင်နေသည်။ ခါးမရောက်တရောက် ဆံပင်ရှည်များကတော့ ကမ်းခြေလေအဆော့မှာ တလူလူနေ့လို့။

ကျွန်တော်ကရသည့်အခွင့်အရေးကို လက်လွှတ်မခံနိုင်ပါ။ အမေအလစ်တွင် ကလေးကိုတိုးတိုးမေးမိ၏။

"သား ဖေဖေရောဟင်"

"သား ဖေဖေလား၊ သေပြီ"

ကလေးက ကျွန်တော့်ကို မျက်လုံးဝိုင်းကြီးနှင့် ပြန်ကြည့်ကာ ဖြေလိုက်ပုံမှာ သနားချစ်ခင်ကြင်နာဖွယ်ကောင်းပါဘိ။ ကျွန်တော် ကလေးကို မရည်ရွယ်ဘဲ ကောက်ချီမိသည်။ ကလေးလက် သေးသေးကလေးက ကျွန်တော့်လည်ပင်းကို သိုင်းဖက်လာရာ ထိုလက်ကလေး၏ ညှံ့သက်မှုအတွေ့အထိသည် ကျွန်တော့်အတွက် ခံစားမှုအသစ်တွေ ရရှိစေလေသည်။

ထိုနေ့ညနေက ကျောက်ဆွယ်တန်းပေါ်တွင် သုံးယောက်သားထိုင်ကာ နေလုံးကြီး ဝင်သွားသည်ကို အတူတူကြည့်ဖြစ်ကြလေသည်။ သူတို့နှင့်လမ်းခွဲကာ လူပျိုအိပ်ဆောင်တွေဘက် ပြန်လာတော့ မလှမ်းမကမ်းမှ ရပ်ကြည့်စပ်စုနေသော မိန်းမထုကြီးရဲ့ရှေ့မှာ ကျွန်တော့်ခြေလှမ်းတွေ အမှားမှားအယွင်းယွင်း ဖြစ်နေတော့သည်။ လင်ယောကျ်ားမရှိတော့သော မုဆိုးမ အရွယ်ကောင်းမိန်းကလေးတစ်ဦးကို ကျွန်တော့်လိုယောကျ်ားတစ်ယောက်က စိတ်မဝင်စားသင့်ဘူးလား။ စိတ်ဝင်စားလျှင်ရော အပြစ်ဖြစ်မည်လား။ ထမင်းပို့သည့် မိန်းကလေး၊ အဝတ်လျှော်ပေးမည့် မိန်းကလေးတွေကို ကွင်းရှောင်လျက် ကလေးအမေ သူမကိုမှ တန်ဖိုးထားချစ်ကြင်လိုသူ ကျွန်တော်လိုလူသည် အအေးခန်းအလုပ်သမများကြားမှာ ထူးဆန်းသတ္တဝါ ဖြစ်နေလေသလား။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျွန်တော်နှင့် ဦးလေးမောင်လွင်အဖြစ်ခြင်းတော့ မတူနိုင်ပါ။ သူမသည် ဦးလေးမောင်လွင် ငြီစွန်းသည့် မိန်းမလို မလွတ်မလပ် မိန်းမတစ်ယောက်မဟုတ်ခဲ့ပါ။ သည်သို့ဆိုလျှင် ကျွန်တော်ဘာကို တွန့်ဆုတ်တွေဝေနေမည်နည်း။ လူပျိုလူလွတ်နှင့် မုဆိုးမ ကလေးတစ်ယောက်အမေတို့ ဖူးစာဖက်မည့်ကိစ္စကို ပတ်ဝန်းကျင်မှထိုးလာမည့် လက်ညှိုးရာထောင်တို့အတွက် ကျွန်တော် ခံနိုင်ရည်ကောင်းကောင်းတော့ ရှိရမည်မဟုတ်ပါလား။

ဤသို့ဖြင့် ကျောက်ဆွယ်တန်းကမ်းခြေဆည်းဆာသည် တစ်နေ့ထက်တစ်နေ့ ပိုပြီး အဓိပ္ပါယ်ရှိလာသည်။ ထိုနေရာကလေးမှာ သုံးဦးသားဆုံလေ့ရှိပြီးဆက်ဆံရေးမှာလည်း အရင်ကထက်နွေးထွေး ရင်းနှီးလာသည်။

ထိုစဉ်အခိုက်မှာပင် မြို့မှ ပစ္စည်းလာတင်သောလှေနှင့် အမြန်ပြန်လာရန် မေမေထံမှ စာတစ်စောင်ကို မမျှော်လင့်ဘဲ လက်ခံရရှိလေသည်။

× × ×

"မင်းဖေဖေ့စိတ်ကို သိတယ်နော် ချမ်းငြိမ်းအောင်၊ အခုကိစ္စကို ဖေဖေမသိခင် ရပ်တန်းက ရပ်လိုက်စမ်းပါ၊ မေမေကလည်း ကိုယ့်သားလူပျိုကို ဒီလိုမိန်းကလေးမျိုးနဲ့ သဘောမတူနိုင်ဘူး၊ ဖေဖေသာသိရင် မောင်မောင်လွင်တုန်းကလို သေခန်းပြတ်ဦးမှာ"

"ကျွန်တော့်ကိစ္စမှာ ဦးလေးမောင်လွင်ကိစ္စနဲ့ မတူပါဘူး မေမေရာ၊ ဟိုမှာက သူများသားမယား"

"ဒီဟာကရော ဘာထူးသေးလဲ၊ မင်းဟာလေ မလည်ဘဲနဲ့ ရှုပ်ချင်တဲ့ကောင်၊ မင်းဟိုမှာ မိန်းကလေးတစ်ယောက်နဲ့တွဲနေတယ် သတင်းသဲ့သဲ့ကြားတာနဲ့ စိတ်ပူနေတာ၊ ပူတဲ့အတိုင်းပါပဲလား၊ အပျိုတွေပေါလွန်းလို့ ချမ်းငြိမ်းအောင်ရယ်၊ အမေ့ရင်ကိုတော့ ဒီနည်းနဲ့မခွဲစမ်းပါနဲ့"

မေမေ မျက်ရည်ကျပြနေတော့ ကျွန်တော် အတော်ကလေး အကျပ်ရိုက်သွားသည်။ မေမေက မိန်းကလေးကို အဆက်မဖြတ်လျှင် အအေးခန်းအလုပ်ကို ထွက်လိုက်ပါတော့တဲ့။ သည်အလုပ်ထွက်လျှင် ညီနှစ်ယောက် ကျောင်းစရိတ်၊ ပြီးတော့ ကျန်းမာရေးချို့ငဲ့နေသော ဖေဖေ့ဆေးဖိုးဝါးခ၊ ကျွန်တော်ဟာ အိမ်ရဲ့ အဓိကမဏ္ဍိုင်ကြီးဖြစ်နေမှတော့ ထိုမဏ္ဍိုင်ယိုင်နဲ့အောင် ကျွန်တော်ကိုယ်တိုင် လုပ်နိုင်ပါ့မလား။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နောက်ဆုံးတော့ မျက်ရည်တို့ပြည့်အိုင်နေသော မေမေ့ရှေ့မှာ ကတိတွေ အထပ်ထပ်ပေး၊ ခြေအစုံကို ဦးခိုက်ပြီး ကျွန်းသို့အပြန်ခရီးမှာတော့ ကျွန်တော့်ခြေလှမ်းတွေ ဖင့်နွှဲ့လေးပင်လွန်းလှသည်။

ကျွန်းကိုပြန်မည့် ငွေပင်လယ်သင်္ဘောထဲဆင်းရန် ဆိပ်ကမ်းဘက်ထွက်လာတော့ ၁၉ တံတားအနီးမှာ မတွေ့ရတာကြာပြီဖြစ်သော သူငယ်ချင်းမျိုးဆွေနှင့် ပက်ပင်းတိုးတော့သည်။

“ဟော့ကောင် ချမ်းငြိမ်းအောင်၊ မင်းတိမ်လျှိုင်းပြာ အအေးခန်းမှာ အလုပ်သွားလုပ်နေတယ်ဆို၊ ဟန်ရဲ့လားကွ”

“ဒီလိုပါပဲ သူငယ်ချင်းရာ၊ ဟန်တယ်လည်း မဟုတ်ပါဘူး၊ လူဆိုတာ ပျော်ရာမှာ မနေရ တော်ရာမှာနေရ စကားရှိသားမဟုတ်လား”

“လာပါကွ၊ တို့တစ်တွေ မတွေ့ရတာကြာပြီ၊ လက်ဖက်ရည်ဆိုင်ထိုင်ပြီး စကားကလေး ဘာလေး ပြောရအောင်၊ မင်းကြည့်ရတာ မရွှင်မလန်းနဲ့၊ နေမှကောင်းရဲ့လား”

မျိုးဆွေခေါ်သည်နှင့် သင်းပိတောက်ဝါ လက်ဖက်ရည်ဆိုင်ကလေးထဲ ဝင်လာကြသည်။ သင်္ဘောထွက်ချိန်လည်း လိုသေးသည်နှင့် အတော်ပါပဲ။ သူငယ်ချင်းနှင့် စိတ်ပြေလက်ပျောက် လေကန်လိုက်ဦးမည်။

“ငါက ငွေပင်လယ်သင်္ဘော ထွက်မယ်ဆိုတာသိလို့ လာစောင့်နေတာပါ၊ ကျွန်းကို လူကြုံပါးစရာရှိတာနဲ့ အတော်ပဲ၊ မင်းနဲ့ပေးလိုက်ရင် အဆင်ပြေမှာ”

“ဘာတွေလဲ၊ လေးပင်တဲ့ဟာတွေဆိုရင်တော့ မဖြစ်ဘူးနော်”

“မလေးပါဘူးကွ၊ အဝေးသင်အဆိုင်းမင့် စာစဥ်တွေပါ၊ ဒီလိုပါ၊ တိမ်လျှိုင်းပြာကျွန်းက မူလတန်းကျောင်းကလေးမှာ ငါ့ဦးလေး သမီးတစ်ယောက် တာဝန်ကျနေတယ်၊ နေဦးဟ၊ သူ့နာမည်က ခပ်ရှည်ရှည်ရယ်၊ သရဖီသင်းလတ်တဲ့၊ ငါ့ ဦးလေးက ဦးသင်းလတ်တဲ့။ ငါတို့ကတော့ ခပ်တိုတို လတ်လတ်လို့ပဲခေါ်တာ”

“ဘာ သရဖီသင်းလတ် ဟုတ်လား”

“ဟ မင်းမျက်နှာကလည်း ဘာဖြစ်နေတာလဲ၊ မင်း ငါ့ကို ယောက်ဖတော်ချင်နေပြီထင်တယ်”

“ဟာ ဒီကောင် မဟုတ်ကဟုတ်က”

“ဒါ ရှက်စရာ မဟုတ်ပါဘူးကွ၊ မင်းကတော့ ကျောင်းတုန်းကအတိုင်း ပုံကြီးမချဲ့သင့်တဲ့အရာကို ပုံကြီးချဲ့နေပြန်ပြီထင်တယ်”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"လတ်လတ် ကလေးတစ်ယောက်အမေဖြစ်နေတာ ပုံကြီးချဲ့သင့်တဲ့အရာ မဟုတ်ဘူးလား"

"ဘယ်လို၊ လတ်လတ်က ကလေးတစ်ယောက်အမေ ဟုတ်လား၊ ဟားဟား ချမ်းငြိမ်းအောင်ရယ် ဖြစ်မှဖြစ်ရလေ၊ ဒီမှာ ဟေ့ကောင်၊ ငါ့နှမက အပျိုစင်ပါကွ၊ အေး . . . သူ့အတွေးအခေါ်က သူမျှားနဲ့ နည်းနည်းမတူတာပဲရှိတယ်၊ သူက ဘယ်လိုခေါ်မလဲ၊ ခေါင်းမာတယ်ခေါ်မလား မသိဘူး၊ စပြောရရင် သူ့အဖေ နောက်အိမ်ထောင်ပြုတာက စပြောရမှာကွ၊ သူ့အမေက မူလတန်းကျောင်းအုပ်ဆရာမကြီး၊ သူ့အဖေက ရှေ့ဖတ်စာရေးကြီး၊ အမှုတစ်ခုနဲ့ပတ်သက်ပြီး တရားခံရဲ့မိန်းမကို လိုအပ်တဲ့ အကူအညီတွေပေးရင်း နီးစပ်သွားကြတာ နောက်ဆုံးအတိအလင်း ယူလိုက်ကြတော့ အရှုက်တကွဲအကျိုးနည်းတွေ ဖြစ်ကုန်ကြတာပေါ့၊ သူ့အမေက ကျောင်းအုပ်ဆရာမကြီးဆိုတော့ ရှက်လည်းရှက်ရှာမှာပေါ့ကွာ၊ လတ်လတ်ကလဲ မြို့မှာ မနေချင်တော့ပါဘူးဆိုပြီး အတော်ဝေးဝေး တိမ်လှိုင်းပြာကျွန်းမှာသွားပြီး ဆရာမ လုပ်နေလေရဲ့"

"အဖေကိုတော့ အတော်စိတ်နာသွားတာဟ၊ ကိစ္စကြီးငယ်မရှိဘဲ မြို့ပေါ်ကို မတက်လာတော့ဘူး၊ သူ့အဆိုးမင့်တွေ ငါပဲ တာဝန်ယူပို့ပေးရတော့တာပေါ့၊ အဲဒီမှာ တာဝန်ကျတာ သူနဲ့ သူ့သူငယ်ချင်း ဝါဝါနွယ်ဆိုတဲ့ ကလေးမလေးနဲ့ အဲဒီ ကလေးမကလည်း အတော့်ကို ကံဆိုးတဲ့ ကလေးမ၊ ဆယ်တန်းအောင်တဲ့နှစ်မှာပဲ ရှမ်းကမ်းသွားနေတဲ့ ကုန်သည်တစ်ယောက်နဲ့ အိမ်ထောင်ကျတယ်၊ သားလေးတစ်ယောက်ရတယ်၊ မကြာဘူး၊ ကိုယ်တော်က ဟိုရောဂါနဲ့ သေပါရော၊ ဝါဝါနွယ်ကလည်း မြို့မှာ မျက်နှာမပြချင်တော့တာနဲ့ ကျွန်းမှာဆင်းပြီး ဆရာမသွားလုပ်တာ၊ ကံကြမ္မာစက်ဝန်းက မလွတ်ဘူးဟ၊ နောက်ထပ် နှစ်နှစ်မကြာဘူး၊ သူ့ယောက်ျားဆီက ရကျန်ခဲ့တဲ့ရောဂါနဲ့ ဝါဝါနွယ် ဆုံးပါရော"

"ဒီအဖြစ်အပျက်တွေ တစ်ခုချင်းစီ သူ့ရှေ့မှာ ဖြစ်ပျက်သွားတော့ လတ်လတ်လည်း အတော်ခံစားလိုက်ရတယ်၊ ကလေးကလည်း သူ့ကို တွယ်တာနေပြီဆိုတော့ ဝါဝါနွယ်သားကို သူ့သားလုပ်လိုက်တော့တာပေါ့၊ ကလေးကို မြို့တက်လာတဲ့အခါခေါ်လာလေ့ရှိတယ်၊ သူ့ အမေက ကျွန်းမှာ ဒုက္ခများပါတယ်၊ ကလေးကို မြို့မှာ ထားခဲ့ဆိုတာတောင်မရဘူး၊ ဟေ့ကောင် ဘာစဉ်းစားနေတာလဲ ငါပြောတာတွေ ကြားရဲ့လား"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

ကြားပါတယ်၊ ကြားလွန်းလို့ တွေးစရာတွေ များနေသည်ပေ့ါ။ တစ်ပြိုင်နက်တည်းမှာပဲ အမျိုးအမည်မဖော်ပြနိုင်သည့် အပျော်တွေ ကျွန်တော့်ရင်ထဲ ဖြတ်စီးသွားနေသည်မှာ ငွေပင်လယ်သင်္ဘောပေါ်ရောက်တဲ့အထိ မတန့်မနားပါပဲ။ ငွေပင်လယ်ရေတက်ဦးစောင့်နေတာ မချင့်မရဲပါပဲ။ ရေတက်ဦးစောင့်ရသည်မှာလည်း မအိုင်ကျွန်းနားမှာ သောင်နှင့်ကျောက်ပုံ အန္တရာယ်ရှိခြင်းကြောင့် ဖြစ်သည်။

ကျွန်တော် ဘယ်လောက်ပဲ စိတ်ဆန္ဒစောစော၊ ငွေပင်လယ်ကတော့ ထွက်ချိန်တန်လျှင် တားလို့ပင်မနေ၊ ထွက်ဖြစ်သည်။ ငွေပင်လယ်သည် ပထော်ပထက် တောင်ညီနောင် နောက်ကျောမှနေ မြိတ်အနောက်ကျွန်းစုမြို့နယ်ဆီဖြတ်သန်း ခုတ်မောင်းနေသည်။ မအိုင်ကျွန်း၊ စခန်းသစ်ကျွန်း၊ ရေပြည့်အော်၊ ဝဲကျွန်းတို့ကို ဖြတ်သန်းမည်။

ကျွန်တော့်စိတ်တွေ လျင်မြန်သောအဟုန်ဖြင့် ငွေပင်လယ်ထက် လျင်မြန်စွာ တိမ်လိုင်းပြာကျွန်းကလေးဆီ ပျံသန်းနေသည်။ ညနေခင်းတိုင်း ကျောက်ဆွယ်တန်းပေါ်ကနေ ကျွန်တော်ပြန်လာမည့်လမ်းဆီ လှမ်းမျှော်နေမည့် သားအမိနှစ်ယောက်သည် ကျွန်တော့်နှလုံးအိမ်ကိုပွတ်ဆွဲ ချော့မြူနေသည်။ စာနာထောက်ထားမှုတွေ ထုံပျံ့နေသော လေးစားဖွယ် နှလုံးသားပိုင်ရှင်ကလေးအပေါ် ကျွန်တော် ယခင်ကထက် နှစ်ဆတိုးမြတ်နိုးလာမိသည်။

မောင်လွမ်းဝါလေးရဲ့ လစ်ဟာသွားသော ကွက်လပ်ကို ဖြည့်ဆည်းပေးဖို့ဆိုသည်က တော်ရုံ အထုံပါရမီနှင့်ဖြစ်သည်မဟုတ်။ ကျွန်တော်ကိုယ့်ညံ့ချက်ကို ကိုယ်ပြုံးမိသည်။ ကျွန်တော် သူမကို အအေးခန်းဝန်ထမ်းစာရင်းမှာ ရှာမတွေ့သည်နှင့် ကျွန်းစောင့်လုပ်သားတို့၏ ဇနီးမယားထင်ခဲ့မိသည်။ မလှမ်းမကမ်းမှ မူလတန်းကျောင်းကလေးကို မေ့နေသည်။ သူမနှင့် ကျောင်းကလေးကို ပတ်သက်နေမည်ဟု တွေးပင်မတွေးစဖူး။ ကျောက်ဆွယ်တန်းမှာဆုံတော့ သူမကလည်းထုတ်ဖော်မပြော၊ ကျွန်တော်ကလည်းမေးရန် မဝံ့ရဲ။ တခြားအရိပ်အခြေကို အကဲခတ်ဖို့တော့ ဝေးရော။

ကျွန်တော်က သူမနှင့်ပတ်သက်လျှင် ဘာမှရေရေရာရာမသိပေမယ့် သူမကတော့ ကျွန်တော့်အမူအကျင့်၊ ကျွန်တော့် စိတ်နေသဘောထား၊ ကျွန်တော့်လှုပ်ရှားမှုအတော်များများကို လေ့လာထားပုံပါပဲ။ သည်သို့ဆိုလျှင် ကျွန်တော့်ဘက်က ပြုဖွယ်ကိစ္စတို့ကို မဆုတ်မဆိုင်း အလျင်အမြန် အကောင်အထည်ဖော်ဖို့သာ ကျန်တော့သည်။

ကျွန်တော့်သဘောထားတွေ ပြောပြတဲ့အခါ ရိုးသားပွင့်လင်း ဖြူစင်သူလေးရဲ့ တုံ့ပြန်မှုကို သိလိုလှသည်။ မောင်လွမ်းဝါကရော။ စိတ်ကူးထဲမှာတော့ ဖိတ်စာတစ်ခြမ်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရိုက်နေပြီ။ ဟော . . . ငွေပင်လယ် ကျောက်လိပ်ကိုတောင် ဖြတ်နေပြီပါလား။ ကျောက်လိပ်ကျွန်းမှာလည်း ဟိုဘက်၊ သည်ဘက်ပေါက်နေသော ဂလက်လမ်းကြောင်း ရှိသည်။ ညာဘက်သို့ ဖောက်ထွင်းသွားလျှင် ပုလဲကျွန်း၊ လက်စွပ်အော်ကျွန်း (ဒိုမီကျွန်း) တို့ဆီရောက်မည်။ အရှေ့ဘက်မှာတော့ ရေအေးကျပ်ချောင်း၊ သဲချောင်း၊ ပန်လုံးအော်၊ တိမ်လှိုင်းပြာတို့သို့ ရောက်မည်။

တွေ့ပါပြီ။ ကျွန်တော်တို့ နှလုံးအိမ်မှာစွဲထင်နေသည့် ငှက်သိုက် ကျွန်းတောင်နှင့် ဂလက်လမ်းကြောင်း၊ ပြီးတော့ တောင်တန်းကို ကျောမှီ၊ ပင်လယ်ပြင်ဆီ ခြေဆင်းထားသည့် တိမ်လှိုင်းပြာပုစွန် အအေးခန်းစခန်း။ ဘောတံတားမှာ သင်္ဘောကပ်တော့ တံတားပေါ် အလျင်ဆုံးခုန်ကူးသူမှာ ကျွန်တော်ဖြစ်ကြောင်း အထူးပြောစရာ မလိုတော့။ အလုပ်သိမ်းခေါင်းလောင်းထိုးပြီးချိန်မို့ စက်ရုံပြင်ပမှာ အလုပ်သမားတွေ ပြန့်ကျဲနေပြီ။

အတော်လှမ်းလှမ်း နားနေဆောင်များဆီ ဦးတည်သွားနေသော အလုပ်သမတွေ ရှေ့မှဖြတ်တော့ စပ်စုမျက်လုံးများရှေ့မှာ ကျွန်တော့်ခြေလှမ်းတွေ မမှားတော့။ တစ်ခုလပ်၊ မုဆိုးမအနေအထားကိုပင် လက်ခံနိုင်သော ကျွန်တော့်ဆင်ခြင်တုံ တရားသည် ယခုအနေအထားကိုပိုမို ကျေနပ်နှစ်သိမ့်စွာ လိပ်ပြာလုံနေမည်မှာ အသေအချာပင်။

ကျွန်တော့်ခြေလှမ်းတွေသွက်နေသလောက် ကျောက်ဆွယ်တန်းသည်ယနေ့မှ ဝေးကွာနေသယောင် ထင်ရ၏။ သောင်ပြင်သည် ခါတိုင်းလို ပြန့်ပြန့်ကျယ်ကျယ် မမြင်ရ။ ရေတက်နေသဖြင့် ဒီရေသည် ကျောက်ဆွယ်တန်းအောက်ခြေဆီ ငုံ့လျှိုးထိ နမ်းနေသည်။ ကျောက်ဆွယ်တန်းပေါ်မှာတော့ ခါတိုင်းညနေတွေမှာလိုပင် ငှက်သိုက် ကျွန်းတောင်တွေဆီ ပျံသန်းလာသော ဇီဝဖိုးငှက်ကလေးတွေကို တစ်ကောင်ချင်း ရေတွက်နေသည့် အသွေးအသားဖြင့် မတော်စပ်ဘဲ သံယောဇဉ်ဖြင့် နှောင်ဖွဲ့အပ်သော လူသားနှစ်ယောက် ထိုင်နေသည့် သက်ငြိမ်ပန်းချီကား။ သူတို့ ကျွန်တော့်ကို မမြင်သေး။ ကျွန်တော့်ကိုမြင်လျှင် ဖြစ်ပေါ်လာမည့် သူတို့မျက်နှာပေါ်မှ ပြောင်းလဲမှု ဖြစ်စဉ်တရားတွေကို ကျွန်တော် ဖတ်ရှုလိုလှပြီ။

ကျွန်တော် ရောက်ရှိလာပြီဖြစ်ကြောင်းသူတို့ကို အသိပေးရန် တစ်ယောက်ယောက်ရဲ့ နာမည်ကို ခေါ်မှဖြစ်တော့မည်။ အမေနာမည်ခေါ်လျှင် ကောင်းမည်လား၊ သားနာမည်ခေါ်လျှင် ကောင်းမည်လား။ ကျွန်တော့်ရဲ့ အူကြောင်ကြောင် အတွေးတွေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

က နေရာယူ လွန်ဆဲ့လာကြပြန်သည်။ ကျွန်တော့်တစ်သက် မည်သည့် မိန်ကလေး အမည်ကိုမှ ခပ်လှမ်းလှမ်းက အော်မခေါ်ခဲ့ဖူးပါ။ မလုပ်ဖူးသည့် အလုပ်ကိုလုပ်ရန် တွန့်ဆုတ် နေသည်မှာလည်း ကျွန်တော်လို လူတစ်ယောက်တည်းပဲ ရှိမည်ထင်သည်။

ကျွန်တော့်အခက်အခဲကို သောင်ပြင်မှာ တစ်ဝက်တစ်ပျက်ပေါ်နေသော ခရုအိုး စုပ်တစ်ကောင်က ကယ်တင်လိုက်လေသည်။

ကျွန်တော်သည် ခရုအိုးစုပ်ကိုကောက်ကာ သူတို့နှစ်ယောက်ရှေ့မှ ပင်လယ်ရေ ထဲကျအောင် အားကုန်လွှဲ၍ ပစ်ပေါက်လိုက်လေသည်။

***သည်းထိတ်ရင်ဖို မဂ္ဂဇင်း***
***အတွဲ ၁၊ အမှတ် ၉၊ ဇူလိုင်လ၊ ၂၀၀၄ ခုနှစ်***

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# ချန်းဖမ်းလေပွေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# ချန်းဖမ်းလေပွေ

တိမ်စိုင်ကြားက ထွက်ပြူလာတဲ့ လရဲ့အလင်းဟာ စောစောက ဆူညံမှုတွေကို မောင်းနှင်တောထုတ်လိုက်သလို ဖြစ်သွားပြီး 'အပြာရောင်အချစ်'လို့ အမည်ပေးထားတဲ့ လက်ဖက်ရည်ဆိုင်ကလေးထဲ ဆူညံမှုတွေ လွင့်ပါးလို့ နဂိုနေအတိုင်း ပြန်လည်တိတ်ဆိတ်သွားတော့တယ်။

စားစရာမှာကြားသံ၊ ဇွန်းနှင့်ပန်းကန်ထိခတ်သံ၊ တစ်ယောက်တစ်ပေါက်အော်ဟစ်ဟာ ထွက်ခွာသွားတဲ့ ကားပေါ်မှာ လိုက်ပါသွားပြီမို့ ဆိုင်ကလေးကတော့ စောစောက သူမဟုတ်သလို ဣန္ဒြေကြီးတစ်ခွဲသားနဲ့ ကျန်ရစ်ပါ တော့တယ်။

လက်ဖက်ရည်သောက်ချိန်လည်း မရောက်သေးတာမို့ ဆိုင်ကလေးဆီလာနေကျဖောက်သည်တွေတောင် မလာကြသေးဘူး။ အချိန်ကလည်း ဟိုမဟုတ်၊ ဒီမဟုတ် ညဉ့်နှစ်ချက်ထိုး သုံးနာရီအချိန်ကြီးဟာကိုး။ ဒီဒေသကလူတွေက မနက်ဝေလီဝေလင်းလေးနာရီ ငါးနာရီအချိန်ကို 'စောစောကြီး ကြက်တွန်ချိန်'တဲ့။ ဒီထက်စောတဲ့ နှစ်ချက်ထိုး သုံးနာရီအချိန်ကိုတော့ 'အုပ်အုပ်ကြီး'တဲ့။ ရေတက်ရက် ရောက်တိုင်း ဒီလိုအုပ်အုပ်ကြီး အချိန်ထပြီးရောင်းချဖို့ ပြင်ဆင်ရတာကို နီနီချို စိတ်မရှည်ချင်ဆုံးပါပဲ။ စိတ်မရှည်တာ မဟုတ်ပါဘူးလေ။ စိတ်မပါတာပါ။ အဲဒီ စိတ်မပါမှုဟာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သူ့ယောကျ်ား ကိုဝဏ္ဏ ရေထရက်တွေမှာ 'ဂွထိုး' ဆင်းလိုက်လေ့ရှိတာနဲ့ တိုက်ရိုက်သက်ဆိုင်နေမယ်ထင်တယ်။

ဂွထိုးတယ်ဆိုတာ ငါးဖမ်းခြင်း အလုပ်တစ်ခုဖြစ်နေတာဟာလည်း ဒီအလုပ်အပေါ် နီနီချိုစိတ်အလိုမကျခြင်းရဲ့ အဓိကအကြောင်းရင်းပါပဲ။ မြန်မာပြည်တောင်ဘက် အစွန်းမြို့ကလေးမှ မနီးမဝေးကမ်းခြေနားနီး ရွာတစ်ရွာအနေနဲ့ ငါးဖမ်း၊ ပုစွန်ဖမ်း တံငါလုပ်ငန်းဟာ သိပ်ပြီး ဆန်းပြားတဲ့ကိစ္စမဟုတ်ပါဘူး။ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိနှင့်ပြီးသား ခေတ်အဆက်ဆက် လုပ်ကိုင်ဆင့်ကမ်းစီးမျောလာတဲ့ မိရိုးဖလာ အသက်မွေးဝမ်းကျောင်းတစ်ခုလို့လည်း ပြောနိုင်ပါတယ်။ သမားရိုးကျအတိုင်းဆိုရင်တော့ အဲဒီမိရိုးဖလာ တံငါအလုပ်ဟာ နီနီချို့ယောကျ်ား ကိုဝဏ္ဏနဲ့ ဘယ်လိုမှ ပတ်သက်နိုင်ဖွယ်မရှိပါဘူး။

နီနီချိုကတော့ ကိုဝဏ္ဏကို ဒီလို ဂွထိုးပိုက်ကိုင်ပြီး ငါးဖမ်းဓလေ့မှာ ပျော်မွေ့နေသူတစ်ယောက်အဖြစ် ဘယ်တုန်းကမှ ပုံဖော်မကြည့်မိရိုး အမှန်ပါ။ တံငါအလုပ်ရဲ့ အခြေခံအရင်းအမြစ်ကိုက အကုသိုလ်ကိုအရင်းတည်ပြီး လုပ်ရတာရယ်၊ အပြောအဆို အနေအစား ကြမ်း တမ်းမှုတွေရယ်က ဒီအသက်မွေးမှုအပေါ် နီနီချို နှာခေါင်းရှုံ့မယ်ဆိုလည်း ရှုံ့စရာပဲပေါ့။

လွမ်းတယ်။ တစ်ခါတုန်းက လက်ဖျားငွေသီးနေတဲ့ 'ငွေလရောင်'စက်လှေစာရေး ကိုဝဏ္ဏရဲ့ဘဝကလေးကို လွမ်းတယ်။ ဝဏ္ဏဆိုကတည်းကိုက အဆင်းသဏ္ဌာန် လှပတင့်တယ်မှုကို ဆိုတယ်မဟုတ်လား။ မျက်လုံးမျက်ဖန်ကောင်းကောင်း ပိရိသေသပ်တဲ့ နှုတ်ခမ်းနဲ့ မျက်နှာကျလှပမှုကြောင့်လား၊ ယောကျ်ားပီသ ကျစ်လျစ်ခိုင်ကျည်တဲ့ ကိုယ်နေဟန်ထားကြောင့်လား၊ ဒီနှစ်ခုစလုံးကြောင့်လား နီနီချိုဟာ စက်လှေစာရေးကလေး ဝဏ္ဏနွယ်ကို စွဲလမ်းခဲ့တယ်။ မော်လမြိုင်၊ မြိတ်၊ ကော့သောင်း ငွေလရောင် တစ်ခေတ်ထွန်းသစ်ခဲ့တဲ့ လှေစာရေးတစ်ယောက်ရဲ့ ဝင်ငွေကလည်း နီနီချို့ဆုံးဖြတ်ချက်တွေ ယတိပြတ် ရှေ့တိုးနိုင်စေတဲ့တွန်းအားတွေ ဖြစ်ခဲ့လေသလားလို့ တစ်စုံတစ်ယောက်က မေးခဲ့မယ်ဆိုရင်တော့ အင်း. . . ဒါလည်း အပါအဝင်ပေါ့လို့ ခပ်ရှက်ရှက်နဲ့ ဝန်ခံရမှာပါပဲ။

နယ်စပ်မြို့ကလေးမှာ ငွေဟာ အလွန်အရေးပါအရာရောက်တဲ့နေရာမှာ ခြေကုပ်မြဲနေတာမို့ နီနီချို အဲဒီလို ပေသီးတွက် မတွက်လို့ မဖြစ်ဘူး။ နီနီချို့အစ်ကိုဟာ မြို့ကလေးမှာ ထင်ပေါ်ကျော်ကြားတဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးပါ။ တစ်ဦးတည်းသော နှမအပေါ် ဘယ်လောက်ပဲ ကြည့်ရှုစောင့်ရှောက်တယ်ဆိုဆို နီနီချိုကတော့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

ကိုယ့်ဘဝကို ကိုယ့်ဘာသာပဲ ထူထောင်ချင်တယ်။ မိဘတွေ မရှိတော့တဲ့နောက်ပိုင်း အစ်ကို့အရိပ်ကို အခိုကြီးခိုခဲ့ပြီးကာမှ အိမ်ထောင်ကျပြီးတဲ့အခါ ဆက်ပြီး အပူမပေးချင်တော့ဘူး။ ဒါကြောင့် နီနီချို အိမ်ထောင်ဖက်ရှာတဲ့အခါ ငွေကြေးရှာဖွေနိုင်သူ စီးပွားတောင့်တင်း သူကိုသာ ဦးစားပေးမယ် စိတ်ကူးခဲ့တာပါ။

သူ့စိတ်ကူး သူ အကောင်အထည်ဖော်တဲ့အခါမှာ အစ်ကိုဟာ မငြင်းရှာဘူး။ တစ်ဦးတည်းသော နှမကို စက်လှေစာရေးလေး ဝဏ္ဏနွယ်ရဲ့လက်ကို ယုံယုံကြည်ကြည် အပ်လိုက်ပါတော့တယ်။ မြို့ကလေးကကျဉ်းတော့ ဘယ်သူဘယ်ဝါ ငဖြူ ငမည်း ဘယ်ကောင်က ဘာဆိုတာ မသိချင်လို့မှ မရဘဲ။ နယ်စပ်နဲ့ ထိစပ်နေတဲ့မြို့တွေဟာ တစ်ဖက်က အရှိန်အဟုန်ပြင်းပြင်းနဲ့ တိုးဝင်လာမယ့် စနစ်ဆိုး၊ ရောဂါဆိုး၊ အမွေဆိုးတွေကို နည်းမျိုးစုံနဲ့ ကျားကန်နေရတဲ့ အနေအထားမဟုတ်လား။ ဟိုဘက်ကမ်းကူးပြီး ဟိုတယ်တက်နေတဲ့ ကောင်မျိုးတော့ သူ့နှမ၊ ကိုယ့်နှမ ဘယ်ပေးချင်ပါ့မလဲ။

သည်တုန်းကတော့ သူတို့ချစ်သူမောင်နှံစုံတွဲဟာ မြို့ကလေးရဲ့အမြင်မှာ လိုက်ဖက်သာစွ နေနဲ့လ၊ ရွှေနဲ့မြေပေါ့။ ကိုဝဏ္ဏက မျက်နှာကျအဆင်ပြေပြီး ကိုယ်နေဟန်ထားတောင့်တင်းသလို နီနီချိုကလည်း သိပ်အချောအလှကြီး မဟုတ်သည့်တိုင် မျက်နှာအလှ ယဉ်စ,စနဲ့ ကိုယ်ကာယအချိုးအစား ပြေပြစ်သူဖြစ်တယ်။ တော်ရုံ တန်ရုံ အမျိုးသမီးတွေမှာ မရှိဖူးတဲ့ အရပ်အမောင်းမျိုးကို ရယူပိုင်ဆိုင်ထားသူဆိုတော့ သူတို့စုံတွဲဟာ မြို့ကလေးမှာ ထင်းနေတော့တာပေါ့။ မင်္ဂလာဆောင်တာတောင်မှ သည်မြို့ကလေးမှာ တစ်ခါ၊ ကိုဝဏ္ဏရဲ့ ဇာတိမြို့ကလေးမှာတစ်ခါ နှစ်ခါတောင် ဆောင်ပြီး အိမ်ထောင်သည်ဘဝ ရောက်ခဲ့ကြတာပါ။

မင်္ဂလာဆောင်ပြီး သိပ်မကြာဘူး။ ကိုဝဏ္ဏဟာ သာမန် လှေစာရေးကလေးဘဝကနေပြီး မြို့ပေါ်ကနေ ပစ္စည်းဝယ်ပို့ရတဲ့ ကုန်အဝယ်တော်ဘဝကို နေ့ချင်းညချင်း ရောက်သွားတော့တယ်။ ကောင်းလိုက်တဲ့ကံများ ပြောပါတယ်။ စက်လှေစာရေးဆိုတာက လှေကို အိမ်လုပ်နေရလေတော့ သေမင်းနဲ့ နေ့စဉ် စီးချင်းထိုးနေရသလို ဖြစ်နေတာပေါ့။ မိုးအခါများဆို ပြီးပါလေရော။ နီနီချို့မှာ လှေထွက်ပြီဆိုတာနဲ့ ရှိခိုးလိုက်ရတဲ့ဘုရား၊ ရွတ်လိုက်ရတဲ့ အန္တရာယ်ကင်းဂါထာ၊ ကိုးလိုက်ရတဲ့ ရှင်ဥပဂုတ္တ ကိုယ်တော်။ ဦးရှင်ကြီးတို့ အဘိုးသန်လျက်ဆောင်တို့ကိုလည်း မမေ့မလျော့၊ ပ,သလို့ သူ့ယောကျ်ား ဘေးကင်းပါစေကြောင်း ဆုတောင်းရတာအမော။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဒီလို လေးလံပိကျတဲ့ စိတ်ဖိစီးမှုဟာ ကုန်းပေါ်မှာ ကိုဝဏ္ဏတစ်ယောက် ကုန်အဝယ်တော်အဖြစ်လည်း ပြောင်းလဲသွားရော ဒီမှာတင် နိဂုံးကမ္ပတ် အဆုံးသတ်သွားလို့ အပျော်တကာ့ထိပ်တင် နီနီချို့ အပြင်ရှိနိုင်ဦးမလား။ ဒီလိုနဲ့ အိမ်ထောင်ဦးကာလကလေးဟာ သူတို့ ဇနီးမောင်နှံအဖို့ လန်းစင်ဝင့်ဝါတဲ့ ပန်းခင်းတစ်ခင်းကို ပွေ့ငင်ပိုင်စိုးမိတဲ့ အချိန်ကာလကလေးပါပဲ။

သမီးဦး 'ယုန်ကလေး' မွေးဖွားပြီးတဲ့ အချိန်အထိ မြို့ကလေးမှာ သူတို့လင်မယားအပူအပင်ကင်းကင်းနဲ့ ချောင်ချောင်လည်လည် နေနိုင်ခဲ့ကြတယ်။ သူတို့ဇနီးမောင်နှံ (Wave) ဆိုင်ကယ်ကြီးစီးပြီး ကုန်းတက်၊ ကုန်းဆင်းပေါလှတဲ့ မြို့ကလေးရဲ့ လမ်းတွေပေါ် လျှောက်သွားတဲ့အခါ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေဟာ သူတို့ရဲ့ လိုက်ဖက်တင့်မောမှုတွေကို တစ်ယောက်နဲ့တစ်ယောက် လက်တို့ပြောရလောက်အောင် အရှိန်အဝါတွေ လင်းလက်တောက်ပခဲ့ကြတယ်။

လူမှာအဝတ် ဆိုတဲ့စကား အတော်ပဲတာသွားလှတယ်။ ဘောင်းဘီရှည် စပို့ရှပ်ထည်လဲနှင့် စတိုင်ကျလှတဲ့ ဝတ်စားဆင်ယင်မှုတွေကြောင့် ကိုဝဏ္ဏရဲ့ ယောကျ်ားပီသမှုတွေဟာ၊ မြို့သူမြို့သားတွေကြားမှာ ထင်းထင်းကြီးပေါ်နေသလို တစ်သားမွေးတစ်သွေးလှ နီနီချိုရဲ့ အလှဟာလည်း ပြုံးပြက်ပြက် လက်ဝတ်ရတနာတွေရဲ့ အားဖြည့်မှုကြောင့် ဝင်းလက်စိုပြည်ခဲ့ရတယ်။

တစ်ဦးတည်းသောသမီး ယုန်ကလေးကတော့ နောက်ဆုံးပေါ် ကလေးဂါဝန်ပုံဆန်းတွေ၊ နောက်ပေါ် ဖိနပ်လှလှကလေးတွေ၊ နောက်ဆုံးပေါ် ဦးထုပ်ရောင်စုံကလေးတွေနဲ့ လာခြင်းကောင်းသောကလေး ဖြစ်ခဲ့ရတယ်။

သူတို့မိသားစုအတွက် အဲဒီလို လန်းစင်ဝင့်ဝါတဲ့ အဝါရောင် နံ့နက်ခင်းကလေးတွေဟာ သိပ်ပြီး မကြာလှပါဘူး။ ရုတ်ခြည်း ပြောင်းလဲသွားတဲ့ ကုန်သွယ်မှုစနစ်ကြောင့် ကိုဝဏ္ဏရဲ့ ကုန်အဝယ်တော်အလုပ်ဟာလည်း မမျှော်လင့်ဘဲ ရပ်ဆိုင်းသွားတော့တယ်။ အပြောင်းအလဲကို မမျှော်လင့်၊ မပြင်ဆင်ထားတဲ့ ကိုဝဏ္ဏဟာ ပြောင်းလဲသွားတဲ့ အနေအထားကို ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ မတွေးတတ်အောင်ပါပဲ။ နောက်တော့ ဒီအတိုင်းနေတာထက် တစ်ခုခုကို ခပ်သွက်သွက်လုပ်မှဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ပထမဦးဆုံး ဆိုင်ကယ်ကြီးကိုရောင်း၊ ရှိသမျှငွေတွေစုပြီး ရန်ကုန်မှာ ကားတစ်စီး တက်ဝယ်ပါတော့တယ်။

သူ့ရည်ရွယ်ချက်က မြို့ကလေးနဲ့ ရွာနီးချုပ်စပ် ခုနစ်မိုင်၊ ဆယ်မိုင် ဟိုး. . . ဘန်းကချွန်အထိ လိုင်းကားပြေးမယ်ပေါ့။ ဒါပေမယ့် ကံကြမ္မာဟာ သူတို့မိသားစု

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

အပေါ် အဲဒီလောက် အလိုမလိုက်ဘူး၊ မျက်နှာသာ မပေးဘူး။ လှေသမားအဖြစ်နဲ့ ရေထဲမှာ နှစ်ပေါင်းများစွာကျင်လည်ခဲ့ပြီး ကားသမားအဖြစ် ကုန်းပေါ် ရုတ်ခြည်း ရောက်လာတဲ့ ကိုဝဏ္ဏဟာ မမြင်နိုင်တဲ့ကံကြမ္မာရဲ့ အံ့ဖွက်လက်သီးတွေအောက်မှာ ကားခနဲ ဖြစ်သွားပါတော့တယ်။

သူဝယ်လာတဲ့ ဒိုင်နာကားဟာ စ,ဝယ်ကတည်းက အဆင်မပြေလှဘူး။ ရန်ကုန်ကနေ မြို့ကလေးအရောက် အခက်အခဲတွေ အများကြီးကြားထဲက သယ်ဆောင်ဖြတ်ကျော်ခဲ့ရတယ်။ ရောက်ပြီး ဘယ်လောက်မှ မပြေးရသေးဘူး အင်ဂျင်က ဘာဖြစ်လို့၊ ဟက်က ဘာဖြစ်လို့၊ လေးက ဘာဖြစ်လို့နဲ့ တစ်မျိုးပြီးတစ်မျိုး ချာချာလာလိုက်တာ စက်အကြောင်းမသိတဲ့ ကိုဝဏ္ဏဟာ စက်ရဲ့အကြောင်းပြမှုကို ကောင်းကောင်းကြီး ခံရတော့တယ်။ ဝပ်ရှော့ပို့ ကားပြင်စရိတ်၊ ပစ္စည်းအသစ် လဲလှယ်ခြင်းတွေကြားထဲမှာ သူရှာတဲ့ငွေ သူ့ထဲပြန်ထည့်လို့ မလောက်ဘဲ နောက်ဆုံးရတဲ့ဈေးနဲ့ ထိုးရောင်းတဲ့ဆီ ရောက်ပါရော။

ကားရောင်းပြီး ကိုဝဏ္ဏ တော်တော်ငိုင်သွားတယ်။ ဘာလုပ်ရမှန်းမသိတော့ဘူး။ သူတို့မြို့က အသီးအနှံ ရှားပါးတဲ့မြို့၊ ဟိုဘက်ကလာတဲ့ အသီးအနှံတွေကိုသာ အားထားခဲ့ရတဲ့နှစ်တွေ မနည်းတော့ဘူး။ အခု ဟိုဘက်နဲ့ အဆက်အသွယ်ပြတ်တော့ သီးနှံပိုရှားလာတယ်။ ဒါကြောင့် မြေကွက်ဝယ်ပြီး ဂေါ်ဖီ၊ ခရမ်း၊ မုန်လာစိုက်မလား စိတ်ကူးသေးတယ်။ ခက်တာက စီးပွားဖြစ် ရေလောင်းပေါင်းသင် ခူးဆွတ်၊ ဈေးကွက်အရောက်ဆို လင်မယားနှစ်ယောက်တည်း မနိုင်ဘူး။ အလုပ်သမားစုံစမ်းလိုက်တော့ လူတွေက ဟိုဘက်မှာသာသွားပြီး လုပ်ချင်ကြတာလေ။ ကိုဝဏ္ဏ စိုက်ခင်းလောက်တော့ စိတ်ကူးထဲ ထည့်မယ့်လူမရှိကြဘူး။ ဒီစိတ်ကူးစီမံချက်လည်း မလုပ်ခင်က ပျက်နှင့်ပါရော။

အင်း. . . သည်လိုနဲ့ နီနီချိုလည်း ရှိတဲ့လက်ဝတ်လက်စားတွေ ပုံအောရောင်းချလို့ ဒီဆယ်မိုင်ရွာကလေးဆီ ရောက်လာရောဆိုပါတော့။ ဒီတစ်ခါတော့ လင်မယားနှစ်ယောက် စိတ်အလိုမလိုက်ဘဲ တွေးတွေးဆဆကလေးနဲ့ အပြာရောင်အချစ်လို့ အမည်ပေးထားတဲ့ လက်ဖက်ရည်ဆိုင်ကလေးကို စ,တည်ဖြစ်ပါတော့တယ်။ လက်ဖက်ရည်ဆိုင်ဆိုပေမယ့် နွားနို့ ကော်ဖီမစ်၊ နက်စ်ကဖီး၊ အအေးမျိုးစုံနဲ့ တခြားမုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ကြာဆံ၊ မုန့်တီလှော် . . . စတဲ့ စားသောက်ဖွယ်ရာတွေလည်း ရနိုင်တယ်။ အစ်ကို့လက်ထက်မှာရော အိမ်ထောင်ကျတော့ အိမ်ထောင်ဦးကာလမှာပါ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်နေလာတဲ့ နီနီချိုဟာ အခုဆိုရင် မီးဖိုထဲကကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မထွက်ရတော့ဘူး။ ဆိုင်ကလေးက ဒီလို စားသောက်ဖွယ်ရာနဲ့ တွဲရောင်းတဲ့အခါ လူစည်ပါတယ်။ ရောင်းအားလည်း မဆိုးဘူး။ အစားအသောက် ရောင်းတယ်ဆိုတာ ထက်ဝက်ခေါက်ချိုး မြတ်ပြီးသား။ ဈေးကလည်း ရောင်းသူပါးစပ်ဖျားမှာ ရှိတာ။ အအေးကတ်တွေဆို လည်း အတင်လက်ခံရုံ ပုပ်သိုးတာမရှိ လက်ကျန်မရှိ တစ်ကတ်ကုန်လို့ ဘယ်လောက်ကျန်မယ်ဆိုတာ အသားတင်အမြတ်တွက်လို့ ရနေတာ။ စည်းစနစ်ကျကျနဲ့ စစ်စစ်စီစီလုပ်ရင် ပိုတောင်ပိုလျှံမယ့်သဘော။ ဒါပေမယ့် သိတယ် မဟုတ်လား လှေစာရေးကလာတဲ့ ကိုဝဏ္ဏကလည်း လက်ဖွာတယ်။ မပူမပင် မကြောင့်မကြ အစ်ကိုရှာစာ၊ လင်လုပ်စာ ထိုင်စားလာတဲ့ နီနီချိုကလည်း လက်လှမ်းကြီးတယ်။

စားကြမယ့်ဟော့ ကောင်းကောင်းဆိုတာ သူတို့လင်မယားမှ အစစ်။ အစားကောင်း အသောက်ကောင်းကြိုက်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး။ ကိုဝဏ္ဏဆို အကောင်းကြိုက် သလို အစားကလည်း ကြမ်းသေးတယ်။ လှေလိုက်စဉ်က ဝမ်းခေါင်းကျယ်လာတဲ့ သူ့ဗိုက် အိုးစရီးထဲ အအေးပုလင်းနှစ်ပုလင်းလောက် တစ်ပြိုင်နက်တည်းထည့်မှ ပြည့်တယ်။ မုန့်ဟင်းခါးဆိုလာခဲ့ နှစ်ပွဲဆက်တိုက်။ စားတတ်သောက်တတ် စပြုလာပြီဖြစ်တဲ့ သမီးယုန်ကလေးကလည်း တစ်နေ့တစ်နေ့ ဆိုင်ကဆွဲတဲ့ဝေဖာတွေ၊ ချောကလက်တွေဆိုတာ အမြတ်ထဲက ပွန်းဖို့ဖြစ်လာတာပေါ့။ လကုန်လို့ စာရင်းချုပ်လိုက်ရင် အမြတ် အစွန်းက ဟုတ်တိပတ်တိမကျန်တော့ ဆိုင်အလုပ်ဟာ ခပ်အိုင်အိုင်ဖြစ်လာတော့တယ်။

ဒီကြားထဲ သူ့ခွင်မဟုတ်ဘဲ လုပ်နေရတဲ့ ကိုဝဏ္ဏဟာ ရေရှည်မှာ အလုပ်ထဲ စိတ်ဝင်စားမှုနည်းလာတယ်။ အလုပ်မှာ မပျော်မရွှင် ဖြစ်လာတယ်။ ကားမောင်းလည်း ကားမောင်းမို့လို့ ဆိုင်ထိုင်လည်း ဆိုင်ထိုင်မို့လို့ ဖင်မမြဲချင်ဘူး။ နောက်ပြီး ဒီလို လုပ်အားတွေ အချိန်တွေ အများကြီးရင်းပြီးမှ ရတဲ့ငွေကို စိတ်ရှည်လက်ရှည် အပင်ပန်းခံ ယက်ကောက်ပြီး ရှာမနေချင်ဘူး။ အရင်လုပ်ငန်းဟောင်းတုန်းကလို ဘတ်တိုက် ကျပ်တိုက် ငွေကို လုံးခနဲ ခဲခနဲရှာချင်တဲ့စိတ်တွေနဲ့အတူ ကိုဝဏ္ဏဟာ တစ်ချိန်က တနင်္သာရီကမ်းရိုးတန်းတစ်ကြောမှာ ကုန်သွယ်မှုအားကောင်းခဲ့တဲ့ ငွေလရောင်အိပ်မက်တွေ မက်ပြီးရင်း မက်နေပါတော့တယ်။

ဒီလိုနဲ့ မီးဖိုချောင်မှာ ချက်ပြုတ်ကြော်လှော်လည်း နီနီချို၊ ဆိုင်မှာ ကောင်တာထိုင်လည်း နီနီချို၊ မြို့ကို ပစ္စည်းအဝယ်တက်လည်း နီနီချို ဖြစ်နေချိန်မှာ ကိုဝဏ္ဏကတော့ ကြည့်လိုက်ရင် ကျားထိုးချင်ထိုး၊ မထိုးရင် ချက်စ်ထိုး၊ တစ်ခါတစ်ရံ ဇယ်ဝိုင်း၊ ဟော. . . . အခုနောက်ပိုင်း ဘောလုံးချိန်းပွဲတွေဆီ ခြေဦးလှည့်လို့။ အဲဒီချိန်းပွဲတွေ

ကနေ ဘယ်လိုကဘယ်လို စပ်မိစပ်ရာ မိတ်ဆွေတွေ တိုးလာတယ်မသိ။ ဂွထိုးမယ့် လူတွေနဲ့ အဖွဲ့ကျလာပါရော။

ကြည့်ရင်း ကြည့်ရင်းနဲ့လည်း ဆယ်မိုင်ရွာကလူတွေ တော်တော်များများ ရေထရက်ဆို ဂွဆိုးသွားကြတာတွေ တဖြည်းဖြည်းများလာတယ်။ ရေထရက် ဂွထိုး သွားတော့မယ့်ရက်ဆိုရင်တော့ နီနီချိုတို့ရဲ့ အပြာရောင်အချစ်လက်ဖက်ရည်ဆိုင် ကလေးဟာ ဂွထိုးသမားတွေ လူသူစုဝေးရာနေရာကြီးပေ့ါ။

ဒီမှာ လူစုမယ်။ ဒီက ကားငှားပြီး သွားကြမယ်ပေ့ါ။ မသွားခင် အုပ်အုပ်ကြီးမှာ နီနီချို လက်စွမ်းပြသမျှ မုန့်ဟင်းခါး၊ အုန်နို့ခေါက်ဆွဲ၊ ကြာဆံကြော်တွေ အဝအပြဲ အားပေးသွားကြတာမို့ ဒီလိုရက်တွေဟာ လက်ဖျားငွေစိုတဲ့ရက်တွေပါပဲ။ အခုပဲ ကြည့်လေ စားချင်တာတွေမှာစား၊ ပြောချင်ရာတွေပြော၊ ဆူဆူညံညံ ပျော်ပျော်ပါးပါး ကြီး ထွက်သွားလိုက်ကြတာ ဆိုင်ထဲမှာလည်း ငြိမ်ငြိမ်သက်သက် တိတ်တိတ်ဆိတ် ဆိတ်ကြီး ကျန်ခဲ့တာများ နီနီချိုတစ်ယောက်တည်း ကောင်တာမှာ ငေါင်းစင်းစင်း ကြီးပေ့ါ။

× × ×

အဲဒီ ဂွထိုးတဲ့အလုပ်ကို နီနီချို မနှစ်သက်ပေမယ့် တစ်ခါမှာတော့ ကြိုတင် ရည်ရွယ်မှုမရှိဘဲ နီနီချိုကိုယ်တိုင် ဂွထိုးတဲ့ဆီ လိုက်ပါသွားခဲ့ဖူးပါတယ်။ ဒီလိုလေ. . . နီနီချိုတို့လင်မယားက ကလေးလင်မယားဆိုတော့ မကြာခဏ စိတ်ဆိုးစိတ်ကောက် လေ့ရှိတယ်။ အထူးသဖြင့် အလုပ်တာဝန်နဲ့ပတ်သက်ရင် တစ်ယောက်နဲ့တစ်ယောက် တွက်ကပ်လေ့ရှိတယ်။ ကိုဝဏ္ဏ စိတ်လေပြီး ဆိုင်မမြဲတာကို ဆိုင်ဗာဟီရတွေနဲ့ အမြဲတမ်း မအားလပ်တဲ့ နီနီချိုက အမြင်မကြည်လင်ဘူး။ ပြိုင်တူတွန်းမှ ရွေ့မှာ မဟုတ်လား။ ပြိုင်တူမတွန်းတော့ သူတို့စီးပွားရေးက ရွေ့လိုက်မရွေ့လိုက် ဖြစ်နေတော့ တာပေ့ါ။ ဒီကြားထဲ ကလေးဆန်တဲ့ လူငယ်စိတ်ကလေးက တစ်ချီတစ်ချီပေါ် လာလေတော့ ဒါကလေးက စီးပွားရေးမှာ အနှောင့်အယှက် ဖြစ်စေ ပြန်တယ်။ နီနီချို စိတ်ကောက်တဲ့နေ့ဆို ချက်နေကျ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲကို မချက်တာမျိုး ဖြစ်လေ့ရှိတော့ စားနေကျဖောက် သည်တွေ ကသိကအောက်ဖြစ်တာပေ့ါ။

အဲဒီနေ့က ဂွထိုးသွားမယ့်လူတွေ ကားပေါ်တက်တော့ နီနီချို လည်းကလေးကို အထိန်းနဲ့အပ်ပြီး ဆိုင်တံခါးပိတ် ကားပေါ်တက် လိုက်လာတော့တယ်။ ဒီလောက် တောင် သွားချင်လှလိုက်တယ်ဆိုတဲ့ သဘောနဲ့ပေ့ါ။ ကိုဝဏ္ဏကတော့ သူ့မိန်းမ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆိုင်ပိတ်လည်းပိတ်ပေါ့။ သူက ဘာပြောလို့ ဖြစ်မှာလဲ။ "နီလည်း မလိုက်နဲ့၊ မောင်လည်း ငွထိုး မသွားတော့ဘူး" လို့ ပြောမလား။ ဝေးသေးရဲ့၊ သူက ဒီအလုပ်ကို စွဲနေပြီလေ။ ဒီရက်၊ ဒီအချိန်ကို ဒီလူတွေနဲ့ ဒီနေရာကို သွားကိုသွားရမှ။

ဆယ်မိုင်နဲ့ ငွထိုးမယ့် ချန်းဖမ်းကမ်းခြေဟာ အတော်လှမ်းလို့ လူစုပြီး ကားနဲ့သွားကြလေ့ရှိတယ်။ ကားကို ကမ်းခြေစပ် ထိုးဆိုက်လိုက်တယ်ဆိုရင်ပဲ အလင်းဖျော့ဝန်းကျင်ဟာ မှောင်ရီရီဝေဝါးဝါးပေါ့။ တိမ်ညိုပုပ်တွေ ခြေရှုပ်နေတာနဲ့ လရောင်ဟာ ချန်းဖမ်းကမ်းခြေကို ကောင်းစွာ မစောင့်ရှောက်နိုင်ဘူး။ အရက်ကျင်းဖို့ လိုသေးတာမို့ ရေနံဆီမီးတိုင်အားကိုးနဲ့ လှုပ်ရှားဖို့ ပြင်ကြတယ်။ ကမ်းခြေတစ်လျှောက် အလင်းမီးတိုင်နဲ့ လူတွေရေထဲ တရွေ့ရွေ့ဆင်းကုန်ကြတာ အပူနဲ့ အအေး အလင်းနှင့် အမှောင် ဆန့်ကျင်ဘက် ဝိရောဓိတို့ ဆုံတွေ့ထိနမ်းကြတော့မယ့်အတိုင်းပါပဲ။

ယောကျ်ား၊ မိန်းမ၊ ကလေး သူ့အစုနဲ့သူ။ သူ့အဖွဲ့နဲ့သူ လုပ်ငန်းကွဲသလို လူစုလည်း ကွဲသွားကြတယ်။ ကိုဝဏ္ဏတို့လို ယောကျ်ားတွေဟာ ဝါးလုံးရှည်နှစ်လုံးတပ် ငွထိုးပိုက်တွေကို ရေစီးဘက်လှည့်ပြီး ရေစီးကြောင်းအတိုင်း တရွေ့ရွေ့ တွန်းဆင်းသွားကြတယ်။ ဒူးဆစ်က နေခါး၊ ခါးကနေ ရင်လောက်ရောက်တဲ့အထိ ဆင်းချသွားတာမို့ ရေစီးအားထဲမှာ လက်နှစ်ဖက်က ငွတိုင်တွေကို အတော်ထိန်းထားရတယ်။ ရေစီးထဲက ငါး၊ ပုစွန်တွေဟာ ငွပိုက်ထဲတိုးဝင်ကြမှာလေ။

ယောကျ်ားတွေ ရေနက်ထဲ ငွထိုးဆင်းနေချိန်မှာ မိန်းမတွေက ခပ်လှမ်းလှမ်း အထိထွက်ပြီး ရေတိမ်စန္ဒားတွေဆီက ငါးတွေ ကောက်ယူနေကြတယ်။ စန္ဒားရှင်တွေဟာ ငွေးပိုက်ထောင်ထားတာမို့ မီးခြစ်ဆံခေါင်းလောက်ရှိတဲ့ ငွေးကောင်တွေသာ အလိုရှိတာဆိုတော့ ငါးသေး ငါးမွှား ငါးကြမ်းတွေမိနေရင် စန္ဒားရှင်တွေအတွက် အသုံးမတည့်လှဘူး။ ဒီတော့ စန္ဒားမှာမိနေတဲ့ ငါးတွေဟာ အဲဒီမိန်းမတွေအတွက် မပင်မပန်းဘဲ ကောက်ယူရရှိတဲ့ ငါးပဒေသပင်ကြီးတွေ ဖြစ်နေတော့တာပေါ့။

နီနီချိုဟာ ကမ်းစပ်မှာ ရပ်ကျန်ရစ်ပြီး ငိုင်နေမိတယ်။ သူက လင်ကို စိတ်လုပ်ပြီး လိုက်လာသူဆိုတော့ ဒီနေရာမှာ သူနဲ့ အပ်စပ်တဲ့ အလုပ်မရှိဘူး။ ကိုဝဏ္ဏတို့လိုလည်း ရေနက်ထဲဆင်းလို့မဖြစ်၊ ဟိုမိန်းမတွေလိုလည်း စန္ဒားငါးမကောက်ချင်၊ ဒါဆို ဒီနေရာမှာ လူပိုသက်သက် အဓိပ္ပာယ်မဲ့ အချည်းအနှီး ဖြစ်နေတာပေါ့။ ဒီအချိန်မှာ အထိန်းကောင်မလေးနဲ့ ထားခဲ့တဲ့ သူ့သမီး ယုန်ကလေးကို သတိရပြီး လိုက်လာမိတဲ့အတွက် နောင်တရချင်ချင် ဖြစ်သွားတယ်။ မိခင်တစ်ယောက်ရဲ့ အနေအထားက

ဘာမဆို စိတ်လိုက်မာန်ပါ လုပ်ခွင့်မပေးဘူးဆိုတဲ့ အသိစိတ်ကလေးက နီနီချိုရဲ့ မိုက်ရူးရဲစိတ်ဓာတ်ကို ဆုံးမနေတော့တယ်။

စိတ်ထွေထွေနဲ့ ငိုင်တွေနေတဲ့ နီနီချို မြင်ကွင်းထဲကို မထင်မှတ်တဲ့ အဆန်းတကြယ်ကိစ္စလေးက ဖျတ်ခနဲတိုးဝင်လာတော့တယ်။ ဆယ်နှစ်၊ ဆယ့်သုံးလေးနှစ်အရွယ်ကလေးတွေဟာ ပါလာတဲ့ဂေါ်ပြားတွေနဲ့ ကမ်းခြေတစ်လျှောက် သဲအောက်က တစ်စုံတစ်ရာကို သဲကြီးမဲကြီး ရှာဖွေနေကြပါလား။

"ဟေ့. . . ကလေးတွေ၊ သဲတောထဲ ဘာတွေရှာနေကြတာလဲ။ ရှပ်လား၊ ဂုံးလား"

ရှပ်တို့၊ ဂုံးတို့ဆိုတာ ဒီဒေသရဲ့ စားစရာခရုတစ်မျိုးပါ။ ဒီကောင်တွေက ကမ်းစပ်သဲတောထဲမှာ နေလေ့ရှိတယ်ဆိုတာလောက်တော့ နီနီချို သိတယ်။

"ရှပ်လည်းမဟုတ်ဘူး၊ ဂုံးလည်းမဟုတ်ဘူး၊ ပက်ကလိ ရှာနေတာဗျ"

"ပက်ကလိ. . . ဟုတ်လား"

ပက်ကလိဆိုလို့ နီနီချို စိတ်ဝင်စားသွားတယ်။ သူလည်း ခရုတစ်မျိုးပါပဲ။ ထူးခြားတာက သူ့ခန္ဓာကိုယ်မှာ ပဲပင်ပေါက်လို အညှောက်ကလေးတစ်ခုစီပါတယ်။ သူ့ကို အချဉ်ထည့်ပြီး ပြန်သုပ်စားရင် ထူးခြားတဲ့အရသာရှိတယ်။ နီနီချို ချက်ချင်း နှုတ်ခမ်းစိုလာတယ်။ ဒီလိုပဲ ရပ်ကြည့်ငေးမောနေမယ့်အတူတူ ပက်ကလိရလည်း နည်းလား။ သူကလေးအုပ်စုထဲ ဝင်ရောပြီး သဲတွေကို တူးဆွယက်ငယ်ဖို့ ကြိုးစားလိုက်တယ်။

"ရော့. . . အစ်မ. . . ဒါနဲ့ထိုး"

ကလေးတစ်ယောက် ကမ်းပေးတဲ့ ဂေါ်ပြားလိုလို လက်ကိုင် တူရွင်းလိုလိုဟာ ကလေးနဲ့ သဲသောင်အနှံ့ တူးဆွလိုက်တော့ မီးတိုင်အောက်မှာ ပက်ကလိအတော်များများ ပေါ်လာတယ်။ နီနီချို နည်းနည်းပျော်လာတယ်။ စောစောက အထိန်းကောင်မလေးနဲ့ထားခဲ့တဲ့ အိမ်ကသမီးယုန်ကလေးကို နောက်ဆံငင်နေစိတ်တွေ ပျောက်သွားတယ်။ ပက်ကလိကလည်း သဲအောက်မှာ ရှာဖွေလေလေ တွေ့ရှိလေလေပါပဲ။ တစ်နေရာပြီးတစ်နေရာ ရှာပြီးရင်း ရှာ. . . ရှာ. . . ချန်းဖမ်းတစ္ဆေဟာ နီနီချိုကို ဖမ်းစားလိုက်ပြီ။ သဘာဝတရားရဲ့ ဆွဲဆောင်ညှို့ငင်မှုအောက်မှာ နီနီချို မလှုပ်မယှက် အမိခံလိုက်ရပြီ။ ကြည့်လေ. . . ရေထဲကလည်း ငါးတွေရ၊ စန္ဒာပေါ်ကလည်း ငါးတွေရ၊ သောင်ခုံအောက်ကလည်း ခရုတွေရ၊ ဒီနေရာကို နီနီချို နောက်ဆုံးမှရောက်ပြီး လောဘအများဆုံး တက်ချင်နေပြီ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကောင်းကင်နဲ့ရေပြင် ထိစပ်နေတဲ့နေရာက ရောင်နီတစ်စ ဖိတ်အန်လာချိန် ရောက်တော့ အားလုံးကမ်းပေါ်က ကားဆီ စုဝေးရောက်ရှိလာပြီး ဆယ်မိုင်ရွာကလေး ဆီ ပြန်လာခဲ့ကြတော့တယ်။ ခါတိုင်း ဆိုင်ထိုင်နေတဲ့အချိန် ကိုဝဏ္ဏတို့ ချန်းဖမ်းကား ပြန်ရောက်လာတဲ့အခါ ရလာတဲ့ ငါး၊ ပုစွန်တွေကို မျက်နှာလွှဲထားမိပေမယ့် ဒီနေ့မှာ တော့ ထူးဆန်းစွာပဲ ငါး၊ ပုစွန်ပုံတွေကြား နီနီချို့ကို တွေ့နေရတော့တယ်။ ကိုဝဏ္ဏ ဂွထိုးပြီး ရလာသမျှ ပုစွန်-ပုစွန် သပ်သပ်၊ ပါးနီ-ပါးနီ သပ်သပ်၊ ငါးဘောင်းကြေး၊ ငါးပိန္နဲစေ့၊ ငါးဘာသီတွေကိုလည်း သပ်သပ် ရွေးချယ်စုပုံထားပြီး ငါးပုစွန် ဈေးဖြတ် ဝယ်သူတွေနဲ့ ကိုယ်တိုင် ဈေးစကားပြောနေတော့တယ်။

အဝယ်ဒိုင်တွေဟာ ဆယ်မိုင်အထိဆင်းဝယ်ပြီး ဈေးကွက်ကို တစ်ဆင့်ပြန်ပို့ နေတာမို့ ဒီလိုနေ့မျိုးဆို ဆယ်မိုင်မှာ ရောင်းသူဝယ်သူ ကြည်ဖြူစည်ကားနေတော့ တာပါပဲ။ ရောင်းတမ်းမဝင်တဲ့ ငါးသေး ငါးမွှားတွေကို မစွန့်ပစ်ရဘဲ ဆားနယ်နေလှန်း ပြီး ငါးပိလုပ်ဖို့ ပြင်ဆင်ရင်း ကားခနဲ လုပ်အားရင်းရုံနဲ့ ရရှိလာမယ့်အကျိုးအမြတ်ကို နီနီချို မက်မောစပြုနေပြီ။ ကိုဝဏ္ဏအဖို့မှာတော့ ခါတိုင်းလို ငါးဖိုးငွေတွေ အိတ်ထဲ ကောက်ထည့်ဖို့ အခွင့်အရေး မရတော့ပေမယ့် နီနီချို ချန်းဖမ်းလိုက်ပြီး သဘောထား တွေ ပြောင်းလဲသွားတာကို သဘောအကျကြီး ကျနေတယ်။ သူ့မိန်းမအကြောင်း သူသိတယ်လေ။ လိုက်ပေ့ါ ဘယ်နှစ်ရက် လိုက်နိုင်မလဲ။ သူ့ဆိုင်နဲ့ သူ့ကလေးကို နေ့တိုင်း ပစ်မသွားနိုင်ပါဘူး။

ကိုဝဏ္ဏ တွက်ကိန်းကလည်း ကွက်တိကို မှန်နေတော့တယ်။ နောက်ရက်ကစပြီး နီနီချို ချန်းဖမ်းမလိုက်နိုင်တော့ဘူး။ သူမီးလေး ကျောပူ ခေါင်းပူဖြစ်လို့ နေရစ်ခဲ့တယ်။ နောက်ရက်တွေလည်း အကြောင်းတွေ တစ်ခုမဟုတ်တစ်ခု ပေါ်နေတာနဲ့ ချန်းဖမ်း မလိုက်နိုင်တော့ပေမယ့် ကိုဝဏ္ဏကိုတော့ ဂွထိုးမသွားဖို့ မပိတ်ပင်တော့ပါဘူး။ ရလာ သမျှ ငါးဖိုးထဲက ဘောကန်ဘောင်းဘီဖိုးငွေ နုတ်ထားလည်း ကျေနပ်တယ်။ ငါးသေး ငါးမွှားကိုတော့ အရင်နေ့ကအတိုင်း သိမ်းတယ်။ ဒီလိုနဲ့ နီနီချို့အိမ်မှာ တစ်မိုးစာ ငါးပိသိုလှောင်ပြီးသား ဖြစ်သွားတယ်။ ပုစွန်ကြီးတွေ ဆက်တိုက်ပါတဲ့ အပတ်ဆို စုမိဆောင်းမိတောင် ဖြစ်လာတယ်။ သွက်လက်တက်ကြွမှုတွေနဲ့အတူ သူတို့ နှစ်ယောက်ဟာ အတွေးစိတ်ကူး မတူလှပေမယ့် အလိုဆန္ဒတွေ ထပ်တူကျနေတာမို့ အပျော်ကြီးပျော်နေကြတာတော့ အသေအချာပါပဲ။

× × ×

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဒီလိုနဲ့ ကိုဝဏ္ဏနဲ့ နီနီချိုတို့ လင်မယားဟာ ရေထရက်များစွာကို ဆယ်မိုင်ရွာသားတွေနဲ့အတူ ဖြတ်ကျော်ခဲ့ကြတယ်။ ဒီအတောအတွင်း ကိုဝဏ္ဏလည်း အသားပိုမည်းလာတယ်။ ဗိုက်ပိုရွဲလာတယ်။ ကိုယ်မှာ ငါးညှီနံ့စွဲလာတယ်။ အရင်က လှေစာရေးကလေး ကိုဝဏ္ဏ။ ကုန်အဝယ်တော် ကိုဝဏ္ဏဆိုတာ မိုးကြိုးပစ်ဘုရားစူး ကျိန်တွယ်ပြောရမလို ဖြစ်နေပြီ။ ရုတ်တရက်ကြည့်ရင် တကယ့်တံငါသည်တစ်ယောက်အသွင်အပြင်မျိုး၊ နီနီချိုရော ဘာထူးသေးလဲ။ လက်ဖက်ရည်ဆိုင်ကောင်တာထိုင်ရင်း တစ်ဖက်က ငါးပိ ငါးခြောက်ကုန်သည်ကို ဖြစ်လို့။ အသွေးအမွေးက အရင်အသွေးအမွေး မဟုတ်တော့ဘူး။ အခုမှ သူတို့ဟာ ဆယ်မိုင်သူ၊ ဆယ်မိုင်သားတွေနဲ့ တစ်သားတည်း ဖြစ်နေတော့တယ်။

တစ်ခုသော ရေထရက်မှာတော့ ချန်းဖမ်းကမ်းခြေသွားတဲ့ကား ထွက်သွားတဲ့အချိန် နီနီချိုဟာ ဆိုင်တံခါးပိတ်ပြီး တစ်ရေးပြန်အိပ်ဦးမယ် စိတ်ကူးနဲ့ အိပ်ခန်းထဲဝင်လိုက်တဲ့အခါ နှစ်ယောက်အိပ်ခုတင်ပေါ်မှာ ကိုဝဏ္ဏကို စန့်စန့်ကြီး အိပ်နေတာမြင်တော့ အလန့်ကြီးလန့်သွားတာပေါ့။ ဘယ့်နှယ် ထူးဆန်းလှပါလား။ ချန်းဖမ်းလိုက်မသွားဘဲ အိပ်နေတာ သူ့ယောက်ျား ကိုဝဏ္ဏမှ ဟုတ်ရဲ့လား။

ဝပ်အားနည်းမီးသီးရဲ့ အလင်းအောက်မှာ သေသေချာချာငုံ့ကြည့်တော့ မလွဲပါဘူး။ သူ့ယောက်ျား ကိုဝဏ္ဏမှအစစ်၊ ဟောက်များပင် ဟောက်နေသေးရဲ့။ ဒါဆိုနေများမကောင်းလို့လား။

"အင်း . . . . သွားကုန်ကြပြီလား၊ ကောင်းတာပေါ့၊ မောင် ချန်းဖမ်းမသွားတော့ဘူး"

"ဟင်. . . ဘယ်လို. . . ချန်းဖမ်းမသွားတော့ဘူး ဟုတ်လား။ ဒါဆို ငွမထိုးတော့ဘူးပေါ့"

"ဟုတ်တယ်. . . မထိုးတော့ဘူး"

"အလိုတော်. . . ဘာကိစ္စ ငွမထိုးတော့တာလဲ"

နီနီချို့အသံ နည်းနည်းကျယ်လာတယ်။ စောစောပိုင်းက ငွမထိုးစေချင်တာလည်းသူ၊ အခု ငွမထိုးတာကို လက်မခံချင်တာလည်းသူ၊ ငွမထိုးဘူးဆိုတာနဲ့ မပြီးဘူး။ ဒီကိစ္စ အကြောင်းရှိရမယ်။

"ပြောလေ. . . မောင်ရဲ့၊ ဘာလို့ ငွမထိုးတော့တာလဲ"

"ဟာ. . . ဒီမိန်းမ မထိုးချင်လို့ မထိုးဘူးကွာ၊ ဘာဖြစ်လဲ"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"အမယ်. . . မထိုးချင်လို့ မထိုးဘူးဆိုတိုင်း ပြီးရောလား။ မထိုးချင်ရတဲ့ အကြောင်း ရှိရမယ်။ ပြောလေ. . . ပြော"

"ကျွတ်. . . . စောစောစီးစီးကွာ ပြဿနာရှာနေပြန်ပြီ"

ဟုတ်တော့လည်း ဟုတ်ပါရဲ့။ ဂွထိုးသွားချိန် နှစ်ချက်ထိုး သုံးနာရီဆိုတာ သာမာန်လူတွေ အိပ်မောကျနေသေးတဲ့အချိန်။ ဒီလို အချိန်မတော်ကြီး လင်မယား တစ်ယောက်တစ်ပေါက် စကားများနေတာ မကောင်းပါဘူး။ ဒါကြောင့် နီနီချို ဆက်မမေးဖြစ်တော့ဘဲ ကိုဝဏ္ဏနံဘေးမှာ ခွေခွေကလေး ဝင်လှဲလိုက်တယ်။ ဆန္ဒပြတဲ့ အနေနဲ့ ခေါင်းမြီးကို တင်းတင်းခြုံပြီး တစ်မှေးပြန်မှေးဖို့ ကြိုးစားနေတယ်။

မီးရောင်မှိန်မှိန်အောက်မှာ နီနီချို့အသံတိတ်သွားမှ ကိုဝဏ္ဏ မျက်လုံးကျယ် လာတော့တယ်။ ခါတိုင်း ဒီအချိန်နိုးနေကျမို့ တော်ရုံနဲ့ ပြန်မှေးလို့မဖြစ်တော့ဘူး။ အသံတိတ်သွားတာထောက်ရင် နီနီချို စိတ်ကောက်သွားပြီ ထင်ပါရဲ့။ တစ်ခါ စိတ် ကောက်ရင် အနည်းလေး နှစ်ရက် သုံးရက် စကားမပြောဘဲနေဦးမယ်။ ချော့ရမှာချင်း အတူတူ အခုပဲ ချော့တော့မယ်သဘောနဲ့ စကားစပြန်ကောက်ဖို့ ကြိုးစားတယ်။

"နီ. . . ဟေ့. . . နီ. . . အိပ်သွားပြီလား"

နီနီချို တုတ်တုတ်မှမလှုပ်၊ ခုမှတော့ မောင်မောင်လာမခေါ်နှင့် ထီးရိုးကရှည်ပြီး

"နီကလည်းကွာ၊ ကောက်စရာမရှိ ကောက်နေပြန်ပြီ၊ မောင် ဂွထိုး မလိုက်တော့ တာ ကိုဗန်တိုကြီးကြောင့်ပေါ့။ မနေ့က ကိုဗန်တို ကြီးဆုံးသွားပြီ သိရဲ့လား"

"ဟင်. . . ဘယ်လို. . . "

နီနီချို အိုင်တင်ခံမနေနိုင်တော့ဘူး။ စောင်ခေါင်းမြီးခြုံထဲကနေ ထွက်ပြီး ကိုဝဏ္ဏကို အလန့်တကြား ကြည့်တယ်။ ကိုဗန်တိုကြီးဆိုတာ ဆယ်မိုင်ရွာမှာ မသိသူ မရှိဘူး။ လူက အရပ်လေးပေကျော်ရုံလေးရှိပြီး စကားပြောရင် ဟောင်ဖွာဟောင်ဖွာ၊ ကွမ်းသွေးတွေ ပစ်ခနဲ ပစ်ခနဲ ထွေးတတ်ပေမယ့် စိတ်နှလုံးကောင်းပြီး သူတစ်ပါးကို ကူညီတတ်သူမို့ ကိုဗန်တိုကြီးကို မခင်တဲ့သူမရှိဘူး။ အခု ကိုဗန်တိုကြီး ဆုံးပြီတဲ့။ ဘယ်လို ဖြစ်တာပါလိမ့်။ မနေ့က ဆိုင်မှာ ပစ္စည်းကုန်လို့ မြို့ကိုတက်သွားတာ ပစ္စည်း လည်းဝယ်ရင်း၊ မရောက်တာကြာပြီးဖြစ်တဲ့ အစ်ကို အိမ်ကိုပါ ဝင်နေတာနဲ့ မိုးချုပ်မှ ရွာကိုပြန်ရောက်တော့တယ်။ တစ်နေ့လုံး အဆက်အသွယ်ပြတ်သလို ဖြစ်သွားပြီး ချန်းဖမ်းကိစ္စ မကြားမသိလိုက်ရဘဲ ဖြစ်သွားတယ်။

"ပြောပါဦးမောင်ရဲ့၊ ချန်းဖမ်းမှာ ဘာတွေဖြစ်ခဲ့ကြတာလဲ။ ဂွထိုး ပိုက်ထဲ ခူယား တွေ၊ ခူမီးတွေ၊ ဂျပ်မြွေတွေ ပါလာလို့လား"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဟာ. . . မဟုတ်ပါဘူး၊ ဘာကောင်မှ မပါပါဘူး။ ဒီလို. . . မနက်က လေအတော်ပြင်းတာ သတိထားမိလား။ ချန်းဖမ်းကမ်းခြေမှာ ပိုဆိုးတာပေါ့။ အဆီးအတားမဲ့လေက တဝီးဝီးအော်နေတာ၊ ကိုယ်တို့အားလုံး ရေထဲသာဆင်းသွားကြတယ် စိတ်ကတထင့်ထင့်နဲ့။ ကိုယ့်လို ဗလကောင်းတဲ့လူတောင် ဂွပိုက်ကို မနည်းထိန်းရတာ၊ ပိုက်ကတော်တော် ဝါးလုံးနှစ်လုံးရဲ့အလေးက တော်ရုံအားနဲ့မထိန်းနိုင်ဘူး။ လေကလည်းပြင်း၊ ရေစီးအားကလည်းသန်ဆိုတော့. . . .

"ပြောလေမောင်. . . ဘာဖြစ်လဲ"

"ကိုဗန်တိုကြီး ကိုယ့်ပိုက်ကိုမနိုင်ဘဲ ဂွထိန်းဝါးလုံးနှစ်လုံးလွတ်ပြီး ညှပ်မိသွားတယ်"

"ညှပ်မိသွားတယ်"

"ဟုတ်တယ်၊ ကိုဗန်တိုကြီးရဲ့ မတော်ရာကို ညှပ်မိသွားတယ်၊ ဘယ်လောက်အရှိန်ပြင်းသလဲဆိုရင် တစ်ခါတည်း သတိလစ်သွားလိုက်တာ ဆေးရုံးလည်းရောက် အသက်ပါ ပါသွားတော့တာပဲ"

အံ့ဩသွားတာလား၊ မင်တက်မိသွားတာလား၊ ဝမ်းနည်းကြေကွဲ သွားတာလား။ နီနီချိုဆီက ဘာသံမှထွက်မလာဘဲ တိတ်နေတော့တယ်။

"မောင်လည်း ကိုဗန်တိုကြီးကြည့်ပြီး ကိုယ့်ပစ္စည်းကိုယ် နှမြောတာနဲ့ ဂွထိုး မလိုက်တော့တာပါ"

ကိုဝဏ္ဏက ပြောစရာကုန်သွားသလို စကားကို လက်စသတ်ပြီး မီးခလုတ်ကို ဖျတ်ခနဲ ပိတ်လိုက်တယ်။ ထုနဲ့ထည်နဲ့ရောက်လာတဲ့ အမှောင်ထဲမှာတော့ လင်မယားနှစ်ယောက်ဟာ ထပ်တူမကျတဲ့ အတွေးချည်မျှင်တွေကို ကိုယ်စီရက်လုပ်နေကြတယ်။ ခဏကြာတော့ နီနီချို့ကုပ်ပေါ်ကို ထွက်သက်ဝင်သက် နွေးနွေးလေးတစ်ခုကျရောက် လာတယ်။

နီနီချိုမှာတော့ ကိုဗန်တိုကြီးကို ချစ်ခင်သနားစိတ်နဲ့အတူ ဒီကနေ့ကစပြီး မရနိုင်တော့တဲ့ ငါး၊ ပုစွန်တွေကိုသာ မျက်စိထဲ မြင်ပြီးရင်း မြင်နေတော့တယ်။

သဘာဝတရားက အလကားပဲတင်း ပေးအပ်ထားတဲ့ ချန်းဖမ်းကမ်းခြေက စားနပ်ရိက္ခာတွေကို ကိုယ်ပိုင်ပစ္စည်းလို သဘောထားနေသူဆိုတော့ နီနီချိုလည်း ကိုယ့်ပစ္စည်းကိုယ် နှမြောနေတော့တာပေါ့။

***မြားနတ်မောင် မဂ်လာမဂ္ဂဇင်း၊***
***အမှတ် (၁၂၆)၊ ဒီဇင်ဘာလ၊ ၂၀၀၂ ခုနှစ်***

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# အရှေ့လေမှာ

# လွင့်ပါးတဲ့ရွက်ဝါ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# အရှေ့လေမှာ လွင့်ပါးတဲ့ရွက်ဝါ



www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# အရှေ့လေမှာလွင့်ပါးတဲ့ ရွက်ဝါ

ကတ္တီပါ မြက်ခင်းစိမ်းစိမ်း တောင်ကုန်းမို့မို့ပေါ်မှ ကျောင်းတော်ကြီး အဆောက်အအုံသည် ခဲသားရင့်ရောင်တောင်တန်းများကို နောက်ခံလျက် ခန့်ညားစွာ ပေါ်လွင်နေသည်။

အရှေ့လေ တွန်းထိုးမှုကြောင့် တိမ်ဖြူဆုပ်တို့ တောင်တန်းများကို ချန်ရစ်ကာ ပင်လယ်ပြင်ဘက်ဆီ တလူပ်လူပ် ကျောခိုင်းထွက်ခွာသွားနေပုံက မပြီးသေးသော ဆွဲလက်စပန်းချီကားကို ကြည့်နေရသလိုပင်။

လေသရမ်း၏ ရမ်းခါမှုကြောင့် မလေးရှားပိတောက်ပင်တို့ ယိမ်းထိုးလှုပ်ရှားနေကြသည်မှာ နံနက်ခင်းနေခြည်နုအောက်တွင် လန်းလန်းစင်စင် ရှိလှ၏။ ရေပတ်လည်ဝန်းရံနေပြီး ပင်လယ်နှင့်နီးကပ်နေသဖြင့် ရာသီဥတုက အလွန်ပူခြင်း၊ အလွန်အေးခြင်းမရှိ၊ သမမျှတလှစွာသည်။

ကျွန်မ စေလိုရာစေအထက်တန်းပြရာထူး တစ်နေရာအတွက် ကမ်းရိုးတန်းမြို့ကလေး၏ အစွန်ကျကျရွာကလေးဆီ ရောက်ရှိလာသည့်အခါ ပြည်မနှင့်ခရီးလမ်းပန်းကွာဝေးလွန်းမှုကြောင့် ကျွန်မ အကြီးအကျယ် စိတ်ပျက်အားငယ်ခဲ့ရဖူးသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရောက်စက ကျွန်မစကားကို သူတို့နားလည်၍၊ သူတို့ပြောစကားကို ကျွန်မ နားမလည်နိုင်ခြင်းက သီးသန့်ဆန်ပြီး အထီးကျန်မှုကို အကြီးအကျယ်ဖြစ်စေလေသည်။ ရုတ်တရက်ချက်ချင်း ဤဒေသမှ နေထိုင်စားသောက်မှုတို့မှာ အသားကျ ပျော်ဝင်ခြင်းမရှိ။ စကားအသုံးအနှုန်းကွဲပြားတာရော လေယူလေသိမ်းခြားနားခြင်းကပါ ကလေး တွေနှင့် ကျွန်မကြား ရင်းနှီးခင်မင်မှု စည်းခြားထားသလို ထင်ရ၏။

"ဆရာမလေးက သနားစရာကလေးနော့"

တစ်ခါတစ်ရံ ရွာထဲမှာဖြတ်လျှောက်သွားစဉ် ကျွန်မကိုမြင်လျှင် မိန်းမသူ အချင်းချင်း လှမ်းပြောလိုက်သည့်စကားမျိုး ကျွန်မ ဘယ်လိုမှ ဘဝင်မကျနိုင်။ သနားစရာကလေးဆိုအောင် ကျွန်မဘာတွေများ ချို့ယွင်းအားနည်းနေလို့လဲ။ အနေကြာလာသည်နှင့်အမျှ သနားစရာကလေးဆိုတာ ချစ်စရာကလေးဟု ဆိုလိုပြီး အကောင်းမြင်သဘောထားတွေ ပါဝင်နေကြောင်း သိရှိပြီးသည့်အခါမှာတော့ နောက်ထပ် ကြားရသော ငတ်ရင်စားနော့ (ဆာလျှင်စားပါ)ဆိုသောစကား၊ မိုက်စမား (မှောင်လိုက်တာ)ဆိုသောစကား၊ သိန်းခါချမယ်(ပစ္စည်းချမယ်) ဆိုသောစကားများ အတွက် ပြဿနာမရှိလှတော့ပါ။

တစ်ကိုယ်တည်း ကျွန်မအတွက် ညဘက်အိပ်ရန် အဖော်မိန်းကလေးတွေ လွှတ်ပေးလေ့ရှိသော မိဘတွေရဲ့အလိုက်သိတတ်မှု၊ မီးသွေးဖောင်းရှိသူက မီးသွေး၊ စန္ဒားရှိသူက ငါးစိုငါးစိမ်း၊ ဝါးလတ်လှေပိုင်ရှင်တွေက ငါးခြောက်ငါးခြမ်း၊ ဥယျာဉ်ရှိသူတွေက ဒူးရင်းသီး၊ မင်းကွတ်သီး၊ လမွတ်သီး၊ လမုတ်သီး၊ ဒေသထွက်ကုန်တို့ ကျွန်မမီးဖိုချောင်ထဲ လက်ကာဟန့်တားယူရလောက်အောင် ရောက်ရှိလာတတ်သဖြင့် ဒေသခံတွေရဲ့ စေတနာထက်သန်မှုအပေါ် ကျွန်မအံ့သြပြီးရင်း အံ့သြခဲ့ရသည်။

တစ်မိုးကုန် တစ်ဆောင်းသစ်ပြန်တော့ လေးလံပိကျသော အလုပ်ခွင်စည်းကမ်းနှင့် အံဝင်ခွင်ကျဖြစ်လာသည်နှင့်အမျှ ဒေသအစားအသောက်တွေနှင့် ယဉ်ပါးလာပြီး၊ ကျောင်းသား မိဘဆက်ဆံရေးနှင့်ပါ အသားကျလာသောအခါ ထိုဒေသတွင် ကျွန်မ အသင့်အတင့် နေပျော်လာတော့သည်။

× × ×

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သည်နေ့တော့ ကျောင်းအားရက် စနေနေ့ဖြစ်သဖြင့် တစ်ပတ်လုံး မနားမနေ လှုပ်ရှားခဲ့ရသမျှ အပြတ်အနားယူမည် စိတ်ကူးနှင့် နေ့စဉ်ဗာဟီရအလုပ်များကို အပြေးအလွှားလုပ်နေမိသည်။

ဘုရားပန်းများ အသစ်လဲလှယ်ခြင်း၊ အဝတ်လျှော်ဖွပ်ခြင်းနှင့် အခန်းတွင်း သန့်ရှင်းရေး ပြုလုပ်ပြီးသည့်အချိန်မှာတော့ မြို့တွင်းမှ ငှားလာသော မဂ္ဂဇင်းများကို အတိုးချဖတ်ဖို့ စိတ်ကူးထား၏။ သင်ခန်းစာနားမလည်၍ စာမေးမည့်ကလေးများ မလာလျှင် ကျောင်းပိတ်ရက်သည် ကျွန်မ၏ကိုယ်ပိုင်အချိန်များသာ ဖြစ်တော့သည်။ စားရေးသောက်ရေးကတော့ ကျွန်မတစ်ယောက်တည်းမို့ ထွေထွေထူးထူး ချက်စရာ မလို၊ ငါးခြောက် ဗလချောင်ကြော်ကလေး၊ ငါးပိကြော်ကလေးများကြော်ထားနှင့်ပြီး အခင်းထဲက လတ်လတ်ဆတ်ဆတ် သစ်သီးသစ်ရွက်တွေ ခူးဆွတ်ချက်စားလိုက်ရုံပါပဲ။

အလုပ်တွေကို လက်စသတ်နေစဉ်မှာပင် အိမ်ရှေ့ဆီမှ လူသံကြားသဖြင့် စောစောက အနားယူမည်ခဲထားသော စိတ်ကူးကလေး အကောင်အထည်ဖော်ခွင့် မရတော့။ ကျောင်းပိတ်ရက်ကြီး အိမ်လာလည်တာ ဘယ်လိုလူမျိုးပါလိမ့်ဟု တွေးကာ စိတ်တွင်နည်းနည်းတော့ ငြိုငြင်သွားမိသည်။

ကျွန်မ ဧည့်ခန်းဆီ လှမ်းကြည့်လိုက်တော့ မထင်မှတ်ထားသော သူတစ်ယောက် ကို မြင်တွေ့လိုက်ရသည့်အတွက် အတန်ငယ်တော့ အံ့ဩသွားမိသည်။

သူ. . . ထင်ဖော်လတ်။ ကျောင်းပြေးကလေးထင်ဖော်လတ်၊ ကျောင်းပျက်ရက် တွေ များနေသဖြင့် မကြာခဏအိမ်ကို တိုင်စာပို့နေရသည့် ကလေးက ကျောင်းပိတ် ရက်ကြီး ဆရာမဆီ ဘာလာလုပ်သနည်း။ အင်း. . ကျောင်းပျက်တာနဲ့ ပတ်သက်လို့ တစ်ခုခု ဆင်ခြင်ပေးတော့မှာ ထင်ပါရဲ့။ ဤဒေသမှ ကလေးတွေက မိဘတွေရဲ့ လုပ်ငန်းခွင့်မှာ ဝင်ကူကြရတာများသည်မို့ ကဏန်းမြှုံးထောင်ရာ၊ ငါးလှေလိုက်ရာ၊ သစ်ဆွဲလှတိုက်ရာ ပါသွားနေကျဆိုတော့ ယခုလည်း ဘယ်လိုဆင်ခြင်တွေ စီကုံးဖွဲ့နွဲ့ ဦးမည်မသိ။

"ဘယ်လိုလဲ ထင်ဖော်လတ်ရေ မင်းကျောင်းမတက်တာ ကြာပါပကော၊ ကျောင်း ဆိုတာ သာလာယံဇရပ်တော့ မဟုတ်ဘူးနော်၊ ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်း ထွက်လို့ မရဘူး။ ဘာအတွက် ကျောင်းပျက်နေတယ်ဆိုတာ ပြောပါဦး"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ကျွန်တော် ကျောင်းပျက်တာကတော့ ကျောင်းမတက်ချင်လို့ပါဆရာမ"

"ဘုရားရေ. . . ကျောင်းသားက ကျောင်းမတက်ချင်ဘူး ရှိရသေးလား၊ ဖြစ်မှ ဖြစ်ရလေ"

ကျောင်းသားတစ်ယောက် ကျောင်းမတက်ချင်သည့်ကိစ္စတွေကို ကျွန်မ အပြေးအလွှား စဉ်းစားနေမိသည်။ ကျောင်းနေပျော်၍ စာတော်ရမည်ဆောင်ပုဒ်အရ ထင်ဖော်လတ်သည် စာမတော်၍ ကျောင်းမပျော်တာလား။ သည်မူနှင့်ငြိလျှင်တော့ ထင်ဖော်လတ်တစ်ယောက် ဒီတစ်သက် ကျောင်းပျော်တော့မည်မထင်။ ထင်ဖော်လတ် အတန်းထဲမှာ စာမရတာ၊ စာမလိုက်နိုင်တာ ကျွန်မ ဘယ်သူ့ကို အပြစ်တင်ရမှန်းမသိ။ ကျောင်းတွေဖွင့်စ ကိုးတန်းမှာ ဘာသာတွေခွဲတော့ သူက ဝိဇ္ဇာနှင့်အောင့်ခဲ့သူဖြစ်ပါလျက် ကိုးတန်းကျတော့ သိပ္ပံတွဲပြောင်းယူသည်။ သိပ္ပံနှင့်အောင်ထားလျှင် နီးစပ်သေး၏။ ယခုဝိဇ္ဇာသက်သက်အောင်ထားပြီး ဘိုင်အိုတွဲပြောင်းယူတာဆိုတော့ အဟန့်က ကွာလွန်းနေသည်။ ဘာသာရပ်တွေ နီးစပ်ယှက်နွယ်မှု မရှိသဖြင့် သင်ကြားမှုမှာ အထောက်အကူမပြုနိုင်။

မိဘတွေကလည်း ခက်သည်။ အရပ်စကား နားကြားစကားနှင့် သိပ္ပံတွဲယူလျှင် ဂုဏ်ရှိသည်ဆိုသော ခပ်တိမ်တိမ်အတွေးများဖြင့် ကိုယ့်ကလေးနှင့် သင့်မသင့် လျော်မလျော် မစဉ်းစား၊ ပေါ်ပင် ခေတ်စား လူကြိုက်များနေသော ဘာသာတွဲမရမက လိုက်ယူစေခြင်းက ကလေးတွေကို ဝန်ပိစေလေသည်။

ကျွန်မတို့ ထိုကိစ္စတွေကို တိုက်လည်းမတိုက်တွန်း၊ တားလည်း မတားဆီးနိုင်။ တချို့ကျောင်းသားတွေကျတော့ သူတို့တက်လိုသည့် ဘာသာတွဲမှ လေးငါးရက် စမ်းသင်ကြည့်သည်၊ မနိုင်လျှင် မဟန်လျှင် ချက်ချင်းပြန်ပြောင်း၊ ဆရာတွေ နည်းနည်းတော့ အလုပ်ရှုပ်သည်။ သူတို့ လက်တွေ့ကျကျစမ်းသပ်မှုအပေါ် သူတို့ကျေနပ်သွားလျှင်တော့ ကျွန်မတို့ ပင်ပန်းရကျိုးနပ်သည့်ပေါ့။ သည်လို စမ်းသပ်သည့် အထဲ ထင်ဖော်လတ်မပါ။ ကိုယ်နှင့် သင့်မသင့် မစဉ်းစား၊ အိမ်က တွန်းအားပေးသည့်အတိုင်း ဘာသာပြောင်းယူတော့ ထိုဘာသာတွေ မလိုက်နိုင်ဘဲ လပတ်စာမေးပွဲတွေ တဗုန်းဗုန်းကျတော့၏။ သည်တော့ သည်ကလေး ကျောင်းမပြေး၊ ဘယ်ကလေး ကျောင်းပြေးမည်နည်း။

"ကျွန်တော် ကျောင်းမတက်ချင်တာ ဘာကြောင့်မှ မဟုတ်ဘူး၊ ဆရာမ ကြောင့်ပါ"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"အလိုတော်. . . ဆရာမကြောင့်ဟုတ်လား၊ ဆရာမမင်းကို ဘာလုပ်လို့တုန်း"

"လုပ်ပါတယ်၊ ဆရာမ ကျွန်တော့်ကို အတန်းထဲမှာ အမြဲတမ်း 'ယူဘရိုင်းနား' လို့ ခေါ်တယ်မဟုတ်လား၊ ကျွန်တော့် သူငယ်ချင်းတွေက လိုက်ခေါ်ကုန်ရော၊ အဲဒါ ကျွန်တော်ရှက်တယ်"

"ဘုရားရေ"

ဒီနေ့တော့ ကျွန်မ ဘုရားအကြိမ်ကြိမ် တ,ရမည့်နေ့ ဖြစ်နေသည်။ သူ ကျောင်းမတက်လိုသည့်ကိစ္စ တရားခံရှာရရာတော့ ကျွန်မကို ဆွဲထည့်ခြင်းအပေါ် ဘယ်လိုမှ နားမလည်နိုင်။ ကျွန်မသူ့ကို မျက်မှောင်ကြုတ်ပြီး စူးစူးစိုက်စိုက် ကြည့်လိုက်မိသည်။ ကိုးတန်း(စီ) က ကျွန်မတပည့် ထင်ဇော်လတ်ဟာ ဆရာကိုဒီလို ပိုးပိုးပေါက်ပေါက် ပြန်ပြောလေ့ရှိသည့် ကလေးတစ်ယောက် မဟုတ်ခဲ့ပါ။ ဒီနေ့မှ ဆရာအပေါ် စွဲချက်တွေနှင့်။ ထင်ဇော်လတ်တစ်ယောက် အာသွက်လှပါလား၊ ရိုးရိုးသားသား အာသွက်နေတာမှ ဟုတ်ရဲ့လား။

ကျွန်မ သူ့မျက်လုံးတွေကို စိုက်ကြည့်တော့ သူအကြည့်တွေကို ဖျတ်ခနဲ ရွှေ့လိုက်သည် နေရာမှာလည်းမငြိမ်၊ ကျွန်မကို ပြန်ကြည့်ပြန်သည်။ သည်ကလေး ပုံမှန်မှ ဟုတ်ရဲ့လား။ တကယ်ဆို ထင်ဇော် လတ်က သည်လိုစကားကို သွက်သွက်လက်လက် ပြောသူမဟုတ်။ မလှုပ်တလှုပ် မထုံတက်တေးနှင့် စကားကိုလေးလုံးကွဲအောင် မပြောသည့်အပြင် ကျောင်းစာကလည်းဖျင်းသေး၏။ ကျောင်းစာဖျင်း၍ တခြား ဖွံ့ဖြိုးရေး လုပ်ငန်းတွေမှာ တက်ကြွသည်လားဆိုတော့ သည်လိုလည်းမဟုတ်။

ဖွံ့ဖြိုးရေးအချိန် မြက်တောရှင်းလျှင် ထင်ဇော်လတ်မပါ။ စိုက်ခင်းပြင်ရန် မြေတူးဆွလျှင် ထင်ဇော်လတ်ကို မတွေ့၊ အပင်တွေ ရေလောင်းပေါင်းသင်းလျှင် ထင်ဇော်လတ်ကို မမြင်။ ဘူး၊ ဖရုံ၊ ချဉ်ပေါင်၊ ခရမ်းတွေ သီးပွင့်လာတော့ အတန်းရန်ပုံငွေအတွက် ရောင်းချရေးမှာ ထင်ဇော်လတ်ကို ရှာပါဦး။ သူများတွေ ဖျတ်လတ်သွက်လက်စွာ လှုပ်ရှားနေချိန် သူ တစ်နေရာမှာ ချောင်ခိုနေလေ့ရှိသည်။ ထိုအမူအကျင့်ကို ကျွန်မ မကြိုက် မနှစ်သက်ဆုံးပင်။ တချို့ကျောင်းစာ မတော်ပေမယ့် အလုပ်ကျတော့ ခြေပေါ့လက်ပေါ့ ရှိလှ၏။ အတန်းချစ်စိတ် ကျောင်းချစ်စိတ်ကိုထားဦး၊ အနည်းဆုံး အတန်းပိုင်ဆရာမအပေါ် မျက်နှာရချင်သည့်အတွက် ဖွံ့ဖြိုးရေးချိန်တွေမှာ ကိုယ်စွမ်းပြကြသည်။ ခုတော့ တက်ကြွရမည့်အရွယ်မှာ သည်လို ရေသာခိုစိတ်ဓာတ်တွေ လွှမ်းမိုးနေသော ကလေးတစ်ယောက်ရဲ့ အနာဂတ်ခြေလှမ်းသစ်အပေါ် ကျွန်မ စိတ်ကူးမျှပင် မယဉ်ရဲ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"စင်ဘူးသီးချိုချိုကလေးတော့ ထမင်းမြိန်သွားစေရမယ်နော်"

"ဆတ်ခနဲ ချိုးကြည့်ဗီတာမင်အပြည့်ပါတဲ့ ရုံးပတီသီးတွေ၊ အသက်ကြီးသူတွေ ဒူးမှာ အဆီခန်းသလား ရုံးပတီသီးများများ စား. . . "

"ရွှေချဉ်ပေါင်တုံးကာမှ မောင်ဖုန်းပြန်မယ်ဆိုရင်တော့ ရွာပြန်မရောက်တော့ဘူး မောင်ဖုန်းရေ၊ ဆယ့်နှစ်ရာသီလုံးလုံး မပြတ်ပေါ်နေတဲ့ ရွှေချဉ်ပေါင်ကတော့ တစ်စည်းမှ တစ်ဆယ်တည်း . . . "

ကိုးတန်း (A) မှ ကြော်ငြာမင်းသား ညီညီနိုင်ရဲ့ ဟန်ပန်လေသံကြောင့် ဝယ်လိုအားတွေ မြင့်တက်သွားရသည့်အတွက် သူတို့ အတန်းပိုင်ဆရာမ ဒေါ်တင်တင်အေးရဲ့ ဝင်းဝင်းပပ မျက်နှာကြီးကို ကျွန်မ ငေးမောအားကျခဲ့ဖူးသည်။

ကျွန်မတပည့်တွေကို စိုက်ပျိုးရေးလုပ်ငန်းအပေါ် စိတ်ဝင်တစား ရှိစေချင်လှသည်။ ကျောင်းစိုက်ခင်းက တစ်ဝမ်းဝတာအပြင် ကျောင်းရန်ပုံငွေလည်း မြက်မြက်ကလေးရတာမို့ ကျွန်မတို့ ကိုယ်တိုင် တီမကြောက်၊ ကျွတ်မကြောက်၊ ထဘီဒူးလောက်ဝတ်ပြီး လုံ့လစိုက်ရ တဲ့ အနေအထားမှာ တပည့်ဆိုသည်က ဆရာအတွက် "အား" ပဲ ဖြစ်စေချင်သည်။ ခုတော့ ထင်ဖော်လတ်မှာ ညီညီနိုင်ကို မှီဖို့ နေနေသာသာ. . .။

"ဆရာမ ယူဘရိုင်းနား တစ်ယောက် မြေပေါက်ရမှာကြောက်လို့ ပေါက်တူးတစ်လက် ဘယ်မှာဖွက်ထားလဲ မသိဘူး။"

"ဟိုတစ်နေ့ကလည်း ဟင်းရွက်ဝိုင်းစည်းရမှာ ပျင်းလို့ဆိုပြီး အိမ်ပြန်ပြေးသွားလေရဲ့"

"ဒန့်သလွန် ကိုင်းတွေခုတ်တော့ ခဏရောက်လာပြီး အကိုင်းတွေစိုက်တော့ ပျောက်သွားရော ဆရာမ"

သူ ချို့ယွင်းချက်တွေ၊ တာဝန်မကျေပွန်မှုတွေ၊ အချောင်ခိုမှုတွေက သူ့အပေါ်ထားရှိသည့် ကျွန်မမေတ္တာတွေ တစ်ဖွဲ့စီ ချွေပစ်သလိုပင်။ ကျွန်မ သူ့အပေါ် အတန်အသင့် မျက်မုန်းကျိုးလာသည်။ ဆရာအပေါ်၊ အတန်းအပေါ်၊ ကျောင်းအပေါ် ဒီလောက် စေတနာ ခေါင်းပါးရသလားဆိုပြီး ငြိုငြင်လာသည်။ ကျွန်မ သူ့ကို အရောတဝင် စကားဟဟပင် မပြောတော့။ သင်ကြားရေးမှလွဲ၍ သူနှင့် စကားလက်ဆုံ မပြော၊ လက်ပွန်းတတီးမနေ၊ ခပ်စိမ်းစိမ်း ဖြစ်နေ၏။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

ကျောင်းတွေဖွင့်စက သူ ခေါင်းတုံးတုံးထားသည်ဖြစ်ရာ ကျွန်မကပင်စ၍ သူ့ကို ယူဘရိုင်းနားဟု ခေါ်မိသည်။ ဘာရယ်မဟုတ် ခေါင်းတုံးကလေးနှင့် သူ့ကို ခင်မင်သမှုနှင့် ကျီစယ်ခေါ်ဝေါ်မိခြင်း ဖြစ်သည်။ ဤသည်ပင် သူ့အတွက် အကြိတ်အခဲ ဖြစ်သွားဟန်တူသည်။ ကျွန်မရဲ့ မထင်မှတ်သော အပြုအမူတစ်ရပ်က ကလေး တစ်ယောက်အတွက် စိတ်ဒဏ်ရာ အနာဖေး ဖြစ်သွားခဲ့သည်ဆိုလျှင်. . .

"ဆရာမက ယူဘရိုင်းနားခေါ်တော့ သူငယ်ချင်းတွေ လိုက်ခေါ် တာ ကျွန်တော် မခံနိုင်ဘူး။ ထင်ဇော်လတ်ကလွဲပြီး ဘာမှမဖြစ်သင့်ဘူး ထင်ပါတယ်။ လူတွေကို ကျွန်တော် စောင့်ကြည့်လေ့လာနေတာ ကြာပြီ၊ လူတွေက မကောင်းဘူး ဆရာမ၊ သူတို့နေရာရဖို့ သူတို့ထင်ပေါ်ဖို့ သူတစ်ပါးရဲ့ပုခုံးကို ခြေနဲ့နင်းတက်ဖို့ ဝန်မလေးကြဘူး။ သူတို့ အောင်အောင်မြင်မြင်ရပ်တည်ဖို့ သူတစ်ပါးရဲ့ နာမည်ဂုဏ်သတင်းကို ပစ်ပေါက်ကစားဖို့ ဝန်မလေးကြဘူး။ ကျွန်တော်ကျောင်းမှာ မပျော်ဘူးဗျာ။ အခု လက်ရှိဘဝကိုလည်း မကျေနပ်ဘူး။ ကျွန်တော် စာတော်ချင်တယ်။ အပေါင်းအသင်းတွေနဲ့ ခင်ခင်မင်မင် နေချင်တယ်။ ပြီးတော့ . . . ပြီးတော့. . . "

စကားကို တစ်ဝက်တစ်ပျက်ဖြတ်ကာ ဖိုးဖိုးဇတ်ဇတ် ထပြန်သွားတော့ ကျွန်မမှာတော့ တွေးစရာ တထွေးကြီးနဲ့ ကျန်ရစ်ခဲ့တော့သည်။

× × ×

ကျွန်မက ပြဿနာတစ်ရပ်ဖြစ်လာလျှင် သူတစ်ပါးကို အပြစ်ဖို့ရန်ထက် မိမိကိုယ်ကို ပြန်လည်ဆန်းစစ်လိုသော အလေ့အထရှိသည်။ မိမိ ဘာမှားသွားပြီလဲ၊ မှား လျှင်ရော ပြင်လို့ရသည့် အမှားလား။ ထင်ဇော်လတ် ပြန်သွားပြီး ကျွန်မ တစ်ညလုံး အိပ်မပျော်၊ စေတနာမှန်သော ကံတရားက ဆရာနှင့် တပည့်ကြား ဟန်ချက်ညီညီကျဖို့ လိုနေပြီ။ အမှားရှိလျှင် အမှန်ရှိရမည်။ ပျက်အစဉ်ပြင် ခဏ ထင်ဇော်လတ်ကို ဆယ်မဖို့ ကျွန်မ ကိုယ့်အမှားကို အရင်ပြင်ရမည်။

"ကဲ . . . ကလေးတို့ရေ ဒီနေ့ကစပြီး ထင်ဇော်လတ်ကို ယူဘရိုင်းနားလို့ခေါ်တဲ့ အခေါ်အဝေါ်ကို ရပ်တန်းက ရပ်ကြရအောင်ကွယ်၊ သူ့ခမျာ ဒီကိစ္စအပေါ် အတော်ကလေး ခံစားနေရရှာတယ်။ တကယ်တော့ ဒီကိစ္စဟာ ဆရာမ အပြစ်ပါ။ သူ ဒီလောက် အလေးအနက် ခံစားတတ်မှန်းမသိလို့ ဆရာမအနေနဲ့ ပျော်စေ ပျက်စေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခေါ်ခဲ့မိတာပါ။ နောက်ပြီး သူက မင်းတို့တစ်တွေဆီက ချစ်ခင်မှုကိုလည်း မျှော်လင့်နေရှာတယ်။ သူကျောင်းလာတဲ့အခါ နောက်ကျနေတဲ့ကျောင်းစာတွေ ဝိုင်းကူကူးပေးလိုက်ကြပါဦး"

တကယ်တော့ ကျွန်မ သားတွေ သမီးတွေက မဆိုးလှ။ ပြောဆို ဆုံးမ နားပေါက်လွယ်တဲ့ ကလေးတွေပါ။ ထင်ဇော်လတ် ကျောင်းတက်လာတော့ နားမလည်တဲ့ စာတွေ ဝိုင်းပြပေးကြ၊ မရှိသေးတဲ့မှတ်စုတွေ ဝိုင်းကူးပေးကြနဲ့ အတော်ကလေး ဖေးမကြလေသည်။ ကျွန်မလည်း ကျေနပ်၊ ထင်ဇော်လတ်လည်း ကျေနပ်သွားမည် ထင်ရ၏။

သို့ပေမယ့် အခြေအနေက ကျွန်မ ထင်သလို တိုးတက်မလာ၊ ယခင်လိုပဲ အတန်းထဲမှာ မှုန်တေတေ ဝိုင်ငေးငေး၊ မေးပေမယ့် ဖြေချင်မှဖြေ၊ ခိုင်းပေမယ့် လုပ်ချင်မှလုပ်နှင့် တစ်ပတ်ခန့်ကျောင်းတက်ပြီး ပျောက်သွားပြန်သည်။ စာမေးပွဲကလည်း နီးနေပြီ၊ ဒီပုံဆို ဒီကလေး ဒီနှစ်အောင်ပါ့မလား။

ကျောင်းသားတစ်ယောက် တစ်နှစ် စာမေးပွဲရှုံးလျှင် အချိန်ရော ခွန်အားရော ငွေကြေးပါ ဆုံးရှုံးခြင်းဖြစ်ရာ ထိုခါးသီးဖွယ် အရှုံးတရား ကို အတတ်နိုင်ဆုံး ဟန့်တားကာဆီးရမည်က ကျွန်မတို့ ဆရာတွေရဲ့ အဓိကအကျဆုံး တာဝန်ပင် မဟုတ်ပါလား။ ဆရာ ကျောင်းသား မိဘ သုံးဦးသုံးဖလှယ်ပြိုင်တူတွန်းမှ ရွေ့နိုင်သည့် ခရီးတာတစ်ခုအတွက် ကျွန်မတစ်ဦးတည်းရဲ့ တွန်းအားအပေါ် ရဲရင့်ဝံ့စားစွာ ယုံကြည်နေမိပေမယ့် ထင်ဇော်လတ်ရဲ့ အားထုတ်ကြိုးပမ်းမှုကတော့ အားနည်းမှိန်ဖျော့လွန်းလှတယ်။ ထင်ဇော်လတ်နောက်မှ အုပ်မိုးလိုက်ပါနေသော မိဘတွေရဲ့အခန်းကဏ္ဍကို ကျွန်မမေ့လျော့နေမိသည်မှာတော့ ကျွန်မရဲ့ ပတ်ဝန်းကျင်လေ့လာမှု အားနည်းခြင်းမျှပင် ဖြစ်တော့သည်။

ထင်ဇော်လတ် ကျောင်းမတက်ဘဲ နှစ်ပတ်ခန့်လွန်မြောက်သည့် တစ်ခုသော ကျောင်းပိတ်ရက် စနေနေ့တွင် ဟိုယခင် စနေနေ့တုန်းကလိုပင် ကျွန်မ အနားယူရန် အားယူဆဲအချိန် အိမ်ရဲ့ဧည့်ခန်းထဲ ဧည့်သည်တစ်ယောက် ခေါင်းငိုက်စိုက်နှင့် ဝင်လာသည်။ ရုတ်တရက်ကြည့်လျှင် ရုပ်ရည်က အတော်အတန်ဆင်သဖြင့် ထင်ဇော်လတ်လေလား ထင်မှတ်မှားမိပေမယ့်၊ အနီးလာရပ်လိုက်တော့ ထင်ဇော်လတ်နှင့် တူသူတစ်ဦးမျှဖြစ်ကြောင်း သိရတော့သည်။

"ကျွန်တော်က ထင်ဇော်လတ်ရဲ့ အစ်ကို ထင်ကျော်လတ်ပါ ဆရာမ"

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

"အေးကွယ် ထိုင်ပါဦး၊ မင်းတို့ ညီအစ်ကိုက ရုပ်ခြင်းအတော် ဆင်ပလား၊ ဖြူတာနဲ့ ညိုတာပဲကွာတယ်၊ ဆရာမလည်း အိမ်ကိုမှာတော့မလို့၊ မင်းညီ ကျောင်း မတက်ပြန်ဘူးကွယ့်"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း ဒီကိစ္စဘဲ ဆရာမနဲ့ လာဆွေးနွေးတာပါ"

ထိုသူက စကားကို ဆုတ်ဆိုင်းတွေဝေစွာပြောပြီး အဝေးသို့ ခပ်ငေးငေး ဖြစ်သွား သည်။ သေသေချာချာကြည့်မှ မျက်ခုံး မျက်လုံး နှာတံကျပုံတို့ကို ထင်ဇော်လတ်နှင့် ဆင်ဆင်တူသော်လည်း၊ အနီးကပ်ကြည့်လျှင် နေလောင်ထားသော ညိုတိုတို အသား အရည်က အလုပ်ကြမ်းသမားတစ်ယောက်ဖြစ်ကြောင်း သက်သေပြနေသည်။

"ကျွန်တော်တို့ ညီအစ်ကို မောင်နှမလေးယောက်မှာ အစ်မနှစ်ယောက်က အကြီး၊ မောင်နှစ်ယောက်က အငယ်၊ ကျွန်တော့်ကို မွေးပြီး ခုနစ်နှစ်ကြာမှ အငယ်ဆုံး ထင်ဇော်လတ်ကို မွေးတာပါ။ သူ လူမှန်းသိတတ်စ ကျောင်းနေတဲ့အရွယ်မှာ အဖေနဲ့ အမေ ရုတ်တရက် ဆုံးသွားတော့ . . "

"အို . . . ဖြစ်မှ ဖြစ်ရလေ"

"ဟုတ်ပါတယ် ဆရာမရယ် ကျွန်တော်တို့ မိဘက သူတစ်ပါးဆီမှာ ထင်းလှေ အခစားလိုက်တဲ့ လူတွေပါ။ ဒုက္ခဖြစ်ရှာကြပါတယ်။ ကျွန်တော်တို့ မောင်နှမတွေကို မြို့က ဆွေနီးမျိုးစပ်အိမ်မှာထားပြီး ပင်လယ်ကျွန်းတောင်တွေဆီ ထင်းလှေခုတ် ထွက် ကြရပါတယ်။ ဒီတုန်းက ပင်လယ်မှာမင်းမူနေတဲ့ ဇာတ်တူသားစားတွေဟာ ထင်းခုတ် ခါးတွေ ပေါက်ဆိန်တွေပါမကျန် လှေပေါ်ပါ ဆန်၊ ဆီအစ ယူရုံအပြင် အားမရဘဲ လူတွေကို ရေထဲကန်ချလေတော့ . . .

ပြောပါရစေတော့ ဆရာမရယ် . . . ဒီလိုအဖြစ်ဆိုးနဲ့ အဖေနဲ့ အမေ လူ့ လောကထဲက ရုတ်တရက် ထွက်ခွါသွားတော့ ကျွန်တော်တို့ အကြီးသုံးယောက်မှာ နားလည်တဲ့အရွယ်ရောက်နေလို့ ဖြေသာပေမယ့်၊ ထင်ဇော်လတ်က သေခြင်းတရားကို နားမလည်သေးတဲ့အရွယ်မို့ အတော်ကြီး ပြင်းပြင်းထန်ထန် ခံစားလိုက်ရတယ်။ အထူး သဖြင့် သူသိပ်ခင်တွယ်တဲ့အမေ၊ ပြန်မလာတော့ဘူးလည်းဆိုရော သူ့နဖူးနဲ့ ကြမ်းပြင် ကုန်းတိုက်ပြီး ငိုလိုက်တာ ဆရာမရယ်. . .

ကြီးလာတော့ ဒီကိစ္စ မေ့မေ့ပျောက်ပျောက် ဖြစ်သွားမယ်ထင်တာ၊ အစ်မ နှစ်ယောက် အိမ်ထောင်ကျသွားတော့ ကျွန်တော်ကျောင်းထွက်ပြီး သူ့ပညာရေး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အတွက် အားခဲရှာဖွေခဲ့ရတယ်။ အလုပ်ကတော့ ကြုံရာကျပန်း ပင်လယ်အလုပ်တွေပါပဲ။ ပိုက်လှေ ဆင်းလိုက်တဲ့အခါလိုက်၊ ငါးမှတ် ပိုက်ချတဲ့အခါချ၊ ကျွန်တော်ရှာသမျှ ထင်ဇော်လတ်အတွက်ချည်းပါပဲ။

အခုတော့ ကျွန်တော် ခဲလေသမျှ သဲရေကျရတော့မှာ ထင်ပါရဲ့၊ သူကြည့်ရတာ အခုတလော၊ တယ်မဟန်ဘူး ဆရာမရယ်၊ နဂိုစကားနည်းတဲ့ကောင်ဟာ ပေါက်ကရတွေ တစ်ချိန်လုံး ပြောနေတော့တာ။ ကျွန်တော်တို့လည်း ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ သူ့ကို ဒီလောက် ဂရုမစိုက်မိကြဘူး။ အစ်မတွေဆို စီးပွားရေး မပြေလည်ကြရှာဘူး။ သူက ဖြစ်ချင်တာ သိပ်များတာ ဆရာမရဲ့၊ ဘယ်လိုက ဘယ်လို အဲဒီရောဂါ စွဲကပ်လာတယ် မသိပါဘူး ဆရာမရယ်၊ နိုင်ငံခြားသင်္ဘောလိုက်ချင်သတဲ့။ ဒီခေတ်ကြီးထဲမှာ သင်္ဘောသားလုပ်ချင်တာ လွယ်တာမှတ်လို့၊ ဒါမျိုးက ငွေခင်းပြီးမှရောက်ရတဲ့ ခရီးမဟုတ်လား။ ကျွန်တော်တို့ သူ့ကို ဖြည့်ဆည်းပေးနိုင်ပါလှ အနည်းအကျဉ်းပေါ့။ ကိုးတန်းကို ရှောရှောရှူရှူအောင်သွားရင် ပဲ့နင်းသင်တန်းကလေး ဘာလေး တက်စေပြီး ပို့ပေးနိုင်ပါလှ ကမ်းရိုးတန်းလှေပေါ်ပေါ့။

သူက ကျောင်းမှာ သူတကာလို မဝတ်နိုင်တာကိုလည်း သိမ်ငယ်တယ်။ သူတကာလို ငွေမသုံးနိုင်တာကိုလည်း သိမ်ငယ်တယ်။ ဒါကြောင့် စကားပြောရင် မပွင့်တပွင့်နဲ့ အပေါင်းအသင်းတွေကိုလည်း ခပ်ဖယ်ဖယ်နေလေ့ရှိတာပေါ့”

“ဟုတ်တယ်၊ အဲဒါတော့ ဆရာမ သတိထားမိတယ်၊ ကျောင်းမှာ ထင်ဇော်လတ်ဟာ သူနဲ့ ရွယ်တူကလေးတွေနဲ့ တစ်သားတည်းမဖြစ်တာအမှန်ပဲ။ ကျောင်းစာလည်း မလိုက်နိုင်၊ လူမှုဆက်ဆံရေးလည်း ညံ့၊ နောက်တစ်ချက် သူ့သိမ်ငယ်စိတ်ကို နှိုးဆွပေးလိုက်သူက ကျွန်မ ကိုယ်တိုင်ပါပဲ။ ဒီအတွက် ကျွန်မ ကြေကွဲမဆုံးပါဘူး။ သူမကြိုက်တဲ့ နာမည်ကို နောက်ပြောင်ကျီစယ် ခေါ်ခဲ့မိတယ်။ ဒီအပေါ်မှာ နင့်နင့်နဲနဲ ခံစားနေရမှန်း မသိခဲ့ဘူး။ သိတဲ့နောက် ပြုပြင်ပြန်တော့လည်း အချိန်မမီတော့ဘူးထင်ပါရဲ့၊ ပြောစမ်းပါဦး၊ သူ့ရဲ့ ကျန်းမာရေးအခြေအနေ ဘယ်အခြေ ရောက်နေပြီလဲ”

ထင်ကျော်လတ်က မဖြေဘဲ ကျောင်းရှေ့က မလေးရှား ပိတောက်ပင်တွေကို ငေးကြည့်နေသည်။ တစ်ကိုယ်ရည် တစ်ကာယ ဆရာမတွေကို ကျောင်းမှာ နေအိမ်ပေးထားလေ့ရှိတာမို့ ကျွန်မ အိမ်ကလေးမှ ကျောင်းအဆောက်အအုံတွေဆီ အချိန်မရွေး လှမ်းမြင်နိုင်သည့် အနေအထားပါ။ ထင်ကျော်လတ် ဘာတွေ စဉ်းစားနေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



သနည်း၊ ပညာတစ်ပိုင်းတစ်စနဲ့ ဝမ်းစာရှာနေရတဲ့ သူ့ဘဝကို အားငယ်နေသလား၊ သူ့ညီနေတဲ့ကျောင်းကြီးကိုကြည့်ပြီး ညီအပေါ် အားမလို အားမရမှုတွေ ဖြစ်ပေါ်နေသလား။ ပြောမယ့်ပြောတော့ ကျွန်မ တွေးထင်ထားတာတွေ တစ်ခုမှမဟုတ်ပါ။

"ပြောရမှာတော့ ခပ်ခက်ခက်ပါပဲ ဆရာမရယ်၊ သူက သိပ် အကြမ်းကြီးလည်း မဟုတ်ဘူး၊ ပုံမှန်လည်း မဟုတ်ပြန်ဘူး၊ ဖြစ်ချင်တာတွေကို တွေ့ကရာပြောနေတာ တစ်ခုပါပဲ၊ နောက်ပြီး ဟိုဒင်း . . . ကျွန်တော် ဆရာမကို ပြောရမှာ အားနာလို့၊ ကျွန်တော့်ညီက သူအခု ရင်ဆိုင်နေရတာတွေကို လက်မခံချင်ဘူး၊ သူဖြစ်ချင်တာက အတန်းထဲမှာ စာတော်ချင်တယ်၊ အပေါင်းအသင်း ဝင်ဆံ့ချင်တယ်၊ ပြီးတော့ ဟိုလေ. . . ဆရာမချစ်တာလည်း ခံချင်တယ်"

"ဟောတော် . . . ဆရာပဲ၊ တပည့်အပေါ် မချစ်ရှိပဲ့မလားရှင်၊ သူ့ကို မချစ်ရင်သူ စာမလိုက်နိုင်တာ၊ ကျောင်းပျက်များတာ မျက်နှာ လွှဲထားလိုက်ရုံပေါ့၊ ဒီလိုအိမ်နဲ့ ဆက်သွယ် အကြောင်းကြားနေပါ့ဦးမလား၊ ဒီကလေးတော့ တလွဲဆံပင်ကောင်းနေပြီ"

"ဒီ . . . ဒီလိုပါ ဆရာမ ထင်ဇော်လတ်က စောစောက ကျွန်တော်ပြောသလို အမေကလည်း မရှိရှာတော့ ဆရာမကို . . . "

"ဟုတ်ပါပြီ၊ ကျွန်မ သဘောပေါက်ပါပြီ"

× × ×

တကယ်တော့ ထင်ဇော်လတ်အိမ်ကို သွားရမယ့် ခရီးက ဒေသခံတွေအတွက် မထောင်းတာလှပေမယ့် ကျွန်မအဖို့တော့ အတော်ကြီး စွန့်စားရမည့်အလုပ်ပါ။ ကျွန်မက ကုန်းခေါင်ခေါင်မှလာသူ၊ ရေအလွန်ကြောက်သူဆိုတော့ ဤရွာ ဤကျောင်းကို ရောက်ကတည်းက ရွာနီးချုပ်စပ်သို့ပင် မသွားဖြစ်၊ သီတင်းကျွတ် ဒီဇင်ဘာကျောင်းပိတ်ရက် အခြားဆရာမတွေ ဒေသန္တရ ဗဟုသုတရှာမှီးဖို့ အနီးဝန်းကျင်ရွာများသို့ သွားလေ့ရှိသော်လည်း ကျွန်မမှာ ထိုရေကြောက်ရောဂါဖြင့် မည်သည့်ရွာဆီမှ မရောက်ဖြစ်သေး၊ အခုတော့ ထင်ဇော်လတ် အပူမီးက ကျွန်မရင်ကို ကူးခဲ့လေပြီ။

စက်တပ်လှေ ပက်လက်ကလေးထဲ လိုက်ပါလာတော့ ရေလမ်းခရီး အတွေ့အကြုံမရှိသော ကျွန်မ ခြေဖျားလက်ဖျားတွေအေးကာ ကြောက်စိတ်တွေ တရိပ်ရိပ်တက်လာသည်။ မြစ်ပြင်သည် ရွှံ့နွံစ်ရောင်ထလျက် ဘောင်ဘင်စီးနေသည်။ လှေက မြစ်ကို အလျားလိုက် စုန်ဆန်သည် မဟုတ်ဘဲ၊ မြစ်တစ်ဘက်ကမ်းသို့ ကန့်လန့်ဖြတ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကူးနေသည်ဖြစ်ရာ ကျွန်မ ဘယ်မှာ စိတ်လက်ပေါ့ပါးစွာ လိုက်ပါနိုင်ပါမည်နည်း။ အရှေ့လေ၏ ကူပံ့မှုကြောင့် စူးရဲရဲ နေရောင်အောက်တွင် ကျွန်မ ဆောင်းသည့် ခေါက်ထီးကလေးက အသည်းငယ်သော လိပ်ပြာတစ်ကောင်၏ လှုပ်ခပ်မှုမျိုးနှင့် . . .

"ဘာမှမဖြစ်ပါဘူး ဆရာမရဲ့ မကြောက်ပါနဲ့၊ ဆရာမ တပည့်တွေဆို ဒီမြစ်ပြင်ကို နေ့စဉ်ကူးနေကျပါ၊ ဒီဘက်ကမ်းက ဟင်းသီးဟင်းရွက်သည်တွေ မြို့သွားမယ့် ခရီးသည်တွေ၊ ကျောင်းသူ ကျောင်းသားတွေ နိစ္စဓူဝ ကူးသန်းနေကျပါ။ တစ်ခါမှ ပိုးစိုးပက်စက် မဖြစ်ပါဘူး။ ကျွန်တော်တို့ လှေက မြစ်ကို ဖြတ်ကူးတယ်ဆိုပေမယ့် တည့်တည့်မကူးပါဘူး၊ ခပ်စောင်းစောင်း ဓားလွယ်ခုတ်ကလေး ဖြတ်နေတာပါ၊ အန္တရာယ်မရှိပါဘူး"

ထင်ကျော်လတ်က ကျွန်မ စိတ်သက်သာရာရအောင် ဘယ်လို အကြောင်းပြပြ ကျွန်မက အကြောက်က မပြေနိုင်။ မြစ်လယ်ရောက်လေ ခပ်ဝေးဝေး ပင်လယ်ဝကို လှမ်းမျှော်ကြည့်ပြီး ကြောက်အားငယ်လေ။

နာရီဝက်သာသာ ခုတ်ပြီးသည့်အချိန်မှာတော့ မြစ်တစ်ဘက်ကမ်းဆီ ချောချောမောမော ဆိုက်ရောက်ပါတော့သည်။ ကြည့်စမ်း . . . ကျွန်မ အတော်ဝေးဝေး မြစ်တစ်ဘက်ကမ်းဆီက လှမ်းမြင်နေရသည့် ထိုးထိုးထောင်ထောင်အရာများကို ယခုမှ အနီးကပ်ဘွားဘွားကြီး မြင်လိုက်ရသည်ပါလား။ တံငါရွာကလေးကို အနားသပ်ဘောင်ခတ်ထားသော ငါးလှန်းကျပ်စင်တွေ . . .

လှေကလေးက ရွာဆိပ်မှာ ထိုးဆိုက်လိုက်ပြီး ကျောက်တံတားမှတက်ကာ ရွာလမ်းအတိုင်းလျှောက်လာတော့ မဒမသားတိုင်တွေနှင့် အခိုင်အခံ့ ဆောက်ထားသော တံငါအိမ်ကြီးများကို တွေ့ရသည်။ အိမ်တိုင်းပင်ကမ်းမှာ တစ်ဝက်မေးတင်လျက် ရေထဲတစ်ဝက် တွဲလဲကျနေသည်။

တစ်ခုသော အိမ်တစ်ဆောင်ရှေ့ရောက်လျှင် ထင်ကျော်လတ်က ဦးဆောင်ကာ အိမ်ထဲဝင်သွားတော့၏။ အိမ်ရှေ့မှာ မဖြစ်ညစ်ကျယ် အိမ်ဆိုင်လေးတစ်ဆိုင် အိမ်ထဲဝင်သွားတော့ ပိုက်ဟောင်းပိုက်ဆွေးတွေ တစ်ပုံတစ်ထွေးကြီးမြင်သဖြင့် ထင်ကျော်လတ်၏ အသက်မွေးဝမ်းကျောင်းကို ကျွန်မစိတ်ထဲ မှန်းဆနေမိသည်။

ထင်ကျော်လတ်က အိမ်ရဲ့အဆုံးပိုင်းသို့ရောက်အောင် ကျွန်မကို ခေါ်ဆောင်သွားနေသည်။ အလင်းရောင်အောက်မှ အရိပ်ထဲ ရုတ်တရက် ဝင်ရောက်လိုက်သဖြင့်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

အတွင်းမှာ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ၊ အမြင်ဝေဝါးပစ္စည်းတွေ မတိုက်မိအောင် ရှောင်ကွင်းပြီး သွားနေရသည်။ အိမ်မကြီးအဆုံး ရေထဲထိုးထွက်နေသော ကျပ်စင်ပေါ်မှာတော့ ထောင်းလက်စငါးပိဆုံကြီးနှင့် ငါးပိဂိုဒေါင်တစ်ခု ကျပ်စင်ပေါ်မှာ ငွေးကောင်ကလေးတွေ၏ လက်ကျန်အနံ့အသက်တွေက နှာခေါင်းမယဉ်သေးသော ကျွန်မကို ဆီးကြို နှောင့်ယှက်နေလေသည်။

တစ်နေရာရောက်တော့ ထင်ကျော်လတ်က ရပ်တန့်ကာ ကျွန်မကို တစ်နေရာသို့ ညွှန်ပြသည်။ ငါးပိဂိုဒေါင်အပြင်စွန်း အရိပ်ကျကျနေရာတွင် ခပ်ခွေခွေထိုင်နေသော ထင်ဇော်လတ်။ သူ့မျက်လုံး ကြောင်စီစီတို့ မြစ်ပြင်ဘက် တစ်နေရာတည်း မရွေ့မလျား ကြည့်နေပြီး ပါးစပ်ကလည်း ပွစိပွစိ ဘာတွေပြောနေမှန်းမသိ။

ဘုရားရေ. . . အဲဒါဟာ ကျွန်မတပည့် ထင်ဇော်လတ်လား၊ တစ်ပတ်ဆယ်ရက်အတွင်း အသားအရည်တွေ ပိုမိုဖြူဖျော့ကာ လူကလည်း ဆွဲချလိုက်သလို ကျသွားလိုက်တာ၊ အရိုးပေါ် အရေတင် ဘယ်လို လွဲချော်မှုတွေကများ နှိပ်စက်ကလူ ပြုနေကြပါလိမ့်။

"ထင်ဇော်လတ်ရေ"

ကျွန်မ ဝမ်းနည်းပက်လက် သူ့နာမည်ကို ခေါ်ပေမယ့် သူ ကျွန်မကို သိပုံမပေါ်ပါ။

" အိုင်ဒုန့်နိုး အနားသားတူး . . .
ဟောင်းဒူးယူဒူး . . .
ယူမဒူးရင် အိုင်ဒူးမယ်. . .
ပင်လယ်ကြီး ကျော်ဖြတ်သန်း အကြင်နာခွန်အားတွေ . . . "

ပါးစပ်မှာ ထွက်ကရာတွေ ပြောနေသော ထင်ဇော်လတ်၏ စိတ်အာရုံက တခြားကမ္ဘာဆီ ရောက်နေသည်ထင့်။ အလိုမပြည့်မှုတွေ၊ တင်းကြပ်ပြည့်နေသည့် ရင်ဘတ်အစုံကတော့ နိမ့်ချည်မြင့်ချည်။ တစ်နှစ်တာကာလပတ်လုံး ကျွန်မနှင့် လက်ပွန်းတတီး နေထိုင်ခဲ့ရသည့် ကလေးတစ်ယောက် ကိုယ်စိတ်ကျန်းမာရေး ဆုပ်ယုတ် ပျက်ယွင်းမှုက မိခင်မျိုးနွယ်စု မိန်းမသားတစ်ယောက်ရဲ့ ခံနိုင်ရည်ရှိမှုကို တွန်းဖြိုစပြုနေပြီ။ ကျွန်မ နှလုံးသားက ဘာသားနှင့် ထုထားတာမို့ အံခဲတင်းခံနိုင်ရမှာလဲ။

"ထင်ဇော်လတ် ရေ. . သားရေ. . "

အလို . . နှလုံးသားစေစားချက်ကြောင့် ပွင့်ထွက်လာသည့် ကျွန်မခေါ်သံကြောင့် သူ ကျွန်မကို မျက်လုံးရွဲကြီးများနှင့် စိုက်ကြည့်နေလိုက်တာများ . . .

"အမေ . . "

ရင်ခေါင်းထဲက အားရပါးရ ကြုံးအော်လိုက်သည့် ထင်ဖော်လတ်၏ အမေခေါ်သံက နားအကြည်ဓါတ်မှသည် ခန္ဓာကိုယ်အစိတ်အပိုင်းများဆီ ဖြတ်စီးသွားပြီးသည့်အခါမှာတော့ လွမ်းမောဆွတ်ကြင်မှု ခံစားမှုတို့ တရိပ်ရိပ် တက်လာပါတော့သည်။ သား . . ကျွန်မရဲ့ သား၊ သစ္စာမဲ့သည့် ဘဝကြင်ဖော်နှင့် လမ်းခွဲပြီး ကျွန်မတစ်ယောက်တည်း ရုန်းကန်ကာ ပြုစုပျိုးထောင် ကြီးပြင်းစေခဲ့သည့် သား၊ မိခင်နဲ့ခွဲကာ ဟိုအဝေးတိုင်းပြည်မှာ ပင်ပင်ပန်းပန်း အလုပ်တွေလုပ်ပြီး ဘဝရပ်တည် ရှင်သန်ဖို့ ကြိုးစားနေသည့်သား။

"သား ပိုက်ဆံတွေ ပို့လိုက်တယ် မေမေ၊ ဒီပိုက်ဆံတွေဟာ အမေနဲ့သား အတူတူ ပြန်နေနိုင်ဖို့ ရောင်နီတစ်စပါပဲ၊ သားအိမ်တစ်ဆောင်စာ ပိုက်ဆံရှာပြီး ပြန်လာမယ်နော်၊ ပြီးရင်လည်း မေမေနဲ့ ဘယ်တော့မှ မခွဲတော့ဘူး"

သားအမိနှစ်ယောက် ပြန်လည်ဆုံတွေ့ အတူနေရဖို့ရက်ကို လက်ချိုးရေတွက်ရင်း သားကို အလွမ်းကြီးလွမ်းနေသည့် သားဝတ်အမေ(ကျွန်မ)နှင့် အမေဝတ်သား (ထင်ဖော်လတ်) တို့ တွေ့ကြသည့်ပွဲမှာတော့ မမျှော်လင့်သော မေတ္တာစမ်းရေကြည်တို့ တသွင်သွင်စီးကျနေသည်ကို အံ့ဩစဖွယ် တွေ့ထိခံစားလိုက်ရသည်။

ကလေးတစ်ယောက်ရဲ့ ဖြူစင်နှလုံးသားမှာ မှားယွင်းစွာ စွဲထင်နေသည့် ပေကျံမှု အစွန်းအထင်းတွေကိုချေဖျက်ဖို့ ကျွန်မ ပေးနိုင်စွမ်းသော ကြင်နာညှတ်နူးတဲ့ အာရုံဆက်သွယ်မှုသည်သာလျှင် ထင်ဖော်လတ်အတွက် ပထမဆုံးတိုက်ကျွေးသည့် တန်ဖိုးအကြီးမားဆုံး အားဆေးတစ်ခွက် ဖြစ်ပေလိမ့်မည်။

ဘဝအမော၊ အလိုမပြည့်မှု အကျိတ်အခဲတွေနှင့် ဖွဲ့တည်ထားသော ထင်ဖော်လတ်၏ ဦးခေါင်းကို ကျွန်မ လက်အစုံနှင့် ပွေ့ငင်လိုက်မိသည့်အခါမှာတော့ သံစဉ်တူရင်လှိုင်းခတ်သံတို့ တုန်ခါမြည်ဟီးနေမှာ အသေအချာပင်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရ ပြည့်ဝမည်ဆိုလျှင် ကျွန်မသား ထင်ဖော်လတ် ပုံမှန်ကျန်းမာလာနိုင်မည်ဟု တထစ်ချ ယုံကြည်နေသည်။ နွေကျောင်းပိတ်ရက်ရောက်သည်နှင့် ထင်ဖော်လတ်ကို ရန်ကုန်ခေါ်သွားကာ ဆေးဝါးကုသမှုခံယူဖို့ လိုအပ်သော

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

ငွေကိုပါ ပံ့ပိုးကူညီဖို့ ဆုံးဖြတ်ပြီးသည့်အခါမှာတော့ နားလည်စာနာမှုတွေနှင့်အတူ အမေ့ရဲ့လုပ်ဆောင်မှုပါရမီကို ဖြည့်ကူဖို့ အဝေးရောက်သားထံ တောင်းပန်မှု ဖြစ်ဦးမည်။ ကျွန်မအဖို့မူ ကျောကသားလည်း သား၊ ရင်ကသားလည်းသားပါပေ။

အပြန်ခရီးမှာတော့ စက်တပ်လှေငယ်သည် မြစ်ပြင်ကို ကန့်လန့် ဖြတ်ကူးနေသော်လည်း မေတ္တာအကြည်ဓါတ်တွေနှင့် ပြည့်ဝပျော်ဝင်နေသော ကျွန်မ အလာတုန်းကလို ကြောက်ရွံ့ခြင်း မရှိတော့ပါ။

*Family မိသားစုမဂ္ဂဇင်း၊*
***အမှတ် (၂၁)၊ အောက်တိုဘာလ၊ ၂၀၀၃ ခုနှစ***

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# နဂိုအတိုင်း ခပ်ယဉ်ယဉ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# နဂိုအတိုင်း ခပ်ယဉ်ယဉ်

မျက်နှာစာတစ်ခုလုံး ရောင်းချစရာပစ္စည်းများဖြင့် ချိတ်ဆွဲ တည်ခင်းထားသော ဆိုင်နှင့်တွဲလျက် အိမ်တံစက်မြိတ်အောက် ဝင်ရောက်လာတဲ့အချိန်အထိ ကျွန်မကို မည်သူတစ်ဦးတစ်ယောက်မှ သတိထားမိခြင်း မရှိသေးပါ။

ကူဖော်လောင်ဖက် ကောင်မလေးသုံးယောက်သည် ရောင်းရေးဝယ်တာကိစ္စများနှင့် အလုပ်များနေသည်။ မမကြီးသည် ဂဏန်းပေါင်းစက်ကို ခေါင်းမဖော်တမ်း နှိပ်နေသည်။ မမငယ်ကတော့ အခုမှ ရောက်လာဟန်တူသည့် ချုပ်ပြီးသား ရယ်ဒီမိတ် အင်္ကျီအရောင်စုံ၊ ပုဆိုး အဆင်စုံ ပုံတွေကြားထဲ မြုပ်နေသည်။ တစ်ဆိုင်လုံးမှာလည်း ပစ္စည်းတွေက စုံပါဘိ။ သနပ်ခါးဘူး၊ ခေါင်းလျှော်ရည်၊ ရေမွှေး၊ ပေါင်ဒါ၊ ပိုက်ဆံအိတ် အမျိုးမျိုး၊ နောက်ဆုံးပေါ် ဆံညှပ်အမျိုးမျိုး၊ မိုးတွင်းစီး နွေစီး ဖိနပ်အမျိုးမျိုး၊ ရေသန့်ဘူး၊ အချိုရည်ဘူး၊ စားသောက်ဖွယ်ရာ မုန့်အခြောက်များ မရေမတွက်နိုင်အောင် များပြားလွန်းလှသည်။

ထို ပြုတ်စဗျင်းတောင်းများကို ဖြတ်ကျော်သွားတော့ အိမ်လယ်ခေါင်တွင် ဧရာမ သီဟိုဠ်စေ့ပုံကြီးနှင့် တန်းတိုးတော့သည်။ ကတ္တားခုံပေါ် သီဟိုဠ်စေ့တွေ တက်ဆင်းနေပုံ ကြည့်၍ အရောင်းအဝယ်ဖြစ်နေကြောင်း သိသာသည်။ ယခုတလော သီဟိုဠ်စေ့တွေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဈေးကောင်းနေသည်။ တစ်ပိသာ ခြောက်ရာကျော်ပေါက်နေသည်ဆိုလား။ ကောင်တာနောက်တွင် အလုပ်များနေသော ဖေဖေက ကျွန်မကို မော့ကြည့်ကာ မျက်ခုံးပင့်၍ မဆိုစလောက်ကလေး နှုတ်ဆက်သည်။

"ပြန်လာပြီလား သမီးနုဂိုယဉ်" . . . လို့ မေးနေသယောင် ထင်ရသည်။ ကျွန်မ ပြန်လာသလား. . . ကျွန်မ ဖေဖေအိမ် ပြန်လာတာလား။ သည်အိမ်ဟာ ကျွန်မ အိမ်လား။ ဖေဖေ့အိမ်ဆိုတော့ ကျွန်မနဲ့လည်း ဆိုင်သည်။ မမတွေ ကိုကိုတွေနှင့်လည်း ဆိုင်သည်။ အစဉ်အမြဲ နေထိုင်ရာဒေသသို့ ရောက်ရှိလာသူကိုမှ ပြန်လာပြီလားဟု သုံးလျှင်သင့်မည်။ ကျွန်မကသည်မှာ အမြဲနေသူမဟုတ်။ သည်သို့ဆိုလျှင် ပြန်လာပြီလားဟု မေးပါက သင့်တင့်လျော်ကန်မည် မဟုတ်ပေ။

ကျွန်မ ဖေဖေ့အိမ်မှာနေသူမဟုတ်ဆိုတော့ မေမေ့အိမ်မှာ နေသူလား။ ကျွန်မ ကိုယ်ကျွန်မတော့ မေမေ့သမီး မေမေ့အိမ်မှာနေသူဟု ကိုယ့်ကိုယ်ကို သဘောပိုက်ထားသည်။ ကျွန်မအတွက် မေမေ့ရင်ခွင်သည် ပိုမိုနွေးထွေးလုံခြုံနေသည့်ဟု အထင်ရှိနေသည်။ "ဒါမှ မေမေ့သမီး၊ ခင်မင်းအိမ်ရဲ့သမီး" လို့ မေမေက ကြွေးကြော်ကာ ကယုကယင် ကြင်နာပြသည့်အခါတိုင်း ကျွန်မ ကျေနပ်နှစ်သိမ့် နှလုံးစိတ်ဝမ်း ငြိမ်းချမ်းရမြဲ။

မေမေခင်မင်းအိမ်ရဲ့ သမီးဖြစ်ရသည့်အတွက် ဖေဖေ ဦးယဉ်နိုင်နှင့် အစ်ကို အစ်မများ၏ မကောင်းမြင်ခြင်း၊ အထင်သေး နှာခေါင်းရှုံ့ခြင်းကိုတော့ အထိုက်အလျောက် ခံရမည်။ ဒါကလည်း ကျွန်မအတွက် အရေးထူးနေပါပြီလေ။ ဖေဖေနှင့် မေမေတို့ရဲ့ အက်ကြောင်းထင်နေသည့် အိမ်ထောင်ရေးမှာ ယက်ကော်လွန်းထိုးတောင့်ခံထားသော လွန်းပိုးအိမ်နှင့်တူသည့် ကျွန်မ။ ကျန်အစ်ကိုအစ်မများ ဖေဖေ့ထံမှာ လုံးလုံးလျားလျား ကျန်ရစ်ချိန်၌ ကျွန်မသည် ဖေဖေ့ရွာနှင့် မေမေ့ရွာကို လွန်းနှယ်ယှက်နွယ် ကူးလူးနေခဲ့သည်။

ကျွန်မ ဖေဖေ့ကိုလည်း ချစ်သည်။ မေမေ့ကိုလည်း ချစ်သည်။ အစ်ကို အစ်မတွေလိုတော့ ကျွန်မ တစ်ဖက်,ဖက်ကို မည်သည့်အခါမှ ရွေးချယ်မည်မဟုတ်။ ကျွန်မ ပိုင်ဆိုင်မှုကိုလည်း မည်သည့်အခါမှ စွန့်ပစ်မည်မဟုတ်။ လောဘကြီးသည်ပဲ ဆိုချင်ဆို။ ကျွန်မ ဖေဖေ့သမီးလည်းဟုတ်၊ မေမေ့သမီးလည်းဟုတ်သည်ကို မည်သူ ငြင်းပယ်နိုင်မည်လဲ။ ဖေဖေနှင့် မေမေတို့ရဲ့မတူသည့် နွေးထွေးချစ်ခင်မှုကို ကျွန်မ တစ်လှည့်စီ ခံစားချင်လှသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဖေဖေကရော . . . တခြားသားသမီးများနှင့်မတူ မူကွဲထွက်သော သမီးကို ချစ်ခင်ပါရဲ့လား။ ကောင်တာနောက်မှ မျက်ခုံးနှစ်ဖက်ပင့်ကာ နှုတ်ဆက်လိုက်သည့် ဖေဖေ့ဖော်ရွေမှုကိုတော့ ကျွန်မ ကောင်းကောင်း သဘောပေါက်ဖို့လိုသည်။

သီဟိုဠ်စေ့ပုံကြီးကို ကျော်ခွရှောင်ရှားပြီးလျှင်တော့ သည်အိမ်သို့ရောက်လျှင် မကြည့်ချင်မြင်လျက်သား နံရံပေါ်မှာ ဘွဲ့ဓာတ်ပုံများက အစီအရီ လျှောင်ပြုံး ပြုံးပြနေသည်။ ကိုကိုနှစ်ယောက်၊ မမနှစ်ယောက်တို့၏ အပြုံးပန်းဝေနေသော ဘွဲ့ဓာတ်ပုံများသည် ဖေဖေ့စကားနှင့်ဆိုလျှင်တော့ ဤအိမ်အတွက် ကြီးမားသော ကျက်သရေ တစ်ခု ဆိုပါတော့။ နောက်ဆုံးတစ်နေရာမှာ ချိတ်ဆွဲရန် နှောင့်နှေးလေးပင်စွာ လစ်ဟာနေသည့် ဓာတ်ပုံနေရာကတော့ ကျွန်မအတွက် နေရာဆိုတာ အထူးပြောစရာ မလိုတော့ပါ။ ထိုနေရာမှာ ကျွန်မရဲ့ ဘွဲ့ဓာတ်ပုံမရောက်မချင်း ဖေဖေနှင့် ကျွန်မ ဆက်ဆံရေး သည်လိုပဲ အေးခဲ တင်းမာနေဦးမည်။

"ငှက်သိုက်မုန့်ရှိသလား"

"ရေသန့်တစ်ဘူးပေးပါ"

"ကတ္တီပါ ကလေးစီးဖိနပ်ရှိရင် ပြပါဦး"

စီစီညံညံ ဈေးဝယ်သံတွေကို ကျော်ခိုင်းပြီး အပေါ်ထပ်တက်ကာ အခန်းထဲဝင် လိုက်တော့ စိတ်ကျေနပ်မှု နည်းနည်းရသွားသည်။ ဘယ်တော့လာလာ သည်အိမ်မှာ တော့ ကျွန်မအတွက် သန့်ရှင်းသပ်ရပ်သည့် အခန်းကလေးတစ်ခန်း သီးသန့်ထားရှိ ခြင်းကပင် တခြားအဖုအထစ်များထဲမှာ စိတ်ကျေနပ်ဖွယ်တစ်မျိုး ဖြစ်နေသည်။

ထို စိတ်ကျေနပ်ဖွယ်ရာက ကျွန်မစိတ်ကို ကြာကြာဆွဲဆောင်မထားနိုင်ပါ။ ကြည့်လေ. . . တစ်နှစ်မှ တစ်ခါနှစ်ခါ ရောက်လာလေ့ရှိသူ သမီးအငယ်ဆုံးကလေးကို ဖေဖေကြိုဆိုလိုက်ပုံက အေးတိအေးစက် နိုင်လှပါဘိ။ ဖေဖေရော အစ်မနှစ်ယောက်ပါ သူတို့အလုပ်ကလွှဲ၍ ဘာကိုမှ စိတ်မဝင်စားကြ။ ကြိုဆိုသူမဲ့ အထီးကျန်မှုက စိတ်ပျက် အားငယ်မှုကို တွန်းထိုးနှိုးဆွနေပြန်သည်။ ဖေဖေ့အိမ်သို့ရောက်ရှိတိုင်း ကျွန်မ ခံစားရ သည့် ခံစားမှုက နှိပ်စက်ကလူပြုမြဲ။

မဖွင့်တာကြာပြီဖြစ်သည့် ပြူတင်းတံခါးချပ်ကို ခက်ခက်ခဲခဲ ဖွင့်လိုက်သည့်အခါ သန့်ရှင်းလတ်ဆတ်သည့် ပြင်ပလေသည် အခန်းတွင်းသို့ အလုအယက် တိုးဝင် လာသည်။ ကျောက်ဖြာမြစ်ကို ဖြတ်သန်းတိုက်ခတ်လာသောလေသည် ရေငန်ငွေ့ အတန်အသင့်ပါသည်မှအပ အေးမြလန်းဆန်းမှုကို ပေးနိုင်သေးသည်။ ပြင်ပ မြင်ကွင်းတွေကတော့ တစ်ခေါက်နှင့် တစ်ခါမတူနိုင်အောင် အပြောင်းအလဲ မြန်လှ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သည်။ "ကျောက်ဖြာမြစ်" ကို ဖြန်သန်းတည်ဆောက်ဆဲ တံတားကြီးက ဒေသရဲ့ ဖွံ့ဖြိုးစည်ပင်မှုကို အားဖြည့်ရန် ပြင်ဆင်နေသည်။

ကျွန်မ ငယ်စဉ်ကလေးဘဝတုန်းက မြင်ကွင်းနှင့် အခြားနားကြီး ခြားနားသွားသည်က ဆိပ်ဦးတွင် မြစ်ကြောင်းသွားမည့် စက်တပ်လှေငယ်များ မရှိသလောက်ရှားပါးသွားခြင်းပင်။ ရေမြစ်ကြီး၊ ကင်းဆိုး၊ တည၌၊ ကလင်ဘန်း၊ ယင်းတောင် စသည့် လယ်တောရွာကလေးများဆီသို့ မြို့မှ တိုက်ရိုက်ကားလမ်းပေါက်ခြင်းနှင့် သက်ဆိုင်နေပေရာ ယခင် လွန်းတောင့်ကလေးတွေ စီထားသလို စက်တပ်လှေငယ်တို့၏ လှုပ်ရှားရုန်းထနေသော မြင်ကွင်းတို့ ပျောက်ဆုံးခြင်း တိုင်ကုန်တော့သည်။ ထိုနေရာတွင် အစားထိုးလာသည်က မြိတ်မှထားဝယ်၊ ရန်ကုန်သို့သွားမည့် မှန်လုံကား ဇက်ကူးတို့ဆိပ်အဖြစ် အသစ်တစ်ဖန် ရှင်သန်လာခြင်းပင်။

သည်လိုပဲ အဟောင်းနေရာမှာ အသစ်တွေ အစားထိုးခြင်းဖြင့် လောကလူ့ဘောင်သည် နေသားတကျ လည်ပတ်ရှင်သန်နေသည်။ ကျင်လည်ရာ လူမှုပတ်ဝန်းကျင်အဖွဲ့အစည်း ပြောင်းလဲလျှင် ပြောင်းလဲသွားမည်၊ လူ့ဘောင်လောကကတော့ မပြောင်းလဲသောတရားအဖြစ် ဆက်လက်ခရီးသွားနေမည်။

ဝူးခနဲ ကားထိုးဆိုက်သံကြားသဖြင့် မြို့နှင့်ရွာသို့ လိုင်းကားပြေးဆွဲနေသော ကိုကို ကြီး ရောက်လာသည်ကို ထွက်မကြည့်ဘဲနှင့် သိလိုက်သည်။

"ချစ်ပုရေ. . ."

ဟော. . . ကိုကိုကြီးရဲ့အသံ။ သည်အိမ်မှာ အငယ်ဆုံး ညီမလေးကို ချစ်ပုလို့ခေါ်တာ ကိုကိုကြီးတစ်ယောက်ပဲ ရှိသည်။ ကျွန်မ အခန်းထဲမှ အလျင်အမြန်ထွက်လိုက်တော့ အပေါ်ထပ်သို့ ဒရောသောပါးတက်လာသော ကိုကိုကြီးနှင့် တန်းတိုးတော့သည်။

"ညီမလေး ကြည့်စမ်း ထွားလာလိုက်တာ အရပ်ကြီးတောင် ကိုကိုကြီးကို မီချင်နေပြီ၊ လာပါဦး ငါ့ညီမမျက်နှာ ငါကြည့်ပါရစေဦး"

ကိုကိုကြီးက ကျွန်မလက်ကို ရင်းရင်းနှီးနှီးဆုပ်ကိုင်ကာ မြစ်ပြင်သို့ ထိုးထွက်နေသော ကျပ်စင်ဘက်သို့ ခေါ်ဆောင်လာတော့ စောစောက အထီးကျန်သင်းကွဲဝေဒနာကလေး လွင့်စဉ်သွားပြန်သည်။ ကျပ်စင်ပေါ်မှာတော့ အခန်းထဲမှာထက် ညီစ္စိစ္စိမြစ်ပြင်လေကို အဆီးအတားမရှိ လက်ခံရရှိသည်။ အလင်းရောင်ဖြန့်ကြက်ထားသဖြင့် တစ်ယောက်နှင့်တစ်ယောက် ထင်လင်းပြတ်သားစွာ မြင်နေရပြီး ကိုကိုကြီး၏ ရင့်ကျက်မှုကို ကျွန်မမြင်နေရသလို ကျွန်မ၏ ဖွံ့ထွားမှုကိုလည်း ကိုကိုကြီး မြင်သာနေသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

ကိုကိုကြီးက ကျွန်မရဲ့ဆံပင်ရှည်များကို တယုတယ ထိုးဖွသိမ်းလျက် နဖူးပြေပြေကို သူ့နှုတ်ခမ်းနှင့်တို့ကာ ငယ်ငယ်ကလို နှုတ်ဆက်လိုက်တော့ ကျွန်မ ငိုချင်စိတ်တို့ပြုံဆင်းလာသည်။

"မေမေ နေကောင်းလား"

လည်ချောင်းထဲ ပြေးဆောင့်တက်လာသော ဆို့နင့်မှုကို မြိုချနေရသဖြင့် ကိုကိုကြီးအမေးကို ကျွန်မ မဖြေနိုင်သေး။

"ချစ်ပုကလည်းကွာ အလကား ဝမ်းနည်းနေပြန်ပြီ၊ ဒီလိုဆို ဒီမှာ ပဲနေတော့၊ ပင်လယ်မပြန်နဲ့တော့"

"ဟင့်အင်း. . . ဟင့်အင်း. . . ဒီလိုတော့ မဖြစ်ဘူး၊ ဟိုမှာ မေမေတစ်ယောက်တည်း၊ မေမေက ညီမအတွက် ဆက်လက်ရှင်သန်နေတာ၊ မေမေ့အနားမှာ ညီမ,မရှိရင် မဖြစ်ဘူး"

သည်တစ်ခါတော့ ကိုကိုကြီးမှာ ဟိုအဝေး ကျောက်ဖြာရွာကလေးဆီ ငေးရီကြည့်ကာ အသံတိတ်သွားသည်။ မြစ်ပြင်ကို ကန့်လန့်ဖြတ်ပြေးနေသော စက်တပ်သမ္ဗာန်ငယ်ကလေးတွေ၏ စက်သံသည် လေအဝှေ့နှင့်အတူ လွင့်ပါးပြေးဝင်လာသည်။

သည်လိုပါပဲ။ နှစ်ပေါင်းများစွာကြာသည့်တိုင် နိဂုံးကမွတ် အဆုံးသတ်ခြင်းမရှိသော မဲပြာပုဆိုး ချုပ်ရိုးကွဲဇာတ်လမ်းသည် သည်လိုပင် တစ်ခန်းရပ်သွားနေကျ။

"အခု ထားဝယ်တက်ဖို့လာတာလား"

ကိုကိုကြီး စကားလမ်းကြောင်းပြောင်းဖို့ ကြိုးစားသည်။

"ဟုတ်တယ်၊ ဒုတိယနှစ် အဝေးသင်ဖြေဖို့"

"ကျောင်းတော့ ပြီးအောင်ဖြေနော်၊ မေမေနဲ့ အလုပ်,လုပ်တာလည်း လုပ်တာပေါ့၊ ခရီးထွက်တာလည်း ထွက်တာပေါ့၊ ကိုယ့်ပညာရေး မပျက်စေနဲ့၊ တော်ကြာနေဖေဖေက. . . "

ကိုကိုကြီးက ကျွန်မ မကြိုက်သည့်စကားမှ ရှေ့မဆက်တော့။ တစ်ခါတစ်ရံမှတွေ့ရသော ညီမငယ်ကို စိတ်အနှောင့်အယှက် ဖြစ်စေချင်ဟန်မတူ။

"ကဲ. . . ကဲ. . . နားလိုက်ဦး၊ ကိုကိုကြီး ကားတစ်ခေါက် ပြန်ထွက်ရဦးမယ်၊ နင့်အစ်ကိုငယ်တော့ ဆိုင်ကယ်တက္ကစီဆွဲနေလေရဲ့၊ နေ့ခင်းထမင်းပြန်စားတော့တွေ့မှာပေါ့"

ဒရောသောပါးဆင်းချသွားသော ကိုကိုကြီးရဲ့ နောက်ကျောကိုကြည့်၍ ဘွဲ့ရပြီးလိုင်းကားဆွဲနေသော ပညာတတ်ကြီး၏ စီးပွားရေးဒဿနအမြင်ကို ကျွန်မ အံ့ဩ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လေးစားနေမိသည်။ ဒါပါပဲ။ သည်ပုံစံခွက်က ဖေဖေချသည့် ပုံစံခွက်။ သားသမီးတွေကို ဘွဲ့ရပညာတတ်ဖြစ်စေလိုသော ဆန္ဒချင်ခြင်းသည် ဖေဖေ၏ ဘာနှင့်မျှမတူသော အာသီသ။ ပညာတတ်ဘွဲ့ရပြီး စီးပွားရေးလောကထဲ ဝင်တိုးစေခြင်းကလည်း ကောင်းမွန်ရာ ညွှန်ကြားရာလမ်းကြောင်းပါပဲ။

ကျွန်မ အိပ်ခန်းထဲဝင်၍ ပေါ့ပါးလွတ်လပ်သော ဝတ်စုံကိုလဲလှယ်ကာ ခုတင်ပေါ်မှာ လှဲချလိုက်တော့ ခရီးဆက်များသွားသည့် ပင်ပန်းနွမ်းနယ်မှုက အလျှင်စလိုတိုးဝင်လာသည်။

ပင်လယ်ရွာ . . . ။ မြို့မှ လေးနာရီ ငါးနာရီခုတ်မှ ရောက်သည့် ပင်လယ်ရွာကြီးတစ်ရွာမှာတော့ ကျွန်မ မေမေသည် တစ်ယောက်တည်း ကျန်ရစ်ခဲ့ရှာသည်။ အိမ်ထောင်ရေးဘက်ဆွဲမှု လွန်ပွဲတွင် ဖေဖေကနိုင်သည်လား မေမေကနိုင်သည်လား။ ဖေဖေနှင့် ပေါင်းသင်းလာသည့် ကာလအတွင်း သားသမီးငါးယောက်ကို သူ့ဇာတိပင်လယ်ရွာသို့ ကူးချီသန်းချီသွားရင်း မွေးဖွားကြီးပြင်းစေခဲ့ပြီးကာမှ ကျွန်မ ငါးနှစ်သမီးအရောက်တွင် အပြီးတိုင် ပင်လယ်ရွာသို့ပြန်သွားသည့် မေမေ။ ဒဏ်ရာဒဏ်ရာချက်တို့ ပြည့်နှက်နေသော ပဲ့ကြွေနေသည့်နှလုံးသားသည် မေမေ၏ လန်းဆန်းတက်ကြွမှုတို့ကို ပွတ်ခြေတိုက်စားခဲ့သည့်နှစ်တွေပင် မနည်းတော့။

"သမီးဖေဖေစွပ်စွဲသလို ပင်လယ်မှာ စီးပွားရှာသူ မိန်းမသားတိုင်း ပျက်စီးနေကြတာ မဟုတ်ပါဘူး၊ ပင်လယ်ဟာ အရိုင်းဆန်ပေမယ့် ရိုးရှင်းသန့်စင်တယ်လို့ မေမေမြင်တယ်၊ လူနှင့်ပတ်ဝန်းကျင်တို့ သဟဇာတ မျှတစွာ ပေါင်းစပ်ဖွဲ့စည်းမှုသာလျှင်ပဓာနကျတာပါ၊ မိန်းမသားမှာလည်း မိန်းမသားတို့ရဲ့မာန၊ မိန်းမသားတို့ရဲ့ အားမာန်ရှိတယ်ဆိုတာ ပြရမယ်သမီး၊ ဒီတော့ မေမေနဲ့အတူ သမီးရဲ့ ဒိုးတူပေါင်ဖက် လုပ်အားလိုတယ်"

မေမေရယ် အဲသည်လုပ်အားအတွက်နှင့် ကျွန်မရဲ့ပညာရေးတွေ နှောင့်နှေးရ၊ ကြန့်ကြာရ၊ ဆယ်တန်းကို ၂ နှစ်ဖြေမှ အောင်ရ၊ ဖေဖေ့ရဲ့ အထင်သေးငြူစူမှုကို ခံရနဲ့ ဘာထူးသေးလဲ။ ကျွန်မဟာ မလှပတဲ့မြေဇာပင်တစ်ပင်ရဲ့ ညှိုးနွမ်းမှုမျိုးနဲ့ ကြေကွဲနေရတယ်ဆိုတာ အရွယ်နဲ့မမျှတဲ့ ဟန်ဆောင်ဖုံးကွယ်မှုတွေနဲ့ ဘယ်သူမှ မသိနိုင်အောင်ပါပဲ မေမေရယ်။

ဟော. . . နံဘေးအိမ်. . . ကာရာအိုကေခန်းဆီမှ ဝေ့တက်လာသော သီချင်းသံက "မွေးမေကျေးဇူး ဆပ်ဖူးချင်တယ်" တဲ့။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

ရွာရဲ့ အတွင်းတောင်ကြောကို ဖြိုချတည်ဆောက်ထားသော သဘော်ာ ဒေါက်တင်လွန်းကျင်းဆီမှ အလုပ်သမားတွေ။ ဒါလည်း ခေတ်စနစ်ရဲ့ တောင်းဆိုမှု အရ ပေါ်ပေါက်လာသော လုပ်ငန်းခွင်၊ သည်ကျွန်း သည်တောင်မှာတော့ မြေပေါ် လွန်းကျင်းတစ်ခု မလွဲမသွေ လိုအပ်နေသည့် အနေအထား။ စက်လှေများအား လွန်းတင် ပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း လုပ်ရပ်တို့အတွက် ကမ်းလင့် ကြိုဆိုနေသည့် အနေအထား။

“ကျွဲကူးမြေပေါ် လွန်းကျင်းပေါ် သင့်စက်လှေရောက်ပြီဆိုတာနှင့် သန့်ရှင်း၊ သပ်ရပ်၊ ကျယ်ပြန့်၊ ခိုင်မာသော ကွန်ကရစ်အခင်း လွန်းကျင်းပေါ်တွင် အကျွမ်းကျင် ဆုံး အလုပ်သမားများက ခေတ်မီ လုပ်ငန်းသုံးကိရိယာများကို အသုံးပြု၍ တိုတောင်း သည့် ရက်ပိုင်းအတွင်း ခိုင်ခန့်လှပ သစ်လွင်သော သင် ဂုဏ်ယူဝင့်ကြွားနိုင်သည့် စက်လှေတစ်စင်းအဖြစ် ချက်ချင်းပြောင်းလဲသွားအောင် ပြုပြင် စွမ်းဆောင်ပေးသွား မှာပါ”

ကြော်ငြာမင်းသား၊ မင်းသမီး မလိုသော ကြော်ငြာစာသား တချို့လူထုကြားထဲ လွင့်ပျံ့လာသည်။ အင်နှင့် အားနှင့် အလုပ်သမားတွေ ထုသံရိုက်သံ ပဲ့တင်ညံလာ သည်။ တစ်နေ့တာ ပင်ပန်းနွမ်းနယ်ထားသမျှ သူတို့မွန်းကျပ်မှုတွေ ပင်ပန်းမှုတွေ ပစ်ပေါက်ဖောက်ကွဲရာ ဖန်သားပြင်ပေါ်မှ စာသားများကတော့ ခေတ်ပေါ်၊ ဂန္တဝင် သံစဉ်တေးသွား အစားစားပါပဲ။ နေ့ခင်းနေ့လည် ညနေစောင်းမှသည် ည၉ ဆယ်နာရီ ခန့်လောက်အထိ ရင်တွင်းဆန္ဒတွေကို ထုတ်ဖော်သီကျူးကြမည်။ မူးယစ်ရီဝေနေသော ဦးခေါင်းများ၊ နီကျင်ကျင်မျက်လုံး များကတော့ တစ်ခါတစ်ရံ ကာရာအိုကေ ဖန်သား ပြင်ပေါ်မှ စာသားတွေကိုပင်မကြည့်၊ တကယ့် ဝါရင့်အဆိုတော်ကြီးတွေလို အပီအပြင် ဟဲနိုင်ပုံကတော့ လက်ဖျားခါချင်စရာ။

အို့ . . . သည်အချိန်ဆို ပင်လယ်ရွာမှာ “လွမ်းသူရဲ့အိမ်” အဆောက်အအုံ ကလေးထဲ ဗွီစီဒီခာတ်ပြားတွေနှင့် အလုပ်များနေလောက်သည့်မောင့်ကို ကျွန်မ သတိအရကြီး ရသွားမိသည်။ စီးမျောစုန်ဆန်နေသော စီးပွားပင်လယ်ကြီးထဲမှာတော့ မောင်တစ်ယောက် ဗုံလုံဖြစ်လိုက် ငါးပုံ့ဖြစ်လိုက်။

မောင်က ပင်လယ်သားပီပီ တော်တော်ကြာ ငါးမျှားတန်းချပါသွား။ တော်တော် ကြာ မလိကျွန်း၊ ဒုံးကျွန်းဘက် ငါးမုတ်ဖမ်းလိုက်သည့်အခါ လိုက်နှင့် ငွေဝင်လွယ်သည့် နောက်ဆုံးပေါ် စီးပွားရေးနှင့်မှ ခြေမြဲပြီး ငြိမ်နေတော့သည်။ ရေထဲရှာတာနှင့် ကုန်းပေါ်ရှာတာ ငွေရကွာသလို အန္တရာယ်လည်းကွာတာမို့ ကျွန်မကတော့ မောင့် အလုပ်ကို ထောက်ခံအားပေးသည်။

ကမ်းကပ်ဝါးလတ်လှေပေါ်ကအဆင်းမှာ ကြွက်တွင်းလို သောက်လှေ့ရှိသည့် လှေသားတွေရဲ့ ရီဝေဝေအကြည့်၊ ရစ်တစ်တစ် အပြော၊ သွေးဆိုးရန်ရှာလွယ်တတ်သည့် ဓလေ့စရိုက်တွေကို သည်းခံရတာကလွဲရင်ပေ့ါ။ ဓားသွားပေါ်က ပျားရည်စက်ရဲ့ ချိုမြိန်သော ဆွဲဆောင်မှုကို ဘယ်သူမတပ်မက်ဘဲ ရှိပ့ါမလဲ။

× × ×

"သမီး ဘာလုပ်မလို့လဲ၊ ခရီးကပြန်လာပြီ နားပါဦး"

အထုပ်အပိုးနှင့် ဝန်စည်စလည်များကို ပစ်ချကာ ဒူးဆစ်ဖုံး ဘောင်းဘီကို လဲလှယ်ဝတ်ဆင်နေသော ကျွန်မကို မေမေက အထာပေါက်စွာ မေးနေသော်လည်း တားဆီးလို့ရမည်မဟုတ်ကိုတော့ အလိုလိုသိနေသည်။

ယားမားမြင်းကောင်ရေ နှစ်ဆယ်အောက် ကမ်းနီးငါးဖမ်းလှေ ဆယ်စင်းနှင့် ဘီးစင်း ပိုက်ချလုပ်ငန်းလုပ်နေသော မေမေသည် ကျွန်မကို အသံနှင့် နှုတ်ဆက်လိုက်သော်လည်း လှည့်မကြည့်အား။ သီဟိုဠ်စေ့ပုံ ကောင်တာနောက်က ဖေဖေ့မျက်ခုံး နှစ်ဘက်ကိုမြင်ယောင်ရင်း စီးပွားရေးတွင် စိတ်နှစ်ထားတာခြင်းအတူတူ မေမေ့ကိုကျနားလည်ခံစားပေး၍ရသော ကျွန်မနှလုံးသားကို ကျွန်မ ချဉ်းကပ်ရန် ခက်ခဲနေပြန်သည်။

မေမေ . . . သည်နေ့ အလုပ်သမားတွေကို လုပ်အားခ ရှင်းပေးသည့်နေ့၊ စိတ်မအား လူမအားဖြစ်နေသည့်နေ့။ အင်းလေ. . . မေမေ အားလပ်နားနေသည့်နေ့ ဟူသည်က အရှားသားပင်။ သည်တော့ ကျွန်မကလည်း မေမေ့ခြေရာ ထက်ကြပ်မကွာ လိုက်ရုံပေ့ါ။

မနက်ဖြန်ဆို မြန်မာလဆန်း ၁၄ ရက်၊ ၁၅ရက် ဖြစ်နေပြီ။ လှေတွေပင်လယ်ထွက်ဖို့ ရိက္ခာပစ္စည်းတွေ ချရဦးမည်။ တစ်လှေတွင် တစ်ဖျား (၁၅) ရက်စာ ဆန်တစ်အိတ်၊ စားဆီနှစ်ပိဿာ၊ ချဉ်ပေါင်ရွက်၊ ကျောက်ဖရုံသီး၊ ဘူးသီး၊ ငါးပိစိမ်းစားစသည့် စားနပ်ရိက္ခာတွေအပြင် ရေခဲပေါင် သုံးရာတုံး ငါးတုံးစီ၊ ဒီဇယ်ဂါလံနှစ်ဆယ်စီလောက်ကျရမှာဆိုတော့ မနက်ဖြန်မေမေရော ကျွန်မပါ အကြီးအကျယ် ဖတ်ဖတ်မောရမည့်နေ့။

ကျွန်မတို့ဘဝက မနက်ဖြန်အတွက် ကြိုမောနေ၍မဖြစ်။ ဒီနေ့ကိစ္စ ဒီနေ့ရှင်းရမှာတွေအများကြီး။ ကျွန်မမီးဖိုဘေးမှာ ဆင့်စီထားသော ကဏန်းဖမ်းသံမြုံးတွေရဲ့ ခိုင်မာမှုကို အပြန်ပြန်အလှန်လှန် စစ်ဆေးနေသည် ကဏန်းဖမ်းရာမှာတော့ မြုံးရဲ့ ခိုင်မာမှုက အဓိက။ ရေထဲရောက်မှ မြုံးမခိုင်လို့ တိုးချသွားရင်တော့ ဟား. . . ဟ. .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပလိုင်းပေါက်နဲ့ ဖားကောက်မဟုတ်ဘဲ မြှုံးပေါက်နှင့် ကဏန်းထောင် ဆိုရိုးတစ်ခု တိုးနေဦးမည်။

"နဂိုယဉ်ရေ. . . လိုက်ဖြစ်မှာလား၊ ရေတက်ဦးနဲ့ထွက်မယ်နော်"

အိမ်နောက်ကျပ်စင်စွန်းမှ အဖော်များ၏အော်ဟစ်သံက ကျွန်မစိတ်ကို လန်းစင် တက်ကြွစေလေသည်။

"လိုက်မှာပေါ့ဟ၊ ကဏန်းမဲတွေ ဒါလောက်ဈေးကောင်းနေတာ၊ စာပေးစာယူ အဝေးသင်ဖြေရင်း ငွေတွေ သွားဖြုန်းခဲ့တာ မနည်းဘူး ပြန်ရှာရဦးမှာပေါ့"

"သူဌေးတွေက ညည်းနေရင်တို့တော့ နေစရာမရှိတော့ဘူးဟေ့၊ ကိုယ့်ဘာသာ ကိုယ် လောဘတက်ရင် တက်တယ်ပြော၊ တော်တော်ကြာ ပိုက်ဆံတွေ ထားစရာမရှိ ဖြစ်နေဦးမယ်"

"ညလယ်စာအတွက် မြို့က ဂျိုကာမုန့်ခြောက်တို့ ရွှေနန်းတော်တို့ ပါလာတယ် သိလား၊ နင်တို့ ရှိန်းခိုသီး(သဘော်သီး)သုပ်တော့ ပါအောင် ယူလာဟယ်၊ ပြီးတော့ ငါ ဇော်ပိုင်အခွေဝယ်လာတယ်၊ မြှုံးချရင်းမှ နားထောင်ရအောင်"

ပြောပြောဆိုဆို ပြင်ပြင်ဆင်ဆင် သုံးလံစပ်လှေထဲ ပစ္စည်းသယ်ချနေမိသည်။ ကဏန်းထောင်မြှုံးခြင်း အလုံးသုံးဆယ်၊ တစ်ပတ်ရစ် ကက်ဆက်တစ်လုံး၊ ဘက်ထရီ အိုး၊ တိပ်ခွေ၊ စားစရာခြင်းတစ်ခု တစ်ပေအား မီးချောင်းတစ်ချောင်း၊ မကြာခင် တက်ရေနှင့်အတူ မစမ်းပါ၊ မအိုင်ဖိနပ်ကျွန်းဘက်ဆီသို့ ကဏန်းဖမ်းမည့်လှေကလေး တွေ ဆည်းဆာအောက်တွင် မည်းမည်းရိပ်ရိပ် ပေါ်ထွက်လာတော့သည်။

ငါးလိပ်ကျောက်ခေါင်း၊ ငါးမန်ခေါင်းနှင့် ငါးဘောင်းကြေးတို့ကို အစာအဖြစ် ထည့်ထားသော သံမြှုံးတို့သည် ကဏန်းမည်းတို့ကို ဆွဲဆောင်ရန် ရေအောက်သို့ ဆင်းသက်ကြကုန်သည်။ အန္တရာယ်ကိုမမြင် အစာကိုမင်သည့် အသိဉာဏ်မဲ့ ကဏန်း ကောင်များ သံမြှုံးအတွင်း တိုးဝင်ကြမည်။ ရေတက်ဦးချ၊ ရေပြည့်ပြန်ဆွဲ အရှေ့ ယွန်းဆီမှ ပြည့်လုပြည့်ခင် လဝန်းမြင့်တက်လာချိန် ကဏန်းဖမ်းလှေပေါ်တွင် ဇော်ပိုင် ရဲ့ မြို့အဝင်ညကတော့ ကဏန်းဖမ်းသူများကို ချော့သိပ်နေတော့သည်။

"ငါ အိပ်တောင် အိပ်ချင်လာပြီဟာ။ ဒီနေ့ခရီးပန်းလာတာ မပြောပါနဲ့တော့။ ထားဝယ်ကနေ ကားနဲ့ ငါ့အဖေရွာ၊ ပြီးတော့မှ မြိတ်၊ အဲဒီကမှ လှေပြန်စီး၊ ဤခရီး နီးသလားပဲဟေ့. . .၊ ငါအတော် နွမ်းနေပြီ ခဏ မှိန်းလိုက်ဦးမယ်"

"နေပါဦးဟ. . . နင်ကလည်း မြို့မှာအခု ဘာတွေပေါ်နေလဲ၊ ဘာအသစ် အဆန်းတွေ ဝတ်နေကြပြီလဲ၊ ငါတို့ကို ပို့ချပါဦး၊ နင်ရော ဘာအဆန်းတွေ ဝယ်လာ သလဲ"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ဆယ်တန်းတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်ပြီး ကြုံရာကျပန်း ပင်လယ် အလုပ်တွေ ကျုံးလုပ်ရ၍ မြို့နှင့်အလှမ်းကွာနေသော သီသီဦးက ပွဲတောင်းလိုက်သဖြင့် ကျန်သူများ ထောက်ခံနေကြပြန်သည်။

"ဟာကွာ. . . အိပ်ငိုက်နေပြီဆိုမှ နင်တို့ကလည်း ဇော်ပိုင်အခွေလေး နား ထောင်ပြီး ဗီလင်နဲ့မှိန်းပါရစေဦး၊ နင်တို့ပဲ ဇော်ပိုင်မှ ဇော်ပိုင်ဆိုလို့ ငါ အခွေဝယ်လာ ရသေးတယ်။ နားထောင်ကြဦး၊ ပြီးတော့မှ မြို့မှာပေါ်နေတဲ့ အလှအဆန်းတွေ အကြောင်းအပြင် ဟိုမင်းသမီးလေး မွေးနေ့မှာအတော်ကဲလို့ ခေါ် ယူသတိပေးခံရတဲ့ သတင်း၊ ဟိုမင်းသမီးက နှလုံးသားရေးရာကိစ္စ နှာစေးနေတယ်ဆိုလို့ အရင်တွဲနေတဲ့ မင်းသား အီလည်လည်ကြီးဖြစ်နေတဲ့သတင်း၊ နင်တို့ စိတ်ဝင်စားမယ့် မြို့သတင်း ပလင်း၊ အတင်းတွေ တဝကြီးပြောပြမယ်၊ အခုတော့ ငါ့ကို နားလည်ပေးကြပါဦး"

သည်လိုဆိုတော့ ကျွန်မ အပေါင်းအသင်းတွေက ချစ်စရာအကောင်းသား။ ငြိမ်ချက်သားကောင်းစွာ ဂီတမှာ နစ်မျောသွားတော့ မြှုံးချထားတဲ့လှေကလေးပေါ်မှာ ငိုက်မြည်းခွင့်ရသွားတော့သည်။ ဒီအချိန်မှာတော့ ကျွန်မအတွက် အလေးလံဆုံး အရာဟာ မျက်ခွံပါပဲ။ ကျွန်းစပ်တွေမှာတော့ ဘက်ထရီမီးချောင်းတပ် ကဏန်းဖမ်း လှေငယ်တွေ အုပ်စုဖွဲ့စုန်ဆန် လှည့်လည်နေပေရဲ့။

× × ×

မြို့မှာ ကွတ်ကွတ်ကြိုးဟုခေါ်သော ကဏန်းတုပ်ကြိုးကြီးများနှင့် ကဏန်း လက်မည်းများ၏ ခြေသုံးချောင်းနှင့် လက်မတို့ကို ကန့်လန့် ဖြတ်သိုင်းတုပ်ပြီးသော အခါ လှေဝမ်းထဲ ရေစပ်စပ်ရှိရာသို့ တစ်ကောင်ပြီးတစ်ကောင် ပစ်ချစုပုံရလေသည်။

နောက်တစ်စုံပြန်ချဖို့ ရေချိန်စောင့်ရင်း ထမင်းကြမ်းနှင့် ရှိန်းခိုသီးသုပ်ကို မြိန်ရေယှက်ရေ စားဖြစ်သည်။ မြို့က ပါလာသည့် မုန့်ခြောက်စား၊ ရေသောက်နှင့် အတော်အချိန်လင့်သွားသည်။ သွက်လက်သောလက်များသည် မျှားစာ ငါးခေါင်းများ ကို မြှုံးခြင်းထဲ ထည့်ကြပြန်လေသည်။

စုပေါင်းအင်အားဖြင့် မိန်းကလေးများပါ ပင်လယ်မှာ ငွေအရှာသွက်နေကြ သည်။ အကြမ်းပတမ်းခံနိုင်ဖို့နှင့် အလုပ်မရွေးဖို့ဘဲလိုသည်။

အိမ်ပြန်ရောက်တော့ မေမေ တစ်ရေးမှိန်းနေသည်ထင့်၊ တိတ်ဆိတ်ငြိမ်သက် နေသည်။ ရိက္ခာချရန် လှေသမားတွေလည်း မလာသေး၊ အလုပ်မများခင် မဝင်တာ ကြာပြီဖြစ်သော စတိုခန်းတံခါးကို တွန်းဖွင့်လိုက်သည်။ ကျွန်မမရှိခင် မေမေဘာတွေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



များ စုဆောင်းမိထားသလဲ။ ပစ္စည်းရရှိမှုအပေါ် မူတည်၍ ကျွန်မရော မေမေပါ ခရီးထွက်ရဦးမည်။

အလင်းဓာတ်အားနည်းနေသော စတိုခန်းပြတင်းတံခါးကို တွန်းဖွင့်လိုက်တော့ မြင်ရသည့်အရာများအတွက် ကျွန်မ လှိုက်ခနဲ ရင်ခုန်သွားသည်။ "ဖောင်းဆံ" တွေ ပါလား။

ငါးရှဉ့်ငါးအတွင်းမှရရှိသည့် ငါးစီပေါင်း(ငါးဖောင်းဆံ)သည် ပေါက်ဈေးသိန်းကျော်နေပြီဖြစ်ရာ မြက်မြက်ကလေးရမည့်အရေး တွေးပြီး ကျွန်မ လက်ဖျောက်တစ်ချက် တီးလိုက်မိသည်။

"မိန်းမ ဣန္ဒြေရရနေတတ်အောင် လေ့ကျင့်ပါဦး နဂိုယဉ်ရယ်၊ ဖေဖေပေးထားတဲ့ နာမည်နဲ့လည်း လိုက်ဖက်ညီအောင် ကျင့်ကြံနေထိုင်ပါဦး"

မမကြီးရဲ့ မြည်တွန်းတောက်တီးသံက အဝေးကနေ ပျံသန်းလာသလို ထင်ရသည်။ အိုး. . . အနေအထိုင် နည်းနည်းကလေး ထောင့်မကျိုးတာကလွဲရင် ကျွန်မ ဘာမှ အမှားအယွင်းမလုပ်ဘူး။ ကျွန်မတို့ နေ့စဉ်မိုးသောက် ကျင်လည်နေရသည့်ဘဝကိုက နေရာတကာမှာ မိန်းမဣန္ဒြေနဲ့ ချိန်ထိုးတွက်ချက်မယ်ဆိုရင်တော့ အဲသည်အယူအဆဟာ အတော်ကလေး နောက်ကျန်ဟောင်းနွမ်းနေပြီဖြစ်တဲ့ အယူအဆ ဖြစ်မှာပါပဲ။ မမကြီးကို စောဒကပြန်တက်ဖို့ စိတ်မကူးသလို သူတို့ ပုံသွင်းသလိုလည်း ဘယ်တော့မှ လိုက်လျောညီထွေ စိတ်တိုင်းကျ ဖြစ်လာမည်မဟုတ်သော ကျွန်မကိုယ်ကျွန်မတော့ အစဉ်အမြဲ ရယ်ချင်ပက်ကျိ ဖြစ်နေသည်။

"ဖေဖေ့သမီးက ဘောင်းဘီရှည်ကို မချွတ်တော့ဘူး"

"မေမေကလည်း နင်းကန်အလိုလိုက်ပြီး လွှတ်ထားပေးတယ် ထင်ပါရဲ့၊ ပင်လယ်မပြန်နဲ့တော့ ငါ့ဆိုင်မှာ ဈေးရောင်းကူပြီး အဝေးသင် အေးအေးဖြေဆိုလည်း ပြောမရဘူး၊ ဒီကောင်မလေးဟာ အတော်ခက်တယ်"

ဖေဖေ့ကို တိုင်တည်သလိုနှင့် မမကြီးလမ်းစဉ်လိုက်နေသော မမငယ် စကားတွေကိုတော့ ကျွန်မ မကြားယောင်ပြုကာ ပြန်မပြောနားမထောင် နေနိုင်ခဲ့သည်။ မေမေနှင့် ပင်လယ်မှာ စီးပွားရေးလောကထဲ အသားကျနေပြီသား နဂိုယဉ်ဟာ မမငယ်ဆိုင်မှာ ဈေးရောင်းအကူတော့ မလုပ်သေးဘူးဟု ကျွန်မ နှုတ်ခမ်းတလန် ပန်းတလန် မပြောသော်လည်း ဖေဖေက အလိုလို သဘောပေါက်ပြီး ဖြစ်သည်။

သည်တုန်းက ဖေဖေ့အပြုံးက ခင်မင်းအိမ်သမီး၊ ခင်မင်းအိမ် သွေးအပြည့်ပါမှာ ပေါ့ဆိုသည့် အပြုံးလား။ ဖွဲ့ရှိရာမှာတော့ ငါနဲ့တူသဟေ့ဆိုသည့် အပြုံးလား ကျွန်မ ခွဲခြားပြီး မသိနိုင်ခဲ့။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဟာ. . . "

တစ်နေရာမှာတော့ ဆားရည်စိမ်ထားသော ဧရာမ ငါးလိပ်ကျောက်အရေခွံတွေ တစ်ပြား. . . နှစ်ပြား. . . သုံးပြား. . . အဟား

ကျွန်မ ရင်ခုန်သံ ဒိန်းဒိန်းညံလို့။ ကျွန်မ,မရှိတုန်း မေမေ အလုပ်တွေ ကျုံးလုပ်ထားသည်ပဲ။ အသားထုတ်ပြီး အပုပ်နံ့စင်အောင် ဆားရည်အထပ်ထပ်စိမ်ထားသော ငါးလိပ်ကျောက်ခွံကြီးတွေက နည်းတာကြီးတွေမဟုတ်။ မှန်းစမ်း. . . ကန့်လန့်ဖြတ်မျက်မှန်းတိုင်းတော့ တစ်ဆယ့်ငါးလက်မခန့်ရှိမည်။

ရေသေပတ်၊ ရေဆုတ်ပတ် ပိုက်ကြောင်းလွတ်ရာနေရာတွေမှာ မျှားစကြာနှင့်ဖမ်းရလေ့ရှိသော ငါးလိပ်ကျောက်တွေမတော့ ဖမ်းမိတိုင်း အခွံရောင်းတန်းဝင်သည်မဟုတ်ပေ။ ကြီးပေ့ရင့်ပေ့ အကွက်လှပေ့ဆိုသည်က ရှားမှ။ ရလိုက်လျှင်လည်း အတော်ကြီးလျှင် အနေတော်ပိုက်ဆံအိတ် သုံးလုံးစာမျှပင်ရမည်။

မြို့မှ စတိုးဆိုင်တစ်ဆိုင်တွင် အတန်အသင့်ကြီးသည့် လက်ပွေ့အိတ်တစ်လုံး တန်ဖိုး ခုနစ်သောင်းကိုဖတ်ကြည့်ပြီး နည်းပညာထုတ်လုပ်မှု နောက်ကျန် နှောင့်နှေးနေသဖြင့် ကုန်ကြမ်းနှင့် ကုန်ချောကြား အလှမ်းကွာဝေးသွားလှသော ငွေကြေးပမာဏကို တွက်ချက်ကာ မချင့်မရဲ ဖြစ်လေ့ရှိသည့် ကျွန်မ။ အနုပညာမဆန်လှသော ကျွန်မရဲ့ လက်ချောင်းတို့ လင်းလက်တောက်ပ ကြမ်းရှရှ အကွက်ပေါ်နေသည့် ငါးလိပ်ကျောက် အရေခွံတွေအပေါ် တယုတယ စမ်းသပ်ရွေ့လျားနေသည်။

စတိုခန်းအပေါက်ဝဆီမှ အရိပ်မည်းတစ်ခု ထိုးကျလာ၍ မော်ကြည့်လိုက်တော့ ကျွန်မ နှစ်ခြိုက်စွဲလမ်းသည့် ကိုယ်သင်းရနံ့တစ်ခု နှာဝသို့ ပြေးဝင်လာသည်။

"ဟင်. . . မောင်"

"ယဥ်. . . ပြန်ရောက်နေပြီဆိုလို့. . . "

စကားနည်းသည့်မောင်က ထုံးစံအတိုင်း တိုးလိုးတန်းလန်း ရပ်လိုက်တော့

"ဟုတ်တယ်၊ ရောက်ရောက်ချင်း မြူးလေ့နဲ့ပါသွားသေးတယ်လေ၊ မောင်လည်း ကာရာအိုကေစက်နားမှာ အလုပ်များနေမှာပဲဆိုပြီး မရောက်လာဖြစ်တာပါ၊ ဘယ်လိုလဲ အခုတလော လူဝင်ရဲ့လား"

"အင်း. . . ငါးလေ့ဆိုက်ချိန်ဆိုတော့ အလုပ်ဖြစ်ပါတယ်၊ သုံးပုဒ်တစ်ရာဆိုလည်း ဆိုကြတာပဲ၊ ငါးပုဒ်နှစ်ရာဆိုလည်း ဆိုကြတာပဲ၊ ဒါပေမယ့် အခွေတွေက ဖွင့်ပါများတော့ နာကုန်ပြီ၊ လဲပစ်ရတော့မယ်၊ မောင်မှာလိုက်တဲ့ အခွေသစ်တွေပါလား၊ မမှာဘဲ မြို့မှာ လောလောဆယ် ခေတ်စားနေတဲ့ အခွေတွေရော ဝယ်လာရဲ့လား"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

မောင်တို့ကတော့ အဲဒါသာ ကြည့်ပါတော့။ လနဲ့ချီပြီး ခွဲခွာနေရသည့် ချစ်သူလေးကို ပြန်တွေ့တဲ့အခါ သတိရကြောင်း တမ်းတကြောင်း မပြော၊ အနည်းလေးတော့ မောင့်ကို လွမ်းနေလားဟင်လို့ မေးဖို့ကောင်းတာပေါ့။

ကျွန်မ ဝယ်လာသည့်အခွေတွေထုတ်ပေးတော့ မောင်က အခွေရော လက်ကိုပါ အုပ်ကိုင်လျက် အသံကို ခပ်တိုးတိုးနှိမ့်ပြီး ပြောလိုက်သည်။

"ဒီအချိန်ဆိုင်မှာ လူပါးတယ်၊ သီချင်းလိုက်ဆိုမလားဟင်"

မောင့်အသံနှင့် ဟန်ကြောင့် ကျွန်မ နှလုံးသွေးတွေ နွေးထွေးစွာ လည်ပတ်လာပြီး မောင့်ရဲ့ "လွမ်းသူရဲ့အိမ်" အဆောက်အအုံကလေးထဲ လိုက်လာတော့သည်။

နေ့လယ်နေ့ခင်းမို့ မှန်တံခါးတပ် လွမ်းသူရဲ့အိမ်ကလေးထဲမှာတော့ မည်သည့်မျှ ရှိမနေပါ။

"ယဥ် ဘာသီချင်းဆိုမှာလဲဟင်"

မောင်က အခွေသစ်တွေ နေရာချ။ အခွေဟောင်းရွေးရင် လှမ်းမေးသည်။

"မောင်ပါ ကျွန်မနဲ့ အတူဆိုမယ်ဆိုမှ. . . "

"လုပ်ပြီ. . . ကတ်သီးကတ်သတ်၊ မောင့်အသံအကြောင်း သိရဲ့လား"

"ဟင့်အင်း. . . အသံက အဓိကလား၊ ကျွန်မနဲ့ဆိုဖြစ်ဖို့က အဓိကလား"

"ယဥ့်သဘော. . . ယဥ့်သဘော. . . ကဲ . . . ပြော"

"တူနှစ်ကိုယ်တိုင်းပြည်"

ဖန်သားပြင်ပေါ်မှာ မောင်နှင့်ကျွန်မ ချစ်ခွန်းတို့တင် အကြင်နာမျက်ဝန်းချင်း ဖလှယ်နေကြသည်။ လိပ်ပြာပေါသည့် ပန်းစုံတောထဲ ပြေးလွှားမြူးရွှင်နေကြသည်။ မိုက်ခွက်ကိုင်ထားတဲ့ ကျွန်မရဲ့ လက်ပေါ်ကို မောင့်ရဲ့လက်နွေးနွေးက အုပ်ကျလာ။ သီချင်းစာသားတချို့ တီးလုံးနှင့်အတူ သီဆိုသံထွက်မလာဘဲ ရွေ့လျားသွား။ နွေးထွေးညှို့သက်သည့် အနုရသချစ်ရည်တူခံစားမှုတို့ တိပ်ခွေလည်ပတ်မှုနဲ့ အတူ. . .။

နှစ်ယောက်တည်းနဲ့ တို့ရဲ့တိုင်းပြည်ကို ထူထောင်ကြမယ်နော်။ တစ်အိုးတစ်အိမ် နေနိုင်ဖို့ မောင် ပိုက်ဆံတွေစုပြီးတဲ့အချိန်မှာပေါ့။

*ကလျာမဂ္ဂဇင်း*
*အမှတ် (၂၀၉)၊ ဇူလိုင်လ၊ ၂၀၀၂ ခုနှစ*

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# စလိုးမိုးရှင်း

-

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# စလိုးမိုးရှင်း



www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



# စလိုးမိုးရှင်း

မျက်နှာပေါ်က ကျောက်ပေါက်ရာတွေကို အစွဲပြုပြီး လူတွေက ကျုပ်ကို သာဆိုင်ကျောက်ရှူး သာဆိုင်ကျောက်ရှူးနဲ့ ခေါ်ကြတယ်။ ကျုပ် မရူးပါဘူးဗျ။ ရူးတဲ့လူ ဟာ အကောင်းအဆိုး ခွဲခြားသိမှာလား။ ကျုပ်က အကောင်းအဆိုး ခွဲခြားသိတဲ့လူ။ သိတာမှာ ဟိုဘက်ကမ်းတောင်လွန်နေလို့ ခက်တယ်။

အရက်သောက်တာ လောင်းကစားတာ မိန်းမမူပွေတာ မကောင်းဘူး။ ရိုးရိုး သားသား သမ္မာအာဇီဝလုပ်စားတာ၊ သူတစ်ပါးအပေါ်မှာ မလိုတမာစိတ် မမွေးတာ။ သူတစ်ပါးစီးပွားတိုးတက်မှုကို အဟန့်အတားမပြုတာ အဲဒါဟာ ကောင်းတယ်။ ဒီလို အကောင်းအဆိုး ခွဲခြားသိနေမှတော့ ကျုပ် မရူးပေမယ့် မူးတာကိုတော့ ဝန်ခံပါတယ်။ ကျုပ်တို့ လက်လုပ်လက်စား၊ အလုပ်ကြမ်းသမားဆိုတော့ ညနေဆို ကိုယ်ကြိုက်တာ လေး ကိုယ်လုပ်လေ့ရှိတယ်။ ဒါလေးလုပ်လိုက်မှ အညောင်းအညာ အကြောအခြင် ပြေသလိုလို၊ ဦးနှောက်ရှင်းသလိုလို။ ဒါလေးတစ်ခုတော့ ခွင့်လွှတ်ပါလို့ အိမ်ကသမီး တွေကို တောင်းပန်ထားရတယ်။

အိမ်ကသမီးတွေဆိုလို့ ကျုပ်မှာ တွယ်တာစရာ ဇနီးမယားမရှိတော့တာ ရှစ်နှစ် နီးပါး ရှိသွားပြီ။ သားအကြီးနှစ်ယောက်က သူ့ အိမ်ထောင်နဲ့သူ၊ သူ့ပိုက်နဲ့သူ့ငွေး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဖောင်နဲ့ ကိုယ်စီကိုယ်ငဆိုတော့ မပူရတော့ဘူးပေါ့။ ကျုပ်မှာ အခု ရင်ကပ်သမီး နှစ်ယောက်ကို ပင်ပင်ပန်းပန်း ရှာကျွေးနေရတာ၊ သမီးတွေကလည်း အငြိမ်မနေ၊ ငွေးထောင်း၊ ပုစွန်ရွေးကျရာအလုပ်တွေ လုပ်ပါရဲ့၊ ဒါလည်း ရရစားစားပါပဲ။ စုမိဆောင်းမိဆိုတာ မရှိသေးဘူး။

ကျုပ်ဆိုတဲ့လူက အိမ်က ကြမ်းပူအောင်နေတဲ့လူ မဟုတ်ဘူး။ တစ်ခုမဟုတ် တစ်ခု လုပ်နေရမှ၊ ဟိုတုန်းကတော့ ကျုပ်လည်း ငွေးဖောင်ပိုင်ခဲ့ဖူးတာပေါ့။ ရွာဝန်းကျင်မှာတော့ ငွေးဖောင်တွေက လက်ညှိုးထိုးမလွဲဘူး။ အဲဒါ ကျုပ်ရဲ့ ငွေးဖောင် တစ်ခုမှမဟုတ်ဘူး။ ကျုပ်ရဲ့ငွေးဖောင်က ရွာနဲ့ အတော်ဝေးတဲ့နေရာမှာ သွားချမိလို့ သူခိုးလက် ပါသွားပါရောလား။ ပင်လယ်မှာ ပိုက်ခိုးခံရတာ ဖောင်ခိုးခံရတာ အထူးအဆန်း မဟုတ်ဘူး။ နေ့စဉ်မိုးသောက်ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တစ်ခု။ ကိုယ့်ဖောင်ကိုယ်စောင့်မကြည့်နိုင်တဲ့ကာလမှာ သူခိုးခံရတဲ့ဆီ ပါသွားပြီဆိုတော့လည်း ပြီးတာပါပဲ။

ဒီကတည်းက စီးပွားရေးအခြေယိုင်သွားပြီ။ လူလည်း ကြုံရာ ကျပန်းသံသရာထဲ ရောက်သွားရောဆိုပါတော့။ ကျုပ်တို့ပင်လယ်မှာ ထမင်းငတ်မှာ မပူရဘူး။ ကြုံရာ ကျပန်းအလုပ်တွေအပေါ်မှာ လုပ်ချင်စိတ် ရှိဖို့သာလိုတာ။ ရွာဝန်းကျင်မှာ အခု တလော ပေါ်ပင်အလုပ်တွေများလွန်းတယ်လို့ ကျုပ်ထင်တယ်။ ဒါကလည်း ဒီဘက် ခေတ်ကုန်သွယ်စီးပွားမှုနဲ့ ဆိုင်တယ်ထင်တယ်။ တော်ကြာနေ ပဂဲ၊ တော်ကြာနေ ငါးဖောင်းဆံ၊ တော်ကြာနေ ကဏန်းမည်း၊ တော်ကြာနေ ခရုအဝယ်လိုက်တဲ့အရာ အားလုံး ပင်လယ်ထဲက ထိုးဆွယက်ကော် ရှာဖွေလို့ရနေတာကိုး။

အဲဒီပေါ်ပင်အလုပ်တွေက လူတွေကို တစ်ခါ,တစ်ခါ ဒုက္ခပေးသေးတယ်။ ကျုပ်တို့ရွာ ဟိုးဂလက်ထဲက အောင်ငွေဆိုရင် ဟိုတစ်လောက ခရုတွေတင်လိုက်တာ သိန်းချီရှုံးပါရောလား။ အဲဒီခရုတွေ ဈေးကောင်းပေးပြီး “ဝယ်တယ်. . . ဝယ်တယ်” ဆိုပြီး လောဘတကြီးတင်လိုက်တာ ဟိုလည်းရောက်ရော မဝယ်တော့ဘူးဖြစ်သွားပါရော။ ကဲ. . . ဒီလို အာမခံချက်မရှိ မရေရာ မသေချာတာမျိုးကတော့ တော်ရုံလူ ဗုန်းဗုန်းလဲသွားနိုင်တာပေါ့။

ဒါပေမယ့်လည်း ကျုပ်တို့တစ်တွေမှာ ဒီပေါ်ပင်အလုပ်တွေနဲ့ကို မကင်းနိုင်ဘူး ဖြစ်နေတယ်။ ကျုပ်ကိုပဲကြည့်လေ၊ အစကတော့ ပုစွန်ပိုက်ချတာပေါ့။ သုံးလက်မ၊ လေးလက်မ ရေငန်ပုစွန်တွေလေ၊ ပိုက်နဲ့ပစ်တာပါ။ အဟက်ဟက်. . . အထင်မသေး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နဲ့နော်။ ဒီကိစ္စက မြီးခနဲ မြက်ခနဲရတဲ့ကိစ္စ။ သူက အရင်းလည်းမများဘူး။ ကရိကထ လည်း မများဘူး။

× × ×

မိုးလင်းတာနဲ့ နှစ်နံစပ်၊ သုံးနံစပ် လှေကလေးပေါ် ပိုက်အဖုံ ဆယ်ဖုံလောက်တင်၊ တရုတ်စက်ငါးကောင် ခြောက်ကောင်အားကလေးနဲ့ ကျွန်းကြိုကျွန်းကြား ကျွန်းစပ်တွေ သွားပြီး ပိုက်ပစ်လှေ့ရှိတယ်။ ပိုက်စပစ်တာနဲ့ ဖော်ချိန် မိနစ်ငါးဆယ်အတွင်း ပိုက်ပြန် ဖော်လိုက်တာနဲ့ ပုစွန်က ထိနေတာပဲ။ ရ,နည်း ရ,များပဲ ကွာတာလေ။ တစ်ပိဿာ ရတဲ့နေ့ဆို အေးအေးဆေးဆေး ငွေခြောက်ထောင်ပိုက် မိပြီ။

ဒီလိုဆိုတော့ ကျုပ်အလုပ် ဟန်လှပါလားထင်နေကြမယ်။ အဲဒါ ဟန်တဲ့နေ့ကိုး။ တစ်ခါတလေ တစ်ဆယ်သား၊ နှစ်ဆယ်သားမျိုးလောက် ထိတဲ့နေ့လည်းရှိတာပဲ။ ဒီလို နေ့ဆို ဘယ်ဟန်ပါ့မလဲ။ တစ်ခါမှာတော့ မဟန်တာအပြင် ဘာမှမကျန်တာနဲ့ပါ တိုးခဲ့ ရသေးတယ်။

ဒီလိုလေ. . . အရင်က ကျုပ်တို့ရွာနီးချုပ်စပ်ကနေ ဟိုး. . . တောပြားကြီး၊ တောပြားငယ်ကျွန်းတွေအထိ ဘယ်သွားသွား မအေးချမ်းဘူး။ အမည်နာမအမျိုးမျိုးနဲ့ လုစားယက်စားတဲ့လူတွေ အစုလိုက် အဖွဲ့လိုက် ဖောချင်းသောချင်း။ ကြီးနိုင် ငယ်ညှဉ်း၊ နိုင်ရာဖိထောင်း အစုအဝေးတွေပေါ့။ အခုတော့ အကုန်လုံး အေးချမ်းကုန် ပါပြီ။ ဘာ အရောင်အသွေး အစုအဝေးမှ မရှိတော့ဘူး။

ပင်လယ်မှာ စိတ်အေးလက်အေး ဝမ်းရေးရှာဖွေရပဟဲ့လို့ စိတ်နှလုံးတုံးတုံးချမိ တဲ့အချိန်မှာမှ ကျုပ်မှာလေ တောကျီးကန်းနဲ့တိုးခဲ့ရတယ်။ တစ်ခါမဟုတ် အခါခါပေါ့။ အဲဒီအခါခါထဲက ဒီကနေ့ကြုံရတဲ့ တစ်ခါမှတော့. . .

တောကျီးကန်းရဲ့ မျက်လုံးတွေဟာနီရဲနေပြီး အစဉ်အမြဲ မငြိမ်မသက်ဖြစ်နေလေ့ ရှိတယ်။ ကျုပ်ရဲ့လှေကို မြင်တယ်ဆိုရင်ပဲ ရွှီခနဲ အသံပြု ခေါ်ငင်လိုက်ပါတော့တယ်။ လှေကမ်းကပ်သွားတဲ့အခါ ပါသမျှပုစွန် အကုန်ယူတော့တာပဲ။ ယူလေ. . . ယူပေါ့။ စားဖို့ယူ,ယူ ရောင်းဖို့ယူ,ယူ၊ သူယူရင် ကိုယ်ပြန်ရှာရုံပေါ့။ ပင်လယ်ပြင်ကျွန်းစပ်တွေမှ အများကြီး၊ ခပ်ယူလို့မကုန်နိုင်တဲ့ပုစွန်တွေမှ ရေအောက်မှာ တင်းကြမ်းပြည့်။

ဟောဗျာ. . . ယူမယ့်ယူတော့ ပုစွန်သာမဟုတ် စားဆီရော စက်ဆီပါ ယူပါလေ ရော။ စားဆီက ပုလင်းဖင်ကပ် လှေထဲ ဖြစ်သလိုချက်စားဖို့ ထည့်လာတာလေ။ ယူ သွားရင် မစားရုံပေါ့။ စက်ဆီက. . . စက်ဆီက. . . ဒါမရှိရင် လှေဘယ်လိုခုတ်မှာတုံး ရွာပြန်ဖို့တောင် ခပ်ခက်ခက်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျုပ်မှာ တောင်းပန်လိုက်တာလေ၊ ခြေသလုံးဆင်းမဖက်ရုံ တစ်မယ်ပါပဲ။ ဘော်ဒါခေါ်လိုက်၊ သူငယ်ချင်းခေါ်လိုက်၊ ဆရာကြီးခေါ်လိုက်၊ အနောင်ကြီးခေါ်လိုက်၊ ဘယ်လိုတောင်းပန်တိုးလျှိုးလို့မှ မရပါဘူး။ သူ့လက်ထဲကဟာကြီးလည်း ကြောက်ရသေးတယ်လေ။ မထင်လို့ဖောင်းခနဲ ကောက်ရိုက်လိုက်ရင် ကိုယ်ပဲခံရမှာ။ ဟိုတစ်ခါက လိုချင်တာမရလို့ ကျုပ်နားရွက်နား ကပ်ထွက်သွားအောင် ခြောက်ပစ်,ပစ်တာ ခံရဖူးတော့၊ အင်းလေ. . . နောက်ဆုံးတော့လည်း ကျုပ်ရှိတာလေး ပေးခဲ့ရတာပေါ့။ ညနေရောက်တော့ ပေါင်းမိုးပေါ်က တာလပတ်ပါဖြုတ်ချပြီး မဖြစ်တဖြစ် ရွက်တင်ပြန်လာရတာ မိုးစုပ်စုပ်ချုပ်မှ ရွာကိုရောက်တော့တယ်။ လှေထဲမှာ ဟင်းစားတောင်မကျန် ဖြူခါကျပြီးပြန်လာတဲ့ ကျုပ်လေ စိတ်ဓာတ်တွေ အကြီးအကျယ်ကျလို့ နောင်ဘီးအင်ရဲ့ အရက်ဆိုင်မှာ မနားတမ်းသောက်လိုက်တာ အိမ်ကို ဘယ်လိုရောက်မှန်းတောင် မသိဘူး။ ကောင်းတယ်။ များများမူးမှ စိတ်ညစ်စရာတွေ မြန်မြန်မေ့မယ်။

ကျုပ်ဘယ်လောက်မူးမူး သစ်လုံးစီခင်းထားတဲ့ ရွာလယ်တံတားပေါ်က ဘယ်တော့မှ ချော်မကျဘူး။ သံပြုတ်ထွက်နေတဲ့ အစွန်းဖျားနားတွေကို ဘယ်လိုပဲ သိုင်းကွက်နင်း,နင်း၊ ဦးနင်းပွဲထောင် ဘယ်လောက်ဖြစ်ဖြစ်၊ အနင်းနဲ့အချ ဟန်ချက်ညီအောင်ကျနေလို့လား မသိဘူး။ ကျုပ်နဲ့ ရွာလယ်တံတားကတော့ အသားကျနေလျက်ပဲ။

နောက်တစ်နေ့ ပိုက်ပြန်ချဖို့ ဘယ်သူ့ဆီက ဆီချေးရင် ကောင်းမလဲလို့ စဉ်းစားနေမိတယ်။ ဆီချေးပြီး ပင်လယ်ထဲပြန်ထွက်၊ ပုစွန်များများထိတဲ့အခါ ရောင်းပြီးပြန်ဆပ်။ ဒီကြားထဲ တောကျီးကန်းနဲ့တွေ့တော့လည်း ရှာထားသမျှပါသွား။ ကျုပ်တို့ဘဝက သူတစ်မြုံ ကိုယ်တစ်လုတ် အဖိတ်ဖိတ်အစဉ်စဉ်နဲ့ ခရီးနှင်လာလိုက်တာ။

ဟော. . . လျှောက်ရင်းလျှောက်ရင်းနဲ့ နောင်ပိန်တို့ ဗီဒီယိုရုံရှေ့တောင် ရောက်လာပါပေါ့လား။ ကျုပ်တို့ရွာကလူတွေ ဗီဒိုရုံ. . . ဗီဒိုရုံနဲ့ အလွယ်ခေါ်နေတဲ့ရုံလေ။ မှန်းစမ်း. . . ဘာဇာတ်ကားပါလိမ့်။ ပထမဇာတ်ကားက နိုင်ငံခြားကား၊ ပါဝါရိန်ဂျားအပိုင်း(၈)၊ စွမ်းအားရှင် လူစွမ်းကောင်းငါးဦးနှင့် သတ္တဝါဆန်းများ နှိမ်နင်းသောဇာတ်ကြမ်းကားသစ်။ ယနေ့ အထူးကောင်းသည်တဲ့။ သောက်ကျိုးနည်း. . . ရေးထားပုံက နောင်ပိန်တို့ အထူးမကောင်းတဲ့နေ့ တစ်နေ့မှမရှိဘူး။

ဒုတိယဇာတ်ကားက မြန်မာကား 'စိန်ခေါ်နေမယ်အချစ်' တဲ့။ ဒီ ဇာတ်ကားက ကျုပ် ကြည့်ပြီးသား ကားဟောင်းကြီး။ ဒါတောင် ဒီကောင် နောင်ပိန်ကြော်ငြာသင်ပုန်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မှာ ရေးထားပုံက 'ပရိသတ်များရဲ့ တောင်းဆိုချက်အရ' တဲ့။ ငါ့လခ်ီး ဘယ်က ပရိသတ် တောင်းဆိုရမှာလဲ။ သူ့ဟာသူ မလိမ့်တပတ်လုပ်ပြီး ကားဟောင်းပြန်တင်ချင်တယ် ဆိုတိုင်း။ ကားဖုံးပေါ်က မင်းသားသီဟတင်စိုး လက်သီးရွယ်နေတဲ့ပုံကတော့ အပြတ် မိုက်တယ်။ ဒီဇာတ်က မကောင်းသူပယ် ကောင်းသူကယ်တဲ့ဇာတ်။ ကျုပ်မျက်စိထဲ နေ့လယ်က တောကျီးကန်းပြေးမြင်ပြီး သီဟတင်စိုး လက်တစ်ဖက် ခဏလောက် ငှားလိုက်ချင်တော့တယ်။

× × ×

ဖူး. . . ငန်လိုက်တဲ့ရေတွေ။ ရေငန်ပါးစပ်ထဲဝင်တာလောက် ခံရဆိုးတာ မရှိဘူး။ တစ်ခါတလေ ရေအငုပ်နဲ့ လေအရှူဟန်ချက်လွဲပြီး ပါးစပ်ပွင့်သွားရင် ရေငန်တွေ ပါးစပ်ထဲဝင်လာရော။ ဟူး. . . ရင်ခေါင်းလောက်ရှိတဲ့ရေပြင်ပေါ် ခေါင်းဖော်ပြီး အသက်ဝ,အောင် ရှူလိုက်တယ်။ လက်ထဲမှာတော့ စောစောက ငုပ်ကောက်ထားတဲ့ 'ရေကင်း' တစ်ကောင်။ အိုး. . . မှားလို့. . . မှားလို့. . . ရေကင်းက ဘယ်တော့မှ တစ်ကောင်တည်းမနေဘူး။ ဒီလိုရက်မျိုးဆို ကင်းဖို၊ ကင်းမနှစ်ကောင် တွဲနေလေ့ ရှိတယ်။ ဒီနေ့ ရေထ ၁၃ ရက်နေ့လေ။ မိတ်လိုက်ချိန်ဥ,ရှိနေပြီပေါ့။

ကင်းကိုဥအတွက် ရှာဖွေကြတာဖြစ်လို့ ကင်းမကိုဖမ်းမိရင် ဥ,ရှိမရှိ အရင်ကြည့် ရတယ်။ ကင်းမရဲ့ရေယက်ဖုံးကို အသာလေးလှန်လိုက်ရင် ဥသွားလမ်းမှာ ဥတွေမြင်ရ မယ်။ ဒါမှမမြင်ရင် ခေါင်းကိုဖိပေးလိုက်တာနဲ့ ဥ,တွေ ဥသွားလမ်းတစ်လျှောက် ရောက်လာပါရော။ ဒါဆို ကျုပ်တို့အတွက် တွက်ခြေကိုက်မယ့်ကင်းမပေါ့။ အပေါ်မှာ တွယ်ကပ်နေတဲ့ကင်းဖိုကို လက်နဲ့ဖြုတ်ပြီး ခပ်ဝေးဝေး ပစ်ထုတ်လိုက်တယ်။

အဟေး. . . ဟေး ရယ်ချင်စရာကောင်းလိုက်ပုံ။ ကျုပ်ပစ်ထုတ်လိုက်တဲ့ ကင်းဖို ဟာ အေးအေးဆေးဆေးမသွား။ ကင်းမကို ရေနောက်အောင် ရှာနေပါရောလား။ ကင်းဖိုရဲ့သဘာဝက ကင်းမမရှိဘဲ နေလို့မရဘူးတဲ့။ ဒါကြောင့် စွန့်ပစ်ခံရတဲ့ ကင်းဖို ဟာ ပင်လယ်ရေနောက်အောင် ကင်းမကို ရှာနေရတဲ့အဖြစ်က ဆန်းလည်းဆန်းကြယ်၊ ရယ်ဖွယ်လည်းကောင်း၊ ဝမ်းစာအရေးပေမို့ သူတစ်ပါးချစ်ခြင်းကိုခွဲရတာ ကြာလာ တော့ ဝဋ်နိုလိုက်မှာတောင် ကြောက်ပါရဲ့။

ကင်းမကို ဖမ်းမိရင် တွယ်ကပ်နေတဲ့အဖိုကို စွန့်ပစ်ဥ,ရှိမရှိကြည့်။ ဥရှိတဲ့ကောင် ကိုမှ ယူတယ်။ ဥမရှိရင် ပင်လယ်ထဲပြန်လွှတ်။ ဒီလိုနဲ့ လှေဝမ်းထဲမှာရောင်းဖို့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကင်းမတွေ အများကြီးဖြစ်လာပါပေ့။ ဒီကောင်တွေကို ခြင်းနဲ့ထည့် ရေလောင်းပေး၊ ဘာမှ ကရိကထမများဘူး။

ကျုပ်တို့အလုပ်က ကင်းကောင်တွေ အကောင်လိုက်ရောင်းရုံ။ ကျုပ်တို့ဆီက ဝယ်တဲ့ စီးပွားရေးသမား ကုန်သည်တွေကတော့ အကောင်လိုက်လည်းပို့ ဥဖောက်ပြီး လည်းပို့ကြတယ်။

ဒီလိုလေ၊ ကင်းဟာ လှုပ်ရှားမှုနှေးကွေးလာမယ်။ သူ့ရဲ့အမြီးဟာ ပျော့ပျောင်းလာမယ်ဆိုရင် မကျန်းမာတော့ဘူး။ မကြာခင်သေတော့မယ့် လက္ခဏာပေ့။ ဒီကောင်မျိုးတွေကိုတော့ အခွံကြီးကိုအောက်ကထား ပက်လက်လှန် ခေါင်းဝိုင်းတစ်လျှောက်ဓားနဲ့ပတ်လှီး၊ ငရုတ်ကောင်းစေ့အရွယ် ဝါနီစိမ်းဥတွေကိုထုတ်၊ ပလတ်စတစ်အိတ်ပါးနဲ့ သွတ်ပြီး ရေခဲဘူးထဲထည့်၊ ဈေးကွက်အရောက်ပို့လေ့ရှိတယ်။ အကောင်လိုက်ဆိုရင် တစ်ကောင်တစ်ရာကျပ် ဈေးပေါက်ပြီး တစ်ဖျားမှာ တစ်ယောက်ကို အကောင်နှစ်ရာ လောက်ရှာနိုင်တာမို့ ဒါလည်း ကျုပ်တို့ လက်မလွှတ်သင့်တဲ့ ပေါ်ပင်အလုပ်တစ်မျိုး ပေ့။

လဆန်း၊ လဆုတ် ၁၃ ရက်၊ ၁၄ ရက်ဆို ကင်းဖို, ကင်းမ မိတ်လိုက်ချိန်မို့ 'ကင်းနင်း' လို့ အကောင်းဆုံး။ ကင်းဆိုတာကလည်း နှစ်မျိုးနှစ်စား ရှိတယ်။ သူ့ရဲ့ ပုံသဏ္ဍာန်က ကဏန်းအရေခွံကြီးလို အခွံထူကြီး၊ လိပ်အကောင်ငယ် ကျောကုန်းကြီးလို မည်းမည်းကုန်းကုန်းကြီးမှာ အမြီးသုံးမြှောင့်နဲ့ အမြီးလုံးချောဆိုပြီး နှစ်မျိုးကွဲသေးတယ်။ အမြီးလုံးချောတွေ အကောင်သေးပြီး အမြီးသုံးမြှောင့်က အကောင်ထွားတယ်။ နှစ်မျိုးစလုံး ဒီရေရောက် ဇရပ်တောကျွန်းစပ်ရွှံ့ပြင်တွေမှာ ကျင်လည်ကျက်စားကြတယ်။

ကင်းနင်းတော့မယ်ဆိုရင် နေ့ဖြစ်ဖြစ်၊ ညဖြစ်ဖြစ် လေးလံလက်ကုတ်လှေကလေးတွေနဲ့ တပ်ပိတို့ သိမ်းစွယ်တို့ ဘုတ်ချောင်းကြီးတို့ ဘက်ကိုထွက်ကြ။ ရင်ခေါင်းလောက်၊ ဒူးလောက် ရေစပ်ရောက်ရင် ရွှံ့ထဲကိုဆင်းနင်း။ တချို့ ပိုက်ဆံရှိသူတွေက တောစီးဖိနပ်တွေ ဘာတွေနဲ့ပေ့။

ကျုပ်မှာတော့ ဘယ်ကလာ တောစီးဖိနပ်ရှိမှာလဲ။ တောစီးလည်း မရှိဘူး၊ ရှာစီးလည်း မရှိဘူး၊ ကျုပ်တစ်သက်လုံး ဖိနပ်မစီးဘဲနေလာခဲ့တာ ရွှံ့ပြင်မှာ ကင်းနင်းမှ ဖိနပ်က စီးရဦးမှာလား။ ကျုပ်ခြေဖဝါးက အရေပြားကလည်း ပြောရရင် တောစီးရော်ဘာပြားလောက်ကို ထူနေပါပြီ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

ကျွန်းစပ်မှာ ကင်းနင်းပြီဆိုတာနဲ့ အဲဒီခြေထောက် အရေပြားအသိက ချက်ချင်းသိတယ်။ ရွှံ့ပြင်အောက်မှာ နင်းမိနေတာ ကင်းလား၊ သစ်တိုသစ်စလား၊ အမှိုက်သရိုက်လား၊ တခြားရေမြှုပ်ပစ္စည်းတစ်ခုခုလားဆိုတာ ချက်ချင်းသိတယ်။ အဲဒီ သိမှုအာရုံဟာ တခြားလူတွေနဲ့မတူတဲ့ ပင်လယ်ကြီးက ကျုပ်တို့ကိုပေးတဲ့အခွင့်အရေးအပိုဆုကြေးပဲပေါ့။

အရင်က ရွှံ့တောတိုးပြီးနေတဲ့ ဒီကင်းတွေကို ကျုပ်တို့ ဖမ်းရမှန်းမသိဘူး။ စားရမှန်းသိပေမယ့် ဘယ်သူမှ တခုတ်တရ ဆင်းဖမ်းမစားကြဘူး။ အခု ဈေးကွက်ဝင်လာပြီဆိုမှ သွက်လိုက်တဲ့လက်တွေ။ ကျုပ်လည်း နေ့ဆို ပုစွန်ပိုက်ချ၊ ညဆို ကင်းဆင်းနင်းနဲ့ ဒီနှစ် ဒီရေတိုးလို့ ဟောင်းနွမ်းပြိုပျက်နေတဲ့ အိမ်တိုင်တွေပြန်လဲဖို့ အားခဲထားတယ်။ ဒီရေရောက် ကမ်းစပ်တွေမှာဆောက်တဲ့အိမ်တွေဟာ မကြာခဏ တိုင်ဆွေးတဲ့ဒုက္ခနဲ့ တိုးလေ့ရှိတယ်။ အမိုးအတွက်တော့ သိပ်မပူရဘူး။ ကျုပ်မိန်းမဘက်က အမွေဆိုင် ဓနိတောကလေးရှိတော့ ဒီကထွက်သမျှ သမီးတွေက ဓနိဖက်ထိုးပြီး မနှစ်က မိုးပြီးသား ဆိုတော့ လောလောဆယ် အမိုးက နေလို့ဖြစ်သေးတယ်။

တိုင်ဆွေးလဲဖို့က ဒီတစ်ခါ ကုန်ချင်ကုန်ပါစေ။ ပင်လယ်ရေငန် ကြာကြာခံတဲ့ ကညင်တိုင်လုံးတွေ လဲပစ်မယ် စိတ်ကူးတယ်။ ဈေးကလည်း မနည်းဘူး။ ဒါကြောင့် ကျုပ်ငွေကို ကျုံးရှာနေတာပေါ့။ ကဲ. . . လာလေရော့ နောက်တစ်ကောင်။

အလို. . . ကင်းဖိုတွေ ဘယ်လောက်များပြီး ကင်းမတွေ ဘယ်လောက်ရှားကုန်ပြီလဲဆိုတာ ကြည့်ကြပါဦးဟေ့။ ကင်းမတစ်ကောင်မှာ ကင်းဖိုးသုံးကောင်ကြီးများ တောင် ဖက်တွယ်ကပ်နေလိုက်ကြတာများ၊ သြော်. . . အဖိုဓာတ်. . . အဖိုဓာတ်။ ကျုပ်ချက်ချင်းပဲ သေသွားတာကြာပြီဖြစ်တဲ့ ကျုပ်မိန်းမကို သတိရလိုက်မိတယ်။

× × ×

အလို. . . မီးရောင်တွေ ထိန်ထိန်လင်းနေတဲ့ ခန်းမကျယ်ကြီးထဲ ရောက်နေပါပေါ့လား။ ခမ်းနားလှပတဲ့အဆင်အပြင်နဲ့ စားပွဲပေါ်က စားသောက်ဖွယ်ရာ အရက်ပုလင်းမျိုးစုံက ကျုပ်အာရုံကို ဆွဲဆောင်လွန်းလှတယ်။ ဒီနေရာကို ကျုပ်အရင်က တစ်ခါမှ မရောက်ဖူးဘူး။ အခု ကျုပ်တူသောင်းဒန်နဲ့ ပတ်သက်ပြီး ရောက်လာတာလေ။ ကျုပ်တူက ကျုပ်ကို လက်ဆွဲပြီး စားပွဲတစ်ခုမှာ ဝိုင်းထိုင်နေတဲ့ လူတစ်စုဆီ ခေါ်သွားတယ်။ နိုင်ငံခြားသားတွေ ထင်ပါရဲ့။ ဒုက္ခ. . . ကျုပ် ဘိုလို မပြောတတ်ဘူး။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သောင်းဒန် အားကိုးရမှာပဲ။ သောင်းဒန်က မြို့က လူရည်လည် ပြောတတ်ဆိုတတ် မင်းပေါက်စိုးပေါက်လူ။

ဟော. . . ဒီလူတွေရှေ့ရောက်တော့ သောင်းဒန်က ခါးကိုကိုင်းပြီး နှုတ်ဆက်လိုက်တဲ့အခါ ကျုပ်လည်း သူလုပ်သလို လုပ်လိုက်ရတာပေါ့။ သောင်းဒန်နဲ့ အဲဒီလူတွေ စကားတစ်ခွန်း နှစ်ခွန်းပြောပြီး အနားမှာရှိတဲ့ ဆာလာအိတ်ကြီးထဲကအကောင်တွေ ကျုပ်ဆီထိုးပြတယ်။ ဒါတွေ ဘာတွေလဲ သိလားဆိုတဲ့သဘော။

သိတာပေါ့။ သိပ်သိတာပေါ့။ ဒါတွေဟာ ကျုပ်တို့ရွာတွေဘက်မှာ မကြာခဏ စမ်းမိငုပ်မိတဲ့ 'တူရွင်းပြား' ဆိုတဲ့ မုတ်ကောင်ခရုတစ်မျိုးပေါ့။ ဒီကောင်တွေက ရေခါးလောက်မြုပ်တဲ့နွံပြင်မှာ စိုက်ထောင်ပြီး နေလေ့ရှိတဲ့ကောင်တွေ။ အဲဒါတွေ ဘာလုပ်ရမှာတုံး။ တော်ကြာနေတော့ သောင်းဒန် မျက်ရိပ်ပြတာနဲ့ ကျုပ်လည်း အဲဒါတွေကို ဟိုလူတွေရှေ့မှာ ခွဲပြရတယ်။

ခွဲတာက လွယ်ပါတယ်။ သူ့ပုံသဏ္ဍာန်က တူရွင်းပြားလို တစ်ဖက်ချွန်ရှည်ပြား ကြီးမို့ အညှာမဟုတ်တဲ့ဘက်ကို ထုချေလိုက်ရုံပါပဲ။ အထဲကထွက်လာတဲ့ အသားကို မယူ (မုတ်ညှာ) ကိုသာယူပြီး ဟိုလူတွေ အစိမ်းစားပြတော့ ကျုပ်မှာ အူယားလိုက်တာ။ ဒီလူတွေက ဂျပန်တွေဆိုတာကိုး ဒီမုတ်ညှာက ယောကျာ်းတွေအတွက် အားရှိသတဲ့။ ကျုပ်ကိုလည်း ဂျပန်ကြီးကထထတဲ့ပြီး လက်ဆွဲနှုတ်ဆက်လိုက်တာ လက်တွေဆိုပြုတ် ထွက်မတတ်ပါပဲ။

အဲဒီညနေက လိုရင်းကိုချုပ်လိုက်ရင် အဲဒီဂျပန်ကြီးက ဒီမုတ်ညှာကို လေးဒေါ်လာပေးဝယ်မယ်။ လိုသလောက် ရှာပေးနိုင်သလားတဲ့။ ကျုပ်နဲ့ သောင်းဒန်လည်း ဒေါ်လာအသံကြားလို့ အရူးဘုံမြောက်ဖြစ်ပြီး ရွာကို ဆင်းပြေးလာကြတာပေါ့။ ရန်ကုန်ကို ရွှေတိဂုံဘုရားဖူးဖို့သွားတဲ့ ကျုပ်လည်း ဘုရားနားမရောက်ဘဲ ဒေါ်လာတစ္ဆေအခြောက်ခံရပြီး ရွာပြန်ရောက်လာပါတော့တယ်။

ရွာရောက်တာနဲ့ လူသူစုပြီး တစ်လုံးဆယ့်ငါးကျပ် မက်လုံးပေးပြီး အရေးပေါ် ငုပ်ခိုင်းရတော့တာပေါ့။ ရလာတဲ့ တူရွင်းပြားတွေကို ထုခွဲ၊ အတွင်းက မုတ်ညှာကို သန့်စင်၊ ပလတ်စတစ်အိတ်နဲ့ထည့်၊ ရေခဲတိုက်ရိုက်မထိစေဘဲ အအေးခာတ်ပေး၊ ဟူး. . . လက်တော့ အတော်ဝင်သား။ တကယ်လုပ်ကြည့်မှ တယ်မလွယ်လှဘူး ဖြစ်နေတယ်။

အဲဒီတူရွင်းပြားတွေမှာ စားလို့သင့်တာနဲ့ မသင့်တာ နှစ်မျိုးကွဲနေသေးတယ်။ တူရွင်းပြားပုံစံဖြစ်နေတဲ့ အမျိုးအစားက စားဖို့သင့်တယ်။ နည်းနည်းရှည်မျော့မျော့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

သန်လျက်ပုံလိုဖြစ်နေတဲ့အမျိုးအစားက စားဖို့မသင့်ဘူး။ အတွင်းမှာပါတဲ့ အဆီခဲငယ်က မူးဝေအော့အန်စေတယ်။ ဒါကြောင့် တူရွင်းပြားဆိုပြီး လာသွင်းတိုင်း ကျုပ်တို့က လက်မခံဘူး။ သေချာစိစစ်သေးတာ။ ခွဲရင်လည်း သတိနဲ့ခွဲရတယ်။ အတွင်းက ပုလဲ နက်ရနိုင်သေးတယ်လေ။ ပုလဲနက်ကလည်း ကျုပ်တို့ဘဝကို ပြောင်းလဲစေမှာ မဟုတ် လား။

ဒီလိုနဲ့ အဲဒီအပတ်က တူရွင်းပြားမုတ်ညှာ အတော်အတန် စုမိဆောင်းမိတယ်။ အလုပ်ဖြစ်ပြီဆိုပြီး သောင်းဒန်က ချက်ချင်း ရန်ကုန်ကိုပို့တာပေါ့။ ဟောဗျာ. . . နောက်တစ်ဖျားကျတော့ ဒီကောင်တွေ တစ်ကောင်မှမရတော့ဘူး။ ရွာနဲ့ အတော် ဝေးဝေး ပသုတ်ကျွန်း၊ ပရည်ကျွန်းအထိ တစ်လုံးနှစ်ဆယ့်ငါးကျပ်ပေးပြီး ငုပ်ခိုင်းတာ တောင် မရတော့ဘူး။ အဲဒါဟာ ရေအောက်ကမမြင်ရတဲ့အရာတွေရဲ့ မသေချာမှုကို ပြတာပါပဲ။ သူတို့ ရှိချင်ရှိနေမယ်။ သူတို့ မရှိချင်မရှိဘူး။ ပုစွန်၊ ပဂဲ၊ ကဏန်း၊ ရေကင်းတွေလို အချိန်မရွေးရှိနိုင်တဲ့အရာမဟုတ်ဘူးဆိုတာ ပြလိုက်တာပဲ။ ပင်လယ် ပြင်ဆီက ရသလောက်ကောက်ယူ နှိုက်ထုတ်ခဲ့သမျှ ပင်လယ်ကလူတွေကို တန်ပြန် ဒဏ်ခတ်လိုက်ခြင်း တစ်မျိုးပဲပေါ့။

တူရွင်းပြားနဲ့ အလုပ်မဖြစ်တော့ ကျုပ်လည်း အတော်ငေါင်သွားတယ်။ ကျုပ် ဘာသာ ပုစွန်ပိုက်လေးပစ်ပြီး ကင်းဆင်းနင်းနေတာ အကောင်းသား။ ခုတော့ သောင်းဒန် မစို့မပို့ပေးတာလေးနဲ့ အိမ်တိုင်လဲပြီး ဒေါ်လာအိပ်မက်တွေ တစ်ကိုယ် တည်းဆက်မက်နေတာ အိပ်ပျက်ညတွေ များလှပါပေါ့။ ဂလက်ထဲက အောင်ငွေ ခရုအိုးစုပ်တွေတင်တော့ ဟိုကမဝယ်တဲ့အခါ ပေါ်ပင်နောက်လိုက်တယ်ဆိုပြီး အပြစ် ပြောမိတဲ့ ကျုပ်မှာတော့ သူ့ထက်ကျယ်တဲ့ ပေါ်ပင်ပင်လယ်ကြီးထဲ ထိုးကျသွားလိုက် တာ ပေါ်လောတောင်မပေါ်နိုင်တော့ပါဘူး။

× × ×

အခုတော့လည်း ကျုပ်ဘဝက ဒုံရင်း. . . ဒုံရင်းပါပဲ။ မနက်ဆိုရင် သမီးတွေပြင် ကျွေးတဲ့ထမင်းကြမ်းနဲ့ ငါးခြောက်ဖုတ်စားပြီး ဆိပ်ဦးဘက်ထွက်လာလိုက်တယ်။ ကျုပ် ဒီလိုပဲ ပိုက်ချမသွားခင် လက်ဖက်ရည်ဆိုင်ထိုင်လေ့ရှိတယ်။ ကျုပ်ညဘက် ဘယ်လောက်မူးမူး မောနင်းပက်တော့ မချသေးဘူး။

အမယ်. . . ကျုပ်တို့ရွာကို ပင်လယ်ရွာဆိုပြီး အထင်မသေးပါနဲ့ ဆိပ်ဦးမှာက မြို့လိုပဲ စားသောက်ဖွယ်ရာ အစုံရနိုင်တယ်။ ထမင်းကြော်စားမလား။ မုန့်ဟင်းခါးစား

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မလား။ ဆန်မုန့်တီကြော်စားမလား။ ကော်ဖီမစ်၊ လက်ဖက်ရည်၊ နွားနို့သောက်ဦး မလား၊ အို. . . မြို့မှာရှိတာ ကျုပ်တို့ရွာမှာ အကုန်ရှိတယ်။

မြို့မှာရှိတာ အကုန်ရှိတယ်ဆိုလို့ အခုတစ်လော ကျုပ်တို့ရွာမှာ မြို့ဒီဇိုင်းဖမ်းလာ ပုံများ 'ဘော်ခုံတွေ. . ဘော်ခုံတွေ. . 'ဆိုတာ မှိုလိုပေါက်လာပါရော။ ရွာထဲက အလယ်တန်းကျောင်းဆရာလေးကို တင့်နိုင်ပြောတာကတော့ ဒီဘော်ခုံတွေဟာ မြို့ပြ က ရေပေါ်ဆီလူတန်းစားတွေကစားတဲ့ ဘီလိယက်ခုံဆိုတာတဲ့။ ကျုပ်တော့ အံ့သြ တယ်။ မြို့ကသူဌေးတွေကစားတဲ့ဟာက လက်လုပ်လက်စားတွေများတဲ့ ပင်လယ်ရွာ ဆီရောက်နေတာတော့ သိပ်မဟုတ်သေးဘူးထင်တယ်။

ဒါနဲ့ ကျုပ်စိတ်ဝင်စားပြီး သွားငေးကြည့်ပါတယ်။ လုံးဝစိတ်မရှည်စရာကောင်း တာမို့ လှည့်ထွက်လာရတယ်။ ဘောလုံးလေး တွင်းထဲကျဖို့အရေး ခါးနာရင်အောင့်ခံပြီး တုတ်ချောင်းရှည်နဲ့ ချိန်ထိုးနေရတာ၊ ကျုပ်တော့ ဘယ်လိုမှ စိတ်မရှည်နိုင်ဘူးဗျို့။ ဒါကိုပဲ ဟိုဘက် ဒီဘက် လောင်းကြေးထိုးနေလိုက်ကြတာ၊ ပိုက်ဆံတွေများ ရွှေမိုး ငွေမိုးရွာလို့ ခွက်ထိုးခံပြီး ရထားသလားအောက်မေ့ရတယ်။ အခုဆို ပိုက်ကြီးလှေလိုက်၊ (ပိုင်)မျှားတန်းချ၊ ကဏန်းဖမ်း၊ ရေကင်းနင်းစတဲ့ ပင်လယ်လုပ်ငန်းတွေနဲ့ မောကြီး ပန်းကြီး ရှာဖွေရလာသမျှ ဘော်ခုံတွေမှာ ကုန်နေပါရောလား။ တချို့ဆို တစ်ညတည်း တစ်သောင်းနှစ်သောင်း လောင်းပစ်ကြတာ။

အခုလည်း စောစောစီးစီးဘော်ခုံမှာ လူစည်နေပြီ။ ငြင်းသံခုန်သံ ဆူညံနေပြီ။ ကျုပ်လည်း ကိုယ့်အလုပ်မဟုတ်တာကို မိန်းမောနေရင် အချိန်ကုန်ရုံရှိမှာပေါ့။ အိမ်ပြန် လိုအပ်တာလေးယူပြီး လှေထဲဆင်းဦးမှ။ ဒီနေ့တော့ ပုစွန်များများထိပါစေ။ ဖွတ်ဲ့. . . တောကျီးကန်းနဲ့ လွဲပါစေ။

ကျုပ်စိတ်ကူးနဲ့ ကျုပ်အိမ်ပြန်ဖို့ ထ,လိုက်ပေမယ့် ရှေ့ကမြင်ကွင်းကြောင့် ကျုပ် ခြေလှမ်းစတင်ဖို့ မေ့သလိုကြောင်ကြည့်နေမိတယ်။ ကြည့်လိုက်စမ်းပါဦးတော့ ရွာလယ် လမ်းမကြီးကို။ ကျုပ်တို့ရွာက ရေပေါ်မှာ တစ်ဝက်မေးတင်နေတဲ့ရွာဆိုတော့ ရေပေါ် မှာဆောက်ထားတဲ့ ကျပ်လုံးစီတံတားကြီးဟာ ရွာလယ်လမ်းမကြီးပေါ့။ ပင်လယ်ကျွန်း တောင်ကရတဲ့ ကပြိုင်သစ်လုံးတွေကို သံမရိုက်ဘဲ အဖျားမှာ ကြိမ်နဲ့တုပ်ပြီးခင်းထားတဲ့ အဲဒီကျပ်လုံးစီတံတားပေါ်မှာ ကျုပ်တို့ရွာကလူတွေ ဖိနပ်မပါဘဲ လမ်းလျှောက်လေ့ ရှိတယ်။ ကလေးလူကြီး ဘယ်သူမှ ဖိနပ်မစီးကြဘူး။ ဖိနပ်မပါတဲ့ ဗလာခြေထောက် တွေဟာ ကျပ်လုံးစီတံတားပေါ်မှာ ကျင့်သားရပြီး ဖြိုးဖြိုးဖျတ်ဖျတ် ဖိုးဖိုးဇတ်ဇတ် လျှောက်နိုင်ကြတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

အခုတော့ မြင်ကွင်းက ထူးဆန်းလှပါလား။ အမယ်. . . သေချာကြည့်လိုက်တော့ ဘယ်သူတွေလဲမှတ်တယ်။ ကျုပ်တို့ရွာက အေးကြည်မ၊ စမ်းစမ်းနု၊ မြလေးသီ၊ ခင်ခင်ကြိုင်တို့ပါလား။ ခါတိုင်း အိမ်နောက်ဖေးကျပ်စင်မှာ ငါး၊ ပုစွန် ရွေးနေတဲ့ ကောင်မတွေ ဘာကိစ္စ ရှိုးစမိုးတွေအပြည့်နဲ့ လာနေကြပါလိမ့်။

သြော်. . . သိပြီ။ တန်ဆောင်မုန်းလပြည့်နီးပြီဆိုတော့ မြို့မှာ တန်ဆောင်တိုင်ပွဲနွှဲကြမလို့ထင်တယ်။ ထူးခြားတာက တစ်ခါမှဖိနပ်မစီးတဲ့ သူတို့ခြေထောက်တွေမှာ ခုံမြင့်ဖိနပ်ထူထူကြီးတွေစီးလို့၊ ကိုးရိုးကားရားနိုင်လှပါလား။ ဒီခုံမြင့်ဖိနပ်ကြီးတွေဟာ မြို့က ကတ္တရာလမ်းမှာ အဆင်ပြေပေမယ့် ကျုပ်တို့ရွာက ကျပ်လုံးစီတံတားပေါ်မှာ ဘယ်လိုအဆင်ပြေနိုင်ပါ့မလဲ။

ကြည့်လေ. . . သံရိုက်မထားတဲ့ကျပ်လုံးတွေက လုံးလုံးလိမ့်လိမ့်။ ခုံမြင့်ဖိနပ်ထူထူကြီးတွေရဲ့ ခြေလှမ်းတွေကလည်း ရွှေ့ရွှေ့လိမ့်လိမ့်။ ဖွီ. . . ဒီကောင်မတွေဖြစ်နေပုံကြည့်ပြီး ကျုပ်ပါးစပ်ယားလိုက်တာ ပြောမနေပါနဲ့တော့။ အသက်အရွယ်ကိုမထောက်ရဘူးဆိုရင် ကျုပ်တစ်ခုခု လှမ်းပြောလိုက်ချင်တယ်။

ကျုပ်ပြောချင်နေတာကို ကျုပ်ကိုယ်စား တစ်ယောက်ယောက်ကများ ပြောလေမလားလို့ ဘော်ခုံထဲကို လှမ်းကြည့်လိုက်တော့လည်း ဘယ်သူမှ အေးကြည်မတို့အုပ်စုကို အာရုံမရောက်ကြဘူး။ သူတို့ဘာသာသူတို့ အသည်းအသန်ငြင်းခုံနေကြတာများ။ ထမင်းမေ့ ဟင်းမေ့ ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လို့။

အင်း. . . မမြင်နိုင်စွမ်းတဲ့ အင်အားအစုအဝေးတစ်ခုဟာ ကျုပ်တို့ရွာဆီ ခြေသံလုံလုံနဲ့ ချွတ်နင်းချဉ်းကပ်လာပြီလို့ ကျုပ်စိတ်ထဲ ခံစားလိုက်မိတယ်။

***မြားနတ်မောင်မဂ်လာမဂ္ဂဇင်း***
***အမှတ်(၁၂၃)၊ စက်တင်ဘာလ၊ ၂၀၀၂ ခုနှစ်***

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# အချစ်နှင့်
# ကြားခံအရာဝတ္ထု

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



# အချစ်နှင့် ကြားခံအရာဝတ္ထု

ဆူညံသော တေးဂီတတို့ဖြင့် ဖွဲ့စည်းအပ်သည့် လက်ဖက်ရည်ဆိုင် ခွေးခြေအမြင့်ပေါ်တွင် 'နိုင်နိုင်' သည် ခြေနှစ်ချောင်းချိတ်ပြီး ထိုင်နေသည်။ အကောင်းစား ဇာပေါက်အင်္ကျီအဖြူ ခေတ်ပေါ်စတိုင်လ် ခပ်ကျပ်ကျပ်အင်္ကျီနှင့် အနက်ခံအဖြူပွင့် ထဘီကို တွဲဖက်ဝတ်ဆင်ထားသည့် နိုင်နိုင့်ဟန်ပန်က အသက်ထက် ပိုမိုနုနယ်နေသယောင် ထင်ရ၏။ လည်ပင်းတွင် တစ်ကျပ်သားရွှေဆွဲကြိုးတစ်ကုံး၊ ဆောက်ဖြတ် ရွှေလက်ကောက်လေးကွင်း၊ နီလာတစ်တန်းသွား လက်စွပ်နှစ်ကွင်းထပ်တို့က မသေးလှသော နိုင်နိုင်ရဲ့ ဓနအင်အားကို ပြနေသည်။

စောစောက ဆိပ်ငယ်ဘောတံတားရှေ့သို့ ကျွန်မနှင့် နိုင်နိုင် ဆိုင်ကယ်တက္ကစီပေါ်ကအဆင်း၊ အဆောက်အအုံတစ်ခုရှေ့တွင် ထိုင်နေသော လူတစ်ယောက်ကို မေးထိုးပြ၍ -

"အဲဒါ နိုင်နိုင်တို့ မီးသွေးထောင်ကယ်(အလုပ်သူဌေး) ဦးမိုးဇော် ဆိုတာပေါ့"

ဆိုသည့် နိုင်နိုင့်စကားသံကိုကြားနေဆဲ။ မလှမ်းမကမ်းမှ စားပွဲတစ်ခုဆီသို့ ထိုသူလာထိုင်လိုက်သည်ကို သတိပြုလိုက်မိသည်။ တကယ်ဆို ကျွန်မတို့စားပွဲမှာ လာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထိုင်သင့်လျက် နိုင်နိုင်ကလည်း ကျွန်မနှင့် မိတ်ဆက်ပေးသင့်လှ၏။ ယခုတော့ ခိုးကြောင်ခိုးဝှက်လိုလို၊ မသိလိုက်မသိဘာသာလိုလို၊ ထိုမပွင့်မလင်း အခြေအနေက ကျွန်မအဖို့ နိုင်နိုင်နှင့်ပတ်သက်သော ပတ်ဝန်းကျင်စကားတို့အပေါ် ယုံကြည်လောက်အောင် တွန်းထိုးဖန်တီးနေလေသည်။ သူတို့တကယ်ပဲ မရိုးသားကြလေသလား။

ခဏကြာတော့ ထိုဦးမိုးဇော်ဆိုသူ နေရာမှာမရှိတော့။ တန်ဆူးနေကလည်း အပြင်မှာ ပြင်းပြပူလောင်ပါဘိ။ ကျွန်မက ညိုညစ်ညစ်မြစ်ပြင်သို့ မျှော်ကဲကြည့်၍ မနေနိုင်မထိုင်နိုင်မေးမိ၏။

"ကိုယ်တို့စီးရမယ့် ပန်းဇင်လှေက ဘယ်မှာလဲ. . . ဆိုက်ပြီလား"

"ဆိုက်နေပါပြီ ဆရာမရဲ့၊ အထဲကိုဝင်မရလို့ သင်္ဘောကြီးတွေရဲ့အပြင်ဘက်မှာ ဆိုက်ထားတာပါ၊ အခုမှ ဆားအိတ်တွေချတုန်း. . . လှေထဲဆင်းဖို့အချိန်တွေ လိုပါသေးတယ်"

အင်း. . . ကျွန်မ ဆန္ဒစောနေတာလား။ တစ်ခါတစ်ရံ သွားရမည့်ခရီးမို့ ကျွန်မစိတ်တွေ လှုပ်ရှားနေတာလား။ နိုင်နိုင်ကတော့ ပန်းဇင်ခရီးလောက်ကို ထမင်းစားရေသောက်ပင်။ ပန်းဇင်သည် သူမ၏ ဇာတိရွာဖြစ်သဖြင့် မြို့နှင့်ရွာ အိမ်ဦးနှင့်ကြမ်းပြင်ဥဒဟို တက်ဆင်းနေကျ။

မမြင်ရသော ပန်းဇင်လှေကို ကျွန်မ မျှော်ကဲကြည့်နေဆဲ လက်ဖက်ရည်စားပွဲသို့ လူတစ်ယောက်လာထိုင်သည်။ အသက်သုံးဆယ်ကျော်၊ နိုင်နိုင်နှင့်ရွယ်တူ၊ နှုတ်ခမ်းမွေးစစ၊ အသားညိုညိုနှင့် လူတစ်ယောက်။ သူတို့စကားသွား စကားလာအရ ထိုသူက မီးသွေးထောင်ကယ် ဦးမိုးဇော်ရဲ့ မီးသွေးအိတ်တွေကို သယ်ယူပို့ဆောင်သည့်ကားကို မောင်းသောသူ။ နိုင်နိုင်ခေါ်ပုံအရ ထိုသူအမည် 'မဟူရာစိုး' ဖြစ်ပြီး ကားခေါင်းမှာ သူစိမ်းမိန်းမတစ်ဦးကိုတင်ပြီး သွားလာသည့်ကိစ္စနှင့် ပတ်သက်၍ အခြေအတင် ပြောနေကြခြင်း ဖြစ်သည်။ မဟူရာစိုးက နိုင်နိုင့်ကို အနူးအညွတ်တောင်းပန်နေသည်။ နိုင်နိုင်က တောင်းပန်ဖြေရှင်းမှုကို လက်မခံ။ ကက်လက်လန်အောင် ပြန်ပြောနေသည်။

ကျွန်မသည် အဆုံးအစမသိရသော ဇာတ်လမ်းတစ်ပုဒ်ကို ကြားဖြတ်နားထောင်ရသလို ဘယ်အရာကိုမှ ဆုပ်ဆုပ်ကိုင်ကိုင် နားမလည်နိုင်ဘဲ ခရီးသွားရမည့်ကိစ္စကိုသာ အာရုံရောက်နေသည်။ နေပြင်းပြင်းအောက်တွင် ပျင်းရိလေးတွဲ့စွာထိုင်နေရသည့်

အဖြစ်ကို ငြီးငွေ့လှပြီ။ ခပ်မြန်မြန်လှေထဲဆင်း၊ လှေမြန်မြန်ထွက်၊ ပန်းဇင်ရွာ မြန်မြန်ရောက်၊ ပန်းဇင်ရွာရောက်လျှင် လုပ်ရမည့်အလုပ်တွေ. . . ။

ကျွန်မ၏ လေးနှစ်တစ်ကြိမ်မှ တစ်ခေါက်ရောက်ရသည့် လှေလာရေးခရီး အတွက် ပန်းဇင်ရွာသူနိုင်နိုင့်ကို မနိုင်ရင်ကာ ဆွဲခေါ်လာရသဖြင့် အားတော့နာလှ၏။ ဤပင်လယ်ရွာခရီးကား မိန်းမဖော်မပါလျှင် မသင့်သည့်ကိစ္စမို့ နိုင်နိုင့်ကို အပူကပ် သည့်အခါအလုပ်တွေ တန်းလန်းထားပြီးလိုက်ခဲ့ရခြင်းအတွက် ကျွန်မ အနိုင်ကျင့် သလိုများ ဖြစ်သွားသလားဟု တွေးနေမိသည်။

တကယ်ဆို နိုင်နိုင်သည် ကျွန်မစာသင်ပေးခဲ့ရသည့် တပည့်မဟုတ်သလို ကျွန်မ သည်လည်း နိုင်နိုင်ရဲ့ ဆရာမတစ်ယောက်မဟုတ်ခဲ့ပါ။ သို့ပေမယ့် နိုင်နိုင်နဲ့ ကျွန်မ ရင်းနှီးပေါင်းစည်းမှုက သက်တမ်းရှည်ကြာလှ၏။ ကျွန်မတို့ မြိတ်မှာနေစဉ်ကာလ တစ်လျှောက်လုံး နိုင်နိုင်ရဲ့အဒေါ်ဖြစ်သူ ဒေါ်လေးငယ်ပိုင်ဆိုင်သောအခန်းတွင် ငှားနေကြသဖြင့် ခေါင်းရင်း ခြေရင်း အိမ်ရှင် အိမ်ငှားအနေထက် မိသားစုနှစ်ခု ကြီးမားသောမေတ္တာဖြင့် တွယ်တာမိကြသည်။ နိုင်နိုင် ဆယ်ကျော်သက်အရွယ် ဒေါ်လေးငယ်အိမ်တွင် သားထိန်း ထမင်းတည်လာနေရင်း ယောက်ျားနောက်လိုက် ပြေးသွားသည်ဖြစ်ရာ နိုင်နိုင့်ဇာတ်လမ်းတစ်လျှောက်လုံး ကျွန်မမှာ ပွဲကြည့်ပရိသတ် ဖြစ်ခဲ့ရသည်။

နိုင်နိုင်လိုက်သွားသည်က ရဲတပ်ကြပ်ကြီးနောက်ဖြစ်သဖြင့် တပ်စခန်းပြောင်းရာ ပါသွားတော့၏။ ဘုတ်ပြင်းသို့ပါသွားလျှင် ကျွန်မ တို့မြင်ကွင်းမှ နိုင်နိုင်ပျောက်သွားပြီး ရွှေဒူးတို့ မြို့မရဲစခန်းတို့သို့ ပြန်ပြောင်းလာပါက နိုင်နိုင်တစ်ယောက် ပြန်ပေါ်လာပြန် သည်။ သည်လိုနှင့် နိုင်နိုင်လေးငါးနှစ်အတွင်း ကလေးနှစ်ယောက်အမေ ဖြစ်လာ သည်။ နိုင်နိုင့်ယောက်ျား ရဲတပ်ကြပ်ကြီး ငှက်ဖျားရောဂါနှင့် ဆုံးသည်။ စုမိဆောင်းမိ မရှိသော ပူပူနွေးနွေး မုဆိုးမလေး နိုင်နိုင်သည် ကလေးနှစ်ယောက်လက်ဆွဲကာ သူ့ ဇာတိ ပန်းဇင်ရွာသို့ ဆင်းသွားတော့သည်။ ပန်းဇင်ရွာမှာ နိုင်နိုင်တစ်ယောက် မီးသွေး ဖောင်းလုပ်နေတယ်ဆိုသည့် သတင်းစကားက ကျွန်မတို့ကို ဆွဲဆောင်နိုင်စွမ်း မရှိ တော့။ ကျွန်မအာရုံထဲ နိုင်နိုင်သည် ပါးလျှမှိန်ဖျော့လာသည်။ နောက်ပိုင်းတော့ ကျွန်မ အလုပ်နှင့် ရန်ကုန်ပြောင်းဖြစ်တော့ အဆက်အသွယ် လုံးဝပြတ်သွားတော့၏။

"ဟော. . . ပန်းဇင်လှေပါစင်ဂျာ ခေါ်နေပြီ"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခရီးသည်တစ်ယောက် အော်ဟစ်သတိပေးသံအဆုံး ကျွန်မလည်း ခရီးဆောင်အိတ်ကိုလွယ်ကာ လက်ဖက်ရည်ဝိုင်းကို ရှင်းဖို့လုပ်တော့ နိုင်နိုင်က လက်ကာသည်။ ဦးမိုးဇော် ရှင်းပြီးပြီတဲ့။ ဘယ်အချိန်က ရှင်းလိုက်တာပါလိမ့်။ ထိုအရိပ်အကဲ အချိတ်အဆက်ကို ကျွန်မမမြင်လိုက်မိသည်မှာ အမှန်။ အမယ်ဘုတ်ကယ် သူ့ချည်မျှင် အရှုပ်ကိုလာရှင်းနေသော မဟူရာစိုးက မပြေလည်သော မျက်နှာနှင့်အထတွင် နိုင်နိုင်လည်း နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။

မဟူရာစိုးဝင်သွားရာ အရှေ့ဘက် ကာရာအိုကေဆိုင်ခန်းဆီသို့ မေးငေါ့ကာ နိုင်နိုင်က . . .

"ဒါပဲလေ၊ သူ့အလုပ်က၊ နည်းနည်းစိတ်ညစ်ရင် ဘီယာသောက်မယ်၊ သီချင်းဆိုမယ်၊ အလကားအသုံးမကျတဲ့လူ"

ကျွန်မက နိုင်နိုင်ရေရွတ်နေတာ စိတ်မဝင်စားအား။ လှေထဲဆင်းရန်သာ အာရုံများနေမိ၏။ ပန်းဇင်လှေကားဘယ်နေရာမှန်းမသိ။ ဆင်း. . . ဆင်းဆိုလို့သာဆင်းပြီး လှေနှစ်စီးသုံးစီးကို အိုးနင်းခွက်နင်းကျော်လွှားပြီးမှ သမ္ဗာန်ပက်လက်ကလေးထဲ ဆင်းရပြန်သည်။ သမ္ဗာန်လှုပ်တုတ်မှာလူပြည့်တော့ စက်နှိုးထွက်ကာ သင်္ဘောကြီးတွေ့ရဲ့ အပြင်ဘက်မှာစောင့်နေသော ပန်းဇင်လှေဆီ ရောက်ရတော့၏။

တစ်ယောက် ငါးဆယ်. . . တဲ့။

ဘုရားရေ. . . ကမ်းမှလှေကြီးတွေရဲ့အပြင်ဘက် ဒီလောက် ခရီးကလေးကို ငါးဆယ်တန်၏၊ မတန်၏ စဉ်းစားမနေနိုင်အားဘဲ ပေါင်းမိုးနိမ့်နိမ့် ပန်းဇင်လှေကလေးထဲ အတွင်းကျကျမှာ နေရာယူဖြစ်လေသည်။ ပန်းဇင်လှေက ဝမ်းစောက်စောက် အမိုးနိမ့်နိမ့်၊ စက်သံဆူဆူ 'ဝမ်းထိုင်' ဆိုသည့် လှေအမျိုးအစား။ ဝမ်းထိုင်စက်သံ တဂျုန်းဂျုန်းက နားကို အနှောက်အယှက်ပေးပါဘိ။ ပူလောင်လောင် ကျဉ်းကျပ်ကျပ် ဆူညံညံကြားထဲ လူပြည့်တာနှင့် လှေထွက်တော့ ဆိပ်ငယ်တံတားထိပ် ကာရာအိုကေ ခန်းဆီမှ သီချင်းသံက ပျံ့လွင့်လာသည်။

". . . မေ့အချစ်မြား အသည်းမှာစူး. . . နှုတ်လည်းနှုတ်ချင်လေဘူး. . . အချစ်ဦး(မေ့ကို)[၂] ချစ်တဲ့သက်သေ. . အော်တရားမရလေရှာ. . . အနားက သွေမခွာချင်ပေမယ့် . . လောကဓံလှည့်စား. . ချစ်အားငယ်ရ အခါခါ. . . "

× × ×

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

ဝမ်းထိုင်စက်လှေ ကမ်းမှခွာတော့ ကုန်စည်စီးဆင်းမှု သရုပ်သကန်အပြည့်အဝ ပေါ်လွင်နေသော ဆိပ်ငယ်ဘောတံတား၏မြင်ကွင်းကို အပြင်ဘက်မှ မြင်ရလေသည်။ ကမ်းရိုးတန်းသွား လှေကြီးလှေငယ်များအပြင် ရွာနီးချုပ်စပ် ဟိုသည်ပို့ဆောင်နေသော သမ္ဗာန်ငယ်များပါ ဖြစ်သလိုထိုးဆိုက်ထားသော ဆိပ်ငယ်ဘောတံတားသည် ရှင်သန်နေသော ပန်းချီကားတစ်ချပ်လို လှုပ်ရှားရုန်းကြွနေသည်။

မြို့ပြမှ ကျေးလက်များဆီသို့ ဆန်၊ ဆီ၊ ဆား၊ အာလူး၊ ငရုတ်၊ ကြက်သွန်စသော ကုန်ခြောက်များ ဆင်းသွားကြပြီး ကျေးလက်များမှ မြို့ပြဆီသို့ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ထင်း၊ မီးသွေးတို့ ပြန်တက်လာကြသည်။ မြို့ပြနှင့်ကျေးလက် ကုန်စည်ဖလှယ်ရာ အချက်အချာလမ်းကြောင်းပေါ်မှ ဘောတံတားသည် တဖြည်းဖြည်း ဝေးကျန်ခဲ့ပြီ။ ကာရာအိုကေဆိုင်မှ ပျံ့လွင့်လာသော မဟူရာစိုး၏ သီချင်းသံသည် ရေပြင်ပေါ်မှာ ခပ်ပြားပြားပြေးသွားနေသော ဝမ်းထိုင်စက်လှေလေးနောက်သို့ ပြေးလိုက်လာလေသည်။

"မဟူရာစိုးရဲ့အသံက မဆိုးပါလား၊ မသိရင် တကယ့်မူရင်း အဆိုတော်အတိုင်းပဲ"

ကျွန်မရဲ့ ချီးကျူးစကားကို မထောက်ခံချင်သလို နိုင်နိုင် နှုတ်ခမ်းတစ်ချက်မဲ့လိုက်သည်။

"အလကားပါ ဆရာမရယ်၊ စိတ်ကူးနဲ့လက်တွေ့ တစ်ထပ်တည်း မကျတဲ့လူ၊ ဒီလိုလူမျိုးဆို နိုင်နိုင်က အထင်ကိုမကြီးဘူး"

ဒီလိုလူမျိုး အထင်မကြီးဘူးဆိုတော့ နိုင်နိုင် ဘယ်လိုလူမျိုး အထင်ကြီးလဲ။ ဦးမိုးဇော်လို လူမျိုးလား။ ကျွန်မနှုတ်က ထုတ်ဖော်မမေးဖြစ်။ ဝမ်းထိုင်စက်လှေကလေးက ကမ်းမှခွာကာ 'ပထက်' တောင်နောက်ကျောမှကွေ့လျက် အနောက်တောင်ဘက်သို့ ချိုးကွေ့မောင်းနှင်နေသည်။ တောင်ပေါ်ကနေကြည့်လျှင် လှမ်းမြင်ရသော ပွင့်ဆုပ်၊ ပွင့်ကြွေတွေ ကြဲပက်ထားသလို ပင်လယ်ရေပြင်ထက် တပြန့်တပြော တည်ရှိနေသော မြိတ်အနောက်မြို့နယ် ကျွန်းစုကလေးများဆီသို့ ဦးတည်သွားနေသည်။

ရွံ့နှစ်ရောင်ရေပြင်ထက်တွင် လူမနေသော ကျွန်းများ၊ ဒီရေရောက်အပင်တို့ ယိမ်းနွဲ့စိမ်းလွင်သည့် ဝတ်ရုံကိုခြုံကာ ဘွားခနဲ၊ ဘွားခနဲ ပေါ်လာသည်။ လှေပေါ်က လူအယောက်ငါးဆယ်ကျော်ခန့် ပါလာသည်။ အားလုံး၏မျက်နှာပေါ်တွင် ကျေးလက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



၏ ရိုးစင်းမှုကို သိသိသာသာ မြင်နေရ၏။ ငွေးဖောင်လှန်၊ ငါးဆားနယ်၊ ငါးပိထောင်း၊ ပင်လယ်နှင့်၊ အသက်မွေးမှုအောက်တွင် ပန်းဇင်ရွာသူတွေ အသားညို ညစ်နေတော့၏။ တစ်လှေလုံး ဘာသာဘာဝ ကမ်းရိုးတန်းစကားသံတို့ ဆူညံဝေစည်နေသည်။

"နိုင်နိုင် အိမ်ထောင်မပြုတော့ဘူးလား"

ကျွန်မမေးခွန်းက မျှော်လင့်မထားသော မေးခွန်းမို့ ငိုက်မြည်းဖို့ အားယူနေသော နိုင်နိုင်မှာ ဆတ်ခနဲ ခေါင်းထောင်သွားတော့သည်။

"ဘာရယ်. . . ဆရာမ"

"အော်. . . နိုင်နိုင် ဒီလိုပဲ နေတော့မလို့လား၊ အိမ်ထောင်မပြုတော့ဘူးလား မေးတာပါ"

"ဒီမေးခွန်းက နိုင်နိုင့်ကို နိုင်နိုင် မကြာခဏ မေးမိတဲ့ မေးခွန်းပါ ဆရာမရယ်၊ တိကျတဲ့ အဖြေမရသေးပါဘူး"

"စီးပွားရေးကော အဆင်ပြေရဲ့လား၊ အခုလောလောဆယ် ဘာတွေလုပ်နေလဲ"

"လောလောဆယ်တော့ မီးသွေးဖောင်းပဲ ပြန်လုပ်နေပါတယ်၊ အဆင်ပြေတယ်ပဲ ဆိုပါတော့၊ အခုလို အဆင်ပြေပါတယ်လို့ မဖြေနိုင်ခင် အဆင်မပြေခဲ့ပုံများကတော့ ပြန်တောင် မတွေးချင်တော့ပါဘူး၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကများ ဆရာမ ကျွန်မကို မြင်ရင် အံ့သြသွားမယ်၊ စိတ်ထောင်းလို့ ကိုယ်ကျေဆိုတာလို စီးပွားရေးကလည်း မပြေလည်၊ တစ်ကိုယ်တည်း ရုန်းနေရတော့ အားနည်းသွေးပေါင်ကျ စိတ်ဆိုတာလဲ ထိန်းမနိုင် သိမ်းမရ ရူးမတတ်ပါပဲ"

"ဒီလိုပါ ဆရာမရယ်၊ သားကြီးမောင်ဦး ဆယ်တန်းရောက်တဲ့ နှစ်မှာမှ နိုင်နိုင့် မီးသွေးဖောင်းက ထင်းအဝင်နည်း ဖောက်သည်ပျက်ပြီး လုပ်ငန်းကျဆင်းလာတော့ တယ်၊ မိန်းမသားတစ်ယောက် လင်မရှိဘဲ ဒီလုပ်ငန်းလုပ်ရတာ လုပ်ငန်းတူ ပြိုင်ဘက် တွေရဲ့ ထိုးနှက်မှုလည်း ပါတာပေါ့၊ အဲဒီနှစ်မှာ ဆယ်တန်းရောက်လာတဲ့ သား မောင်ဦးကို မြို့က ဒေါ်လေးငယ်အိမ်မှာထားရတော့ ဒေါ်လေးငယ်တို့က ဆရာမ သိတယ်မဟုတ်လား၊ တကယ်ဆို မုဆိုးမဘဝနဲ့ နိုင်နိုင် တစ်ယောက်တည်း ရုန်းနေရ တာ မောင်ဦး ကျောင်းစရိတ်လောက်တော့ ဝိုင်းထောက်သင့်တာပေါ့၊ ဒေါ်လေးငယ် တို့က ဒါမျိုးတွေမလာဘူး၊ ကလေးမှာလေ မျက်နှာငယ်လိုက်တာ၊ နိုင်နိုင် တစ်လ တစ်ခေါက်သွားတွေ့ရင် မေမေ့ရှေ့မှာတစ်မျိုး၊ နောက်ကွယ်မှာတစ်မျိုး ဆက်ဆံတာလို့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တိုင်ရှာတယ်၊ နိုင်နိုင့်မှာလဲ ရွှေဆိုလို့ မူးလို့ရှူစရာတောင် မရှိတော့ဘူး၊ နောက်ဆုံး ပန်းဇင်က မီးသွေးဖောင်းရတဲ့စျေးနဲ့ ရောင်းလိုက်ရတော့တယ်”

“အဲဒီ စပ်ကူးမတ်ကူး နိုင်နိုင် ဒုက္ခအရောက်ဆုံးကာလမှာ ကယ်တင်ရှင်က နိုင်နိုင်တို့ မီးသွေးသွင်းနေတဲ့ ထောင်ကယ်ဦးမိုးဇော် ကိုယ်တိုင်ပါပဲ၊ မင်းသန်းရွာမှာ ဖောင်းအသစ်ဖွင့်ဖို့ ငွေထုတ်ပေးတယ်၊ နိုင်မှ ဖြည်းဖြည်းဖွဲ့ဆပ်ပေါ့၊ ပန်းဇင်ထက် မင်းသန်းက ဒီလုပ်ငန်းလုပ်ဖို့ ပိုပြီး အဆင်ပြေတယ်၊ ကုန်ကြမ်း(ထင်း)ရဖို့နဲ့ ကုန်ချော ဖြစ်ပြီး၊ ဖောက်သည် ဝယ်လက်ကအစ မင်းသန်းက ပိုပြီးအချက်အချာကျတယ်၊ နိုင်နိုင်လဲ ကြိုးစားရတာပေါ့၊ တစ်ဖောင်းအပိုင်၊ နှစ်ဖောင်းအငှားဖုတ်ရင်းနဲ့ အခုဆို အငှားတွေပါ အပိုင်ဖြစ်ကုန်ပြီ၊ ဦးမိုးဇော် အကြွေးလဲကျေလုပြီ၊ ဒီနှစ်တွေထဲ မောင်ဦးလဲ ဆယ်တန်းအောင် သွားတယ်၊ မောင်ငယ်က ဒီနှစ် ဆယ်တန်းတက်မယ်၊ ဒီလိုစီးပွားရေးမျိုးနဲ့ဆို နိုင်နိုင်မကြောက်တော့ဘူး၊ အခုအင်းလေးကမ်းရပ်ကွက်ထဲမှာ မြေကလေး တစ်ကွက်ဝယ်ထားတယ်၊ တဖြည်းဖြည်းတော့ အိမ်ကလေးတစ်လုံးဖြစ်အောင် ဆောက်ရမှာပဲ”

“မိန်းမသားတစ်ယောက်ရဲ့ အားမာန်ကိုတော့ လေးစားပါတယ် နိုင်နိုင်ရယ်၊ ဘဝန္တမှာအခါခါလဲကျ အခါခါပြန်ထနိုင်တဲ့ နိုင်နိုင်သတ္တိ ဇွဲမာန်ကို ချီးကျူးပါတယ်၊ ကိုယ်စိုးရိမ်တာက နိုင်နိုင်အရွယ်ရှိသေးတယ်လေ၊ အရွယ်ရှိသလို အလှလဲရှိသေးတယ်၊ အရွယ်ရှင် အလှရှင်တစ်ယောက်အနေနဲ့ တင့်တယ်မှု မတင့်တယ်မှုတွေကိုတော့ နိုင်နိုင် မေ့လျော့နေမယ်ဆိုရင် ထည့်သွင်းစဉ်းစားလို့ရအောင် ကိုယ်သတိပေးတာပါ”

ကျွန်မ စကားဆုံးတော့ နိုင်နိုင်တစ်ယောက် ငိုင်ငေးငေးလေးဖြစ်သွားပြီး ဝမ်းထိုင်စက်လှေဖြတ်သန်းရာ လှုပ်မနေသော ကဏန်းကျွန်းများဆီသို့ ငေးရီကြည့်နေလေသည်။ ကျွန်းစပ်များတွင် မည်သည့် လှေငယ်တစ်စင်းတလေမှပင် ဆိုက်ကပ်ထားခြင်းမရှိ၊ ကျွန်းပေါ်တွင်လည်း မည်သည့်အပင်ကြီးငယ်မှ ပေါက်ရောက်ခြင်းမရှိ၊ ဇရပ်တောဟု ဤဒေသမှခေါ်သော အပင်များသာ တောထူ ပြွတ်ထနေလေသည်။

ထိုအချိန်တွင် ခြိမ်းသံမပေးဘဲ မိုးသက်မိုးမှုန်တို့ ဝမ်းထိုင်စက်လှေကလေးပေါ် ပစ်ခွင်းရောက်ရှိလာလေသည်။ ဖွဲဖွဲမှသည်းသည်း သည်းထန်လာသည်။ ကောင်းကင်မော်ကြည့်တော့လည်း မိုးသားတိမ်လိပ်တို့ ညိုမည်းနက်မှောင်ခြင်းမရှိ၊ ပကတိ အဖြူရောင်သက်သက်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"မိုးဖြူမစဲ၊ မိုးမည်းမရွာတော့ဖြစ်နေပြီထင်တယ်၊ တောက်!"

ခရီးသည်များထဲမှ မကျေမချမ်းရေရွတ်သံပေါ်လာပြီး လေသရမ်းတစ်ချက်ပင့်တင်လိုက်မှုကြောင့် မိုးစက်မြားတန်းတို့ လှေထဲဝင်လာရာ ကလေးငယ်တစ်ချို့ စီခနဲ အော်ငိုသံတို့ဖြင့် လှေကလေးအတွင်း တစ်ဒင်္ဂ လှုပ်ခတ်ဆူညံသွားတော့သည်။ ပစ္စည်းရိက္ခာထုပ်တွေကို မိုးလွတ်ရာအတွင်းပိုင်းသို့ ထိုးသွင်း၊ လူတွေ လှေဝမ်းအလယ်ခေါင်သို့ရနိုင်သမျှ တိုးရွှေ့ကာ ကျဉ်းကျဉ်းကျပ်ကျပ်ထိုင်ကြသည့်တိုင် စိုစွတ်မှုကမလွတ်။ လေပင့်တိုင်းလှေကလေးထဲ မိုးသက်မိုးမှုန်တွေ အစုလိုက်အပြုံလိုက် တိုးဝင်လာနေသည်။

"လေထန်ဦးမှာလား၊ လှိုင်းကြီးဦးမှာလား နိုင်နိုင်ရေ. . . ကြည့်ပါဦး၊ မိုးကလဲကြီးနေလိုက်တာ"

"မစိုးရိမ်ပါနဲ့ ဆရာမရဲ့၊ လှေသမားက သိပါတယ်။ အခု အတွင်းလမ်းက ခုတ်လာတာပါ၊ ကြည့်ပါလား၊ နိုင်နိုင်တို့လှေ ကျွန်းကြိုကျွန်းကြားထဲက ဖြတ်လာနေတာလေ၊ လှိုင်းမကြီးပါဘူး၊ မိုးကတော့ ဒီဒေသထုံးစံ မုတ်သုန်စောဝင်တာပါ၊ ဒီလမ်းမှာ အန္တရာယ်ဆိုတာ ကြုံတောင့်ကြုံခဲပါ၊ စိတ်ချ၊ ဘာမှမဖြစ်ပါဘူး"

ပန်းဇင်ရွာသူတစ်ယောက်အနေနဲ့ သည်ခရီးလောက်က ဖြုံလောက်သည့်ခရီးမဟုတ်ပေမယ့် လေးငါးနှစ်မှ တစ်ခေါက်ရောက်မည့် ကျွန်မအဖို့တော့ လှိုင်းမလာဘဲလေနဲ့တင်လူးနေသည့် လှေကလေးထဲ အသက်ဝဝမှမရှုရဲ၊ တစ်လှေလုံးမိုးရွှဲရွဲမှာငြိမ်ကုပ်နေကြသည်မှာ ကလေးငိုသံပင် မကြားရတော့။

"မိုးရွာတာ လှိုင်းအော်တာ၊ လေတိုက်တာ နိုင်နိုင်တို့အဖို့ မဆန်းတော့ပါဘူး ဆရာမရယ်၊ မွေးကတည်းက ဒီသဘာဝတရားကြီးနဲ့ ပွန်းတီးရင်းနှီး ကြီးပြင်းခဲ့ရတာမဟုတ်လား၊ တစ်ကိုယ်တည်း လျှောက်လှမ်းနေရတဲ့ဘဝကို တစ်ခါတလေ ငြီးငွေ့သွားပေ့ါ၊ ဒါပေမယ့်ပေ့ါ စေလိုလို့ကြောင်ရုပ်ထိုး၊ ဆေးအတွက်ပိုလေးတာမျိုး မဖြစ်ချင်လို့ စဉ်းစားနေတာပါ၊ လောကကြီးမှာ ဘယ်အရာမှ အလကားမရဘူး၊ ဦးမိုးဇော်ရဲ့ ပံ့ပိုးမှုအတွက် နိုင်နိုင့်ဘက်က တစ်စုံတစ်ရာ ပေးဆပ်ရမယ်ဆိုတာ နားလည်ပါတယ်၊ သူက သားတွေကြီးနေပြီဖြစ်တဲ့ လူလွတ်မုဆိုးဖို နိုင်နိုင့်ထက် အသက်ဆယ်နှစ်ကြီးတယ်၊ လက်ရှိ ငွေအင်အားနဲ့ ခိုင်မာတဲ့စီးပွားရေးရှိပြီးသား၊ မဟုရာစိုးကတော့ နိုင်နိုင်နဲ့ အသက်ရွယ်တူ လက်လုပ်လက်စား လူပျိုလူလွတ်ပေ့ါ၊ (လူပြို)လဲ ဖြစ်နိုင်သေးတယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လေ၊ သူလဲ နိုင်နိုင့်ကို မျှော်လင့်နေတယ်၊ ဒါပေမယ့် သူက အနေအထိုင်မရှင်းဘူး၊ နိုင်နိုင့်အမြင်မှာ အမြဲတမ်း သံသယတွေနဲ့ ရှုပ်ထွေးနေတဲ့လူ၊ ဒီလူနှစ်ယောက်အနက် တစ်ယောက်ယောက်ကိုတော့ နိုင်နိုင် အသေအချာ ရွေးချယ်ရမှာပါ။ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုကိုလဲ နိုင်နိုင် ကြားသင့်သလောက်ကြားပါတယ်၊ ခက်တာက နိုင်နိုင်ကိုက မပြတ်သားနိုင်သေးလို့ပါ"

"ဆရာမ အကြံပေးရရင် နိုင်နိုင် ဦးမိုးဇော်ကို ရွေးချယ်သင့်တယ်ကွယ်၊ စီးပွားရေးအရရော၊ အသက်အရွယ်အရရော ကိုယ့်အပေါ် အနွံအတာခံသွားမယ့် လူမျိုး"

"လူ့စိတ်ဆိုတာ ခက်သားပါလား၊ နိုင်နိုင်လေ စီးပွားရေး ကမောက်ကမဖြစ်ဖူးတော့ ဆင်းရဲမှာကို အရမ်းကြောက်သွားတာပဲ၊ ဒါကြောင့် ဦးမိုးဇော်ရဲ့ ကျားကန်ပေးမှုကို လက်ခံခဲ့တာပါ။ နိုင်နိုင့်ဘဝမှာ အဲဒီ ကျားကန်ပေးမှုမရှိရင် ကျဆင်းပြိုလဲသွားတာကြာပါပြီ၊ အလုပ်ကို မနားမနေ ကြိုးစားတယ်။ ပိုက်ဆံကို ခြစ်ခြစ်ကုတ်ကုတ် စုတယ်၊ ငွေရှိတော့ ဆေးကောင်းဝါးကောင်းတွေစား၊ အဝတ်ကောင်း အစားကောင်းတွေဝတ်နဲ့ နိုင်နိုင်ပြန်လည်စိုပြေလာတဲ့ အသွေးအသားတွေကို ဦးမိုးဇော်လက် မအပ်ချင်ဘူး၊ ဖြစ်လာတယ်၊ နိုင်နိုင် ဦးမိုးဇော်ကို မချစ်ဘူး၊ နိုင်နိုင်ချစ်တာ မဟူရာစိုးပါ"

"ဘာရယ် နိုင်နိုင်"

ကျွန်မနားကိုပင် ကျွန်မ မယုံချင်။ မိုးသံလေသံဗလုံးဗထွေးကြားမှာ ကျွန်မနားအကြားမျှား မှားလေရော့သလား။ နိုင်နိုင်ချစ်တာ မဟူရာစိုးဆိုပါလား။

စောစောက နိုင်နိုင်နဲ့ မဟူရာစိုးတို့ရဲ့ ဆက်ဆံရေးအနေအထား ကျွန်မအာရုံထဲ ပြန်ပေါ်လာသည်။ အသားညိုညို ထောင်ထောင်မောင်းမောင်း ကျစ်လျစ်သော အသားအရေ နှုတ်ခမ်းမွှေးစစနှင့်ယဉ်စစ ရှိသူလို့ မှတ်ချက်ပြုနိုင်သည်။ မဟူရာစိုး အပေါ် နိုင်နိုင်ဆက်ဆံရေးက ပျူငှာချိုသာမှု အလျဉ်းမရှိ။ မဟူရာစိုးလျှောက်လဲ ပြောဆိုနေသမျှကို ပယ်ချကာ နင်ပဲငဆ ပြန်ပြောနေသည်မှာ အနားမှာထိုင်နေသော ကျွန်မပင် မျက်နှာပူခဲ့ရသည်။ အားနာခဲ့ရသည်။ နောက်ဆုံးစကားဝိုင်းက ပြေလည်မှုမရ အဖြေမထွက်ဘဲ ခွဲခွာကြတော့ ဘီယာဆိုင်ထဲဝင်သွားသော မဟူရာစိုး။ မကြာခင် ထွက်ပေါ်လာသော ကာရာအိုကေမှ မဟူရာစိုးရဲ့အသံ။ ဆိုသည့် သီချင်းက မေ့အချစ်မြား။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မိန်းကလေးတို့ရဲ့ အပြင်ပန်းသဏ္ဌာန်နှင့် အတွင်းသဘော ကွဲပြားခြားနားမှုကို ကျွန်မ မမျှော်လင့်ဘဲ တွေ့မြင်သိရှိလိုက်ရသည့်အတွက် နိုင်နိုင့်အပေါ် နားလည်ရခက်ခဲသွားသော်လည်း ထိုအခွင့်အရေးသည် နိုင်နိုင်ပိုင်ဆိုင်သော အခွင့်အရေးဖြစ်ပါ၍ ပါဝင်စွက်ဖက်ရန်မသင့်သည့် အနေအထားလည်း ဖြစ်သည်။ အချစ်သည် လေးစားမှု၊ အထင်ကြီးမှုမှ ပေါက်ဖွားလာသည်ဟု ကျွန်မနားလည် လက်ခံထားသည်ဖြစ်ရာ အထင်ကြီး လေးစားရင်းစွဲ မရှိသော ထို သူစိမ်း မဟူရာစိုးအပေါ် နိုင်နိုင့်ချစ်ခြင်းကိုတော့ ကျွန်မ နားမလည်နိုင်တော့ပါ။

"ဟော. . . ပန်းဇင်ရွာကို မြင်နေရပြီဟေ့"

လှေဦးမှ တစ်ယောက်တစ်ပေါက် ပြောဆိုသံတွေကြောင့် အတွေးရေကြောဆန်နေသော ကျွန်မရော နိုင်နိုင်ပါ လှေနံဘေး တာလပတ်များကြားမှ ခေါင်းထိုးကြည့်တော့ စိမယောင်ပြုနေသော မိုးမှုန်များကြားတွင် ကျွန်းတောင်စုစု ပန်းဇင်ရွာကလေးကို ခပ်ဝါးဝါး မြင်ရလေသည်။

"နိုင်နိုင်ရေ. . . အရင်မြင်နေကျ ငွေးဖောင်တွေရော သိပ်မတွေ့ရဘူးနော်၊ ဘာဖြစ်လို့လဲ"

"ဒီရာသီက ငွေးဖောင်တွေသိမ်းပြီလေ ဆရာမရဲ့၊ ရွာနဲ့ အတော်လှမ်းတဲ့နေရာတွေက သိမ်းကုန်ပြီ၊ ရွာနီးဝန်းကျင်လောက်သာ ကျန်တော့တာ၊ သကြြန်လွန်လို့ မုတ်သုန်တောင် နီးနေပြီကော၊ စိတ်မပူပါနဲ့ ငွေးဖောင်သိမ်းပေမယ့် ပုစွန်ပိုက်ပစ်တာတို့၊ ကင်းနင်းတာတို့၊ မကာန်းရှာတာတို့ လုပ်ငန်းတွေ အများကြီးပါ၊ ရွာရောက်တော့ တွေ့ပါလိမ့်မယ်၊ ဟောကြည့်. . . ပြောရင်းဆိုရင်း ရွာဝင်ခါနီးမှ မိုးပြန်သည်း လာပြန်ပြီ"

မိုးကား စောစာကထက် နှစ်ပြန်သည်းကာ ကမ်းဝင်မည့် ဝမ်းထိုင်လှေကလေးကို အညှိုးတကြီး နှိပ်စက်ညှင်းပန်းနေပြန်သည်။ မြန်မြန်ရောက်ပါတော့။ ရွာဆိပ်ဦးဆီ မြန်မြန်ရောက်ပါတော့။ အလို. . . လှေက ဘယ့်နှယ်ကျောက်တံတားမှာ မကပ်ဘဲ အိမ်အနောက် ကျပ်စင်ဆီမှာ ထိုးဆိုက်နေပါလိမ့်။

"မိုးကြီးနေတယ်၊ ကျောက်တံတားအထိ မသွားတော့ဘူး၊ ဒီကပဲ တက်ကြတော့"

လှေသားတစ်ဦး၏အသံ မိုးသံကြားထဲ ဖောက်ထွက်လာတော့ ကျွန်မ တော်တော်စိတ်ညစ်သွားပြီး ရန်ကုန်က စည်းကမ်းမဲ့ ကားစပယ်ယာတွေကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သတိရသွားသည်။ ဘယ်လောက်များ မျက်နှာလွှဲခဲပစ်နိုင်လိုက်သည့် ကိစ္စပေနည်း။ တံငါရွာတို့ ထုံးစံကျပ်စင်သည် ကျွန်းရွာကလေး၏ ကမ်းစပ်တစ်လျှောက်လုံး အနား သတ်ထားသည့် အဆင်တန်ဆာ အလှတရားတစ်ခု။ သည်မှာပင် ငွေးလှမ်း၊ သည်မှာ ပင် ငွေးထောင်း၊ သည်မှာပင် ပုစွန်ရွေး၊ သည်မှာပင် ပုစွန်ခြောက်လှမ်း၊ ရေလုပ်ငန်းတို့၏ ပင်မသွေးကြော ရှင်သန်ရာနေရာ။

ကျွန်မ သည်နေရာမှာ နေဝင်နေထွက် သဘာဝတရားကြီး၏ ဖမ်းစားညှို့ငင်မှုကို ခံရဖူးသည်။ သည်နေရာမှာ ရေပြင်ထက်တွင် တပြန့်တပြော မြင်နေရသော ပြာတာ တာ ပိုက်ခံငွေးဖောင်အတင်အချကို လေ့လာသင်ယူဖူးသည်။ သည်နေရာမှာ လေနှင် နေသဖြင့် မာယာဆန်းချီ ပလီချင်တိုင်းပလီနေသော ရွှေလျားတိမ်ပန်းချီတို့ နောက် တကောက်ကောက် လိုက်ဖူးသည်။ သည်နေရာမှာ ငှက်တုန်းကြီး၊ ငှက်နွား၊ သိမ်းစွန် စသော ပင်လယ်ငှက်တို့ အစာရှာထွက်သော တောင်ပံထက်တွင် ခိုတွယ်လိုက်ပါ ဖူးသည်။ သည်နေရာမှာပင် ပင်လယ်လေ တဝီးဝီးကြား ငါးကင်၊ ပုစွန်ကင်၊ ငါးပိသုတ် စသော ပင်လယ်စာများဖြင့် ထမင်းမြိန်ဖူးသည်။ ယခု သည်နေရာမှာ ကမ်းပေါ်တက်ဖို့ ကိစ္စကျတော့. . .

အင်းလေ. . . သည်ကတက်ဆိုလည်း တက်ရုံပေါ့။ ရွေးချယ်စရာ အခွင့်အလမ်း မှ မရှိဘဲဟာ။ မိုးသည်းသည်းမှာ ထီးလည်းဆောင်းလို့မဖြစ်။ ဒီအတိုင်း အစိုခံတက်ရုံ ပေါ့။ လှေအဆင်းမြင်းအတက်တဲ့. . . အခုဟာက ကျပ်စင်အတက် သတိတော့ထား မှ။ ကြည့်ပါဦး။ တက်ရမည့်ကျပ်စင်မှာ ရင်ခေါင်းမကမြင့်နေပြီး လှေက အောက်ခြေမှာ ပြားပြားဝပ်နေသည်။ လှေကားမရှိ။ ကုန်းဘောင်မထိုး။ ဘယ်လိုကျွမ်းကျင်မှုမျိုးနှင့် အပေါ်တက်ရပါ့။ ကျွန်မ တွန့်ဆုတ်တွေဝေနေသည်နှင့် နိုင်နိုင်ပင် ဘယ်လို အပေါ် ရောက်သွားသည်မသိ။

ကျွန်မ ထဘီကို တိုတိုပြင်ဝတ်ကာ ခရီးဆောင်အိတ်နှင့် ဖိနပ်ကို နိုင်နိုင့်ထံ ကမ်းပေးလိုက်သည်။ သို့နှင့်တိုင် ဘယ်လိုစတင်ရမည် မသိ။ လက်ကို အားပြုရမည် လား။ ခြေကို အားပြုရမည်လား။ လက်ကို အားပြုရမည်ဆိုလျှင် ဘယ်မှာလဲ တွယ် စရာ။ ခြေကို အားပြုရမည်ဆိုလျှင် ဘယ်မှာလဲ နင်းစရာ။

"လှေဆရာတို့ ဆရာမကို ကူညီကြပါဦး"

နိုင်နိုင့်အသံ မဆုံးမီ. . .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အနောက်မှ လူတစ်ယောက်လား နှစ်ယောက်လား ချိုင်းမှ မ,ချီခြင်းခံလိုက်ရ၍ အပေါ်မှ လူသန်ကြီးတစ်ယောက်ရဲ့ ဆွဲယူခြင်းကြောင့် အပေါ်ကို မြောက်ခနဲ ရောက်သွားသည်။ အသည်းအေးခနဲ လူကလည်း လေဟာနယ်ထဲ ရောက်သွားသလို။ ကိုးယိုးကားယား အချိုးအစားမကျဖြစ်နေမည်မှာ သေချာသည်။ ကျွန်မ ရှက်ရွံ့အားနာစွာ ရှိန်ခနဲ မျက်နှာပူသွားသော်လည်း ဘာမှမတတ်နိုင်။ သည်ကွေ့ရောက်တော့မှ သည်တက်နှင့် လျော်ရုံပေါ့။ လိုရာခရီးရောက်ဖို့သာ အဓိက။ လိုရာခရီးရောက်ဖို့ ကန့်သတ်ဘောင်ခတ်ထားသော ဖေးမကူညီမှု အတိုင်းအတာတစ်ရပ်တော့ လိုကို လိုအပ်နေသည့် အနေအထား။ အပေါ်ရောက်တော့လည်း မအေးသေး။

"ကျပ်စင်ပေါ်မှာ ကြာကြာရပ်မနေကြနဲ့၊ အတွင်းဘက် သွက်သွက်လျှောက်ကြ၊ မနေ့က ဒီနားမှာ ကျပ်စင်ပြိုကျပြီးပြီ၊ ကျလိုက်ရင် ဘယ်သူမှသက်သာမှာ မဟုတ်ဘူး၊ အောက်မှာ စူးငုတ်စူးချွန်တွေ ပေါပါဘိ၊ အတွင်းဘက်သာ မြန်မြန်သွားကြ၊ ဟော့. . . ပြောနေတာ မကြားကြဘူးလား၊ သွားကြလေ"

ဘုရား. . . ဘုရား. . . ၊ မိုးကလည်းမည်း၊ လှေသမားရဲ့အသံဝါဝါကြီးက ခြိမ်းခြောက်၊ ကြောက်စိတ်တွေ အထွတ်အထိပ်ရောက်နေသည့်အထဲ ကျပ်စင်မှာ ရေတိုးလို့ လှုပ်တုတ်တုတ်ယိုင်တိုင်၊ အခင်း (မဒမ) တိုင်တွေက မခိုင်သည့်နေရာမခိုင်။ သံပြုတ်သည့် နေရာပြုတ်။ ကိုယ့်ခြေအနှုတ်အသိမ်းကိုမှ စိတ်မချရ။ အချိန်မရွေး ကြမ်းကျွံချော်လဲ။ ဒူးကွဲ၊ ပေါင်ရှနိုင်သည့် အနေအထား။ အိုး. . . လျှောက်မည့်သာ လျှောက်နေတာ၊ ကျပ်စင်ခရီးက ရှည်လျားလှပါလား။ ကျွန်းတောင်ကို မှီထားသော်လည်း ရေထဲ တစ်ဝက်တွဲလွဲကျနေသော ပန်းဇင်ရွာသည် ကျပ်စင်တံတားကိုသာ အားပြုသွားလာရသည်ကို ကျွန်မ မသိမဟုတ်။ သိနေသားပင်။ ထိုတံတားပေါ်မှ ဖြတ်လျှောက်တိုင်း ရင်ခုန်စိတ်လှုပ်ရှားမှုတွေက ဘယ်တော့မှ မရိုးနိုင်စွာ။ အခုနေအခါမှာတော့ ကျွန်မ အတွက် အလိုအပ်ဆုံးအရာဟာ ခြေချစရာ မြေကြီးတစ်နေရာပါပဲ။

နောက်ဆုံးတော့ ကျွန်မတို့ လိုရာခရီးသို့ ရောက်ခဲ့ရသည်ပင်။ လိုရာခရီးကို ရောက်ဖို့ ကူပံ့ထောက်ကူမှုတွေကို မလွှဲမသွေ လက်ခံယူခဲ့ကြရသည်ပေါ့။ ဒါတွေကို ငြင်းပယ်နေလျှင်ဖြင့် လိုရာခရီးသို့ မရောက်နိုင်။

ထိုခဏ၌ပင် ကျွန်မ နိုင်နိုင့်အပေါ် နားလည်သလို ရှိလာသည်။ နိုင်နိုင့် ဘဝခရီးကား မဆုံးသေး။ ရွှေရင်ဆို့ စိုင်တမော့ မြိုင်တစ်ကြော့မှာ အသော့သော့ငင်ဆုံတွေ့နိုင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သေးသည်။ အဆင်းခက်ခက်၊ အတက်ကြမ်းကြမ်းမှာ ပင်ပန်းနွမ်းနယ်နိုင်သေးသည်။ အသက်သုံး ဆယ့်နှနှစ်အရွယ် အလုပိုင်ရှင် မုဆိုးမမိန်းမကောင်းလေးအတွက်တော့ သင့်မြတ်လျော်ကန်သော ကူပံ့ထောက်ကူမှုတွေနှင့် ကြုံစေချင်သည်။

နိုင်နိုင်တစ်ယောက် အချစ်နှင့် ကျားကန်ပေးသော ကြားခံအရာဝတ္ထု တန်ဖိုး အတိမ်အနက်ကို ချိန်စက်၍ ရှေ့ဆက်နိုင်ပါစေ ဟူ၍သာ။

***လုံမလေးမဂ္ဂဇင်း***
*အတွဲ ၁၈၊ အမှတ် ၂၀၉၊*
*နိုဝင်ဘာလ၊ ၂၀၀၂ ခုနှစ*

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# လွှမ်းတတ်အောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



# လွမ်းတတ်အောင်

လက်တစ်ကမ်းမှာ နီးကပ်စွာရှိပြီး လူတွေမေ့လျော့နေတဲ့ ဖြစ်ရိုးဖြစ်စဉ်ဟာ အခု တလောမှာ မှတ်မှတ်ထင်ထင် ဖြစ်ပျက်သွားတယ်ဆိုရင် ခင်လွမ်းအောင်ဆိုတဲ့ သူငယ်ချင်းကလေးအတွက် အဲဒီ ဆိုးရွားလှတဲ့ကံကြမ္မာကို ငြိုးမာန်ဖွဲ့ရမှာပါပဲ။

အလုပ်တာဝန်ဝတ္တရားတွေရဲ့ တရစပ်မောင်းနှင်အားကြောင့် နံနက်နေ့ည သံသရာဝဲဩဃထဲ စုန်ဆန်လူးလာခိုက်မှာ ပုထုစဉ်လူသားပီပီ သေခြင်းတရားကို မေ့လျော့နေမိခြင်းဟာလည်း တကယ်ဆို ယိုးမယ်ဖွဲ့အပြစ်ဆိုစရာတော့ မဟုတ်ပေဘူး။

ကိုယ်မခံစားနိုင်ဘူး ခင်လွမ်းအောင်။

သူတို့ ခင်လွမ်းအောင်ရဲ့အကြောင်းတွေ ပြောနေကြတယ်။ တစ်နည်းအားဖြင့် ခင်လွမ်းအောင်ကို လွမ်းနေကြတယ်ပေါ့။

သာမန် လုပ်ဖော်ကိုင်ဖက်တစ်ယောက်အနေထက် ပိုမိုရင်းနှီး ပွန်းတီးခဲ့တဲ့ တို့ နှစ်ယောက်ဆက်ဆံရေးဟာ လူတကာ လွမ်းတယ်ဆိုတာထက် နက်ရှိုင်းကျယ်ပြန့်မှု ရှိတယ်ဆိုတာ ဘယ်သူမှမသိနိုင်တဲ့ ကိုယ့်တစ်ယောက်တည်းရဲ့ ခံစားချက်ရယ်ပါ။

အားလပ်တဲ့အချိန် ဆရာ၊ ဆရာမများနားနေခန်းမှာ "ခင်လွမ်းအောင်ကို သတိရ လိုက်တာ သူရှိရင်လေ" ဆိုပြီး တစ်စုံတစ်ယောက်က အစချီလိုက်တဲ့အခါ မင်းရဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အမူအကျင့်တွေ၊ မင်းရဲ့လှုပ်ရှားမှုဟန်ပန်တွေ၊ မင်းရဲ့ဟာသဉာဏ် အာဝဇ္ဇန်းတွေ တစ်ယောက်တစ်ပေါက်ပြောနေကြတာများ မင်းတစ်ယောက် အခုပဲရောက်ရှိလာသလို ဒီဝန်းကျင်ကလေးထဲ ပုံရိပ်တွေထင်ဟပ်နေတော့တယ်။

အဲဒီလို ခင်လွမ်းအောင်အကြောင်း ရောက်တတ်ရာရာ ပြောဆိုနေကြသံတွေဟာ ရုံးခန်းနဲ့ကပ်လျက် စတိုခန်းထဲက ဒုန်းခနဲ တစ်စုံတစ်ရာ ကျဆင်းမြည်ဟည်းသံကြောင့် ရုတ်တရက် အတိတ်ဆိတ်ကြီး တိတ်ဆိတ်သွားပါတော့တယ်။ အခန်းထဲက လူတွေဟာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မင်သက်နေချိန်မှာပဲ အဲဒီလူမရှိတဲ့အခန်းထဲက စာရွက်လှန်သံတဖျတ်ဖျတ်ကို သဲသဲကွဲကွဲကြီး ကြား လိုက်ရတော့တယ်။

"ဘုရားရေ. . . ခင်လွမ်းအောင်များလား"

ဘာမဆို ထိရှခံစားလွယ်တဲ့ အေးအေးမူရဲ့ မဆုတ်မဆိုင်း နှုတ်ထွက်စကားကြောင့် အခန်းထဲရှိ လူတွေအားလုံးရဲ့မျက်နှာမှာ သံသယအရိပ်အငွေ့တွေ ဖြတ်သန်းသွားတာ တွေ့လိုက်ရတယ်။ ဒါပေမယ့် ကိုယ်ကတော့ မယုံကြည်ပါဘူးကွယ်။ ကိုယ့်ရဲ့ သူငယ်ချင်းကလေးဟာ အယူလွဲပြီး မကောင်းတဲ့ဘုံဘဝကို ရောက်ရှိနေမယ်လို့ ဘယ်လိုမှ ထင်မြင်ယုံကြည်လို့မရခဲ့ဘူး။

"ဘယ်သူမှမရှိတဲ့ အခန်းထဲကမြည်သံကို စုံစမ်းရအောင်ဟေ့"

စိတ်မြန်လက်မြန် ကြည်ကြည်လွင်က ဦးဆောင်ပြီး ဗီရိုကြီးတွေနဲ့ စာရွက်စာတမ်းပုံတွေသာထားရှိတဲ့ စတိုခန်းထဲဝင်သွားတယ်ဆိုရင်ပဲ သက်ရှိနဲ့တူတဲ့အရာ ဘာမှမတွေ့ကြရဘူး။ အားလုံးဟာ နေရဲ့အလင်းရောင်အောက်မှာ သူ့နေရာနဲ့သူ နေသားတကျ။

"ရှာကြပါဦးဟဲ့၊ ကြွက်တွေ ကြောင်တွေများလား"

အားလုံးရဲ့ ရင်ထဲမှာတော့ စောစောကကြားလိုက်ရတဲ့ အသံရဲ့အဖြေကို သိချင်နေကြတယ်။ မသိရရင် သို့လော. . . သို့လောနဲ့ သံသယပွားနေကြမှာလေ။ ဒါကြောင့်အဖြေတစ်ခုကို သည်းကြီး မည်းကြီး ရှာနေကြတယ်။

"ဟောတော့ . . . ဒီမှာလာကြည့်ကြပါဦး"

အသည်းငယ်တတ်တဲ့ အေးအေးမူရဲ့ ထိတ်လန့်တကြား အော်သံကြောင့် အသံလာရာဆီကြည့်လိုက်တော့ ဗီရိုအောက်ခြေတစ်နေရာမှာ ခွေနေတဲ့ အကောင်ရှည်တစ်ကောင်။ အစိမ်းနဲ့အဝါကြား ငန်းတော်ကြားလေလား။ ဘယ်တုန်းကဝင်နေမှန်း

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

မသိတဲ့မြွေဟာ လူသံကြားလို့ ခေါင်းထောင်လာတယ်ဆိုရင်ပဲ လျှာကလေးက တစ်လစ်ထွက်လို့။

မိန်းမသားချည်းမို့ ဒီမြွေကို ဘယ်သူမှ မနှင်ရဲကြဘူး။ "ခင်လွမ်းအောင်မှ ခင်လွမ်းအောင်အစစ်" လို့ ကြည်ကြည်လွင်က အတည်ပြုလိုက်တဲ့အခါ ကိုယ်မခံစားနိုင်တော့ဘူး သူငယ်ချင်းရယ်။ မင်းတကယ်ပဲ တို့ဆီပြန်လာတာလား။ တို့တစ်တွေရှိတဲ့ နေရာဌာနကို မင်းစိတ်စွဲပြီး ပြန်လာတာလား။ စကားပြောရင် နှုတ်ခမ်းကို လျှာကလေးနဲ့သိမ်းသိမ်းပြီး ပြောတတ်လေ့ရှိတဲ့ ခင်လွမ်းအောင်ရဲ့ အမူအကျင့်ဟာ မြွေတစ်ကောင်ရဲ့အမူအကျင့်နဲ့ ထပ်တူကျနေတာဟာ သာမန်တိုက်ဆိုင်မှုတစ်ရပ်တော့ ဟုတ်ဟန်မတူဘူး။ ကိုယ့်ရဲ့ယုံကြည်မှုတွေ ယိမ်းယိုင်တွေဝေအောင် မကျီစားပါနဲ့ သူငယ်ချင်းကလေးရယ်။

"ငါက နဂါးသိုက်ကလာတာကွဲ့။ ဒါကြောင့် ငွေကျောင်းပိတ်တဲ့အခါ ငါ့ဇာတိမြို့ကိုပြန်ပြီး သိုက်ပွဲပေးတာတို့၊ သိုက်ကြိုးဖြတ်တာတို့ ပြန်လုပ်နေရတာပေါ့၊ ငါတို့မြို့အရှေ့မြောက်ဘက်မှာ မဟာဂန္ဓာရီတောင်ကုန်းဆိုတာ ရှိတယ်။ အဲဒီနေရာဟာ စရဏအကျင့်ကို ကျင့်ကြံအားထုတ်သူတွေရဲ့ နေရာလည်းဖြစ်တယ်၊ သစ်ပင်ကြီးငယ်တွေအောက်မှာ ဒန်းတွေ ဆင်ထားလိုက်တာမှ အများကြီး၊ အမယ် စာတမ်းတောင်ချိတ်ဆွဲထားသေးရဲ့ 'သိုက်နန်းရှင်များအတွက်သာ' တဲ့၊ သိုက်နန်းရှင်တွေလာစီးလေ့ရှိတဲ့ ဒန်းတွေပေါ့၊ ငါကျန်းမာအသက်ရှင်ဖို့ အဲဒီက အဘဘိုးတော်နဲ့ သွားကုနေရတာလေ"

အဲဒီလို မရောင်ရာဆီလူး၊ အယူသီးအယူလွဲတဲ့ အစွဲအလမ်းတွေဟာ ခင်လွမ်းအောင်ရဲ့ အသွေးအသားဝိညာဉ်ထဲ ပူးဝင်စွဲကပ်နေတာ နှစ်တွေကြာခဲ့ပါပြီ။ ဒီလို မရှိကိုအရှိထင်၊ မဟုတ်တာကို အဟုတ်ထင်တဲ့ အထင်မှား အမြင်မှားတွေဟာ နောက်ဆုံး ခင်လွမ်းအောင်ကို သေတွင်းထဲဆွဲချသွားတဲ့ နတ်ဆိုးမိစ္ဆာတွေပဲပေါ့။ ကိုယ်ရုံးခန်းထဲက ပြေးထွက်ပြီး မင်းနဲ့ကိုယ် အမြဲတမ်းလုကောက်လေ့ရှိတဲ့ ခရေပင်ကြီးအောက်မှာ သွားရပ်နေမိတယ်။ လေအဝေ့မှာ ခရေပွင့်ကလေးတွေ တဖြုတ်ဖြုတ်ကြွေနေတာကို ဒီအတိုင်းငေးကြည့်နေမိတယ်။ ကိုယ် ခရေမကောက်တာကြာပြီ ခင်လွမ်းအောင်။ မင်းမရှိကတည်းက အိုး. . . မဟုတ်ဘူး။ မင်းရှိစဉ် မင်းနဲ့အချေအတင် ကတောက်ကဆဖြစ်ပြီးကတည်းက ခရေမကောက်ဖြစ်တော့တာပါ။ ဒီကနေ့တော့ နှင်းဆွတ်လန်းစင်နေတဲ့ ခရေပွင့်ကလေးတွေကို ဖွဖွကောက်ပြီး နှာဝမှာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရှိုက်နမ်းမွှေးကြူလိုက်တဲ့အခါ မင်းကို သတိရလွမ်းတစိတ်တွေဟာ သွေးကြော တစ်လျှောက် စီးဆင်းသွားတော့တယ်။

“ငါက ခရေပန်းကို နှစ်သက်တာထက် အားနာသမှုနဲ့ ကောက်တာပါကွယ်၊ မင်းစဉ်းစားကြည့်လေ မေချို၊ တခြားပန်းတွေက ပင်ယံထက်မှာ တလူလူမော့နေပြီး ခူးမှ၊ ဆွတ်မှ၊ ချူမှရနိုင်တဲ့အချိန်မှာ ဟောဒီ ခရေပွင့်ကလေးတွေက လူတွေ အသင့်ကောက်ယူရုံ ကြွေဆင်းပေးလေ့ရှိတာမို့ သဘောကောင်းလှတဲ့ ပန်းကလေးတွေကို အားနာသမှုနဲ့ ကောက်ယူရတာပါ၊ သူတို့များများကြွေလေ များများအားနာလေပဲ”

အဲဒီလို သူများမတွေးတဲ့ ကြောင်တောင်တောင်အတွေးမျိုးတွေရှိပေမယ့် ခင်လွမ်းအောင်ဟာ လူချစ်လူခင်ပေါ်ရှာတယ်။ ‘ရေစက်’ ဆိုတဲ့စကား မင်းဘယ်လို နားလည်သလဲ ခင်လွမ်းအောင်။ ကိုယ်ကတော့ သံသရာကို ယုံကြည်သူမို့ အကြောင်း ရေစက် ပေါင်းဖက်တွေ့ဆုံမှုဟာ အတိတ်ဘဝကံကောင်းမှု ကုသိုလ်အကျိုးပေး ထက်သန်မှုနဲ့ သက်ဆိုင်တယ်လို့ ထင်ပါတယ်။ ကျယ်ပြောလှတဲ့ သံသရာစက်ဝိုင်းထဲမှာ ကျင်လည်ရင်း အနယ်နယ်အရပ်ရပ်ကနေ ဒီနေရာကလေးမှာ လာရောက်စုဝေး တွေ့ဆုံ၊ နေထိုင်ရတယ်ဆိုတာ တော်ရုံရေစက် မဟုတ်ဘူးနော်။

ကိုယ်တို့တာဝန်ကျတဲ့ အထက်တန်းကျောင်းကြီးဟာ ကမ်းရိုးတန်းမြို့ကလေး တည်ရာ ကျွန်းကြီးပေါ်က ဆင်ခြေဖုံးရွာကလေးတစ်ရွာမှာတည်ရှိပြီး မိဝေးဖဝေး စုဝေးရောက်ရှိ တာဝန်ထမ်းနေရခိုက် ညီအစ်မရင်းချာတွေလို ချစ်ခင်ရင်းနှီးကြရတယ်။ ရွာကလေးရဲ့ ကျက်သရေဆောင် ကျောင်းကြီးကတော့ ကျေးလက် ရင်သွေးတွေကို ကြင်နာစွာ ပညာရင်ငွေ့ပေးနေလေရဲ့။ ကားလမ်းမပေါ်က ဆီးကြည့်လိုက်ရင် ကုန်းမို့မို့ မြက်ခင်းစိမ်းစိမ်းပေါ်က အထင်ကရ အဆောက်အအုံကြီးရဲ့ ခန့်ညားထည်ဝါ မှုဟာ ကျောင်းရဲ့ ပင်မဒေါက်တိုင်ဆရာ၊ ဆရာမတွေရဲ့ အုပ်ချုပ်မှုစွမ်းရည်၊ စည်းရုံးမှု စွမ်းရည်၊ သင်ကြားမှုစွမ်းရည်ကို ချီးပဂုဏ်တင်ရာ ဌာနကြီးပေါ့။

ကျောင်းကနေ တစ်ဖာလုံသာသာအဝေး ကျွန်းမကြီးရဲ့ ကားလမ်းအဆုံးမှာတော့ ပင်လယ်ဝကို ရိုးတိုးရိပ်တိတ်လှမ်းမြင်နိုင်တဲ့ မြစ်ကမ်းနဖူး ရွာဆိပ်ဦးတစ်ခုရှိလေရဲ့။ မြစ်ရဲ့ ဟိုမှာဘက်ကမ်းမှာတော့ ကျောက်ဖျာရွာ၊ ကဘင်ရွာစတဲ့ ဥယျာဉ်နဲ့တံငါ ပေါင်းစပ် အသက်မွေးတဲ့ရွာကလေးတွေ တစ်သီတစ်တန်းကြီးပေါ့။

ကိုယ်တို့တပည့်တွေဟာ လှိုင်းထန်နေတဲ့မြစ်ပြင်ကို လက်ကုတ်လှေကလေးတွေ၊ စက်တပ်သမ္ဗာန်ငယ်ကလေးတွေနဲ့ကူးလာပြီး ဒီဘက်ကမ်းမှာ ကျောင်းလာတက်ရလေ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရှိတယ်။ ဒီနေရာက ကလေးတွေဟာ ကျောင်းအားတာနဲ့ မိဘတွေနဲ့အတူ ငွေးဖောင်ချတဲ့ဆီ၊ စန္ဒားဖော်တဲ့ဆီ၊ ဥယျာဉ်လုပ်တဲ့ဆီ ပါသွားလေ့ရှိကြတာမို့ သူတို့ရဲ့ ဘဝရှင်သန်မှုဟာ ခက်ခဲပင်ပန်းလှပါတယ်။

ရာသီအလိုက် ပေါ်လာလေ့ရှိတဲ့ ခူလှေလိုက်၊ ကဏန်းမြှုံးထောင်၊ ရှပ်ခရုရှာအလုပ်တွေနဲ့ ကျောင်းပျက်ရက်များတဲ့ ကလေးတွေကိုတော့ ဆရာမတွေဟာ ရင်နာနာနဲ့ နားလည်မှုပေးပြီး အချိန်ပိုလုပ်အားတွေ ပေးဆပ်ရပြန်ပါတယ်။ မြို့ပြနဲ့ အလှမ်းဝေးလို့ စားသောက်ဖွယ်ရာရှားပါးတဲ့ကာလမှာ ကိုယ်တို့တစ်တွေ နေပျော်ဖွယ်ရာ အနေအထားတစ်ရပ်ကို ဖန်တီးပေးခဲ့တဲ့အရာတွေပေါ့။ ရတာကလေးနဲ့ ဝအောင်စား၊ ရှိတာကလေးနဲ့ လှအောင်ဝတ်ပြီး ကိုယ်တတ်ထားသမျှ အသိပညာ၊ အတတ်ပညာတွေကို ဆရာစားမချန်၊ သွန်ထိုးအန်ချ သင်ပြခဲ့ရတဲ့ဘဝလေးထဲမှာ ကိုယ်တို့အားလုံး နေသားကျခဲ့ကြတယ်။

တစ်ခုသော ဒီဇင်ဘာကျောင်းပိတ်ရက်မှာ ကလေးတွေနဲ့အတူ သဲတန်းဘက် ခရီးထွက်ခဲ့ရတဲ့ အတွေ့အကြုံကလေးကတော့ တစ်သက် မမေ့ရက်နိုင်စရာ အဖြစ်အပျက်ကလေးပေါ့။

ကိုယ်နဲ့ ခင်လွမ်းအောင်အပါအဝင် ဆရာမငါးယောက်ဦးဆောင်တဲ့ လူနှစ်ဆယ့်ငါးယောက်အဖွဲ့ဟာ မိုးလေကင်းစင်နေသာတဲ့နေ့ကလေးကို ရွေးချယ်ပြီး သဲတန်း ဘက်ဆီ ရေလမ်းခရီးထွက်ခဲ့ကြတယ်။ သဲတန်းကိုသွားချင်ရင် သစ်ယာဝရွာဆီဦးတည် ပြီး သွားရမှာလေ။ ရွာဆိပ်ကနေ စက်တပ်လှေကလေးနဲ့ ထွက်လာတော့ နေသာနေပေမယ့် လှိုင်းကြက်ခွပ်ကလေးတွေရဲ့ တွန်းထိုးကျီစယ်မှုကြောင့် ရေလမ်းခရီး အတွေ့အကြုံမရှိတဲ့ ကိုယ်တို့တစ်တွေဟာ မျက်စိမျက်နှာပျက်လောက်အောင် ချောက်ချားနေခဲ့ကြတယ်။

မြစ်ပြင်ကထွက်လာပြီး ပင်လယ်ဝကိုရောက်တာနဲ့ ကမ်းဝေးလှတဲ့ ရေပြင်ကျယ်ကို ဘွားခနဲမြင်တွေ့လိုက်ရမှုကလည်း ကိုယ်တို့ကို ထိတ်လန့်စေတယ်လေ။ အဆီးအတားမဲ့ ပင်လယ်လေရဲ့ လန်းဆန်းသန့်စင်မှုတွေက ကိုယ်တို့ရဲ့စိတ်တွေကို ကြည်လင်တက်ကြွမှုမပေးနိုင်လောက်အောင် စိုးထိတ်မှုတွေနဲ့ ငြိမ်သက်နေကြချိန်မှာ ခင်လွမ်းအောင်ရဲ့ စီလောင်သွက်လက်တဲ့အသံဟာ လှေပေါ်မှာ လွင့်ပျံပေါ်ထွက်လာတော့တယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"မယုံရင်လည်း ပုံပြင်မှတ်ကြပေါ့ကွယ်၊ ကိုယ်တွေ့ကလေး တစ်ခုပြောပြမယ်၊ တစ်ချိန်တစ်ခါတုန်းက ရန်ကုန်-မော်လမြိုင်ရထားလမ်းဟာ မှောင်ခိုတစ်ခေတ် ထွန်းသစ်ခဲ့ရာနေရာပေ့ါ၊ မော်လမြိုင်ကနေ ရန်ကုန်ကို ရထားနဲ့သွားတော့မယ်ဆိုရင် ထူးခြားတာတွေ ကြုံတွေ့ရလေ့ရှိတယ်။ တစ်နေ့တော့ အလုပ်ကိစ္စနဲ့ ရန်ကုန်ကိုအလာ လွန်းပျံရထားပေါ်မှာ ကြုံရပုံက ရထားစထွက်တာနဲ့ လူတစ်ယောက် ခရီးသည်တွေကို ဆင်ကြယ်ဖိနပ်တစ်ရံစီ လိုက်ကမ်းပေးနေတယ်။ ဒါလေး ကျေးဇူးပြုပြီးစီးထားပါပေ့ါ။ ခရီးသည်တွေကလည်း ဘုမသိ ဘမသိ ဖိနပ်ဟောင်းကလေးတွေချွတ်ပြီး ဆင်ကြယ် ဖိနပ်တွေ စီးထားကြတာပေ့ါ။

ဟော. . တော်နေကြာတော့ နောက်တစ်ယောက်က နေကာမျက်မှန်တွေ တစ်လက်စီလိုက်ပေးပြန်ရော။ ဒါလေးတပ်ထားပါပေ့ါ။ တော်ကြာ နောက် တစ်ယောက်က ရေမွှေးပုလင်းကလေးတွေ တစ်ယောက်စီ လိုက်ပေးပြန်ရော။ ဒါလေး ယူထားပေးပါပေ့ါ။ အလဲ့. . ဘာပြောကောင်းမလဲ၊ ရထားတစ်တွဲလုံး ဆင်ကြယ်ဖိနပ် ကိုယ်စီ၊ နေကာမျက်မှန်ကိုယ်စီ အိတ်ထဲမှာလည်း ရေမွှေးပုလင်းကိုယ်စီနဲ့ စတိုင်လ် ထွားပြီး ကြီးပွားနေကြတာ. . . ကြီးပွားနေကြတာ။

ပဲခူးအလွန် ရွာသာကြီးလည်းရောက်ရော စောစောကဖိနပ်တွေ၊ ရေမွှေးပုလင်း တွေ လာပြန်သိမ်းသွားပါရော။ ဟား. . ဟား. . လက်စသတ်တော့ မှောင်ခိုက ရှာဖွေ ရေးကို မျက်စိလှည့်လိုက်တာကိုး၊ လောကကြီးဟာ လည်သူစားစတမ်းနော်"

သူ့အတွေ့အကြုံကို သူကိုယ်တိုင်ရယ်လို့မဆုံးသလို ကိုယ်တို့အားလုံးကိုလည်း စိတ်သက်သာရာရစေတယ်လေ။

"အဲဒီမှောင်ခိုခေတ်က အမြန်ရထားဆိုတာ တစ်ဘူတာမှာ သုံးမိနစ်ပဲ ရပ်တယ် သိလား၊ သုံးမိနစ်အတွင်း လူတွေ၊ ပစ္စည်းတွေ အတင်အချလုပ်ရတော့ ရထားအတက် အဆင်း လူဝင်ပေါက်မှာ ဘယ်လိုမှ ထိုးမပေါက်နိုင်ဘူးပေ့ါ၊ ဒီတော့အပေါ်ရောက်ဖို့ ပြတင်းပေါက်ကနေ အတင်းတွယ်တက်တိုးဝင်ရတယ်၊ အဲဒီမှာ ပြတင်းပေါက်ကနေ အထဲရောက်အောင် တွန်းတင်ပေးတဲ့လူကို ပိုက်ဆံပေးရတယ်၊ တစ်ဖင်တွန်းတင် ငါးကျပ်တဲ့"

"ဟား. . ဟား. . ဟား"

ဒီတစ်ခါတော့ ကလေးတွေရော ဆရာမတွေပါ တဟားဟား ရယ်ရင်း ရင်တုန် ဖွယ်ရေလမ်းခရီးမှာ စိတ်လက်ပေ့ါပါးခဲ့ကြတာ အမှန်ပါပဲ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ဒီလို ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ ခင်လွှမ်းအောင်ဟာ သစ်ယာဝသဲတန်း ခရီးစဉ်တစ်လျှောက်လုံး တက်တက်ကြွကြွပါပဲ။ သစ်ယာဝရောက်တော့ သဲတန်းဆီ လမ်းလျှောက်ကြတဲ့အခါလည်း သွက်သွက်လက်လက်ပါပဲ။ အုန်းစိမ်းရေသောက်၊ ဓာတ်ပုံတွေရိုက်ကြတဲ့အခါလည်း ရွှင်ရွှင်လန်းလန်းပါပဲ။

အပြန်ခရီး လဟာနဲ့တိုးမှာစိုးလို့ ရေပြင်ကျယ်ကနေ မပြန်ဘဲ ကျွန်းကြိုကျွန်းကြား ကပြန်လာကြတော့ ကျရေမိပြီးကလေးတွေ လှေဆင်းတွန်းတဲ့အခါမှာတောင် ခင်လွှမ်းအောင်တစ်ယောက် သီချင်းအော်ဆိုနိုင်သေးရဲ့။

"လှေကလေးကိုလှော်မည် ဘေးမသန်းဘဲ အေးချမ်းတော့သည်" တဲ့။

တကယ်တော့ အဲဒီလှေကလေးနဲ့ ရေလမ်းခရီးအပြန်မှာပဲ ခရီးပန်းပြီး ခင်လွှမ်းအောင် ဗုန်းဗုန်းလဲခဲ့တာ မှတ်မှတ်ရရပါပဲ သူငယ်ချင်းရယ်။ နောက်ပိုင်းတော့ ကျန်းမာရေးအခြေအနေက ပြန်တက်မလာဘဲ တရှောင်ရှောင်ဖြစ်လာတာ နဂိုပိန်လှတဲ့ခန္ဓာကိုယ်က ကြုံလှီဖျော့တော့လာတာ ထင်မှတ်မထားတဲ့ ခါးသီးဖွယ်နေ့ရက်တွေပါပဲ။

ခင်လွှမ်းအောင်မှာ တီဘီရောဂါဖြစ်နေတယ်ဆိုတာ သိလိုက်ရတဲ့အချိန်မှာ အပေါင်းအသင်းတွေ တုန်လှုပ်သွားပေမယ့် သူကတော့ ခပ်အေးအေးပါပဲ။ ကျွမ်းကျင်တဲ့ဆရာဝန်နဲ့ပြသပြီး ဆေးဝါးကုသမှုကို စနစ်တကျခံယူမှုမရှိဘဲ သူ့ရဲ့ မရောင်ရာဆီလူး အမူတွေသာ ထပ်တလဲလဲ ပြုနေပါတော့တယ်။

ကျောင်းပိတ်ပြီဆိုတာနဲ့ ဇာတိမြို့ကိုပြန်ပြီး နတ်တွေ၊ သိုက်တွေနဲ့ အချိန်ကုန်တာမို့ အနာတခြား ဆေးတခြားဖြစ်ပြီး အခြေအနေက တိုးတက်မလာခဲ့ဘူး။ ဆေးဝါးကုသမှုကို စနစ်တကျမခံယူသလို အစားအသောက်ကို လိုအပ်တာထက် ပိုချွေတာနေမှုဟာလည်း ခင်လွှမ်းအောင်အတွက် သေမင်းနှုတ်ခမ်းဝဆီ မရောက်ရောက်အောင် တွန်းထိုးပို့ဆောင်သလို ဖြစ်ခဲ့ရတယ်။

သူစားလိုက်ရင် ချဉ်ပေါင်ရွက်အရည်ကျဲနဲ့ ငါးငယ်သီမီးကင်၊ ပအုန်းရည် ငါးပိဖျော်နဲ့ အရွက်ကြော်ကလေးတစ်ခွက်၊ ကြက်ဥ၊ ဘဲဥ ငါးစို ငါးစိမ်းကလေးမှမစား အူခြောက်အောင်ထားနေမှုကိုတော့ ကိုယ်အပါအဝင် အပေါင်းအသင်းတွေအားလုံး နားမလည်နိုင်ခဲ့ကြဘူး။ ဟင်းရံဖိုးချွေတာသလောက် တစ်နေ့လက်ဖက်ရည်သုံးကြိမ် သောက်လေ့ရှိတာ၊ ကလေးတွေကန်တော့တဲ့ နို့ဆီသကြားတွေကိုတော့ သောက်လေ့ မရှိဘဲ ငွေကြေးနဲ့ဖလှယ်ပြီး ကျစ်ကျစ်ပါအောင် စုထားလေ့ရှိတာတွေဟာ ခင်လွှမ်းအောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ရဲ့ကျန်းမာရေးကို ဖြိုလှဲနေတဲ့ အကြောင်းတရားတွေပါပဲ။ တကယ်ဆို တီဘီပျောက် ဆေးတွေသောက်၊ အားရှိတဲ့အစားတွေစားရင် တိုးတက်ခေတ်မီနေတဲ့ ဒီလို အချိန်မျိုး မှာ ဒီရောဂါ မပျောက်မရှိပါဘူး။ အစာလည်းဆေး၊ ဆေးလည်းအစာလို့ဆိုတယ် မဟုတ်လား။ လူတွေမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ညီညွတ်မျှတမှ အသက်ရှည် ကျန်းမာမှာလေ။

ခင်လွမ်းအောင်ဟာ သူ့ရောဂါကို ရောဂါလို့မထင်ဘူး။ ဒါကြောင့် အနေအထိုင်၊ အစားအသောက် မဆင်ခြင်ဘူး။ မိမိကိုယ်မှာ ရောဂါဖြစ်နေရင် သီးခြားပန်းကန်၊ သီးခြားခွက်နဲ့ စားသောက်စေချင်တယ်။ အခုတော့ ခင်လွမ်းအောင် စည်းကမ်းမရှိ ကိုယ့်ပန်းကန်ကိုလည်း ဆွဲစားချင်စားလိုက်တာပဲ။ ရေချိုးရင် ကိုယ့်ဆပ်ပြာခွက် ဆွဲသုံး ချင် သုံးလိုက်တာပဲ။ အိပ်တဲ့အခါ ကိုယ့်စောင်ဆွဲခြုံချင် ဆွဲခြုံလိုက်တာပဲ။

သူငယ်ချင်းအပေါ် ရင်းနှီးချစ်ခင်မှုက တခြား၊ ကျန်းမာရေး ရှုထောင့်က ဆင်ခြင် ရမှာက တခြားလို့ ကိုယ်နားလည်ထားတယ်။ လူမှုရေးမှာ အားနာသမှုနဲ့ ရောထွေးနေ ရင် ရေရှည်မှာဖြစ်ပေါ်လာမယ့် အကျိုးသက်ရောက်မှုအပေါ် ဘယ်သူတာဝန်ယူမလဲ။ ခင်လွမ်းအောင်ဟာ တစ်ခန်းတည်းအတူနေတဲ့ ကိုယ့်ကိုလုပ်သလိုပဲ အခန်းနီးချင်းတွေ ဆီလည်း စွပ်ခနဲ. . စွပ်ခနဲ ဝင်ထွက်စားသောက်တဲ့အခါ ဒါဟာ စည်းခြားသတ်မှတ် ရမယ့် အရေးကိစ္စအဖြစ်ဆုံးဖြတ်ပြီး အားလုံးရဲ့ကိုယ်စား ကိုယ်ကပဲ အမုန်းခံပြောရ တော့တာပေါ့။

အဲဒီနေ့ဟာ စိုသောလကိ၊ ခြောက်သောနေ့ပါပဲ ခင်လွမ်းအောင်။ မင်းရဲ့ ရင်းနှီး ခင်မင်မှုတွေကို ကိုယ်အပြီးအပိုင် စွန့်လွှတ်လိုက်ရတဲ့နေ့လည်း ဖြစ်တယ်။

အနေအထိုင်ဆင်ခြင်ဖို့နဲ့ ရောဂါကို ထိရောက်တဲ့ကုသမှုတွေ ပြုလုပ်ဖို့ ပွင့်ပွင့် လင်းလင်းပြောလိုက်တဲ့နေ့က မင်းကိုယ့်ကိုကြည့်တဲ့အကြည့်ကို ကိုယ်မမေ့နိုင်တော့ဘူး။ အဲဒီအကြည့်ဟာ စိမ်းကားတဲ့အကြည့်၊ နာကျင်တဲ့အကြည့်၊ နာကျည်းတဲ့အကြည့်တွေ အပြင် ဘယ်လိုအကြည့်တွေ ဖြစ်ရဦးမှာလဲ။

နောက်ပိုင်းတော့ နာကျင်ခံခက်တဲ့စိတ်တွေနဲ့ တို့နှစ်ယောက် စိမ်းကား ပြတ်တောက်ခဲ့ကြတာနော်။ ဆင်ခြင်နိုင်ရုံကလေးအတွက် သတိပေးပြောကြားခဲ့မိတဲ့ ကိုယ်ဟာ မလိုလားအပ်တဲ့အမုန်းတရားတွေသာ လက်ခံရရှိပြီးတဲ့အခါ တစ်ခန်းထဲမှာ တစ်ကမ္ဘာစီခြားခဲ့ရတဲ့ နေ့ရက်တွေကတော့ ကြမ်းရှခါးသီးလွန်းလှပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

ခရေချစ်တဲ့ကိုယ်ဟာ အားနာသမှုနဲ့ကောက်လေ့ရှိတဲ့ မင်းနဲ့ သူဦး ကိုယ်ဦး လုကောက်ခဲ့ပေမယ့် အခုကိုယ်အလျှော့ပေးပြီး မင်း တစ်ယောက်တည်း ကောက်စေခဲ့တာ၊ နောက်ပိုင်း ရောဂါလက္ခဏာ ပိုဆိုးဝါးလာတော့ မောပြီးရင်းမောနေတဲ့အခါ လစ်ဟာလာတဲ့ သင်ကြားရေးကို အပေါင်းအသင်းတွေ အလှည့်ကျ အစားဝင်ခဲ့ကြတာ။ ခင်လွှမ်းအောင်ရဲ့ ပင်ပန်းလေးလံလှတဲ့ စိုက်ခင်းတာဝန်တွေကို တစ်ယောက်တစ်လက် ကူညီဖြည့်တင်းခဲ့ကြတာတွေဟာ မင်းအပေါ် စာနာမှု၊ ညှာတာမှုတွေ အရင်းခံတဲ့ ချစ်ခြင်းအလျဉ်ကြောင့်ဆိုတာ မင်းတစ်ယောက် မသိလေရော့သလား။ ဒါမှမဟုတ် မသိကျိုးကျွံမျှား ပြုနေလေသလား။

မကြာပါဘူး။ မနီးမဝေးက မြို့ကလေးဆီ မင်းပြန်သွားခဲ့တယ်နော်။ ခွင့်ရက်ရှည်ယူထားဆဲကာလမှာ မင်းရဲ့ကျန်းမာရေး အခြေအနေအတော်ဆိုးဝါးတဲ့ သတင်းရောက်လာတော့ ကိုယ်တို့အပေါင်းအသင်းတွေ ခေါင်းချင်းဆိုင်ကြရပြန်တယ်။

ဆက်ဆံရေးပြေလည်တာတွေ မပြေလည်တာတွေအပထား။ မကျန်းမာနေတဲ့ကာလမှာ သွားရောက်အားပေးသင့်တယ်လို့ယူဆပြီး မင်းဆီဖြစ်အောင်သွားဖို့ ဆုံးဖြတ် လိုက်ကြတယ်။

အဲဒီနေ့က ရွာကနေ ပါစင်ဂျာကားနဲ့လိုက်လာပြီး ကန်ဖျားလမ်းဆုံးမှာ ဆင်း၊ အဲဒီကနေ မင်းရဲ့အဒေါ် အိမ်ရှိရာ ရေပုန်းရပ်ကွက်ကလေးဆီ လမ်းလျှောက်လာကြတော့ ဒေါ်ကြည်ကြည်လွင်၊ ဒေါ်အေးအေးမူ၊ ဒေါ်နှင်းယုခိုင်၊ ဒေါ်မေစမ်းတင့်နဲ့ မင်းက မချေိုလို့ခေါ်တဲ့ ကိုယ့် ဒေါ်မေသက်ချိုတို့ပေါ့။

တကယ်ဆို ဒီခရီးကို လမ်းညွှန်သူမပါဘဲ လာကြတာလေ။ ဆိုင်ကယ်တက္ကစီတွေရှိပေမယ့် ဘယ်သူမှမစီးကြဘဲ ရောက်နိုးရောက်နိုးနဲ့ လျှောက်လာလိုက်ကြတာ နေလည်းပူ ရေလည်းငတ်၊ ခြေလည်းတိုကုန်ပါပြီ။ ရေပုန်းဆိုတဲ့နေရာမရောက်သေးပါဘူး။ နွေခင်းကြောင်တောင်ပေမယ့် သချိုင်းတွေအများကြီးရှေ့ကနေ ဖြတ်နေရတာ စိတ်ပျက်စရာ ကောင်းလှပါတယ်။

တရုတ်သချိုင်း၊ ဂျပန်သချိုင်း၊ ခရစ်ယာန်သချိုင်း၊ ဗမာသချိုင်း ရှည်လျားလှတဲ့ သချိုင်းနယ်နိမိတ်တွေကို မောပန်းတကြီးဖြတ်သန်းပြီးမှ ရောက်ရှိသွားတဲ့ မင်းရဲ့အဒေါ် အိမ် အိပ်ခန်းကလေးထဲက မျက်လုံးဟောက်ပက် အရိုးပေါ် အရေတင်ရုပ်ခန္ဓာကို မြင်လိုက်ရတော့ ကိုယ်တို့အားလုံး ထိတ်လန့်သွားခဲ့ကြတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကိုယ်တို့လာတယ်ဆိုလို့ အနည်းငယ်စိုလက်လာတဲ့ မျက်ဝန်းအစုံမှာ နောင်တတရားတွေ ပျော်ဝင်နေလေမလား။ ကြီးမားနက်နဲတဲ့ အကြိတ်အခဲ တစ်စုံတစ်ရာမရှိဘဲ မပြောနိုင် မဆိုနိုင်စိမ်းပြတ်ကွာဝေးခဲ့ရတဲ့ သူငယ်ချင်းနှစ်ယောက်ရဲ့တွေ့ဆုံပွဲကလည်း သွေ့ခြောက်ခြောက် ဖွယ်တယ်တယ် နိုင်လှပါတယ်။

အဲဒီနေ့က ကိုယ်ဟာ ခေတ်ပညာတတ်တစ်ယောက်ဖြစ်လျက်နဲ့ ခေတ်မမီမတိုးတက်တော့တဲ့ ကုထုံးတွေနဲ့ ရှေးရိုးစွဲအမြင်များတွေကို ရှေ့တန်းတင်မှုကြောင့် ရေတိမ်မှာ မနစ်သင့်ဘဲနစ်ရတော့မယ့် သူငယ်ချင်းအတွက် ဘယ်လိုအားပေးနှစ်သိမ့်မှုတွေမှ ပြောမထွက်နိုင်ခဲ့ဘူး။

အသွက်ဆုံးကြည်ကြည်လွင်က "နေသာရဲ့ မဟုတ်လား၊ အားတင်းထားနော်၊ နေကောင်းသွားမှာပါ" ဆိုတဲ့ စကားတွေနဲ့ အမှန်တရားကို ဖုံးကွယ်ဖာထေးအားပေးနှစ်သိမ့်နေပေမယ့် ကိုယ်ကတော့ တင်းကျပ်ဆို့နင့်နေတဲ့ ရင်ဘတ်အစုံနဲ့ မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျရင်းနဲ့ပဲ ပြန်ခါနီး အရိုးပိန်လက်ကလေးကို ဆုပ်ကိုင်အားပေးမိတာကလွဲလို့. .။ ဒါဟာခင်လွမ်းအောင်ကို နောက်ဆုံးမြင်တွေ့ရခြင်းပဲဆိုတာ တစ်ယောက်ကိုတစ်ယောက် ထုတ်ဖော်မပြောဘဲနဲ့ နားလည်ခဲ့ကြတယ်။

နောက်တော့ ခင်လွမ်းအောင်ကို သူ့အမေရှိရာ ကော့သောင်းကို ပို့လိုက်ပြီလို့ ကြားရတယ်။ ကော့သောင်းမှာ ခင်လွမ်းအောင်ကျန်းမာလာလို့ လမ်းတောင်ပြန်လျှောက်နိုင်တယ်ဆိုတဲ့ သတင်းစကားကလည်း ဝမ်းသာအားတက်စရာပါ။ ဒါပေမယ့် ဒါဟာငြိမ်းခါနီး မီးတိုင်တစ်တိုင်ရဲ့ နောက်ဆုံးအားယူမှုမျှသာ ဖြစ်တယ်။ မကြာခင် ခင်လွမ်းအောင် ဆုံးပြီဆိုတဲ့သတင်း ရောက်လာတော့တာပါပဲ။

မင်းမရှိမှ မင်းရဲ့ နောက်ကြောင်းတွေဟာ ဟိုတစ်စ၊ သည်တစ်စ ပေါ်ထွက်လာလိုက်ကြတာ မကြားရက်အောင်ပါပဲ။ အရင်ကမြို့မှာ အခြေနဲ့အနေနဲ့နေရာက စီးပွားပျက်ပြီး မိသားစုတစ်စုလုံး ကော့သောင်းပြောင်းသွားကြတဲ့အကြောင်းရယ်။ ပေးစရာအကြွေးတွေက သိန်းနှစ်ဆယ်လောက်ရှိတယ်ဆိုတာရယ်၊ မိသားစုဟာ ခင်လွမ်းအောင်ရဲ့ဝင်ငွေအပေါ်မှာ တည်မှီနေတယ်ဆိုတာရယ် ကိုယ်တို့သိခွင့်ရခဲ့တယ်။

ဒါကြောင့် ခင်လွမ်းအောင်ဟာ သူ့ရောဂါကို မသိကျိုးကျွံပြုလို့ အသိဉာဏ်ပွင့်လင်းမှုတွေကို မောဟတံခါးနဲ့ စေ့စေ့ပိတ်၊ အမှန်တရားနဲ့ တည့်တည့်ရင်ဆိုင်ဖို့ဝန်လေးစွာ ငွေကိုသာ အစွမ်းကုန်ကျစ်ကျစ်ပါအောင် စုခဲ့ရတဲ့အကြောင်းရင်းဇစ်မြစ်ကို သိပြီးတဲ့အခါမှာတော့ ဘဝနဲ့ရင်းပြီး မိုက်မဲစွာရူးသွပ်ခဲ့တဲ့ သူငယ်ချင်းကလေးအပေါ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ပြစ်တင်ဝေဖန်ခဲ့မှုတွေအတွက် နောင်တတွေ တစ်ထွေးတစ်ပွေ့နဲ့ အားလုံးဟာ ကိုယ်စီငြိမ်သက်လို့။

စိတ်ဝိညာဉ်ဆိုတာ ဘယ်လောက်ဝေးဝေး ပျံသန်းရောက်ရှိနိုင်တယ်ဆိုတဲ့ စကားကို ယုံရတော့မှာလား ခင်လွမ်းအောင်ရေ။ ဒီနေရာကလေးမှာ မင်းခင်မင်ရတဲ့ အပေါင်းအသင်းတွေရှိတယ်။ မင်းချစ်တဲ့ကလေးတွေရှိတယ်။ မနိုင်တနိုင်နဲ့ မင်းပါဝင်စိုက်ပျိုးခဲ့တဲ့ စိုက်ခင်းတွေ ရှိတယ်။ မင်းဘဝရဲ့ အစိတ်အပိုင်းအတော်များများ ဒီနေရာကလေးမှာ အချိန်လွန် ကုန်ဆုံးခဲ့ဖူးတယ်နော်။ ဒီနေရာကလေးကို မင်းစွဲလမ်းနေမှာပေါ့။

"မေသက်ချိုရေ တို့ကြည့်နေတာ ဒီခရေပင်အောက်မှာ ကြာလှပြီ။ မိုးပဲချုပ်တော့မယ်၊ ဘာလဲ ခင်လွမ်းအောင်ကို လွမ်းနေပြန်ပြီလား၊ သူ့ကိုလွမ်းရင် သူ့အတွက် ကောင်းမှုတစ်စုံတစ်ရာ ပြုလုပ်ပေးကြရုံပေါ့၊ လာ. . လာ. . အပြင်မှာ အေးနေပြီ၊ အဆောင်ထဲဝင်ကြစို့ရဲ့"

အရေးပေါ် ကိစ္စတစ်ခုနဲ့ မြို့ထဲသွားနေလို့ စောစောပိုင်းက ဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်ကို မသိမှိုလိုက်တဲ့အခန်းနီးချင်း မေစမ်းတင့်ရဲ့ ဖေးမမှုကြောင့် အခန်းထဲပြန်ဝင်လာတော့ အမှောင်ဟာ အခန်းကျဉ်းကလေးထဲကို မဟားတရားရောက်နှင့်နေပါပြီ။ နှစ်ယောက်တစ်ခန်းနေကြရတာမို့ လစ်ဟာနေတဲ့ ခင်လွမ်းအောင်ရဲ့ ကုတင်မြင်ကွင်းက ကိုယ့်ရင်ထဲက ဝေဒနာအစိုင်အခဲကို ကြီးထွားစေတာအမှန်ပဲ။ သူ့အပြုံး၊ သူ့အပြော၊ သူ့ရယ်မောသံ၊ သူ့ဟန်ပန်တွေ တစ်ခုချင်း အခန်းကလေးအတွင်း ဝဲပျံနေတယ် ထင်ရတယ်။ ဒီကနေ့ ခင်လွမ်းအောင်ရဲ့ အငွေ့အသက်တွေ လွင့်ပါးရှင်သန်မှုအပေါ် မှာတော့ ကိုယ်တစိုးတစိမှ မငြိုငြင်မိပါဘူး။ ခင်လွမ်းအောင်ကို လွမ်းနေရတဲ့အလွမ်းကိုတော့ ကိုယ်လိုလားနှစ်ခြိုက်စွာ ဆက်လက်လွမ်းနေဦးမှာပါ။

ထားနေကျနေရာမှာ မီးခြစ်ကိုစမ်းရင်း ဖယောင်းတိုင်ထွန်းလိုက်တဲ့အခါ အလင်းဓာတ်အားနည်းနေတဲ့ အခန်းကလေးရဲ့ ပစ္စည်းထားသိုမှုတွေကို ထင်ထင်ရှားရှားမြင်နိုင်ပြီပေါ့။ ဖယောင်းတိုင်ကို ဘုရားစင်မှာတင်ထွန်းပြီး ဘုရားဝတ်ပြုဖို့ခြေရင်းက မျက်နှာသုတ်ပုဝါကို လှမ်းအယူ၊ အလို. . . ခင်လွမ်းအောင်ရဲ့ကုတင်အောက် တစ်နေရာမှာ ပြိုးပြက်လင်းလက်နေတဲ့ အစုအပုံတစ်ခု။ ဘုရားရေ။

ရစ်ခွေနေတဲ့ အဲဒီအရာဟာ လူဝင်လာသံကြောင့် ရုတ်တရက် ခေါင်းထောင်လိုက်တဲ့အခါ မှောင်ရိပ်စွန်းနေတဲ့ကုတင်အောက်ခြေမှာ နီရဲနေတဲ့ မျက်လုံးတစ်စုံနဲ့ လျှာတစ်လစ်ကလေးတစ်ခု။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကိုယ်အံ့ဩမင်သက်စိတ်နဲ့ နေရာမရွှေ့ဘဲ ရပ်နေမိတယ်။ စောစောက စတိုခန်း ထဲမှာတွေ့လိုက်ရတဲ့ အကောင်ရှည်ဟာ ဘာလို့ ကိုယ့်အခန်းထဲရောက်နေရပြန်တာ လဲ။ အကွက်အစွန်းအပြောက် တစ်ထေရာတည်းတူနေတဲ့ မြွေနှစ်ကောင်ဟာ တစ်ကောင်တည်းလား နှစ်ကောင်ကွဲလား။

ကိုယ်ယုံကြည်လိုက်ရတော့မှာလား သူငယ်ချင်းရယ်။ မင်း စွဲမှတ်ယုံကြည်နေ သလို ဘဝဟောင်းကို ပြန်ရောက်သွားပြီလား။ ရှည်လျားလှတဲ့ သံသရာစက်ဝန်းကြီး ထဲမှာ ဥပါဒါန်အစွဲ ထင်မြင်ရာ စွဲလမ်းရာ ငြိတွယ်ရှင်သန်နေမှုအပေါ် ဘဝင်မကျ လှပေမယ့် ဒီနေရာကလေးကို စွဲလမ်းနှစ်ခြိုက်စွာ မင်းပြန်လာချင်တယ်ဆိုရင် ဒီအခန်း ဟာ ကိုယ်ပိုင်သလို မင်းနဲ့လည်းဆိုင်တဲ့အခန်းပါ။ မင်းနေမယ်ဆိုရင် ငြိမ်းချမ်းစွာနေ ပါလေ။

မင်းအတွက် ကိုယ်ပြုပေးနိုင်တဲ့ ကောင်းမှုတစ်ရပ်ကတော့ ဘုရားဝတ်တက်ပြီးတဲ့ အခါ ပြုခဲ့ပြီးသမျှကောင်းမှုအဖို့ဘာဂကို မင်းနဲ့တကွ သုံးဆယ့်တစ်ဘုံမှာ ကျင်လည် ကုန်တဲ့ သတ္တဝါတွေကို အမျှအတန်းပေးဝေခြင်းပါပဲ။

အဲဒီညက ကိုယ်ဟာ အဆိပ်ရှိသတ္တဝါတစ်ကောင်နဲ့ တစ်ခန်းထဲမှာ ယှဉ်တွဲ နေထိုင်ရတယ်ဆိုတဲ့ ထိတ်လန့်စိုးရွံ့မှု စိုးစိမ့်မျှမရှိဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ တယ်။ အိပ်မက်ထဲမှာတော့ တို့တစ်တွေ ရင်းနှီးချစ်ခင်စဉ်က အတူသွားခဲ့ရတဲ့ သစ်ယာဝသဲတန်းခရီးကို တစ်ခေါက်ပြန်သွားကြတယ်။ ပြန့်ပြူးပြေလွင့်တဲ့ သဲ သောင်ပြင်မှာ မင်းက ကိုယ့်ကို စက်ဘီးနဲ့တင်နင်းလို့ တစ်နေရာရောက်တော့ အမော ဖောက်လာလိုက်တာ မင်းမျက်နှာဟာ ရေပုန်းအိမ်မှာမြင်ရတဲ့ မျက်နှာအတိုင်းပါပဲ။ ကိုယ်အရမ်းကို ထိတ်လန့်သွားခဲ့တယ်။

ကိုယ့်ရဲ့နိုးထမှုဟာ အိမ်မက်မြင်ကွင်းကြောင့်လား၊ အပြင်ဘက်က ဆူဆူညံညံ အသံတွေကြောင့်လား၊ ဝေခွဲမရခင် နိုးလျှင်နိုးချင်း မင်းရဲ့ ကုတင်အောက်လှမ်းကြည့် လိုက်တော့ ညကရှိနေတဲ့အရာဟာ အခုမနက်မှာ မရှိတော့ပါလား။ ကိုယ်အမြန်ဆုံး အိပ်ရာကထပြီး ပြေလျော့နေတဲ့ဆံပင်ကို ဘီးတစ်ချောင်းနဲ့ ခပ်ကြမ်းကြမ်းပတ် လိုက် တယ်။ အဝတ်အစားကို သပ်သပ်ရပ်ရပ်ဖြစ်အောင်လုပ်ပြီး အနီးဝန်းကျင်မှာ ပျောက်ဆုံးသွားတဲ့အရာကို ရှာမယ်စိတ်ကူးနေတုန်း စောစောက အပြင်ဘက်က အသံ တွေ ထပ်မံကြားလိုက်ရတယ်။ စောစောကတော့ မသဲမကွဲ၊ အခုတော့ သဲသဲကွဲကွဲ။

"ရိုက်ဟ. . ရိုက်ဟ. . . စောစောစီးစီး တို့ဆရာမအခန်းထဲက ထွက်လာတဲ့မြွေ၊ အရှင်မထားနဲ့ ရိုက်. . ရိုက်"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

ဘုရား. . . ဘုရား. . .။ ကိုယ့်ရဲ့စိုးထိတ်မှုတွေ ရင်ဝတက်ဆောင့်ပြီး အိမ်ပြင်ကို ပြေးထွက်လာတော့ ဆရာမတွေဆီ စာလာမေးလေ့ရှိတဲ့ ကျောင်းသာလေးငါးယောက် အလယ်မှာ အသက်မဲ့နေတဲ့ စိမ်းဝါပြောက်ကလေး။

ခင်လွမ်းအောင်ရေ. . .။

ရုတ်တရက် အမြင်အာရုံတွေ ဝေဝါးသွားပြီး လည်ချောင်းထဲက ထိုးထွက်လာတဲ့ အက်ကွဲကွဲ ရှုတတ ကိုယ့်အသံကိုယ်ကြားလိုက်ရပြီးတဲ့အခါမှာတော့ တုန်ယင်ပန်းလျ ဒူးတွေညွတ်ကျသွားပါတော့တယ်။

အလျှံညီးညီး ပရိဒေဝမီးဟာ လူမသိသူမသိ ကိုယ့်ကို ကျွမ်းလောင်သွားခဲ့ပြီ။

*ပိတောက်မြေမဂ္ဂဇင်း*
*အမှတ် (၈)၊ ၂၀၀၃ ခုနှစ်၊*

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# မြူစင်စွာ

# ရှုံးနိမ့်ခြင်းစက်ဝန်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# ဖြူစင်စွာရှုံးနိမ့်ခြင်းစကာဝန်း



www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# ဖြူစင်စွာ ရှုံးနိမ့်ခြင်းစက်ဝန်း

သဘော်ာကုန်းပတ်သည် သန့်စင်သော လေထုဖြင့် ထုံမွှန်းထားသည်။ အေးမြလန်းဆန်းမှုသည် ကျွန်မ၏မျက်နှာကို ဖြန်းပက် ကျီစယ်လိုက်သည်။ ဆံယဉ်နွယ်တို့ လေအဝှေ့မှာ တလူလူဆော့မြူနေမှုကို ကာကွယ်ရန် ဦးခေါင်းကို အပြာရောင် ပဝါကလေးဖြင့် စည်းနှောင်လိုက်ပြီး စူးတောက်တောက် နေခြည်လင်းလက်မှုကို ကာကွယ်ရန် နေကာမျက်မှန်ကို ထုတ်တပ်လိုက်သည်။ ဒါဆိုလျှင် ကျွန်မကုန်းပတ်ပေါ်မှာ ရပ်ရန်အဆင်သင့်ဖြစ်ပြီ။

စောစောက မူးနောက်ရီဝေခြင်းများ၊ အော့အန်လိုခြင်းများ အတန်အသင့် သက်သာသွားသည်။ သဘော်ာဝမ်းတွင်းမှာ ပိတ်လှောင် မွန်းကျပ်နေမှုကို ကျွန်မ သည်းမခံနိုင်စွာ ပြင်ပလေထုကိုရှူရှိုက်ဖို့ ကုန်းပတ်ပေါ် တက်လာခြင်းဖြစ်သည်။ သဘော်ာသည် ရန်ကုန်မြစ်ကို အဝေးမှာ ချန်ရစ်ခဲ့ပြီ။ နောက်ကျိကျိရေပြင်သည် ပြာစင်စင်သို့ ပြောင်းချင်လာသည်။ မကြာခင် ကျွန်မတို့ ပင်လယ်ပြင်ကြီးကို ဖြတ်ကြရမှာလေ။ ပင်လယ်ခရီးကို မကြာခဏ ဖြတ်သန်းသွားလာဖူးသူ ကျွန်မအဖို့ ကြုံတွေ့ရမည့်ဒုက္ခတွေကို ရွံ့ကြောက်မနေတော့။ တစ်ခါတစ်ရံ သဘော်ာပတ် အဆင်မပြေလျှင် စက်လှေဖြင့်ပင် ဖြတ်သန်းရသေးရာ ယခုတော့ ထိုစက်လှေထက် အဆများစွာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အာမခံချက်ရှိသော ပင်လယ်ကူး (ကမ်းရိုးတန်းသွား) သင်္ဘောကြီးဖြင့် ဖြတ်ကူးရသည့်အတွက် ကြံ့ခိုင်မှုကိုတော့ များစွာ စိတ်ချပါသည်။

ကျွန်မ အလုပ်တာဝန်ဖြင့် ရန်ကုန်သို့ ပြောင်းရွှေ့ပြီးသည် နောက်ပိုင်း ကမ်းရိုးတန်းမြို့ကလေးဆီ ပြန်မရောက်တော့သည်မှာ နှစ်အတန်ကြာပေပြီ။ စကားပြောလေယူလေသိမ်း၊ ပင်လယ်အစားအစာ ပေါများလိုင်ကြွယ်မှု၊ မိတ်ဟောင်း ဆွေဟောင်းတို့၏သံယောဇဉ်တို့က မြို့ကလေးနှင့် အဆက်အသွယ်မပြတ်စေရန် ဆွဲဆောင်ညို့ငင်ထားလေသည်။ မြို့ကလေးမှ ဧည့်သည်တစ်ယောက်ကို တစ်နေရာရာမှာ တွေ့လိုက်သည်ဆိုပါက မြို့ကလေးနှင့်ပတ်သက်သည့် ထူးခြားမှုတွေ ပြောင်းလဲမှုတွေကို မေးမြန်းစပ်စုလို့ မဆုံးနိုင်တော့။ သတင်းစာမှာဖြစ်စေ၊ တီဗီသတင်းမှာဖြစ်စေ၊ မြို့ကလေးအကြောင်းဖော်ပြပါရှိလျှင် အပြေးအလွှား ကြည့်ရှုငေးမော အလွမ်းဖြေရသည်မှာ အရသာတွေ့လှသည်။ ယခု ထိုမြို့ကလေးသို့ ကျွန်မ တစ်ကျော့ပြန်လည်ရောက်ရှိတော့မည်။ ကျွန်မကိုမြင်လျှင် ဝမ်းသာပျော်ရွှင်သွားကြမည့် မိတ်ဆွေဟောင်းများ၏ မျက်နှာကို မြင်ယောင်လာသည်။

"ဆရာမ ဒေါ်နှင်းဝါရည် ဟုတ်ပါတယ်နော်"

သင်္ဘောလက်ရမ်းကိုမှီ၍ ကျွန်မလိုပင် ပင်လယ်ကြီးဆီ ငေးရီနေသော လူတစ်ယောက်။ စောစောက ဘေးတိုက်အနေအထား၊ ယခု ကျွန်မဘက် တည့်တည့်လှည့်ကာ နှုတ်ဆက်လိုက်တော့ ရုတ်တရက် အံ့သြသွားသည်။ အသားညိုညိုထောင်ထောင်မောင်းမောင်း၊ ရင်းနှီးပွန်းတီးစွာ သိဖူးသည့်မျက်နှာ၊ ကျွန်မ နေကာမျက်မှန်ကိုချွတ်ကာ ထိုသူမျက်နှာကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

"ကျွန်တော် သောင်းဒန်လေ ဆရာမ"

"သောင်းဒန်၊ ကိုသောင်းဒန်၊ ဟာ . . . တွေ့ရတာ ဝမ်းသာလိုက်တာ ကိုသောင်းဒန်ရယ်၊ ရန်ကုန်ကို အလည်လာတာလား၊ ကလေးတွေရော ပြီးတော့ မေလဲ့မွန်ရော ပါလာသလား"

ကျွန်မ ဝမ်းသာအားရ မေးခွန်းတွေ များနေသလောက်၊ ကိုသောင်းဒန်မျက်နှာမှာ တည်ရာမှာ ညှိုးသွားပြီး သင်္ဘောနောက်ပြေးလိုက်နေသော လှိုင်းဖွေးဖွေးဆီ အကြည့် ရောက်ကာ ငူငိုင်ငိုင်ကြီး ဖြစ်သွားလေသည်။

"ကံကြမ္မာမုန်တိုင်းရဲ့ ရိုက်ခတ်ခဲ့ခြေမှုကြောင့် ကျွန်တော်တို့ အသိုက်အမြုံကလေး ပျက်စီးသွားပါပြီ ဆရာမရယ်"

ဟင် . . . ဘယ်လိုပါလိမ့် ကိုသောင်းဒန်စကားက ထူးခြား ဆန်းကြယ်လှချည်လား။ ကျွန်မမြို့ကလေးမှာ ပညာရေးဝန်ထမ်းဘဝဖြင့် တာဝန်ထမ်းနေစဉ် သမီး

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

'ဇင်' နှင့် ပတ်သက်၍ ခင်မင်ရင်းနှီးခဲ့ရသည့် မိသားစု၊ ငွေကြေး ပြည့်ပြည့်စုံစုံနှင့် ချစ်ခင်နှစ်လိုဖွယ် မိသားစုကလေး၏ ခင်မင်ဖော်ရွေမှုတွေက ကျွန်မနှလုံးအိမ်မှာ မှတ်မှတ်ထင်ထင် ရှိလှ၏။ သည်တုန်းက ကိုသောင်းဒန်သည်ပင် များစွာ ပြောင်းလဲခဲ့ပေပြီ။ အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်လေ့ရှိပြီး ဆံပင်ကို ကျော့အောင် ဖီးသင်ထားလေ့ရှိသူ ကိုသောင်းဒန်မှာ ယခုတော့ ဖိုသီဖတ်သီမသပ်မရပ်ပုံစံနှင့် တွေ့ရသည်။

"ဘယ်လိုဖြစ်တာလဲ ကိုသောင်းဒန်ရယ် အဲဒီအဖြစ်အပျက်တွေ ကျွန်မ သိခွင့်ရမယ်ဆိုရင်"

"ကျွန်တော်အရာရာကို မေ့ပစ်နိုင်အောင် ကြိုးစားနေတယ် ဆရာမ၊ တစ်ခါတလေတော့ တစ်ယောက်ယောက်ကိုဖွင့်အံပြီး ရင်ထဲကအကြိတ်အခဲကို ရှင်းပစ်ချင်ပြန်ရော"

"အဲဒီလို ဖွင့်အံချင်တဲ့အခါ မိတ်ဆွေကောင်းတစ်ယောက်ရဲ့ နားနဲ့နားထောင်ဖို့ အသင့်ပါပဲ ကိုသောင်းဒန်ရယ်"

"ဆရာမ ပြောင်းသွားပြီးနောက် ကျွန်တော်တို့စီးပွားရေးတွေ ပိုကောင်းလာပါတယ်၊ ဈေးထဲကဆိုင်မှာ အထည်အလိပ်သာမက ပစ္စည်းစုံပါတင်တော့ အတော်ကလေး အရောင်းအဝယ် ဖြစ်ပါတယ်၊ စုမိဆောင်းမိတယ်ဆိုပါတော့၊ အရင်က ရှမ်းကမ်း၊ ပီနန်သွားထားဖူးတဲ့အခံကလေးရယ်၊ အခုလက်ရှိတိုးပွားလာတာရယ် ဆိုတော့ ကျွန်တော်တို့ ရန်ကုန်ကို မှန်းနိုင်ပြီပေါ့၊ ကလေးနှစ်ယောက်ဟာ ကျွန်တော်တို့ရဲ့ အနာဂတ်ရောင်ခြည်ပါ၊ ကလေးတွေရဲ့ပညာရေးရယ် စီးပွားရေးအလှည့်အပြောင်းကလေး လုပ်ချင်တာရယ်ကြောင့် ရန်ကုန်က အလုံဘက်မှာ တတိယလွှာ တိုက်ခန်း တစ်ခန်းဝယ်ဖြစ်တယ်"

"ဒီနှစ်ထဲမှာပဲ၊ မေလဲ့ကလည်း ချူခြာလိုက်တာ လူကိုကြည့်ရင် ဝဖြိုးစိုပြေလို့ အတွင်းမှာ သည်းခြေလား အသည်းလား မသိဘူး နည်းနည်းယောင်နေသတဲ့၊ နယ်မြို့မှာ ဆေးကုရတာကလည်း ကုသချက်က မထိရောက်ဖူးဆိုတော့ ဝယ်ပြီးစတိုက်ခန်းကိုလည်း ပြင်ဆင်ရင်း ဆေးကုသမှုခံယူရင်း ရန်ကုန်ကို လွှတ်လိုက်မိတယ်"

ကိုသောင်းဒန်က ခပ်ဝေးဝေးမှာကျန်ခဲ့သည့် ကျွန်းတောင်တွေဘက် မျှော်ကြည့်ပြီး ပြောလက်စစကားကို ခေတ္တနားထားသည်။ ကိုသောင်းဒန်၏ ရုပ်ရည်က အချောစားကြီးမဟုတ်ပေမယ့် ညိုညိုယဉ်ယဉ်နှင့် ကြည့်ကောင်းသူပါ။ အဓိက သူ့ မျက်လုံးတွေဟာ အရည်လဲ့နေလေ့ရှိပြီး တစ်ခေတ်တစ်ခါက မိန်းမလှလေးတွေကြား ရေပန်းစားခဲ့ဟန် တူသည်။ မေလဲ့မွန်ကတော့ အသားဖြူဖြူ မွန်မွန်ရည်ရည်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



သွက်သွက်လက်လက် ဆက်ဆံရေးပြေပြစ်ကောင်းမွန်သဖြင့် သူတို့လင်မယား အတွဲညီလှသည်။ ကိုသောင်းဒန်ရဲ့ ဇစ်မြစ်အတိအကျကို ကျွန်မမသိပေမယ့် မေလှဲ့မွန်တို့က ပစ္စည်းဥစ္စာကြွယ်ဝသောမိသားစုမှ ဆင်းသက်လာသူဖြစ်ကြောင်းလောက်ကိုတော့ သိပါသည်။

မေလှဲ့မွန်မိဘများမှာ ဘုရားတကာ၊ ကျောင်းတကာများဖြစ်ပြီး မြို့ကလေး၏ မြို့မျက်နှာဖုံးများလည်း ဖြစ်သေးသည်။ ကျွန်မတို့နေသော ရပ်ကွက်မှာပင် အိမ်ကြီးရခိုင်နှင့် နေခဲ့ကြပြီး မကြာမီသောနှစ်တွေကမှ ရန်ကုန်သို့ အပြီးအပိုင် ပြောင်းရွှေ့သွားကြခြင်းဖြစ်သည်။

ကိုသောင်းဒန်က ဘောင်းဘီအိတ်ထဲမှ စီးကရက်ကိုထုတ်ကာ မီးညှိ၍ ရှိုက်ဖွာလိုက်သည်။ သူရှိုက်နေပုံက မီးခိုးတွေ အဆုပ်ထဲရောက်အောင် ရှိုက်သွင်းနေသလို နင့်နင့်နဲနဲလေးလေးပင် ရှိလှ၏။

“ဆရာမ အချစ်ဆိုတာကို ဘယ်လိုယုံကြည်သလဲ မသိဘူး၊ ကျွန်တော်ကတော့ ကျွန်တော့်ဘဝကို အချစ်နဲ့အိမ်ထောင်ရေး တစ်သားတည်းကျအောင် တည်ဆောက်ခဲ့တာပါ၊ မေလှဲ့နဲ့မညားခင် ကျွန်တော် မိန်းမတွေအများကြီးနဲ့ တွေ့ဆုံဖူးတယ်၊ တစ်ခေတ်တစ်ခါက ဟိုဘက်ကမ်းကို ကုန်ပို့တဲ့အခါရော နယ်စပ်မြို့တွေဆီ အရောင်းအဝယ်နဲ့ရောက်တဲ့အခါမှာပါ ကျွန်တော် မိန်းမတွေနဲ့ မကင်းလှဘူးဆိုတာ ဝန်ခံပါတယ်၊ ယောကျ်ားပဲ ဒီလောက်တော့ရှိမှာပေါ့ဆိုတဲ့ ဆင်ခြေနဲ့ မိန်းမလှလေးတွေကြားမှာ ပျော်မောခဲ့ဖူးပါတယ်၊ ကျွန်တော် အိမ်ထောင်ပြုမယ်ဆိုတော့ အသန့်စင်ဆုံး အိမ်ထောင်ဖက်ကို ရွေးချယ်ခဲ့ပါတယ်၊ လူဆိုတာ အတ္တကို အရင်းခံသူချည်းမို့ ကျွန်တော်လည်း အတ္တများတယ်လို့ဆိုဆို ကိုယ့်အတွက် အလေးကဲပြီး ချင့်ချိန်ဆုံးဖြတ်ခဲ့တာပါ၊ မေလှဲ့ဟာ ကျွန်တော့်စိတ်ကြိုက် အိမ်ထောင်ဖက်တစ်ဦးဆိုတာ အထူးပြောစရာမလိုတော့ပါဘူး”

“နောက်တစ်ချက် ကျွန်တော်တို့နှစ်ယောက်ဟာ စိတ်တူ ကိုယ်တူ စီးပွားရှာရာမှာ လောဘတူတော့ နှစ်တိုတိုအတွင်းမှာ စီးပွားတက်လာတော့တာပေါ့၊ အခုဆိုရင် တစ်သက်လုံး ရှန်းကန်ခဲ့သမျှ အေးအေးဆေးဆေး နားနားနေနေ နေသွားနိုင်ပါပြီ၊ ဒါပေမယ့် လူဆိုတာ အခက်သား ဆရာမရေ သူများယောင်ရင် လိုက်ယောင်ချင်တဲ့ ဉာဉ်ကလေးကရှိသေးတယ်၊ ကျွန်တော်တို့မြို့ကလူတွေ ရန်ကုန်ပြောင်း၊ မင်္ဂလာဈေးမှာ၊ သံဈေးမှာ စသည်ဖြင့် အရောင်းအဝယ်တွင် ကျယ်လာတော့ စီးပွားဈေးကွက်ဖြန့်ကျက်ဖို့ စိတ်ကူးရလာပြန်တယ်၊ အဲဒီစိတ်ကူးဟာ ရန်ကုန်မှာ တိုက်ခန်းဝယ်ဖို့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တွန်းအားတွေပဲပေါ့၊ ပြောကြပါစို့ သူ့ရောဂါလည်းပြရင်း တိုက်ခန်းကိုလည်း ပါတေးရှင်းတွေ အခင်းတွေထည့်ရင်း လွှတ်လိုက်တာ သုံးလလောက်ကြာသွားပါရော”

“သူသွားတော့ ဆိုင်မှာ ကျွန်တော်တစ်ယောက်တည်းပေါ့၊ ကလေးနှစ်ယောက်က ကျောင်းတက် ကျွန်တော်က ဆိုင်ထွက်၊ အကြီးကောင်က ဆယ်တန်း၊ အငယ်မဇင်က ရှစ်တန်း၊ ဆရာမတပည့်လေ ရှစ်တန်းရောက်တော့ အတော်ကြီးထွားလာတယ်။ အပျိုဖော်ဝင်ပြီဆိုပါတော့၊ ကလေးတွေနဲ့ ဆိုင်နဲ့ ချက်ရေးပြုတ်ရေးနဲ့ အတော်ကသီနေလို့ သူ့ကို ပြန်မှာမလို့လုပ်တုန်း ဖြုန်းဆို သတင်းဆိုးကြီးက ရောက်ချလာတော့တယ်၊ သူလေ မေလဲ့မွန် ယောက်ျားတစ်ယောက်နဲ့ မန္တလေးဘက်တက်သွားပြီတဲ့၊ သူတို့ တရားဝင်လက်ထပ်လိုက်ပြီတဲ့”

ကိုသောင်းဒန်တော့မသိ ကြားရသည့် ကျွန်မမှာ ရုတ်တရက် ခြေဖျားလက်ဖျားတွေ အေးစက်စက်ကြီးဖြစ်သွားတော့သည်။ ဟုတ်မှ ဟုတ်ရဲ့လား။ မေလဲ့မွန်ရဲ့ မျက်နှာကလေးမြင်ပြီး ကျွန်မ ယုံကြည်မှုကို ထူထောင်၍မရ။

“ဆရာမ မယုံဘူးမဟုတ်လားဟင်၊ ဒါဟာ ပျော်ရွှင်ဖွယ် လည်ဆည်လုပ်ကြံပြောကြားအပ်တဲ့ အကြောင်းအရာမဟုတ်ပါဘူး၊ ကျွန်တော့်ရင်ထဲ မီးတောင်ကြီး ပေါက်ကွဲနေတယ်၊ ဒေါသမီးလုံးတွေ ဟုန်းဟုန်းတောက်နေတယ်၊ မခံချင်စိတ်တွေ ဒရောသောပါး သွန်ထိုးကျရောက်နေတယ်၊ အိမ်က မှန်ဗီရိုတွေကုန်ပြီ ကျွန်တော်ထိုးခွဲထားတာ၊ ကျွန်တော်တို့ မိသားစုရဲ့ အိပ်မက်၊ မျှော်လင့်ချက် အကုန်လုံး ကွဲကြေဆုံးရှုံးကုန်ပြီ၊ အဲဒီအချိန်မှာ သူ့ကိုတွေ့ရင် ကျွန်တော် လူသတ်မှုကျူးလွန်မိမလား မသိဘူး၊ ကိုယ့်အသိုက်အမြုံကို ချန်ရစ်ပြီး ကောက်ကောက်ပါသွားရအောင် ဒီကောင်ဘာကောင်လဲ၊ ဘာအရည်အချင်းတွေရှိလို့လဲ၊ ကျွန်တော်သတ်ချင်တာမှ တစ်ယောက်တည်းမဟုတ်နှစ်ယောက်စလုံးကို”

နေရဲ့အလင်းအောက်မှာ မြင်နေရတဲ့ ကိုသောင်းဒန်ရဲ့ မျက်နှာဟာ အဆုံးစွန်ဆုံးရက်စက်တော့မည့်ဟန်နှင့် ရဲရဲနီနေလေသည်။ အရည်လဲ့နေသော နူးညံ့မျက်ဝန်းအစုံကတော့ ဒေါသမီးလျှံဖြင့် ဝင်းဝင်းတောက်နေသည်။ ကိုသောင်းဒန်ရင်ထဲ အဟောင်းတွေ အသစ်ပြန်ဖြစ်နေပြီပါလား။ မေးမိတာ မှားပြီထင်ရဲ့။

ကိုသောင်းဒန်က လက်ထဲမှ စီးကရက်တိုကို လှိုင်းခေါင်းဖြူတွေကြားပစ်ချကာ ညှပ်ချိန်တန်လျက် မညှပ်ဘဲထားသော ညှင်းသိုးသိုးဆံပင်တွေကြား လက်ဆယ်ချောင်းစလုံး ထိုးဖွသပ်တင်နေတော့သည်။

“ဘယ်လိုအကြောင်းတရားတွေရဲ့ စေ့ဆော်မှုကြောင့် ဒီလောက် မိုက်တွင်းနက်ရတယ်ဆိုတာ စဉ်းစားလို့ကိုမရဘူး၊ မသွားခင်က လင်မယား ကတောက်ကဆ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မဖြစ်ဘူး၊ ငွေရေးကြေးရေး မကြေလည်တာ မရှိဘူး၊ နှစ်ဖက်ဆွေမျိုးကိစ္စ အကြိတ်အခဲမရှိဘူး၊ သူ ဒီလို လုပ်သွားခြင်းရဲ့ အရင်းအမြစ်ကို ဘယ်လိုရှာဖွေလို့မှ မရခဲ့ဘူး၊ ဟူး. . . နောက်ဆုံးတော့ အမှောင်တကာ့အမှောင်ဆုံး ရမ္မက်အမှောင်ပေါ့လေ"

"ကျွန်တော် ရန်ကုန်လိုက်တက်သွားတော့ တိုက်ခန်းမှာ သူတို့ မရှိတော့ဘူး၊ မန္တလေးတက်သွားကြပြီ၊ သူ့ပတ်ဝန်းကျင် သူပေါင်းသင်းတဲ့ အပေါင်းအသင်းအားလုံး စုံစမ်းရတာပေါ့၊ အိမ်ခန်းပြင်ဆင်မှုကတော့ အတော်အတန် ပြီးနေပြီ၊ သူနဲ့ ဖြစ်တဲ့ကောင်က ပတ်ပလစ်ကာ မောင်းသမားတဲ့ဗျာ၊ ကားပိုင်လည်းမဟုတ် ဦးလေးကားယူမောင်းရင်း အိမ်ဆောက်ပစ္စည်းတွေသယ်ဖို့ ကားဖောက်သည် ဖြစ်ရာကနေ ရင်းနှီးကြတာတဲ့"

"ရန်ကုန်မှာ တိုက်ခန်းတစ်ခုထဲ မိန်းမသားတစ်ယောက်တည်း လာနေပြီး အလုပ်တွေလုပ်နေတော့ ဟိုကောင့်အမြင်မှာ အထင်ကြီးစရာတွေဖြစ်နေတာပေါ့၊ ဒါကို သူကသာယာပြီး သူ့ကိုယ်သူ အိမ်ထောင်မရှိ အပျိုကြီးလို့ ပြောရာက ဇာတ်လမ်းစကြတာတဲ့... တောက်၊ ဒီလို တဒင်္ဂသာယာမှုဟာ သူ့အတွက် အဆုံးစွန်ဆုံး မိုက်မဲမှုဆီတွန်းပို့လိုက်တာပါ၊ တကယ်ဆို ဒါတွေအပေါ် ခံနိုင်ရည်မရှိရအောင် သူဟာ အပျိုဖြန်းကလေး မဟုတ်ဘူးလေ၊ အိမ်ထောင်သက် ဆယ့်ခြောက်နှစ်၊ ကလေးနှစ်ယောက်အမေဆိုတာ ဖုံးကွယ်ခြေဖျက်လို့ရတဲ့ကိစ္စမှ မဟုတ်တာ"

"ကျွန်တော့် ယောက္ခမတွေကတော့ သူတို့သမီးလုပ်ရပ်ကို ရှက်လွန်းလို့တဲ့၊ ကျွန်တော့်မျက်နှာမြင်တော့ မယားခိုးမှုနဲ့ တရားစွဲခိုင်းကြတယ်၊ ကျွန်တော် စဉ်းစားရပြီ၊ အခုအချိန်မှ ဘာလုပ်မှာလဲ၊ မယားခိုးမှုနဲ့ ဟိုကောင်ထောင်ကျ မေလှဲကို ကျွန်တော် ပြန်ယူ ဒီလိုလား၊ ကျွန်တော် ဒီလောက်တော့ နွားမကျသေးဘူး၊ လွှတ်ပေးလိုက်မယ် သွားကြစမ်းပါစေ၊ ဟိုး အနောက်မိုးကုတ်စက်ဝိုင်းပဲ ရောက်ရောက်၊ မကြာဘူး သတင်းကြားရတယ်၊ ဆရာမရေ သူ မန္တလေးဆေးရုံမှာ ခွဲစိတ်ကုသခံရတဲ့အကြောင်း၊ ပါသွားတဲ့ ရွှေငွေ လက်ဝတ်လက်စားတွေ ကုန်ပြီဆိုတဲ့အကြောင်း၊ ဟား . . . ဟား ဆရာမရေ နတ်ရိုက်တာ နတ်ရိုက်တာ၊ နတ်တွေ သိကြားတွေက ကြည့်မနေပါဘူး သစ္စာမဲ့သူကြီးကို ဝိုင်းပြီး ကောင်းချီးပေးကြတာလေ၊ သူတို့ ဟန်းနီးမွန်းက ဆေးရုံမှာပေါ့ဗျာ"

ကိုသောင်းဒန်၏ မျက်နှာသည် တစ်မုဟုတ်ချင်း ကျေနပ်နှစ်သိမ့်သည့်အသွင်သို့ ပြောင်းသွားလေသည်။ နာကျင်ခြင်းမျက်နှာတွင် ပြုံးယောင်သန်းနေပုံက မာနနှင့်အာဃာတတရားတို့ကို ပြနေသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

"ကျွန်တော်လေ . . . တိုက်ခန်းကို သော့အသစ်ခတ်ပြီး ပြန်လာလိုက်တာပေ့ါ။ နောက်ကိစ္စနောက်ရှင်း ပြန်လာရင် လောလောဆယ် သူတို့ နေစရာမရှိဖြစ်နေဖို့ လိုတယ်လေ၊ မြို့ပြန်ရောက်တော့ဗျာ ကျွန်တော်မျက်နှာဘယ်ထားရမှန်း မသိဘူး၊ သတင်းက မတရားပျံ့နေပြီ၊ ဈေးမှာ ရပ်ကွက်ထဲမှာ လုပ်ဖော်ကိုင်ဖက်တွေကြားမှာ၊ မယားလင်ငယ်နေသွားတဲ့ ယောကျာ်းတစ်ယောက်ရဲ့ခံစားမှုဟာ လူတိုင်း စာနာခံစားလောက်တဲ့ သမရိုးကျခံစားမှုမျိုး မဟုတ်ဘူး၊ ဈေးဝန်းကျင်ဆိုတာက ဒီသတင်းမျိုး ပါးဖြဲနားဖြဲ ပြောချင်နေရတာဆိုတော့ ကျောကော့အောင် ခံရတော့တာပေ့ါ။ ခံရစမ်းပါစေဗျာ၊ ကျွန်တော့်အဖို့ ဘာအရေးလဲ၊ ခက်တာက ကျွန်တော့်သားနဲ့ သမီးလေ အကြီးကောင် ဟိန်းသော်က ရှက်လှချည်ရဲ့ဆိုပြီး စာမေးပွဲတောင် ဆုံးအောင်မဖြေဘဲ အိမ်ကထွက်ပြေးသွားတယ်၊ ဟိုဘက်ကမ်းပဲ ရောက်သွားပြီလားမသိ၊ အငယ်မ မိဇင်လေးကတော့ ရည်းစားတွေ ထားလိုက်တာမှ ထည်လဲ၊ ဟိုချိန်း၊ ဒီချိန်း၊ ဒါတွေကို ကျွန်တော် ဘယ်လိုထိန်းမလဲ၊ ခေါင်ကမိုးယိုသွားတဲ့ကိစ္စနော်၊ သမီးမိန်းကလေးဆိုတာ အမေနဲ့မှ ပြီးမယ့်ကိစ္စတွေ အမေဆုံးမမှဖြစ်မယ့်ကိစ္စတွေ . . ."

သူ့အသံက တုန်ရင်သဲ့သဲ့ဖြင့် တိတ်ဆိတ်သွားလေသည်။ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်ကာ ယောကျာ်းတန်မဲ့ သူရှိုက်ငိုနေသည်။ ကျွန်မ ကိုသောင်းဒန်ကို ဖျောင်းဖျဖို့ စကားရှာရင်း ကျွန်မကိုယ်တိုင်ပင် ဆို့နင့်ကြေကွဲမှုကို မနိုင်မနင်း ထွေးပွေ့ထားရလေသည်။ ကျွန်မ စာသင်ခဲ့ရသည့်ကလေး၊ သွက်လက်ချက်ချာသော ဇင်၊ နူးညံ့သိမ်မွေ့သော ဇင်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သော ဇင်၊ သမီးတစ်ယောက်နှင့်မခြား ရင်းနှီးပွန်းတီးခဲ့သော တပည့်မလေး၏ လမ်းကြောင်းလွဲချော်မှုကို ကျွန်မ ဘာရင်ဘတ်နှင့် နားထောင်ရမည်နည်း။ အဖြူရောင်ကင်းဘတ်စပေါ်မှာ ဘယ်သူ ဆေးရောင်စုံ ပက်ဖျန်းသလဲ။ တရားခံဘယ်သူလဲဟင်၊ မိဘတွေရဲ့ တိမ်ညိုရိပ်မည်းကြီးတွေ သားသမီးတွေအပေါ် နိမ့်ဆင်းပြိုကျလာခြင်းက တရားမျှတမှု ရှိပါရဲ့လား။

"သားယောကျာ်းလေးဆိုတာ အိမ်ကထွက်ပြီး ဆိုးမိုက်ဦးတော့ ထောင့်အပြင်တန်း မရှိပါဘူး၊ သမီးမိန်းမကလေးကျတော့ အိမ်ပြင်ရောက်သွားလို့ကို မဖြစ်ဘူး၊ သမီးရဲ့ရည်းစားတွေနဲ့ အဖေလုပ်သူ ထိုးကြိတ်သတ်ပုတ်ကြတယ်ဆိုတာကလည်း ကြားလို့ မကောင်းပါဘူး၊ နောက်ဆုံးသမီးကို အာရုံပြောင်း၊ ဝန်းကျင်ပြောင်းဆိုပြီး ရန်ကုန်က အဘိုးအဘွားတွေဆီ ပို့လိုက်ရတယ်။ ဒါလည်း အကောင်းဘက်ပါလာပြီလို့ မဆိုနိုင်ဘူး ဆရာမရယ်၊ အဘိုးအဘွားကို အစကတည်းကမှ မကြောက်တာ၊ ဟိုမှာလည်း အပိုးမကျိုးလှဘူး၊ အခုတော့ ရည်းစားတော့ မထားတော့ဘူး၊ ယောကျာ်းလိုလို မိန်းမလိုလို သူလိုပဲ ဒေါင့်မကျိုးတဲ့ ကလေးတစ်ယောက်နဲ့တွဲပြီး ထမင်းဆိုင်ဖွင့်ကြ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သတဲ့၊ ကျောင်းလည်း ထားလို့မရတော့ဘူး၊ တစ်ခုတော့ ရှိတာပေါ့လေ၊ စီးပွားရေးထဲ စိတ်ဝင်စားသွားရင် လိုင်းပြောင်းသွားမယ်လို့ မျှော်လင့်ခွင့်ရှိတာပေါ့"

"ကျွန်တော် လိုချင်တာ ဒီလို မိသားစုပုံစံမဟုတ်ဘူးလေ၊ ရလာသမျှ ငြင်းပယ်ပိုင်ခွင့်မရှိ လက်သင့်ခံနေရတဲ့အနေအထားမှာ ကျွန်တော်ကရော ကိုယ်ကိုယ်ကို ဘယ်လောက်ထိန်းကြောင်း တည့်မတ်နိုင်ပြီလဲ၊ အထင်မကြီးပါနဲ့ ဆရာမရယ်၊ ကျွန်တော်လည်း အလကားလူပါ။ ဆိုင်ကိုလည်း ပိတ်လိုက်ပြီး အရက်ချည်း နေ့မလင်း၊ ညမလင်း သောက်နေတာ တစ်နှစ်လောက်ကြာသွားတယ်၊ အိမ်မှာ အိမ်ရှင်မ မရှိ၊ သားမရှိ သမီးမရှိ ထမင်းဟင်းမရှိ ဘာဆိုဘာမှမရှိတဲ့ဘဝမှာ ကျွန်တော်ကရောရှိဖို့ လိုသေးလား၊ မရှိချင်တော့ဘူး၊ မရှိဦးကွာ၊ မရှိဦးကွာနဲ့ အရက်ချည်း နင်းသောက်ပေမယ့် မသေဘူးဗျာ အံ့ရော၊

အခုတော့ အထိုက်အသင့် အနည်ထိုင်သွားပါပြီ။ အနည်ထိုင်သွားပြန်တော့ သောင်းဒန်ဆိုတဲ့ကောင်ဟာ သောင်းဒန်မဟုတ်တော့ပြန်ဘူး ဆရာမရေ၊ အခု ကျွန်တော် ရန်ကုန်ကပြန်လာတာ ဘာသွားလုပ်လဲသိလား အလုံက တိုက်ခန်း မေလဲ့မွန်နာမည်နဲ့ သွားလွှဲပေးတာလေ"

"ဟင် . . . ဘယ်လို"

"ဆရာမတောင် ကြားရတာ အံ့သြသွားပြီမဟုတ်လား၊ ကျွန်တော်ဆိုတဲ့ကောင်ဟာ . . . အဲဒီလိုကောင်ပါဆိုနေ၊ တစ်နေ့တော့ သူ့ဆီကစာကို မူးရစ်ရီဝေနေတဲ့ မျက်လုံးတွေနဲ့ ဖတ်လိုက်ရတယ်၊ သူ ဒုက္ခဖြစ်နေပြီဆိုတဲ့အကြောင်းနဲ့ ရန်ကုန်က တိုက်ခန်းကို လိုချင်တဲ့အကြောင်း၊ မြို့မှာရှိတဲ့ လက်ထက်ပွားတွေကိုတော့ ကျွန်တော်နဲ့ သားသမီးတွေယူကြဖို့ အကြောင်းတွေပေါ့။ ကျွန်တော် အတော် ဒေါသထွက်သွားတယ်၊ သူကပဲ ရာရာစစ ခွဲခြမ်းစိတ်ဖြာနေသေးရဲ့၊ သူ့အမေတွေကလည်း ကျွန်တော်ကို မြှောက်ပေးတယ်၊ မပေးနဲ့ တရားရုံးကနေ တောင်းပစေ, ဘာညာပေါ့။

ဒါပေမယ့် သူတို့ချိန်းတဲ့ဆီ ကျွန်တော်သွားခဲ့တယ်၊ အနည်းဆုံး သူတို့နှစ်ယောက်စလုံး လက်သီးနဲ့ ဆွဲထိုးရနည်းလားဆိုပြီးတော့ပေါ့။ တကယ်တန်းကျတော့ ဟိုကောင်ပါမလာပါဘူး၊ အခု အချိန်ထိ ငဖြူ ငမဲ မသိရဘူး၊ မသိလည်း မသိချင်ပါဘူး၊ သူ့ကိုမြင်တော့ဒေါသတွေ အလိပ်လိုက်ထွက်လာပြီး ဆွဲထိုးလိုက်တာ အုတ်နံရံကိုလေ၊ သူ့ကို မဟုတ်ပါဘူး၊ ဆရာမရယ် ကျွန်တော် သူ့ကို ဘယ်လို ထိုးရက်မှာလဲဗျာ၊ သူ့မှာလေ သူ့မှာ ကိုယ်ဝန်ကြီးနဲ့ လအတော်ရင့်နေပြီ၊ မျက်နှာတွေလည်း ချောင်လို့ ဝမ်းထဲက ခွဲစိတ်ထားတဲ့အနာကလည်း ကောင်းမှကောင်းသေးရဲ့လားမသိ၊ သူက ကိုယ်ဝန်လွယ်ရင် သိပ်အဖြစ်ဆိုးတာ၊ ဗိုက်ကြီးနာလို့ ခေါ်မှာပေါ့။ အိမ်မှာဆို အရမ်းဂရုစိုက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရတာလေ၊ မိဇင်လေး ကိုယ်ဝန်နဲ့တုန်းက ထမင်းမစားဘဲ ပန်းသီး၊ လိမ္မော်သီး၊ ကျွဲကောသီးတွေချည်းစားချင်လို့ တကူးတက ဆရာဝန် မပြတ်ပြရတာတွေ မျက်စိထဲ ပြန်မြင်ပြီး ကျွန်တော် ဘယ်လိုထိုးရက်ပါတော့မလဲ"

"ကျွန်တော် သူနဲ့ စကားတောင် ကြာကြာမပြောနိုင်ဘူး၊ ကြာရင် ကျွန်တော့်ဘက်က တစ်စုံတစ်ရာ ပြောင်းလဲသွားနိုင်တယ်၊ တိုက်ခန်းစာချုပ်မှာ မြန်မြန်လက်မှတ်ထိုးပေးပြီး ပြေးဆင်းခဲ့ရတယ်၊ ကျွန်တော့်ခြေအစုံကို သူငုံ့ကန်တော့နေတာကို ကြည့်နေနိုင်တဲ့အင်အား ကျွန်တော့်မှာ မရှိတော့ဘူးဗျာ၊ ကျွန်တော့် အသိုက်အမြုံကလေးကို ခွဲခြေရက်တဲ့ ကံကြမ္မာကိုပဲ အပြစ်တင်ရမလား။ ဩော် . . . ဆရာမကို ပြောဖို့ကျန်နေသေးတယ်၊ ကျွန်တော် လက်မှတ်ထိုးပေးခဲ့တာ တိုက်ခန်းစာချုပ်တင် မဟုတ်ပါဘူးဗျာ၊ လင်မယားကွာရှင်းပြတ်စဲတဲ့ စာချုပ်ပါ လက်မှတ်ရေးထိုးပေးခဲ့တာပါ။ ကျွန်တော့်ယောက္ခမ သူ့အမေသိရင် ကျွန်တော့်ကိုဆူမှာ သေချာတယ်၊ သူတို့က သူတို့သမီးကို စွန့်လွှတ်လိုက်ပြီ၊ ဘာမှ မလိုက်လျောနဲ့လို့ ပိတ်ပင်ထားတာပါ။ သူ့မျက်နှာမြင်တော့ အားလုံးလိုက်လျောမိပါရော့"

"ကျွန်တော် သူ့ကို မမုန်းနိုင်ပဲကိုး ဆရာမရဲ့၊ သူ့မျက်နှာ နွမ်းနွမ်းကလေးကို မြင်တော့ ဒေါသကတစ်ကန့်၊ သနားတာက တစ်ကန့်ဖြစ်နေပြန်ရော၊ ဒါဟာ နှစ်ပေါင်းများစွာ ကျွန်တော်မြတ်နိုး ချစ်ကြင်စွာ ပေါင်းသင်းလာတဲ့ ဇနီးမယားလေ ဆရာမရဲ့၊ တဏှာပေမ အချစ်တစ်ခုတည်းမဟုတ်ဘူး၊ စီးပွားကို ဒိုးတူပေါင်ဘက်လုပ်ခဲ့တဲ့ ရဲဘော်မိတ်ဆွေ တစ်ယောက်အနေနဲ့ပါ။ ခင်တွယ်နေတော့ ရက်စက်ဖို့ဆိုတာ မဖြစ်နိုင်ခဲ့ဘူး၊ ကိုယ်ဝန်ကြီးနဲ့ ငွေကြေးအလိုအပ်ဆုံးအချိန်မှာ သူတောင်းရင် ကျွန်တော့်ဆီက ထပ်ပါဦးမှာ။ အိုဗျာ . . . အဲဒီမှာ ဆက်နေရင် နောက်ထပ်ဘာတွေ ဖြစ်လာနိုင်တယ်ဆိုတာ မတွေးတတ်အောင်ပါပဲ"

ညှိုးမှိန်လာသော ဆည်းဆာနှင့်အတူ ကိုသောင်းဒန်ရဲ့ မျက်နှာမှာ ငြိမ်းအေးခြင်း သန္တိသုခကို မြင်တွေ့လိုက်ရသည်။ စောစောက ဒေါသမျိုးခြေအနီရောင်တွေ မရှိတော့ဘဲ ပကတိဝင်းပလက်စင်နေသည့် အနေအထားက တည်ကြည်ငြိမ်သက် အေးချမ်းမှုကို ပြနေတော့သည်။ ဒေါသစင်နေသဖြင့် မျက်လုံးတွေပါ ပြန်လည်ကြည်လင်ကာ နဂိုရှိရင်းစွဲ ကိုသောင်းဒန်ကို မြင်နေရသည်။

"အဲဒါ အချစ်ပေါ့ ကိုသောင်းဒန် မေလဲ့မွန်ဆိုတဲ့ မိန်းမတစ်ယောက် အနေအထားထက်ပိုပြီး မြင့်မြတ်တဲ့လူသားဆန်တဲ့ အချစ်ပါ။ ရှင်မေလဲ့မွန်အပေါ် ဘယ်လိုမှ မမုန်းနိုင်ဘူးဆိုတာ ပြလိုက်တာပါပဲ၊ အတွေးတိမ်တိမ်နဲ့ တခြားလူတွေက ရှင့်အပေါ်ကဲ့ရဲ့ပြစ်တင်ကောင်း ပြစ်တင်ကြလိမ့်မယ်၊ ကျွန်မကတော့ ရှင်ရဲ့လုပ်ရပ်အပေါ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လေးစားဂုဏ်ယူလိုက်ပါရဲ့၊ သူဟာ ရှင်ရဲ့ ဇနီးမယားဖြစ်ခဲ့ဖူးသလို ရှင့်သားသမီးတွေရဲ့ မိခင်တစ်ယောက်ပဲလေ၊ အခုလည်း သူဟာ တခြားတစ်ယောက်ရဲ့ရင်သွေးကို လွယ်ထားရပြန်ပြီ၊ သူ လော်မာဖောက်ပြားသလောက် အသွေးအသားကို လက်မခံဘူးဆိုရင် ဒီခေတ်ကြီးထဲမှာ တားဆီးပိတ်ပင်မှုတွေ အများကြီးလုပ်နိုင်သားပဲ၊ ဒါပေမယ့် သူဟာ ဘယ်လောက်ပင် မိုက်မဲပါစေ သူရဲ့ (မိခင်တစ်ယောက်ရဲ့) ညှို့သက်နှလုံးသားနှင့်အတူ အမိမေတ္တာရည်တွေ ဖိတ်လျှံနေတဲ့ မိန်းမသားတစ်ယောက်အဖြစ် အသိအမှတ်ပြုကြရမှာပါပဲ၊ အဲဒီလေးစားသမှု တစ်ခုတည်းနဲ့ သူအပေါ် နားလည်ပေးလိုက်ပါတော့”

“အေးဗျာ ကျန်တာတွေတော့ ကမ္ဘသကာပါပဲ၊ ကျွန်တော် စောစောက ကြည့်နေတယ်၊ သင်္ဘောရဲ့နောက်မှာလိုက်ပါနေတဲ့ ပင်လယ်ရေခူတွေလေ၊ သူတို့မှာ ရေစုန်ရေဆန်ကူးခတ်ဖို့ ရေအမြီးယက်မပါဘူး၊ ငါးတွေလိုလည်း ရေစီးကြောင်းကို ဦးတည်ပေးမယ့် ချွန်နေတဲ့ ဦးခေါင်းတွေမပါဘူး၊ ဒါကြောင့် ဒီရေအတက်အကျနဲ့အတူ လိုက်ပြီး စုန်ဆန်မျောပါနေကြတယ်၊ ကျွန်တော့်ဘဝလည်း ဒီလိုပဲဗျာ၊ ဖြစ်ချင်တာက တစ်မျိုး ဖြစ်သွားခဲ့တာက တစ်မျိုး၊ ကံကြမ္မာကို ကျွန်တော်တို့ဘက်က ရွေးချယ်ပိုင်ခွင့် မရှိဘူး၊ သူက စုန်ဆိုရင် စုန်ကြရ၊ ဆန်ဆိုရင် ဆန်ကြရ တကယ့်ရေခူတွေရဲ့ဘဝနဲ့ တူပလေလို့ စဉ်းစားနေမိတယ်”

“မဟုတ်တာ ကိုသောင်းဒန်ကလဲ အားလျော့ရန်ကော၊ ဘဝကို ပင်လယ်ရေခူနဲ့တော့ ထပ်တူမပြုလိုက်ပါနဲ့၊ ထပ်တူပြုခြင်းပြုရင် ရေဘုရင် ငါးမန်းတွေနဲ့ ထပ်တူပြုစမ်းပါ၊ ငါးမန်းတွေဟာ ရေထဲမှာ ရပ်တန့်ငြိမ်သက်နေတယ်လို့ မရှိ မစဉ်အမြဲ ရုန်းကန်ကူးခတ်နေရသတဲ့၊ ငါးမန်းတွေရဲ့ လုံ့လစွမ်းအားကို အတုယူပြီး ကူးခတ်လိုက်စမ်းပါ၊ ရေစုန်ရေဆန် မျောလိုက်နေတာနဲ့စာရင် အားနဲ့မာန်နဲ့ ကူးခတ်နေတာက ဦးတည်ရာပန်းတိုင်ဆီ မလွဲမသွေရောက်မှာ မဟုတ်လား၊ ကိုသောင်းဒန် ကိုယ့်အခြေအနေကိုယ်သုံးသပ်ပြီး ကိုယ့်ကိုယ်ကို တည့်မတ်ပါဦး၊ ပြန်လည်ပြုပြင်လို့မရတော့တဲ့ အနေအထားမှာ ရှေ့ဆက်အကောင်းဆုံး ဘယ်လိုနေသွားကြမယ်ဆိုတာ စဉ်းစားကြ ရင် မကောင်းဘူးလား”

ကိုသောင်းဒန်က ငုပ်လျှိုးဖို့အားယူနေတဲ့ နေလုံးကြီးရဲ့အလင်းဖျော့လက်ကျန်တွေကိုငေးကြည့်ရင်း ကျွန်မပြောသည့်စကားတွေကို ချိန်ဆတွေးတောနေသလို အငြိမ်သက်ကြီး ငြိမ်သက်နေပေမယ့် သူ့အမူအရာက အလွန်စိတ်ချရတဲ့ အနေအထားမှာ ရောက်နေပါပြီ။ ခေတ်စနစ်များစွာကိုဖြတ်သန်းပြီး အခြေခံပညာ အားမနည်းလှသူတစ်ဦးအတွက် သိပ်ဆိုးဆိုးရွားရွားကြီး ယိုယွင်းနေသူတစ်ဦး မဟုတ်သေးပါ။ မကြာမီ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သောကာလတွင် သူ့ကိုယ်သူ အန္တရာယ်ကမ်းပါစွန်းမှ ဆယ်မကယ်တင်နိုင်မည်ဟု ယုံကြည်နေမိသည်။

"ဒီနေ့ ကျွန်တော် ဆရာမနဲ့မမျှော်လင့်ဘဲ တွေ့ဆုံစကားပြောရတာ အဓိပ္ပါယ်ရှိသွားပြီဗျာ၊ ကျွန်တော့်ရင်ထဲ တအုံ့နွေးနွေးကိစ္စလေးတွေလည်း လင်းပွင့်သွားတာပေါ့။ ကဲ နေလည်းဝင်တော့မယ် အပြင်မှာ အေးလှပြီ၊ ကျွန်တော်တော့ သင်္ဘောဝမ်းထဲဝင်တော့မယ်၊ မြို့ရောက်တဲ့အခါ လိုအပ်တဲ့အကူအညီရှိရင် ပေးပါရစေဗျာ၊ ဆက်သွယ်လိုက်ပါ သွားပြီ ဆရာမရေ"

ကိုသောင်းဒန်ထွက်သွားတော့ ကျွန်မ မှောင်ရီသန်းဖို့ အားယူနေတဲ့ ဆည်းဆာအောက်မှာ ရေပြင်ကျယ်ကြီးကို ငုံ့ကိုင်းကြည့်တော့ သင်္ဘောနောက်မှာ စုန်ဆန်လိုက်ပါလေ့ရှိသည့် ရေခူကောင်တွေကို မမြင်ရတော့ပါ။ ဒါဆိုလျှင် ငါးမန်းတွေကရော တစ်နေရာမှာ မနားမနေ ကူးခတ်နေကြပေလိမ့်မည်။ ကျွန်မတို့လိုရာ ခရီးရောက်ဖို့ အကြိမ်ကြိမ် ကူးခတ်ကြရမည်။ ပစ်မှတ်စက်ဝန်းကို ထိမှန်ဖို့ အကြိမ်ကြိမ် ချိန်ရွယ်ပစ်ခတ်ကြရမည်။

ကျွန်မ ဆည်းဆာရီကို ကျော်ခိုင်းကာ သင်္ဘောကုန်းပတ်ကို နှုတ်ဆက်ထွက်ခွာလာချိန်မှာတော့ အဆိုတော် ခင်ဝမ်းရဲ့ မြားဘုရင်သီချင်းက အဆီးအတားမဲ့ ပင်လယ်လေထဲ လွင့်ဝဲမျောပါလာသလို ခံစားလိုက်ရသည်။

". . . . အရိုးသားဆုံးမြားတစ်စင်းကို၊ အဝေးဆုံးပစ်လွှတ်ဖို့ အထွတ်အထိပ်ရောက်ခဲ့တဲ့ အတတ်ပညာတွေ၊ အခိုးအငွေ့အဖြစ်နဲ့ ထားရစ်ပျောက်ပျက်စေ၊ လေးနဲ့မြားရဲ့ ဒြပ်ထုထည်ကို၊ အတ္တအဖြစ်နဲ့ ပြောင်းလဲပစ်ခတ်ဖို့ အကြမ်းဆုံးခရီးက သင်ပြန်ခဲ့ပြီ။ လေးညို့ကို ညင်သာစွာ အသင့်တင်ပေတော့၊ ရင်ဆိုင်စရာတွေနဲ့၊ ပြည့်နှက်ကာနေတဲ့ အဆုံးအဖြတ်ကိုလက်ခံ၊ အပြောင်းအလဲကို ရွေးချယ်တွက်ချက်ကာ ဖြူစင်သူတွေ ရှုံးနိမ့်ထွက်ခွဲတဲ့ ဘဝစက်ဝန်းကို ချိန်ရွယ်ပါလေ . . . အိုမြားဘုရင် . . . ။

အလို လေပွေသရမ်း ခပ်ကြမ်းကြမ်း တိုးဝှေ့သွားသည့်အတွက် သင်္ဘောကို လှိုင်းလုံးကြီးတွေ ကျီစယ်ရိုက်ခတ်ဖို့ ပြေးလာနေပါပကော။

ကျွန်မသည် လှိုင်းအရိုက်မှာ သင်္ဘောယိမ်းသွားလို့ ယိုင်သွားသည့် ခြေလှမ်းတွေကို တည့်မတ်ကာ မူးဝေအော့အန်မှုတွေကို လက်ခံရယူဖို့ သင်္ဘောဝမ်းထဲ ခပ်သွက်သွက်ဆင်းခဲ့ပါတော့သည်။

သည်လမ်းသွားလျှင်တော့ သည်ပန်းပန်ရမည် မဟုတ်ပါလား။

***ဂန္ထဝင် မဂ္ဂဇင်း၊***
***စက်တင်ဘာလ၊ ၂၀၀၃ ခုနှစ်***

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# ညင်းညှံ့ညှံ့

# ကြာညိုရနံ့ကဆွတ်ပျံ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



# ညင်းညွံ့ညွံ့ ကြာညိုရနံ့က ဆွတ်ပျံ့

ရှေလိပ်ပြာဟာ ဖောင်းဖွင့်ရက်ကြီးမှာ မူးဖြစ်အောင်မူးနေတဲ့ သူ့ယောက်ျား တင်ထူးမောင်ကို မကျေမနပ်နဲ့ မကြာခဏ မျက်စောင်းထိုးနေမိတယ်။ ဖောင်းဖွင့်ရက်မှာ မူးတာဆိုတော့ တခြားရက်တွေမှာရော မမူးဘူးလားလို့မေးရင် တင်ထူးမောင် မမူးတဲ့ရက်မရှိဘူးလို့ ဖြေရမယ်ထင်တယ်။

ဒါဆိုရင်လည်း ဒီကိစ္စဘာလို့ အာရုံထဲထည့်နေရသေးလဲလို့မေးရင် ရှေလိပ်ပြာ အဲဒီလောက် မရင့်ကျက်မလိမ်မာသေးလို့လို့ ဖြေရမှာပါ။ အိမ်ထောင်သက် ဆယ့်ခြောက်နှစ်ရှိပြီ ရှေလိပ်ပြာ သူ့ယောက်ျားအပေါ် စိတ်မထားတတ်သေးဘူး။ တကယ်ဆို ဒီအိမ်ထောင်သက်မျိုး ဖြတ်သန်းမှုမျိုးနဲ့ ရှေလိပ်ပြာ ရင့်ကျက်လိမ်မာဖို့ သင့်နေပြီ။

တခြားနေ့တွေ သာသလိုဘယ်လိုနေနေ ဒီလိုဖောင်းဖွင့်ရက်မျိုးဆို အလုပ်အပေါ်မှာ အာရုံမဝင်စားသင့်ဘူးလား။ ထုပယ်ထောင်းဟယ် ထမ်းဟယ်ပိုးဟယ် ဝင်လုပ်ရမယ်လို့ မဆိုလိုပါဘူး။ ဘေးနားက အလုပ်ရှင်တစ်ယောက်အနေနဲ့ လူကြီးတစ်ယောက်အနေနဲ့ ကြည့်ရှုပေးရုံနဲ့ လုံလောက်ပါပြီ။ ဒါဆိုရင် အလုပ်သမားတွေကလည်း သူ့အပေါ် လေးစားသမှု ပြုလာမယ်မဟုတ်လား။ ခုတော့ အလုပ်ထဲမှာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လည်း ဘယ်မှာလာသြဇာရှိပဲ့မလဲ။ ဘာမဆိုရွှေလိပ်ပြာပြီးမှပြီး ရွှေလိပ်ပြာဆုံးဖြတ်မှ အတည်ဖြစ်နေတော့တာပေါ့။

"အစ်မ မီးသွေးတွေ အိတ်သွတ်ပြီးတစ်ခါထဲ လှေထဲတန်းချမလား"

"မချခင် ပစ္စည်းစာရင်း အသေအချာမှတ်ဦး၊ ဒိုင်ရောက်မှ စကားများနေရဦးမယ်"

အလုပ်သမားခေါင်း ကိုသီးဆွေမေးတာပြန်ဖြေရင်း ရွှေလိပ်ပြာ မျက်စောင်းက သူ့ယောက်ျားတင်ထူးမောင်ဆီ ဒိုင်းကနဲ ရောက်သွားပြန်တယ်။ မောင်မင်းကြီးသားကတော့ အမူးလွန်ပြီး ပုဆိုးတောင် ဒူးလန်ပေါင်လန်ဖြစ်နေပြီ။

ရွှေလိပ်ပြာဟာ မီးဖိုပေါ်က ပွက်ပွက်ဆူနေတဲ့ ကျောက်ဖရုံသီးနဲ့ ငါးဇလုံးရိုးသောက်စားဟင်းကို ခပ်သွက်သွက်ချပြီး ငါးပိထောင်းတစ်ဆုံကို ခပ်ကျကျကလေး ထောင်းနေမိတယ်။ အလုပ်သမားတွေ အလုပ်လက်စသိမ်းနေပြီ ဆာနေကြရော့မယ်။ သောက်စားဟင်းချဉ်ချဉ်နဲ့ ငါးပိထောင်းစပ်စပ်ကလေးဆို မောမောနဲ့ ထမင်းမြိန်လိုက်မယ့်ဖြစ်ချင်း။ ဖောင်းဖွင့်ရက်ဆို အလုပ်သမားတွေစားဖို့ ရွှေလိပ်ပြာကိုယ်တိုင် ဝင်စီမံလေ့ရှိတယ်။ ပိုမောကြတော့ စားရေးသောက်ရေး အဆင်ပြေမှဖြစ်မှာလေ။

ဒင်းကိုတော့လား၊ မန္တီးဘဲ အငတ်ကို ထားလိုက်ဦးမယ် နိုးချင်တဲ့ အချိန်နိုး၊ မကျန်တော့လည်း အိုးလူးခွက်လူးစားရုံပေ့။ ရွှေလိပ်ပြာ ဒီလင်အပေါ်မှာ အရိုအသေတန်နေတာတော့ အတော်ကြာပြီ။

"တင်ထူးမောင်မှာ သောက်တတ်တာကလေးတစ်ခုရှိတာပါ ရွှေလိပ်ပြာရယ်။ မိန်းမဆိုတာ အလိမ်မာကလေးနဲ့ သိမ်းသွင်းမှပေါ့၊ ညည်း ဒီလိုအကြမ်းအရွဲ့လုပ်နေလို့ကတော့ ကောင်းခန်း မမြင်ပါဘူးအေ"

ဒေါ်လေးက ရွှေလိပ်ပြာစိတ်ကိုသိနေလို့ ဘယ်လောက်ပဲ သွန်သင် သွန်သင် ယောကျ်ားအပေါ် အချိုသပ်အပျော့ဆွဲဖို့ တစ်ခါမှ ဆန္ဒမပေါ်ခဲ့ဘူး။ အိုးရွဲ့ရင် စလောင်းရွဲ့ချင်တဲ့ ရွှေလိပ်ပြာလေ။

ရွဲ့ချင်မယ့်သာ ရွဲ့တာပါ။ ဒီယောကျ်ားက ရွှေလိပ်ပြာကိုယ်တိုင် ကြိုက်လို့ ခိုးရာလိုက်ခဲ့တဲ့ ယောကျ်ား။ ဒီတုန်းက ဒေါ်လေးဒေါ်သကို မြင်ယောင်ပါသေးတယ်။ တကယ်ဆို ရွှေလိပ်ပြာမှာက အဖေရှိတော့တာမဟုတ်။ အမေကလည်းရွာမှာပဲ တခြားမောင်နှမတွေနဲ့ အုပ်အုပ်စီးစီးနေတာဆိုတော့ အကြီးဆုံးသမီး ရွှေလိပ်ပြာဟာ မြို့က ဒေါ်လေးသမီးဖြစ်နေတော့တာပေါ့။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘာန်မား**

စောစောတုန်းကတော့ ဒေါ်လေးက ရွှေလိပ်ပြာကို သားထိန်းဖို့ ထမင်းတည်ဖို့မြို့ကို ခေါ်လိုက်တာပါ။ မြို့ရောက်တော့ ရွှေလိပ်ပြာက ဒေါ်လေးထင်တာထက် သွက်လက်ချက်ချာနေလို့ အသက်မွေးဝမ်းကျောင်း စက်ချုပ်သင်တန်းပါ တက်ခိုင်းလိုက်တာပါ။ ဒီသင်တန်းကြောင့်ပဲ တင်ထူးမောင်နဲ့ တွေ့ကြတာလေ။ စက်ချုပ်သင်တန်းက တင်ထူးမောင်တာဝန်ကျတဲ့ ရဲစခန်းနားကဖြတ်သွားရတော့ ရဲတပ်သားဝတ်စုံနဲ့ တင်ထူးမောင်ကို ရွှေလိပ်ပြာခမျာ အထင်ကြီးလေးစားတာကစပြီး. . .

အင်းလေ ရွှေလိပ်ပြာက လေးတန်းပညာလောက်တတ်တာဆိုတော့ အစိုးရအရာထမ်း အမှုထမ်းတွေဆို အထင်ကြီးပြီးသား၊ ဒီကြားထဲ တင်ထူးမောင်က ဝတ်တတ်စားတတ် သပ်သပ်ရပ်ရပ်ဆိုတော့ ရည်းစားကလေးမှဖြစ်မယ် မကြံသေးပါဘူး။ ဘယ်နှယ့်လုပ်ပြီး ဒေါ်လေးတစ်ယောက် အသိစောသွားတယ်မသိ။ အိမ်နားကိုလာလာနေတဲ့ လှေစာရေး မှန်ကြောင်နဲ့ ပေးစားမယ်လုပ်ပါရော။ လှေစာရေးရဲ့ ဝင်ငွေက ဒေါ်လေးရဲ့သည်းခြေကြိုက်လေ လှေတစ်ခေါက်ဝင်လာရင် အချိုရည်ဗူးတွေ နို့ဆီတွေဆိုတာ အိမ်မှာ စားမကုန် သောက်မကုန်၊ မျက်မှန်ထူထူကြီးနောက်က မျက်လုံးကြောင်ကြောင်ကြီးတွေကို ရွှေလိပ်ပြာ ဘယ်လိုမှရင်မခုန်ဘူး။

သိမ်တော်ကြီးဘုရားမှာ တင်ထူးမောင်နဲ့ချိန်းတဲ့နေ့ ဒေါ်လေးကလည်းအဆူကောင်းတာနဲ့ အဲဒီညပဲ ယောက်ျားနောက် အပြေးလိုက်ခဲ့တာလေ။ တင်ထူးမောင်အထက်အရာရှိတွေရှေ့မှာ လက်မှတ်ထိုးပြီးတဲ့အခါ ရွှေလိပ်ပြာလည်း လိုင်းထဲမှာ အခန်းရလို့ ဒေါ်လေးနဲ့ အဆက်ပြတ်သွားတော့တာပေါ့။ ဒေါ်လေးဒေါသကို သိပြီး မသွားရဲ မလာရဲတာလဲ ပါတာပေါ့။ တင်ထူးမောင်တစ်ရစ်ရလို့ ကော့သောင်း ပြောင်း ခါနီး သွားကန်တော့တော့ ဒေါ်လေးမှာ စိတ်ပြေနေပါပြီ။

မြိတ်မှာတုန်းက မသိသာပေမယ့် ကော့သောင်းရောက်တော့ စရိတ်စကကြီးတယ်လေ။ ရွှေလိပ်ပြာ ငြိမ်နေလို့ မရတော့ဘူး။ တင်ထူးမောင် ရုံးတက်ချိန် လိုင်းထဲမှာ အားနေချင်းအတူတူ အခန်းရှေ့မှာ ရေခဲခြစ်ဆိုင်ကလေး ဖျော်ရည်ဆိုင်ကလေး ဖွင့်ကြည့်တယ်၊ မဆိုးဘူး။ စုမိဆောင်းမိ ကလေးရှိလာတော့ အပ်ချုပ်စက်ကလေး တစ်လုံးဝယ်၊ စက်ချုပ်သင်တန်းက သင်ရိုးမကုန်ခဲ့ပေမယ့် လက်တွေ့က သင်သွားရင်းနဲ့ တော်ရုံတန်ရုံ အလယ်အလတ်စားလောက်တော့ ရွှေလိပ်ပြာ ချုပ်တတ်နေပြီ၊ လိုင်းထဲမှာ အပ်ချုပ်ဆိုင်မရှိတော့ အချင်းချင်းအားပေးတာလည်း ပါတာပေါ့။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



သည်ကတည်းက ရွှေလိပ်ပြာဟာ လုပ်လိုက်ရတဲ့အလုပ်။ သားဦးကိုယ်ဝန် မပေါ့မပါးကြီးနဲ့လည်း စက်ပေါ်က မဆင်းဘူး။ လက်ချုပ်လည်း သူများပေးစားရမှာစိုးလို့ ကိုယ်တိုင်အပင်ပန်းခံလိုက်တာပဲ။

ရွှေလိပ်ပြာ လောဘတကြီး ငွေရှာနေသလောက် တင်ထူးမောင်က အေးဆေးပဲ။ အဲဒီအချိန်မှာ သောက်တော့သောက်နေပြီ ဒီလိုမဟုတ်သေးဘူး။ စည်းကလေး ကမ်းကလေးနဲ့ ထမင်းစားကောင်းရုံသောက်တာဆိုတော့ ရွှေလိပ်ပြာ မသိချင်ယောင်ဆောင်နေလို့ရတယ်။ သားတစ်ယောက်မွေးပြီး ဘုတ်ပြင်းကိုပြောင်း၊ နောက်တနသ်ာရီကို ပြောင်း ဟိုနယ်၊ ဒီနယ် ပြောင်းတိုင်း ပြောင်းတိုင်း ရွှေလိပ်ပြာ အလုပ်တွေ တစ်ခုပြီး တစ်ခုပြောင်းလုပ်လိုက်တာ မလုပ်ဖူးတဲ့ အလုပ်မရှိသလောက်ပဲ။

နောက်ဆုံး တင်ထူးမောင် ညောင်ပင်ကွင်း ငှက်ဖျားနဲ့ထိပြီး အတော်ကလေး မမာမကျန်းဖြစ် အလုပ်ထွက်လိုက်ရတော့ ရွှေလိပ်ပြာမှာ နောက်သားတစ်ယောက် ထပ်ရနေပြီ၊ သားကြီးက ငါးတန်းတက်ပြီး ဒေါ်လေးတို့အကြံပေးတာနဲ့ တစ်သက်လုံး ခြစ်ခြစ်ကုပ်ကုပ်စုထားတဲ့ ငွေကလေးတွေနဲ့ မြိတ်မှာ မီးသွေးဖောင်း(မီးသွေးဖို)လုပ်ဖြစ်တယ်။ လေးငါးနှစ်လောက်လည်းလုပ်ပြီးရော မြို့ကနေ ဖောင်းတွေကို နှင်ပါရော၊ ရွှေလိပ်ပြာတို့ ဖောင်းတွေ မင်းသန်းရွာဘက် ရောက်ခဲ့ပြန်တယ်။ အဲဒီမှတစ်ဆင့် အခုကမာချောင်းဆိုတဲ့ နေရာကလေးမှာ အခြေချဖြစ်တော့တယ်။ ဖောင်းကလည်း ဗမာဖောင်း မဟုတ်တော့ဘူး။ ရှမ်းဖောင်းဖြစ်သွားပြီ။

ကမာချောင်းဆိုတာက တကယ်ဆို ရွာမဟုတ်ဘူး။ ကျွန်းတော့ ကျွန်းပါပဲ။ လူမနေတဲ့ ကျွန်း၊ ရွှံ့နွံတွေနဲ့စိုစိုနေတဲ့ ကျွန်း၊ ကျွန်းခြောက် မဟုတ်ဘူး။ အလုပ်စခန်းလို့ အမည်တပ်ရင် ရမယ်ထင်တယ်။ မြိတ်ကနေ ကမာချောင်းကို စက်တပ်လှေနဲ့ သွားမယ်ဆိုရင် နံနက် ၈ နာရီလောက် မြို့ဆိပ်ကခွာရင် ဟိုကို ညနေစောင်း ၅ နာရီဆို ရောက်ရောပဲ။

တစ်သက်လုံး အလုပ်တွေစုံလာတဲ့ ရွှေလိပ်ပြာဟာ ဒီမီးသွေး ဖောင်းအလုပ်ကျတော့ ဟိုခုန်သည်ခုန်မခုန်ဘဲ စွဲစွဲမြဲမြဲလုပ်နေတာ အကျိုးပေးသန်နေတယ်လို့ ဆိုရမှာပါပဲ။ ယောကျ်ားဦးဆောင်ရမယ့်နေရာမှာ မိန်းမဦးဆောင်နေရလို့ မဆိုစလောက်ကလေး ဖင့်နွှဲကြာမြင့်တာကလွဲရင် ဒီလောကမှာ ရွှေလိပ်ပြာနာမည်တစ်လုံးနဲ့ ဖြစ်လာပြီ။ အခုလို ရှမ်းဖောင်းတွေမပေါ်ခင် ဗမာဖောင်းတွေ ဖုတ်ကြကတည်းက ရွှေလိပ်ပြာဖောင်းကဆို မီးသွေးတွေ စိတ်ချရတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

“ကျွန်မတို့ ချောင်းရေဆင်းစိမ်လိုက်ဦးမယ် အစ်မ”

အို. . ဟုတ်ပါရဲ့ ရွှေလိပ်ပြာအတွေးတွေလွန်နေတာနဲ့ မီးသွေးအိတ်သွပ်တဲ့ ကလေးမတွေ အေးရီတို့ နုနုစိန်တို့ အိုအိုငယ်တို့ အလုပ်သိမ်းပြီး တောင်းပလုံးတွေ ထားသိုဖို့ တဲကုတ်ထဲဝင်လာကြပြီ။ ကောင်မလေးတွေဟာ သူတို့ရဲ့ မီးသွေးဖက်ရှင် ဝတ်ရုံတွေကို ချွတ်ခွာဖို့ မလှမ်းမကမ်းက ရေချိုချောင်းကလေးဆီ ဆင်းချသွားကြပြီ။ ပြီးရင် မီးပူဟပ်ထားလို မည်းပြောင်နေတဲ့ အသားတွေပေါ်မှာ တောင်နံ့ကြီး သနပ်ခါးဝါဝါတွေကို ကြပက် လိမ်းကျံပြီး အလှဆင်တော့မှာလေ။ ကမာချောင်းမှာ အလှပြင်ချယ်သမှုကတော့ ဒါဟာ လက်စွမ်းကုန်ပါပဲ။

ရွှေလိပ်ပြာဟာ ထမင်းပွဲပြင်ဖို့အတွက် အပြင်နား မည်းတူနေတဲ့ ထမင်းအိုးကို ဖွင့်လိုက်ပြီး နီကျန်ကျန် ဆန်ကြမ်းထမင်းကို သံပန်းကန်ပြားထဲ အပြည့်အမောက် ကော်ထည့်နေမိတယ်။ အမောခံ အဆာခံဆန်ကြမ်းထမင်းနဲ့ သံပန်းကန်ပြားထိတွေ့မှု ဂေါက်ဂေါက်မြည်သံဟာ ကမာချောင်း ရှမ်းဖောင်းအလုပ်သမားတွေရဲ့ ဆာလောင်မှု ကို ဆွတ်ချူနေပါတော့တယ်။

ဟောဒီ ကမာချောင်းမှာ ရှမ်းဖောင်းလာဆောက်ပြီး စီးပွားကို တိုးချဲ့မယ်ဆိုတုန်း က တင်ထူးမောင်ဟာအကြီးအကျယ် ကန့်ကွက်ခဲ့သူပေ့ါ။ နဂိုက စီးပွားရေး စိတ်ပါဝင် စားမှုမရှိတဲ့သူမို့ သက်သာရာသက်သာကြောင်း အသာကလေးပဲ မျှောလိုက်ပြီး နေချင် ခဲ့တယ်။ ဒါပေမယ့် ရွှေလိပ်ပြာဟာ သူ့စကားကို အလေးမထား ရှေ့ကို ဇွတ်ထိုးလေ တော့၊ မတားသာဘဲ တွန့်ဆုတ်တွန့်ဆုတ်နဲ့ အနောက်က လိုက်ခဲ့ပြန်တယ်။ မလိုက် လို့လည်း မဖြစ်ဘူးလေ။ မြို့က ဒေါ်လေးအိမ်မှာထားတဲ့ သူတို့သားကြီးက ဒီနှစ် ဆယ်တန်းတက်ပြီ၊ ကျူရှင်စရိတ်၊ အဝတ်အစားဖိုး ကုန်ကျငွေတွေအတွက် နှစ်ဆတိုး မရှာလို့ မရတော့ဘူး။ ပြီးတော့ သူတို့မိသားစုအတွက် အလိုအပ်ဆုံး အိမ်တစ်ဆောင်။

တစ်သက်လုံးလိုင်းခန်းနဲ့ကိစ္စပြီးလာတဲ့ တင်ထူးမောင်ဟာ ရွှေလိပ်ပြာက အိမ် အကြောင်းပြောလိုက်ရင် အလိုလိုပါးစပ်ပိတ်သွားရတာ အကျင့်ပါနေပြီ။ ရွှေလိပ်ပြာ ပြောတာတွေက တကယ်လိုအပ်ချက် အမှန်တရားတွေဆိုတော့ သူ့အနေနဲ့ လက်မခံ လို့ မဖြစ်ဘူး။

“ဒီလိုပဲ တစ်သက်လုံး ရေမျောကမ်းတင် ခနိပေါင်တုတ်ဘဝနဲ့ နေသွားလို့မရဘူး၊ မအိုမနာခင် အိမ်တစ်ဆောင်ရဖို့ အရေးကြီးတယ်”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဒါက ရွှေလိပ်ပြာရဲ့ လက်သုံးစကား။ အထိုက်အလျှောက်မှန်နေလို့ ကမာချောင်းမှာ ရှမ်းဖောင်းသွားလုပ်မယ့်ကိစ္စသိပ်ပြီး အတိုက်အခံ မပြောဖြစ်တော့ဘူး။ ရွှေလိပ်ပြာဦးဆောင်ရာနောက် ခပ်ကုပ်ကုပ်လိုက်ပါရုံအပြင် ဘာရှိတော့မှာလဲ။

ရှမ်းဖောင်းဆောက်တော့မယ်ဆိုရင် မြေသားအတွက် တောင်ကို အရင်ရွေးချယ်ရမှာဖြစ်တယ်။ တောင်ရဲ့မြေသားဟာ ကျောက်စရစ်မြေဖြစ်ဖို့ လိုတယ်။ သဲရောနေရင်တော့ မကောင်းဘူး။ မြေပေါ်မှာ ၁၈ တောင်ပတ်လည် ဖောင်းပုံစံဖော်ပြီးရင်း အပေါ်က ခမောက်တင်ရမယ်။ ခမောက်တင်တယ်ဆိုတာ သစ်သားနဲ့ ခမောက်ပုံခေါင်တင်တာကို ပြောတာပါ။ ခေါင်တင်ပြီးမှာ အပေါ်က ငွေးလှမ်းတဲ့ ရိုင်ဖျာတွေတင်၊ အုတ်နဲ့ ရွှံ့မံပြီးရင် ပြီးပြီ။ အပေါ်က တဲကုပ်ထပ်မိုး မီးထိုးလိုက်တဲ့အခါ သစ်သားနဲ့ဖျာက မီးလောင်ပြီးသားဖြစ်သွားမယ်။

မီးသွေးဖုတ်တဲ့နေရာမှာ ဗမာဖောင်းနဲ့ ရှမ်းဖောင်း လုပ်နည်းလုပ်ဟန် ကွာသေးတယ်။ ထင်းကို ဖောင်းထဲ စထည့်ကတည်းက ထင်းရဲ့အပြင်အခွံတွေ သင်ပစ်ထားရမယ်။ ထင်းတွေ ဖောင်းထဲစီတဲ့အခါလည်း ဗမာဖောင်းလို ဒေါင်လိုက်မစီဘဲ လှဲချပြီး တစ်ခုအပေါ်တစ်ခု ဝက်လွှန်းစီနည်းနဲ့ သွားမယ်။ ဗမာဖောင်းက မီးထိုးပေါက် သပ်သပ်ထားပေမယ့် ရှမ်းဖောင်းက ထင်းသွင်းတဲ့အပေါက် ကျောက်တံခါးပေါက်ကပဲ မီးထိုးမယ်။ မီးသွေးဖြစ်တော့လည်း ထင်းခေါင်းတောင်ဆုပ်လောက်မကျန် အကုန်ရတာရယ်။ အရည်အသွေးမြင့်မားတာရယ်က ရှမ်းဖောင်းမီးသွေးကို လူကြိုက်များစေတဲ့ အချက်တွေပါပဲ။

ရွှေလိပ်ပြာသဘောက စီးပွားရေးဆိုတာ ရိုးရိုးကြီး လေ့ထိုးလုပ်နေလို့ မရဘူး။ ခေတ်အလိုက် တိုးတက်ပြောင်းလဲမှုတွေကို မျက်ခြေပြတ်လို့ မဖြစ်ဘူး။ သုံးစွဲသူအနေအထား၊ ဈေးကွက်အနေအထားကို အစဉ်အမြဲ လေ့လာနေရမယ်။ ထင်းပိုင်းလေးငါးခြောက်ဆယ်ပါတဲ့ပုံစံပေါင်း နှစ်ရာဝင်တဲ့ ဖောင်းတစ်ဖောင်းဆိုရင် ထင်းဖိုး ခုတ်ခ-အလုပ်သမားကြေးနှုတ်ပြီး ကိုယ့်အတွက် ဘယ်လောက်ကျန်မလဲ။

ရွှေလိပ်ပြာအလုပ်ဇောကပ်သလောက် တင်ထူးမောင်က အေးအေးဆေးဆေးပါပဲ။ ထမင်းကြမ်း ယပ်ခပ်စား၊ ဓနိ/ရေခါးတွင်တွင် သောက်နေတဲ့အနေအထားကို ကျေနပ်နေတာဆိုတော့ လင်မယား တကျက်ကျက်ဖြစ်တာ မဆန်းတော့ဘူး။ တင်ထူးမောင် ကိုယ်ရေ ကိုယ်သွေးညှံ့နေတာကို အမြဲတန်း မကျေမချမ်းဖြစ်နေတဲ့ ရွှေလိပ်ပြာအတွက် ဒေါသတွေ အထွတ်အထိပ်ဆီပြေးဆောင့်မယ့် ရက်တစ်ရက်ဟာ ကမာချောင်း အလုပ်စခန်းကလေးဆီ ဒရောသောပါး ရောက်ချလာပါရော။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

အဲဒီနေ့က အလုပ်သမကလေးအေးရီ အသည်းရောင်အသားဝါရောဂါနဲ့ ဆုံးတဲ့နေ့။ ကောင်မလေးက ကလေးကိုလမစွေဘဲ မွေးထားတာ မကြာသေးဘူး။ တစ်ရှောင်ရှောင်နဲ့ဖြစ်နေတာ စခန်းမှာက ဆရာဦးသက်မောင် ဖျားနာပျောက်ဆေးလောက်၊ ဂရိတ်ဝေါလိမ်းဆေးလောက်ရှိတာဆိုတော့ အေးရီအသားတွေ ဖြူဖျော့ဖျော့ ဝါတာတာဖြစ်နေတာ အမှုမဲ့အမှတ်မဲ့ပါပဲ။ ပြီးတော့ အေးရီတို့လင်မယားက အစားအသောက်လည်းနည်းနည်း သရမ်းတယ်။ သူ့ယောက်ျား ဖမ်းလို့ရတဲ့ အကောင်ဗလောင်တွေအပြင် သစ်ရိုင်းပင်တွေပေါ်က ခရုအိုးစုပ်တွေပါမကျန် ဖြုတ်စားလေ့ရှိတယ်။

ဖျားပြီး နှစ်ရက်သုံးရက်အတွင်း ကောက်ခါငင်ကာ ဆုံးသွားလေတော့ သူ့ယောက်ျားစိုးလွင်ခမျာ ငိုလို့မဆုံးဘူး။ ရွှေလိပ်ပြာလည်း လူသေပြီး ဆိုမှအနီးဆုံးရွာကို လူသေမှုတိုင်ရ အသုဘကိစ္စစီစဉ်ရ ဝမ်းနည်းပူဆွေးနေတဲ့ အေးရီယောက်ျားစိုးလွင်ကလေးကို စိတ်မှ ပြေပါစေတော့ရယ်လို့ လျော်ကြေးငွေပေးရနဲ့ စိတ်တွေရှုပ်ထွေးအာရုံတွေ ထွေပြားနေတဲ့အချိန်အနားမှာ တင်ထူးမောင် ရှိမနေခဲ့ဘူး။ ကြည့်ကြပါဦး ဟိုနားဒီနား ခနိတောစပ် မူးပြီးများ လဲနေတာလားလို့ ရှာခိုင်းတော့လည်း တစ်ကျွန်းလုံး ဘယ်မှာမှမရှိဘူးတဲ့။

အတော်လေးကြာမှ ရွာနီးချုပ်စပ်က ပင်လယ်ထဲထွက်တဲ့ ထင်းခုတ်လှေနဲ့ လှေကြုံလိုက်သွားတာ တွေ့သတဲ့။ ဒါဆိုရင် သစ်ဆုံရွာကို သွားတာနေမှာ။ သစ်ဆုံရွာမှာ အရက်ကောင်းကောင်း စားသောက်ဆိုင်ကောင်းကောင်း၊ ဗီဒီယိုရုံ ကာရာအိုကေခန်းတွေအပြင် အနောက်ပိုင်း ဒီအရပ်က ဘော်ခုံလို့ခေါ်တဲ့ ဘိလိယက်ခုံတွေပါရှိတော့ တင်ထူးမောင်အကြိုက်ပေါ့။ တစ်သက်လုံးအရက်ကိုသာ စွဲစွဲမြဲမြဲသောက်လာတဲ့ တင်ထူးမောင်ဟာ ဘယ်တုန်းက ဘော်ခုံထိုးတတ်သွားတယ် မဆိုနိုင်ဘူး။ မကောင်းတာများ ယောက်ျားတွေ သိပ်တတ်မြန်တယ်။

ပိုက်ဆံအိတ်ထဲ ပြေးကြည့်တော့ အလုပ်သမားကြေးရှင်းဖို့ ငွေထဲကငွေတစ်သောင်းလျော့နေတယ်။ စိတ်တွေ ရှုပ်ထွေးညစ်နွမ်းနေတာရော အကူအညီမပေးတဲ့အပြင် အနှောင့်အယှက်ပါ ပြုသွားတယ်ဆိုတဲ့ ခံပြင်းမှုရောပေါင်းဆုံပြီး ရွှေလိပ်ပြာ အသားဆတ်ဆတ်တုန်အောင် ဒေါသတောင်ထိပ် ရောက်နေတော့တယ်။

သုံးရက်လောက်နေ မောင်မင်းကြီးသား ပြန်ရောက်လာတော့ သူ ဘာမှမလုပ်ခဲ့သလို မျက်နှာသေကလေးနဲ့ ရွှေလိပ်ပြာ ဒေါသတကြီးလွှင့်ပစ်ထားတဲ့ သူ့တစ်ကိုယ်စာအသုံးအဆောင်ပစ္စည်းတွေကို တဲကုတ်အပြင်က ရွှံ့စိတ်တွေကြားထဲ တစ်ခုစီလိုက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကောက်ပြီး လှေကြုံနဲ့မြို့ကို အေးအေးဆေးဆေးတက်သွားတဲ့အခါ ရွှေလိပ်ပြာမှာ အမုန်းတရားတွေနဲ့သာ အုံကျင်းဖွဲ့ ကျန်ရစ်ခဲ့တော့တယ်။

တကယ်ဆို လင်မယားနှစ်ယောက် နင်ပဲငဆ ခွန်းကြီးခွန်းငယ်ရန်ဖြစ်ကြ ရွှံ့စိပြင်ပေါ်မှာ သူတစ်ပြန်ကိုယ်တစ်ပြန်ဖက်လုံးကြ ဒါဆိုရင် ရွှေလိပ်ပြာခံစားချက်တွေ ပွင့်ထွက်ပြီး နေသာထိုင်သာရှိသွားမယ် ထင်တယ်။ ခုတော့ တင်ထူးမောင်လုပ်ပုံက ပြန်မပြော နားမထောင်ရန်ရှောင်နည်းကတော့ ရွှေလိပ်ပြာကို မချင့်မရဲဖြစ်စေတယ်။

တင်ထူးမောင်ထွက်သွားပြီး ထင်းလှေတွေဆိုက်လာတော့ ထင်းဖိုးရှင်းပေး၊ နောက်တစ်ဖျားအတွက် ရိက္ခာဖိုးငွေထုတ်ပေးနဲ့ အလုပ်တွေ ဇယ်ဆက်သလို လုပ်နေရပေမယ့် ရွှေလိပ်ပြာ စိတ်မပါလှဘူး။ တစ်ခုခုလိုနေသလိုပဲ။ ကိုယ့်ခံစားချက်ကို တစ်ယောက်ယောက်ကို ဖွင့်ပြောပြချင်လိုက်တာ။ ရွှေလိပ်ပြာ နောက်ထပ်မွေးပြီး ဒေါ်လေးတို့ဆီမှာပဲ ကျောင်းထားတဲ့ကလေး၊ နောက်အငယ်လေးကလည်း ယောကျ်ားလေးပါပဲ။ ရွှေလိပ်ပြာက မိန်းကလေးလိုချင်တာလေ၊ သမီးမိန်းကလေး ငါးတန်းအရွယ်ဆိုရင် အမေ့ခံစားချက်ကို နားလည်စပြုနေပြီ၊ ဘာမဆို တိုးတိုးတိတ်တိတ် ရင်ဖွင့်တိုင်ပင်လို့ ရနေပြီ။ အခုသားငယ်လေးက ငယ်ကတည်းက ခွဲစရိုထားလို့ ရွှေလိပ်ပြာကို သိပ်မတွယ်လှဘူး။ တွယ်ချင်းတွယ်သူတို့ ဘွားလေးကိုသာ တွယ်မှာလေ။

ကမာချောင်းမှာတော့ ရွှေလိပ်ပြာရဲ့ ၁၈ တောင်ဖောင်း နှစ်ဖောင်းဟာ တစ်ဖောင်းဖွင့် တစ်ဖောင်းပိတ်နဲ့ လက်မလည်အောင်ပါပဲ။ ဖောင်းထဲ ထင်းသွင်းထားပြီးရင် မီးထိုးရက်က ရက်လေးဆယ်ကြာလေ့ရှိတာမို့ ဒီရက်ထဲမှာ တခြားတစ်ဖောင်းက ဖွင့်လို့ရနေပြီ အလုပ်ကမပြတ်တော့ဘူးပေါ့။ အခု ရှမ်းဖောင်းမီးသွေးတွေ ရန်ကုန်မှာ လူကြိုက်များလို့ မြို့ကဒိုင်မှာမသွင်းဘဲ ရန်ကုန်တိုက်ရိုက် ဥပေါသဌ လှေထဲချရင် ပိုကိုက်တာမို့ ရွှေလိပ်ပြာစိတ်ထဲ နောက်တစ်ဖောင်းထပ်တိုးဖို့ ရည်စူးထားတယ်။ လင်မယားက တက်ညီလက်ညီမရှိတော့ အလုပ်လုပ်ရတာ မမြိုင်ဘူးဖြစ်နေတာပေါ့။ ပြိုင်တူတွန်းရင် ပိုပြီး ရွေ့မယ်မဟုတ်လား။

ပြိုင်တူမတွန်းတော့ရော၊ ဘဝတစ်လျှောက်လုံး ရွှေလိပ်ပြာတစ်ယောက်ထဲ ဦးဆောင်လာလို့ ဒီလောက်ခရီးပေါက်လာပြီဟာ ဘာကို တွန့်ဆုတ်တွေဝေနေဦးမှာလဲ။ အခုတလော ရွှေလိပ်ပြာစိတ်ဓာတ်တွေ တက်လိုက်ကျလိုက်။ ခံပြင်းလိုက်၊ ကြေကွဲလိုက် တင်ထူးမောင်မရှိလည်း ကမာချောင်းက ရှမ်းဖောင်းမီးသွေးဖိုလုပ်ငန်းကြီးဟာ ဟန်မပျက် လည်ပတ်နေဆဲလေ။ ဒါဆိုရင် ရွှေလိပ်ပြာ ဘာကို အလိုမပြည့်တာလဲ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဒီလိုနဲ့ တစ်လဆိုတဲ့အချိန်ဟာ လွယ်လွယ်ကလေးနဲ့ ကုန်ဆုံးသွားတယ်။ ဖောင်းမှာက နေ့ခင်းသာအလုပ်ရှိတာ ညဆိုရင်တော့ လုပ်စရာအလုပ် မယ်မယ်ရရမရှိလို့ စောစောအိပ်ယာဝင်လေ့ရှိကြတယ်။ လျှပ်စစ်မီးကမရှိတော့ မှောင်ထဲ ငုတ်တုတ်ထိုင်နေခြင်း အတူတူ စောစောအိပ်ကြတာလည်းပါတယ်။ ရွှေလိပ်ပြာကတော့ ညဆိုရင် တင်ထူးမောင်ကျန်ရစ်ခဲ့တဲ့ တစ်ပတ်ရစ်ဓာတ်ခဲသုံး ရေဒီယိုကလေးကို ကလိပြီး သီချင်းတွေ သတင်းတွေ နားထောင်လိုက်သေးတယ်။ ပြီးမှ အိပ်ယာဝင်တာပါ။ ည ၁၀ နာရီဆိုတာ ဖောင်းမှာ လူခြေတိတ်နေပြီ။

ဒီအချိန်မှာ ရွှေလိပ်ပြာလည်း မှေ့ခနဲ အိပ်ပျော်စပြုနေပြီ။ တဲရှေ့ ဖိနပ်ချွတ်ပေါ်ကို လူတက်လာသလို ဆတ်ကနဲ လှုပ်ခါမှုကြောင့် နိုးသွားချိန်မှာပဲ တဲတံခါးကို တစ်စုံတစ်ယောက် တွန်းဖွင့်နေမှန်း သိလိုက်တယ်။ ညဥ့်ကြီးအချိန်မတော် ဘယ်သူဖြစ်မလဲ။ လူကောင်းတော့မဖြစ်နိုင်။ တစ်ပြိုင်နက်မှာပဲ ဓနိရည်ခါးနံ့ ထောင်းခနဲ ပျံ့တက်လာတယ်။ ရွှေလိပ်ပြာဟာ အိပ်ယာနားထားနေကျ သစ်သားတုတ်ကို မြဲမြဲလှမ်းဆုတ်ပြီး

"ဘယ်သူလဲ"

"ကျွန်တော်ပါ"

"ဘယ်က ကျွန်တော်လဲ"

"အစ်မကလည်း ကျွန်တော်ဘယ်သူလဲ သိရဲ့သားနဲ့ဗျာ၊ တံခါးဖွင့်ပါ ကျွန်တော်လေ အစ်မကို"

"မြတ်စွာဘုရား ဒါ ဒါ ဟိုကောင် အလုပ်သမားခေါင်း သီးဆွေရဲ့အသံ၊ သီးဆွေက မိန်းမနဲ့ ကွဲလိုက်၊ ပေါင်းလိုက် မိန်းမမမြဲတဲ့လူ၊ ဘယ်လိုကဘယ်လို ဖောင်းဖွင့်ရက်မဟုတ်ဘဲ ကမာချောင်းရောက်နေပါလိမ့်၊ ရွှေလိပ်ပြာ ဘယ်လိုမိန်းမစားလဲစမ်းပြီး ထင်ပါရဲ့၊ တဲတံခါးပွင့်သွားလို့ ပထမဦးဆုံးလှမ်းဝင်လာတဲ့ ခြေထောက်ရဲ့ညို့သကျည်းကို လက်ထဲက နှစ်တစ်လက်မတုတ်နဲ့ ခပ်ဆတ်ဆတ် ရိုက်ချလိုက်တယ်။

"အား"

မချိမဆံ့ အော်သံဟာ အတော်ကလေးကျယ်သွားပေမယ့် ခပ်လှမ်းလှမ်းက အိပ်မောကျနေတဲ့ တဲတွေဆီတော့ ရောက်ဟန်မတူဘူး။ မှန်းချေမကိုက်တဲ့ အကြံကြီး သူကြီးသာ ခြေထော့နင်းထော့နင်းနဲ့ ထွက်သွားတာ လရောင်အောက်မှာ ထင်းထင်းကြီး တွေ့လိုက်ရတော့တယ်။ အဲဒီညက မိုးသာစင်စင်လင်းရော ရွှေလိပ်ပြာ အိပ်မပျော်တော့ဘူး။ သီးဆွေက မိန်းမသာရှုပ်တာ အသောက်အစားက ဒီလောက်ရှိတာ မဟုတ်ဘူး။ မကြံ့အပ်မစည်အပ်တွေ ကြံစည်ချင်တာနဲ့ ရဲဆေးတင်လာတာနေမှာ၊ ရွှေလိပ်ပြာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကိုယ့်အနေအထားကိုယ် ကောင်းကောင်းသဘောပေါက်လိုက်ပြီ။ ကမာချောင်းမှာ လင်မရှိတဲ့ မိန်းမတစ်ယောက်ရဲ့ လုံခြုံမှု။ တစ်ဆက်တည်းမှာ မူးချင်မူး တဲဦးခန်းမှာ အနေတင့်တယ်လှတဲ့ တင်ထူးမောင်ရဲ့ တန်ဖိုးမြင့်ရက်စွဲများ။

မနက်လင်းတာနဲ့ မြို့ကရောက်လာတဲ့ သတင်းစကားတစ်ရပ်ကြောင့် မြို့သွားမယ့် ရွာနီးချင်းလှေကြုံထဲ အစောဆုံးရောက်နေသူဟာ ရွှေလိပ်ပြာဖြစ်နေတော့တယ်။

“မြို့မှာ ကိုတင်ထူးမောင်တစ်ယောက် မမာလို့ ဆေးရုံ တင်ထားရသတဲ့”

ဘုရား ဘုရား ဒီလောက်သောက်နေမှတော့ အသည်းရောင်တာလား အသည်းကျွမ်းတာလား တစ်ခုခုတော့ ဖြစ်ရောပေါ့။ ညက ခံစားမှုအရှိန်ကလည်း မြို့ကို အမြန်ဆုံးရောက်ချင်စိတ်တွေ တွန်းပို့နေရဲ့လေ။ စက်တပ်လှေရဲ့ပြေးနှုန်းကို ရွှေလိပ်ပြာ နှေးတယ်ထင်နေသေးရဲ့။

× × ×

“လူက စာကလေးပေကလေးတတ်တော့ အဆိုးကြီး မဟုတ်ပါဘူးအေ၊ ရောက်တာနဲ့ သူ့ဖာသာသူ အရက်ဖြတ်မယ်ပြောပြီး ဆေးရုံတက်ဖို့ ပြင်တာပါ၊ ငါက ရွှေလိပ်ပြာမှာပေးရမလားဆိုတော့ မမှာပါနဲ့တဲ့၊ အခု ဆေးရုံကဆင်းပြီး ကမာချောင်း မပြန်ဘူးဆိုမှ လင်မယား ရန်ဖြစ်လာမှန်းသိတာ၊ ငါလဲ သူစိတ်မှ ပြေစေတော့ဆိုပြီး အခု ဉယျာဉ်ထဲပို့ထားတယ်၊ ဘယ်လိုဖြစ်ပြန်တာလဲ ရွှေလိပ်ပြာရယ်၊ လင်ကို ညှာညှာတာတာကလေးမှ ဆူဆဲလိုက်ရဲ့လား”

ရွှေလိပ်ပြာဟာ ဒေါ်လေးဆူသလောက် ခေါင်းငုံ့ခံနေတယ်။ ခါတိုင်းလို တင်ထူးမောင် မကောင်းကြောင်းတွေ ချို့ယွင်းချက်တွေ နှုတ်ခမ်းတလန် ပန်းတလန် ပြန်မပြောတာက ဒေါ်လေးအဖို့ ထူးခြားနေတာပေါ့။ ဒေါ်လေးစကားထဲမှာတော့ အလံမရှိတဲ့ရထားတို့ တံခွန်မရှိတဲ့ကုက္ကားတို့ လင်မရှိတဲ့မယားတို့ စုံနေတာပါပဲ၊ သိပါတယ် ဒေါ်လေးရဲ့၊ ရွှေလိပ်ပြာ အခုဆို ပိုတောင်သိနေပါပြီ၊ ဒေါ်လေးရှေ့မှာ မြုံစိစိ လုပ်ပြီး ကမန်းကတန်း ရေပြေးချိုး သွားဖို့ လာဖို့ ပြင်ဆင်ရတယ်။

မြို့ရောက်လာပြီဆိုတော့ ကမာချောင်းပုံစံနေလို့ မဖြစ်ဘူး။ နည်းနည်းပါးပါး ပြင်ဆင်ဦးမှ မှန်ရှေ့မှာရပ်ကြည့်တော့ အဆီပိုမတက် ကျစ်လျစ်သွယ်လှတဲ့ ခန္ဓာကိုယ်နဲ့ ညိုယဉ်ယဉ်မျက်နှာအလှကို ရွှေလိပ်ပြာ သူ့ဖာသာသူ သဘောကျလို့မဆုံးဘူး။ အသက် (၃၀) ဆိုတာ ဘယ်မှာကြီးသေးလို့တုန်း။ ရွှေလိပ်ပြာမှာ အလှတွေ အများကြီး ကျန်ပါသေးတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

ပရိုမီနာမိတ်ကပ်ကို ပါးပေါ်တင်ပြီးဆွဲကြည့်တော့ မိတ်ကပ်က နေလောင်ထားတဲ့ အသားနဲ့အလိုက်သင့် ဆွဲလို့မပါဘဲဖြစ်နေလို့ ပြုံးချင်ချင် ဖြစ်မိသေးတယ်။ မိတ်ကပ်နဲ့ရွှေလိပ်ပြာ အဝေးကြီး ဝေးနေတာကြာပေါ့။ ဒေါ်လေးတို့အိမ်မှာအပ်ထားတဲ့ ဗီရိုကိုဖွင့်၊ တင်ထူးမောင်အလုပ်ခွင်မှာတုန်းက လက်ဆောင်ရထားတဲ့ ပါတိတ် ဝမ်းဆက်ကလေးကို ထုတ်လိုက်တယ်။ အပြာနဲ့အဝါ ပန်းခတ်တွေယှက်နေတဲ့ အဆင်ကလေးက လှလွန်းလို့ မဝတ်ရက်ဘဲ သိမ်းထားတာ ကြာလှပါပြီ။ ဒီနေ့တော့ စိတ်လိုလက်ရ ထုတ် ဝတ်ဦးမှ။

ဒေါ်လေးအိမ်မှတော့ တိတ်ဆိတ်လို့ ဒေါ်လေးသားတွေရော ရွှေလိပ်ပြာသားတွေပါ ကျောင်းသွား၊ ဒေါ်လေးက အကြွေးတောင်းထွက် ရွှေလိပ်ပြာ စိတ်တိုင်းကြပြင်ဆင်ပြီး လမ်းထိပ်ဘက်ထွက်လာ ကားဂိတ်ကိုသွားဖို့ ဆိုင်ကယ်တက္ကစီ ငှားချိန်ကျတော့ စိတ်ပြောင်းသွားတယ်။ ဆိုင်ကယ်တက္ကစီကို ကားဂိတ်အထိ မငှားတော့ဘူး၊ ကားနဲ့သွားနေရင် ကြာဦးမယ်။ ကျောက်ဖြာရွာအထိ တောက်လျှောက်သွားမယ် ဘယ်လောက်လဲ။

အခါတိုင်းဆိုရင်တော့ ရွှေလိပ်ပြာ ငွေကိုတွက်နေဦးမယ် ကားနဲ့ဆို ဘယ်လောက်၊ ဆိုင်ကယ်နဲ့ဆို ဘယ်လောက်။ သက်သာရာစီးမယ့် သဘော။ အခုတော့ ငွေကိစ္စ ခေါင်းထဲ သိပ်မရှိတော့ဘူး။ အချိန်တိုတို ခရီးရောက်ဖို့ အဓိက။ သွားရမည့်ခရီးက မြို့နဲ့ (၉) မိုင်ဝေးတဲ့ ကျွဲကူးရွာဆီ ဆိုင်ကယ်ဟာ ရွှေလိပ်ပြာကိုတင်ပြီး မြေလိမ်မြေကောက်လမ်းပေါ်မှာ တရိပ်ရိပ် ပြေးနေတယ်။ ရာဘာတောတွေ စိုက်ခင်းတွေဟာ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်မှာ ကျန်ရစ်ခဲ့ပြီ။ ခါတိုင်းဆိုရင်တော့ ကျွဲကူးရွာရောက်ရင် ကျောက်ဖြာမြစ်ကို ကူးတို့နဲ့ ကူးရဦးမှာလေ။ အခုတော့ ကျောက်ဖြာတံတားကြီးပြီးနေပြီမို့ ကျွဲကူးမှာမနားတော့ဘဲ ကျောက်ဖြာရွာဘက် တောက်လျှောက်မောင်းခဲ့တော့တယ်။

ကျောက်ဖြာရွာက ဥယျာဉ်တစ်ပိုင်း တံငါတစ်ပိုင်း ရွာကလေးပါ။ ငွေးငါးပိလုပ်ငန်းနဲ့လည်း အသက်မွေးတာမို့ ငွေးလှန်းကျပ်စင်တွေနဲ့ အနားသတ်ထားတဲ့ ရွာကြီးပေါ့။ ဒီရွာမှာ ဒေါ်လေးတို့ပိုင်တဲ့ ဥယျာဉ်တောင်ရှိတယ်။ ဆိုင်ကယ်ပေါ်က ဆင်းပြီး ဥယျာဉ်တောင်ဆီသွားတဲ့ လမ်းကြောင်းကလေးပေါ်မှာတော့ ရွှေလိပ်ပြာတစ်ယောက်တည်း။ ဒီအရပ်က ခယူသီးလို့ခေါ်တဲ့ သီဟိုဠ်သီးတွေ တဖုတ်ဖုတ်ကြွေသံကို နားထောင်ရင်း၊ ရွှေလိပ်ပြာခြေလှမ်းတွေ သွက်နေလိုက်တာ။ လမ်းကြောင်းလေးက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တောင်ကြောကိုဖေါက်ထားတော့ ဒူးရင်းပင်မြင့်မြင့်ကြီးတွေ ရှင်သန်ရာ တောင်စောင်း ကလည်း မသိမသာ မော့တက်နေပါတော့တယ်။

ဟော တွေ့ပါပြီ၊ ဒူးရင်းပင်တွေတို့ရဲ့အခြေမှာ ဥယျာဉ်စောင့်တဲကလေးတစ်လုံး၊ ရွှေလိပ်ပြာအပျိုဘဝ ဒေါ်လေးတို့နဲ့ ဒူးရင်းသီး ကောက်ရောက်ဖူးတာမို့ ဒီနေရာဟာ သိပ်မစိမ်းတဲ့နေရာပါ။ တဲရှေ့ရောက်တော့ ချောင်းကြည့်တဲ့အခါ ဝင်ပေါက်ကိုကျော ပေးပြီး တစ်စုံတစ်ရာကို သဲကြီးမဲကြီး အာရုံဝင်စားနေတဲ့ တင်ထူးမောင်ကို တွေ့လိုက် ရတယ်။ တစ်လဆိုတဲ့အချိန်အတွင်း သူအတော် ပိန်သွားပါလား။

လူရိပ်မြင်လို့မော့ကြည့်တဲ့ တင်ထူးမောင်ဟာ ပါတိတ်ဝမ်းဆက်ကလေးနဲ့ အလှ ကြီးလှနေတဲ့ ရွှေလိပ်ပြာကိုမြင်တော့ အံ့အားကြီးသင့်လို့။

"ဟင် ရွှေလိုက်လာတယ်"

တင်ထူးမောင်က တအံ့တသြ ရေရွတ်လို့ လုပ်လက်စအလုပ်ကို ပစ်ချပြီး ယောင်တိယောင်ဝါး ထရပ်လိုက်တယ်။

ရွှေလိပ်ပြာဟာ သူ့ယောက်ျားလက်ထဲက ယက်လက်စခြင်းတွေ၊ ယက်ပြီးသား ခြင်းပလုံးတွေကိုမြင်တော့ မင်တက်နေမိတယ်။ သူ့ယောက်ျား ဘာတွေလုပ်နေသလဲ မသိနိုင်အောင် ဖြစ်ရတယ်။

"ဦးမောင် ဒီမှာ ဘာတွေလာလုပ်နေတာလဲ"

"ကိုယ် အရက်ဖြတ်လိုက်ပြီ၊ မင်းဆီကယူထားတဲ့ ငွေတစ်သောင်း ပြန်ပေးနိုင် အောင် ဒီမှာ ငွေလာရှာနေတာပါ၊ ဒီမှာ ဒူးရင်းသီး အကြွေကောက်ရင်လည်း ကောက်ခရတယ်၊ ခယူသီးကတော့ အစေ့ကို ကွဲကူးဒိုင်မှာသွားသွင်းရင် ချက်ချင်း ငွေပေါ်တာမို့ ကိုယ်ပိုက်ဆံစုထားတာ အတော်များများရနေပြီ ကိုယ်ဖြုန်းထားတဲ့ငွေ တွေ ပြန်ပေးနိုင်မှ မင်းဆီပြန်မယ်လို့လေ"

တင်ထူးမောင်က ထသွားပြီး တဲခေါင်မိုးမှာထိုးထားတဲ့ ဝါးကျည် တောက်တစ်ခု ကို ဆွဲထုတ်လိုက်တယ်။ သူစုထားတဲ့ငွေတွေကို ရွှေလိပ်ပြာမြင်အောင် ပြမလို့ထင်ရဲ့။

"ဟင့်အင်း ဟင့်အင်း တော်ပါတော့ ဦးမောင်ရယ်၊ အဲဒီငွေတွေ ထားလိုက်စမ်း ပါ၊ ရွှေလိပ်ပြာ ငွေမလိုပါဘူး၊ အခု ရွှေလိပ်ပြာ ငွေမက်တဲ့မိန်းမတစ်ယောက် မဟုတ် တော့ပါဘူး"

လူမနီး သူမနီး ဥယျာဉ်တောင်မှာ တစ်ယောက်တည်းလာနေပြီး၊ ငွေကို မူးစု ပဲစု စုဆောင်းနေတဲ့ ချစ်လင်ကို တစ်ခါမှ မဖြစ်ဘူးသေးတဲ့ ကြင်နာခြင်း ဖိတ်လျှံမှုနဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

အတူ ဦးမောင်ရဲ့နောက်ကျောကို လှမ်းဖက်မိတဲ့အချိန်မှာတော့ စုငွေတွေထည့်ထားတဲ့ ဝါးကျည်တောက်ကလေးဟာ ဝါးကြမ်းခင်းပေါ်မှာ လိမ့်ဆင်းသွားပါတော့တယ်။

တင်ထူးမောင်ဟာ သူ့နောက်ကျောမှာဖိကပ်ထားတဲ့ ရွှေလိပ်ပြာရဲ့ ထွက်သက်ဝင်သက်နွေးနွေးကလေးကို သတိထားမိသွားပြီး သူတို့နှစ်ဦးခိုးပြေးခဲ့တဲ့ မင်္ဂလာဦးညကလေးကို သတိရသွားပါတော့တယ်။ အိမ်ထောင်သက် တစ်ဆယ့်ခြောက်နှစ်ကြာတဲ့အခါ အေးခဲနေတဲ့အချစ်တွေ၊ အတ္တတံခွန်ထူပြီး မောက်မာနေတဲ့ မာန်မာနတွေ၊ ဘဝအမောတွေနဲ့ ဖုံးလွှမ်းထားလို့ တိမ်မြုပ်နေတဲ့ ကြင်နာခြင်းတွေ၊ ဟောဒီ ဥယျာဉ်တောင်ကလေးထဲမှာ ပျော်ဝင်စီးဆင်းသွားတဲ့ကိစ္စကိုတော့ လူမသိသူမသိ ရှိပါစေတော့။

ဒီအချိန်မှာ ကမာချောင်းကျွန်းကလေးပေါ်က ရှမ်းဖောင်းမီးသွေးဖိုတွေဟာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေနဲ့ တိုးရစ်နှောင်တွယ်လာမည့် သခင်နှစ်ဦးကို ရွှင်မြူးစွာ ကြိုဆိုနေကြမှာ မလွဲပါဘူး။

***ဂန္ထဝင် မဂ္ဂဇင်း***
***အမှတ် (၃၀)၊ ဇူလိုင်၊ ၂၀၀၄ ခုနှစ်***

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# အဝေးလွှမ်း

# အိပ်မက်ရာသီတမ်းချင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်

# အဝေးလွှမ်းအိပ်မက်ရာသီ တမ်းချင်း



www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# အဝေးလွမ်းအိပ်မက်ရာသီ တမ်းချင်း

မွေးဖွားခြင်းနဲ့ သေဆုံးခြင်းကြားကအရာကို ဘဝခရီးရှည်ကြီးလို့ သတ်မှတ်မယ်ဆိုရင် ကျုပ်ဟာ ဘဝမိုင်တိုင်များစွာကို ဖြတ်သန်းပြီးသူတစ်ယောက် ဖြစ်ပါတယ်။

အလုပ်က ပင်စင်ယူပြီး ပထမဦးဆုံးဖြစ်ပေါ်လာတဲ့ ချင်ခြင်း အာလျကတော့ ကျုပ်ရဲ့ဇာတိမြေကို တစ်ခေါက်တစ်ကျင်း ပြန်ရောက်ချင်တဲ့ကိစ္စပါပဲ။

လူတွေမှာ ဇာတိစွဲ၊ ဒေသစွဲတွေ ရှိကြတယ်။ အညာစွဲ၊ မန္တလေးစွဲ စသည်ဖြင့်ပေါ့။ ကဗျာဆရာကြီးတစ်ယောက်ကတော့ ဒေသစွဲဆိုတာ စွဲနိုင်လောက်တဲ့ ဂုဏ်အင်တွေရှိလို့ စွဲတာတဲ့။ ဟုတ်ပ့ါ။ ဒီစကားကို ကျုပ်လည်း ထောက်ခံတယ်ဗျို့။ ကျုပ်လည်း ကိုယ့်ဒေသကို စွဲသူကိုးဗျာ။

ကမ်းရိုးတန်းမြို့ကလေးရဲ့ သမိုင်းဖြတ်သန်းမှု၊ မြို့တည်နေပုံ အနေအထား၊ ရိုးရာဓလေ့ထုံးတမ်း၊ နေ့စဉ်စားသောက်နေထိုင်မှု၊ စကားအသုံးအနှုန်း ဒါတွေအားလုံး ကျုပ်ရဲ့အသွေးအသားထဲမှာ စူးနစ်စွာ ဖွဲ့တည်နေတာဟာ ကျုပ်ရဲ့ နောက်ဆုံးထွက်သက်တိုင်အောင်ပါပဲ။

တကယ်တော့ အနှစ်သုံးဆယ်ဆိုတဲ့ကာလဟာ ဖျိုးခနဲ၊ ဖျတ်ခနဲ လေပွေသရမ်းပွေ့ငင်သွားတဲ့ ရော်ရွက်ဝါကလေးတစ်ရွက်လိုပါပဲ။ နိုင်ငံ့ဝန်ထမ်းဘဝနဲ့ ဇာတိမြေကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စွန့်ခွာပြီး မြန်မာပြည်အရပ်ရပ်က တိုင်းတွေ၊ ပြည်နယ်တွေအနှံ့ ရွှေ့ပြောင်းနေထိုင်ခဲ့ပေမယ့် ဘယ်ဒေသမှာမှ နေစိမ့်ပျော်ဝင်ခြင်း မရှိခဲ့ပါဘူး။

ပျော်ရာမှာမနေရ၊ တော်ရာမှာနေရ၊ နောက်ဆုံး အခြေချတာကတော့ ရန်ကုန်ပါပဲ။ မိန်းမရဲ့ဆန္ဒ၊ သားသမီးတွေရဲ့ရှေ့ရေး တိုးတက်ရေးအတွက်က ရန်ကုန်ဟာ အသင့်တော်ဆုံး မဟုတ်လား။ တချို့က အသက်ကြီးလာရင် ဇာတိမြေမှာ ပြန်လည်ခေါင်းချချင်တဲ့ဆန္ဒတွေရှိကြပေမယ့် ကျုပ်ကတော့ အဲဒီလောက် စိတ်အလိုလိုက်မယ့်သူတော့ မဟုတ်ပေဘူး။ ခုနေများ ကျုပ်ရဲ့ဇာတိ ကမ်းရိုးတန်းမြို့ကလေးမှာ ပြန်ပြီး အခြေချမယ်လို့ အိမ်မှာပြောကြည့်ပါလား။ အဲဒီ ဆန္ဒမဲက ကျုပ် တစ်မဲတည်း ဖြစ်နေမှာ သေချာပါတယ်။

ဒါကလည်း သဘာဝကျပါတယ်လေ။ ကျုပ်မိန်းမက ရန်ကုန်နဲ့ မနီးမဝေး မြို့ကလေးကဆိုတော့ သူ့ဇာတိမြေနဲ့နီးတဲ့ ရန်ကုန်မှာ နေချင်တယ်ဆိုတာ အပြစ်ပြောစရာတော့ မဟုတ်ဘူးပေါ့။ ကျုပ်သာ ကမ်းရိုးတန်းမြို့ကလေးသူနဲ့ အိမ်ထောင်ကျမယ်ဆိုရင် အခြေအနေက တစ်မျိုးတစ်ဖုံ ဖြစ်လာနိုင်တာပေါ့။ နောက်တစ်ချက် ကျုပ်စိတ်လျှော့လိုက်တာက ဇာတိမြေမှာ ကျုပ်ရဲ့ဆွေမျိုးသားချင်းတွေ ပြောပလောက်အောင် မကျန်တော့ဘူးဆိုတဲ့ ကိစ္စပါပဲ။

ဆွေမျိုးမပြောနဲ့ ပေါင်းဟောင်းသင်းဟောင်းတောင် ဘယ်မှာကျန်တော့လို့လဲ။ ပင်လယ်ကြမ်းပြင်အောက်က ငါးသေး၊ ငါးမွှားတွေရော၊ ငါးလတ်ငါးကြီးတွေရော၊ တရွတ်ဆွဲပိုက်နဲ့ အဆွဲခံရသလို ကြမ္မာလက်မည်းကြီးရဲ့ ကြမ်းတမ်းရက်စက် အဓမ္မဆွဲငင်မှုအောက်မှာ ပြိုလဲ၊ ကွဲကြေပျောက်ဆုံးကုန်သူတွေ မရေမတွက်နိုင်အောင်ပါပဲ။

ဒါပေမယ့် မြို့ကလေးပေါ်မှာတော့ အလွမ်းခြေရာတွေ တင်းကြမ်းပြည့် ကျန်ရစ်ခဲ့မှာတော့ သေချာပါတယ်။ ကျုပ် အဲဒီအလွမ်းခြေရာတွေကို အမှတ်တရ ပြန်ကြည့်ချင်တယ်။ ပြန်မရတော့တဲ့အတိတ်ကို တူးဖော်တယ်လို့ပြောပြော၊ မကြီးမငယ်နဲ့ သူငယ်ပြန်တယ်လို့ဆိုဆို ဇာတိမြေအပြန်ခရီးကိုတော့ အမြန်ဆုံး အကောင်အထည်ဖော်ဖြစ်တော့တယ်။

× × ×

ဒီအချိန်ဆို ပုန်းညက်တောင်ပေါ်မှာ ကံ့ကော်ပွင့်တွေ မြိုင်မြိုင်ဝေပါပေါ့။ မကြာခင် သင်္ကြန်ကျတော့မှာလေ။ အတာကျူးလို့ နှစ်သစ်ကူးခါနီးမှာ ကျုပ်ရဲ့စိတ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တွေဟာ ဆုပ်ကိုင်ဖက်တွယ်ခြင်းမပြုနိုင်တဲ့ အာရုံတစ်ခုကို ရှာဖွေနေမိတယ်။ ကျုပ်တို့ ငယ်စဉ်က မကြာခဏ ကျောင်းပြေးပြီး အရောက်လာလေ့ရှိတဲ့ ဟောဒီတောကျောင်းတော်ခေါ် ပုန်းညက်တောင်ဟာ အနှစ်သုံးဆယ် ဖြတ်သန်းမှုအောက်မှာ အပြောင်းအလဲတွေ မြိုင်ဆိုင်လင်းပွင့်လှပါလား။ မှိုင်းညို့အုပ်ဆိုင်းနေတဲ့ အပင်ကြီး အပင်ကောင်းတွေနေရာမှာ အဆောက်အအုံသစ်၊ ဘုရားရုပ်ပွားတော်အသစ်တွေနဲ့ သာသနာ စည်ပင်လာမှုကိုတော့ နှစ်ထောင်းအားရမိတာအမှန်ပါ။

မြို့ကွက်တွေ ကျယ်လာတယ်။ စီးပွားရေး ကုန်သွယ်မှုလမ်းကြောင်း တစ်မျိုးတစ်ဖုံပြောင်းလဲလာလို့ အလုပ်ရုံ၊ စက်ရုံသစ်တွေ ပေါ်လာတယ်။ လူတွေကရော လူဟောင်းတွေနေရာမှာ လူသစ်တွေ အစားထိုးလာမှုအပေါ်မှာတော့ တရားမရှိဘူးပဲ ပြောပြော၊ အဲဒီ သင်္ခါရဆိုတဲ့အရာကြီးကို နည်းနည်းတော့ ငြိုငြင်ချင်လာတယ်။

တစ်ချိန်က ထွန်းတောက်ခဲ့တဲ့ ကျုပ်တို့မြို့မှာ စာပေကြယ်ပွင့်တွေ တဖြုတ်ဖြုတ်ကြွေကုန်ကြပုံများ . . . ရွှေမြိတ်မောင်ဆိုတဲ့ ဦးထွန်းကြိုင်၊ 'သူ' ဆိုတဲ့ ခင်မောင်ဦး၊ မြိတ်ရင်သွေးဆိုတဲ့ ဦးအောင်ကြွယ်၊ ဦးစိုးမြင့် (ပုလဲ) ဆိုတဲ့ ကျောက်ဆည်စိုးမြင့်၊ သုတေသီဆိုတဲ့ ဦးသန်းမောင်စိန်၊ ရဲခေါင်ဦးဆိုတဲ့ ဦးသိန်းရွှေ၊ ရွှေကလောင်ဆိုတဲ့ ရေ့နေကြီး ဦးသောင်းစိန်၊ တစ်ချိန်က ကျုပ်တို့ရဲ့ အစ်ကိုကြီး အနောင်ကြီးတို့ရဲ့ စာပေလှုပ်ရှားမှု ပုံရိပ်တွေ။ ဒီတုန်းက ကျုပ်ဟာ မြို့ကလေးမှာ တိုးတက်တဲ့ အစ်ကိုတွေ၊ အနောင်တွေကြားမှာ တက်ကြွတဲ့ လူငယ်လေးတစ်ယောက်ပေ့ါ။

သူတို့တစ်တွေဟာ မြို့ကလေးမှာ စာပေမျိုးစေ့ကို ချခဲ့ကြတယ်။ သူတို့ပျိုးထောင်ခဲ့တဲ့ စာပေပျိုးခင်းကနေ ပွင့်လင်းရှင်းသန်ခဲ့တဲ့ အဖူးအပွင့်တွေဟာ ရေတွက်မနိုင်အောင်ပါပဲ။ အထင်ကရမှတ်တိုင် မြိတ်မဂ္ဂဇင်းကပင် ငွေရတုတိုင်ခဲ့ပြီ ဆိုပါလား။ စာပေယဉ်ကျေးမှုအမွေကို ဆင့်ကမ်းသယ်ဆောင်နေတဲ့ မျိုးဆက်သစ်တွေကို ငဲ့စောင်းကြည့်လိုက်တဲ့အခါ ရေစကြိုမိုးလွင်၊ မောင်သန့်ဇင် (ရွှေလွင်မြေ)၊ မောင်ပြေချမ်း (မြိတ်)၊ မောင်ကန့်လန့်၊ သင်းစည် (ဥပဒေ)၊ ဒေါင်းနီ၊ နရီမြိတ်၊ ပိုင်၊ ဝေးအိမ်၊ အမျိုးသမီးထဲက ခင်လေးရီ၊ ခင်ထွေးရီ၊ ခင်မင်းရည်၊ ရိန္ဓ၊ အို . . . အများကြီး အများကြီး . . . ကျုပ်အာရုံထဲ မပေါ်တာတွေ ရေတွက်မနိုင်အောင် ရှိသေးတယ်။

တစ်ခါတုန်းက ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်က ကျုပ်တို့ မြို့ကလေးကို 'သူတစ်ပါးနိုင်ငံက မဖွယ်ရာတဲ့ အစဉ်အလာဓလေ့ဆိုးတွေ ကူးစက်မလာအောင် မိမိမှာရှိတဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေနဲ့ ကျားကန်ထားတဲ့မြို့' လို့ တင်စား

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြောဆိုတာ ကြားရတော့ ကျုပ်မှာ ဂုဏ်ယူဝင့်ကြွားမှုတွေ တန့်ဆည်မထားနိုင်ခဲ့ဘူး။ ဒီအထဲမှာ စာပေလှုပ်ရှားမှုဟာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်ခဲ့တာပေါ့။

ပြီးတော့ ဟိုတုန်းက သကြန်ကိုလည်း မျက်စိထဲ မြင်ယောင်ပေသေးရဲ့။ ဒီကနေ့ လူလတ်ပိုင်းကို ရောက်နေပြီဖြစ်တဲ့လူတွေဟာ ဟိုတုန်းက အစွမ်းကုန်ပွင့်ဖို့ အားယူနေတဲ့ လူငယ်လေးတွေပေါ့။ ကိုမြင့်အောင်ရဲ့ 'ဧဝံမေသုတံ' အဖွဲ့။ ကိုခင်မောင်လတ်ရဲ့ 'အားလုံးကို ကျော်ဖြတ်ရမည်'၊ ကိုစိုးဝင်းရဲ့ 'အညာသားလေး'။ အကအလှ၊ သံချပ်သံတွေမြိုင်နေတဲ့ မြိတ်သကြန်ဟာ လွမ်းမောဖွယ်တောင်ပံတွေ တဖျတ်ဖျတ် ယမ်းခါလို့ ဆယ်စုနှစ်များစွာကို ဖြတ်ခဲ့တာ အသေအချာပါပဲ။

ကျုပ်မှာ စာပေပိုးရှိပေမယ့် သကြန်ပိုးမရှိလေတော့ ကျုပ်ညီတော်တွေရဲ့ ဘယ်သကြန်အဖွဲ့နဲ့မှ ပါဝင်ပတ်သက်ခြင်း မရှိခဲ့ပါဘူး။ ဒါပေမယ့် ကျုပ် ပါဝင်ပတ်သက်ခဲ့တဲ့ ညွတ်နူးမှုအာရုံတစ်ခုကိုတော့ ကျုပ်ရဲ့နှလုံးအိမ်မှာ သေတစ်ပန် သက်တဆုံး ကမ္ပည်းတင်ထားတယ်ဆိုတာကလေးကိုတော့ လက်တို့ပြီး ပြောခဲ့ပါရစေ။

ကျုပ် အခု အဲဒီညွတ်နူးမှု အာရုံကလေးကို ဟောဒီ ပုန်းညက်တောင်ပေါ်ကနေ ဖွေရှာနေလေရဲ့။ အရှေ့ဆီမှာလား၊ အနောက်ဆီမှာလား၊ တောင်မြောက်ဝဲယာဆီမှာလား။ မြို့ကလေးရဲ့ ဘယ်နားဆီလောက်မှာ ကျုပ်ရဲ့ ညွတ်နူးမှု အာရုံကလေး ရောက်ရှိနေမယ်ဆိုတာ သူ၊ ငါ၊ သင်၊ ခင်ဗျားတို့အားလုံး ဝိုင်းဝန်းကူညီ ရှာဖွေပေးကြပါလားဗျာ။

အဲဒါကတော့ 'ဒေါင်းဒေါင်းနီချိန်း နောင်း' ဆိုတဲ့ အသံပါ။

× × ×

နွားသားရေဖြင့် ကြက်ထားတဲ့ တေလဝုဖုံဝိုင်းပေါ်ကို ကြိမ်နဲ့ ရိုက်လို့ ထွက်ပေါ်လာတဲ့ ဒေါင်း-ဒေါင်း ဆိုတဲ့ အသံ (နီ) ဆိုတာက ဗုံရိုက်ပြီး ကြိမ်ကျသံ၊ တစ်နည်းအားဖြင့် ကြိမ်လုံးဟာ ဗုံသားရေပြားနှင့် ထိတွေ့ကာ ခေတ္တငြိမ်သွားတဲ့ အသံ၊ ချိန်ခနဲ မြည်သွားတာကတော့ ကြေးလင်းကွင်းကို ရိုက်ရာမှာ ထွက်ပေါ်လာတဲ့အသံဖြစ်ပြီး နောင်ဆိုတာကတော့ ကြေးမောင်းဘုကို ထုပြီး အဆုံးသတ် ထွက်ပေါ်လာတဲ့ အသံပဲ ဖြစ်တယ်။

ဒီအသံဟာ ကျုပ်တို့မြို့ကလေးမှာ သကြန်ချိန်ခါနီးတိုင်း မဆုတ်မဆိုင်း ရောက်ရှိလာတဲ့ ကျားကပွဲ ဗုံသံတွေပါပဲ။ အသွေးအသားထဲက ဆူပွက်ရှန်းကြွလာတဲ့ သိမှုအာရုံတစ်ခုဟာ ဒေါင်းဒေါင်းနီ ချိန်းနောင်းအသံနှင့်အတူ ရိုးရာအစဉ်အလာတစ်ရပ်ကို ဆင့်ကမ်းသယ်ဆောင်ဖို့ နိုးထလာကြတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

မျိုးရိုးအလိုက် ကရခြင်းဖြစ်စေ၊ အကိုးကြောင့်ကရခြင်းဖြစ်စေ၊ ဝမ်းနည်းကြေကွဲ၍ ကရခြင်းဖြစ်စေ၊ ပျော်ရွှင်၍ ကရခြင်းဖြစ်စေ၊ ကျားကပွဲ ဗုံသံတွေဟာ မြို့ကလေးရဲ့ ရစ်သမ်တွေပါပဲ။ ဒီအချိန်ရောက်တိုင်း ကျားဆက်ပါသူတွေဟာ တစ်နှစ်တစ်ကြိမ် ကျားက ပေးကြရတယ်။ တစ်နှစ်တစ်ကြိမ်မကပေးပါက ကျားစိတ်ပေါက်ပြီး တောထဲဝင်ပြေး သေဆုံးကြရတယ်ဆိုတဲ့ အယူအဆကလည်း မြို့သူမြို့သားတွေရဲ့ နှလုံးဘဝင်မှာ ပန္နက်တင်ပြီးသား စွဲလမ်းမှုတစ်ခုပဲ ဆိုပါတော့။

ကျုပ်ဟာ ဒီမြို့သားတစ်ယောက်ပေမို့ ကျားဆက်ပါသူ မဟုတ်ဘဲ ဒီအချိန်ရောက်လာရင် ထူးခြားစွာပဲ မရိုးမရွစိတ်တွေ ဖြစ်ပေါ်လာတော့တယ်။ ဒါဟာလည်း ကျုပ်ရဲ့ ငယ်စဉ်ကတည်းက စိတ်ပါဝင်စားခဲ့တဲ့ ပန်းချီရေးဆွဲခြင်း အတတ်ပညာနဲ့ ဆိုင်မယ်ထင်တယ်။ တခြားသူတွေနဲ့ အတန်ငယ် ကွဲလွဲတာကတော့ ကျုပ်ဆွဲတဲ့ ပန်းချီဆေးရေးတွေဟာ စက္ကူပေါ်မှာ၊ ကင်းဘတ်စပေါ်မှာမဟုတ်ဘဲ လူရဲ့ အရေပြားပေါ်မှာ ရေးဆွဲရခြင်းပါပဲ။

သုံးတဲ့ဆေးတွေက ဆေးဒန်းနဲ့ တရုတ်မင်တောင့်တွေကို အသုံးများပါတယ်။ ကျားကတော့မယ့်လူဟာ ရေချိုးသန့်စင်ပြီးရင် အပေါ်ပိုင်း အဝတ်ဗလာနဲ့ ခါးတောင်းမြိုင်အောင်ကျိုက်ပြီး ကျုပ်ရှေ့ကို ရောက်လာရတာပေါ့။ ဦးခေါင်းမှာတော့ ပိတ်ဖြူပဝါကို တင်းတင်းချည်လို့။ ပထမဦးဆုံး ဆေးဒန်းတွေ တစ်ကိုယ်လုံး မျက်နှာမှ ခြေဖျားအထိ နှံ့စပ်အောင် လိမ်းရတယ်။ ပြီးရင် တရုတ်မင်ဆေးတွေ သွေးဖျော်ထားတဲ့ ဆေးတွေနဲ့ ဦးခေါင်းမှစပြီး ခြယ်ပါတော့တယ်။

ဆေးဝါတင်ပြီး ခေါင်းဆောင်းအစွပ်ပေါ်မှာ ထိပ်တည့်တည့် ဦးခေါင်းထိပ်ပြည့် ပန်းပွင့်အမည်း တစ်ပွင့်ဆွဲပါမယ်။ ဒီပန်းပွင့်ဟာ စကြာပန်းနဲ့ ဆင်ဆင်တူမယ်ထင်တယ်။ အလယ်မှာဝတ်ဆံပါပြီး ပွင့်ဖတ်တွေဘေးကို ကားထွက်သွားတဲ့ ပန်းပွင့်မျိုးပါ။ အဝါခံမှာ အနက်ပွင့်ကြီးပေါ်လာတဲ့အခါ ပန်းပွင့်အနားတွေကို အဖြူကြောင်းကလေးတွေ ကွပ်ပါ့မယ်။ လူရဲ့ မျက်နှာနဖူးစည်းမှာတော့ အမည်းတစ်လိုင်း၊ အဖြူတစ်လိုင်း ဆွဲပါ့မယ်။ ပြီးရင် အဖြူလိုင်းပေါ် အနီစက်ကလေးတွေ ကြဲကြဲတင်သွားမယ်။

ဦးခေါင်းပြီးရင် လက်မောင်းလက်ဖျံ အလှည့်ပေါ့။ လူရဲ့ ပခုံးနှစ်ဖက်ထိပ်မှာ အမည်းရောင် ပန်းတစ်ပွင့်စီဆွဲပြီး အဖြူလိုင်းကွပ်မယ်။ ကျားကမယ့်သူဟာ ဗလကြီးရင် ကြီးသလောက် ပခုံးနှစ်ဖက်ထိပ်မှာ ပန်းပွင့်မည်းကြီးနှစ်ပွင့် ထင်းထင်းကြီး ပေါ်နေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မယ်။ အဲဒီကနေ သရက်ရွက်ပုံသဏ္ဌာန် အရွက်နှစ်ရွက်ကိုတော့ ဆေးမည်းနဲ့ လက်မောင်းရဲ့အရှေ့အနောက် တံတောင်ဆစ်အထိ ဆွဲချသွားမယ်။ အရှေ့ အနောက် သရက်ရွက်နှစ်ရွက် ဆုံချက် တံတောင်ဆစ်နေရာမှာ ပန်းတစ်ပွင့်။ ဒီလိုပဲ လက်ဖျံနှစ်ချောင်းမှာ အပေါ်အောက် သရက်ရွက်နှစ်ရွက်၊ လက်ခုံပေါ်မှာ ပန်းတစ်ပွင့်၊ အပွင့်တွေ အရွက်တွေက ထုံးစံအတိုင်း အနက်မှာ အဖြူကွပ်ကြောင်းကလေးတွေ ပါမယ်။

ဦးခေါင်းရယ်၊ လက်မောင်းလက်ဖျံရယ်ပြီးတဲ့အခါ ရင်ဘတ်ကို ဆက်ဆွဲမယ်။ လည်ပင်းနေရာမှာ ပထမဆုံးဆွဲမှာက ဘယက်ရင်ခံပြားကလေးပါပဲ။ ရင်ဘတ်မှာတော့ ဆေးနီပဲ သုံးတာများပြီး ထုံးစံအတိုင်း အဖြူလိုင်းကွပ်မယ်ပေ့ါ။ အဲဒီ ဘယက်ကြီး အောက်မှာမှ ခါးအထိဆင်းသွားတဲ့ သရက်ရွက်ကြီး နှစ်ရွက်စီထည့်မယ်။ ကျားကမယ့် သူဟာ ရင်အုပ်ကျယ် ရင်ကျယ်သလို အရွက်လေးရွက်ကားကားကြီး ပေါ်နေတာပေ့ါ။

ကျောမှာလည်း ရင်ဘတ်မှာလို ဆေးနီနဲ့ ဘယက်ကြီးတစ်ခု၊ ပိုတာက ကျောရဲ့ ဘယက်အလယ်မှာ ပန်းပွင့်မည်းကြီးတစ်ပွင့် ပါမယ်။ ပြီးရင် ခါးအထိ သရက်ရွက် လေးရွက်ကားပြီး ဆင်းသွားမယ်။

ဟော. . . ခါးအောက်ပိုင်းရောက်တော့ ပေါင်ရှေ့ခြမ်းနဲ့ နောက်ခြမ်းမှာ နှစ်ရွက် ဆိုင်၊ ဒူးခေါင်းမှာ ပန်းတစ်ပွင့်စီ၊ ခြေသလုံးမှာ သရက်ရွက်နှစ်စုံ ရှေ့နောက်ဆုံပြီး ခြေခုံပေါ်မှာ ပန်းတစ်ပွင့်စီ ရေးပြီးတဲ့အခါ ကျုပ်ရဲ့ ခြယ်သမှုက အတော်အတန် ပြီးစီးပြီလို့ ဆိုရမယ်။

ကျားတစ်ပွဲမှာ ကျားလေးကောင်မှ ခြောက်ကောင်အထိ ပါဝင်လေ့ရှိတာမို့ ကျုပ်ရဲ့အလုပ်က ထင်သလောက်တော့ မလွယ်ကူလှဘူး။ ကျားကမယ့်လူ ဗလကြီးရင် ကြီးသလို လက်ဝင်လှတယ်။ ကျန်တဲ့ ကျားမြီးဆွဲတွေကိုတော့ ဆေးခြယ်စရာ မလို လှဘူး။ သူတို့က စွပ်ကျယ်ချိုင်းပြတ် ပုဆိုးတိုတိုဝတ်လိုက်ရင် ပြီးတာပါပဲ။

ကပွဲလီမောင်ရှိုးဆိုတဲ့ လူပြက်မှုဆိုးတွေကိုတော့ ဂုန်နီအိတ် အင်္ကျီရှည်ပေးဝတ်၊ သစ်သားသေနတ်၊ သို့မဟုတ် သစ်သားဓား ပေးကိုင်လိုက်ရင် ပြီးတာပါပဲ။ သူတို့ရဲ့ မျက်နှာကိုတော့ ဆေးနီတစ်ခြမ်း၊ ဆေးမည်းတစ်ခြမ်း လူရယ်စရာဖြစ်အောင် ခြယ်သ ပေးရုံ။ အရပ်ထဲကိုမလှည့်မီ ဆေးနီကို နှုတ်ခမ်းတစ်ဝိုက် နောက်ဆုံးတင်ခြင်းကို အဆိပ်တင်ခြင်းလို့ ခေါ်တယ်။ ဒီလို အဆိပ်တင်ချိန်မှာ 'မိုးနီ' စီးလေ့ရှိတယ်။ မိုးနီမှာ မုရိမှ ဆင်းသက်လာခြင်းဖြစ်ပြီး လူစိတ်ပျောက်၍ ကျားနတ်စွဲဝင်တဲ့ အဓိပ္ပါယ်ပါ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

ဒီအချိန်မှာ ဗုံကို ဖြည်းညင်းစွာ တီးပေးရတယ်။ လော်ပန်ငွေ့ပေးရတယ်။ ဒါမှ ကျားမာန်ပြန်ကျပြီး မြို့တွင်း လှည့်လည်မယ့်အစီအစဉ်ကို စတင်ကြရမယ်ပေါ့။ ကျုပ်တို့မြို့မှ ကျားကလေ့ရှိတဲ့လူတွေ ကျုပ်မှတ်မိသလောက် ဦးကျော်လှိုင်၊ ဦးဘတိုး၊ ဦးမောင်လေး၊ ဦးပြည်စိုး၊ ဦးညွန့်မောင်၊ အင်း . . . မမှတ်မိတော့တဲ့သူတွေလည်း ရှိသေးတယ်။ နှစ်တွေလည်း ကြာလှပြီ မဟုတ်လား။

ကျား လေးကောင်၊ ကျားထိန်း လေးယောက်၊ ကပွလီမောင်ရိုးက နှစ်ယောက်။

ရပ်ကွက်ထဲလှည့်တော့မယ်ဆို ကန်ခေါင်း၊ ဈေးခေါင်း၊ နောက်လည် တလိုင်းစု ရပ်ဆိုပြီး ရပ်ကွက်စဉ်အတိုင်းပေါ့။ အဲ . . . ဈေးခေါင်းရောက်ရင်တော့ ပိုသတိထားရ တယ်။ အဲဒီအရပ်မှာ ကျားဆက်ပါသူတွေ များတာကိုး။

ဒေါင်းဒေါင်း . . . နီချိန်းနောင်း . . .

ဗုံသံဟာ ကျားဆက်ပါသူတွေရဲ့ အသွေးအသား လှိုက်ခုန်မှုကို ဆူပွက်ရုန်းထစေ အောင် ညှို့မြူဆွဲဆောင်လှတယ်။ ကျားပွဲဦးဆောင်သူဟာ ဗုံသံကြားရင် ဝိုင်းထဲခုန်ဝင် လာမယ့် ကျားဆက်ပါသူတွေကို တုတ်နှောင်ချုပ်ကိုင်ဖို့ လူအင်အားကို တစ်ပါတည်း စုဆောင်းသွားရတယ်။

ကျုပ်က ဆေးခြယ်တဲ့တာဝန်ကုန်ရင် အိမ်ပြန်တဲ့ကောင် မဟုတ်ဘူး။ ကျုပ်ခြယ် ပေးလိုက်တဲ့ကျားတွေရဲ့ ကြွားရွားတဲ့ကဟန်တွေကို တမေ့တမော လိုက်ကြည့်ဖြစ် သေးတာ။ ဒီတော့ ဖြစ်ရိုးဖြစ်စဉ်တွေကို အစဉ်အမြဲ မြင်တွေ့ ကျွမ်းဝင်နေတော့တာ ပေါ့။

နောက်တစ်ချက်က ကျုပ်ကိုယ်တိုင် ကျားဆေးမထိုးထားပေမယ့် ဒေါင်းဒေါင်းနီ အသံကိုကြားရင် မရိုးမရွဖြစ်လာတော့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအသံဟာ လူမှန်းသိတတ်စအရွယ်ကတည်းက ကျုပ်တို့ရဲ့ ရင်းနှီးပွန်းတီးလာခဲ့လေတော့ ဒီအသံ နောက် တကောက်ကောက်လိုက်ချင်စိတ်ကို ထိန်းမနိုင်ခဲ့ဘူး။

မြို့ကလေးမှာရှိတဲ့ ကလေးတွေဟာ ပထမတော့ ဒီအသံရဲ့ ခြိမ်းခြောက်မှုကို ခံကြရတယ်။ လူကြီးတွေက ငိုနေတဲ့ကလေးတွေကို 'ကျားလာပြီ' လို့ ခြိမ်းခြောက်ရတာ အတော်အာတွေ့ပုံရတယ်။ ဒါပေမယ့် ဒီကလေးတွေဟာ တစ်သက်လုံး ကျားပွဲကို ကြောက်နေတာတော့ မဟုတ်ပေဘူး။ မူလတန်း ကျောင်းသားအရွယ်ရောက်တဲ့အခါ သူတို့ဟာ ကျားပွဲကို မကြောက်တဲ့အပြင် ကျားပွဲလှည့်တဲ့ နောက်လိုက်ပြီး 'ကျားချေး လူး၊ ကျားရေပူ၊ ကျားဖင်နီ' ဆိုပြီး ကျားတွေကို ရန်စနောက်ပြောင်တဲ့အလုပ်ကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လုပ်ပါတော့တယ်။ ကျားနတ် ဝင်လိုက်ထွက်လိုက်ဖြစ်နေတဲ့ ကျားတွေကလည်း အဲဒီကလေးတွေနောက်လိုက်တဲ့အခါ ပွဲဟာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ပါရော။ ကျုပ်တို့ဒေသက သားငယ်ထိန်လို့ခေါ်တဲ့ ကလေးအုပ်ကြီးနဲ့ ကျားတွေဟာ ရောယိမ်းလိုက်၊ ဘသားယိမ်းလိုက် မြို့ကလေးနဲ့ ပလဲနံသင့်နေတာ နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့ပါပြီ။

ကျားပွဲကို ကြောက်သူတွေက ရင်ခွင်ပိုက်ကလေး သူငယ်တွေနဲ့ အမျိုးသမီးတွေပဲဖြစ်ပါတယ်။ ကျားပွဲနောက်ကို အမျိုးသမီးငယ်ကလေးတွေ လိုက်ပါ ကြည့်ရှုလေ့မရှိပါဘူး။ တချို့ဆို ငယ်စဉ်က ခြိမ်းခြောက်ခံထားရပြီးမှ စိတ်မှာအစွဲဖြစ်ကာ ကြီးတဲ့အထိ ကျားပွဲကြောက် ရောဂါရသွားသူတွေ ရှိပါတယ်။

လမ်းဆုံလမ်းခွ လူနေထူထပ်တဲ့ နေရာရောက်ပြီဆိုရင် တေလဂူ ဗုံသံကြမ်းကြမ်းနဲ့အတူ ကျားအက၊ ကျားအလှ၊ ကျားမာန်တွေကြွပြီး ပွဲဟာ ပိုမိုအသက်ဝင်လာလေ့ရှိတယ်။ ကျားထိန်းခံပေးထားတဲ့ ဒူးပေါ်မှာ ကျားဟာ ခေါင်းတဆတ်ဆတ်ညိတ်ပြီး အရပ်လေးမျက်နှာ လှည့်ပြလိုက်ပုံများ ဒီခေတ်မျက်စိနဲ့ကြည့်ရင် ဝူရှုးအက ဟန်ရေးပြနေတာနဲ့ ဆင်ဆင်တူနေတော့တယ်။ တစ်ခါတစ်ရံ ငါးရာတန်မြေမှာ စိုက်ထောင်ထားတာကို ကျားနှစ်ကောင် ကုန်းဟပ်ကြပုံကတော့ တကယ့်ကျားတွေ သားတစ်ကို လုယူမာန်ဖီတဲ့ အတိုင်းပါပဲ။

အဲဒီလို ပွဲကောင်းနေတုန်း ကျားဆက်ပါသူတွေ ဝိုင်းထဲ ခုန်ဝင်လာလို့ကတော့ ပြီးပါလေရော။ ဒီအခြေအနေဆို ကပ္ပလီမောင်ရိုးလည်း ကိုးရိုးကားရား၊ ကျားထိန်းလည်း ကူပါ ကယ်ပါ၊ ကျားပွဲကျင်းပသူတွေနဲ့ အကူခေါ်လာသူတွေဟာ ဝိုင်းထဲဝင်လာသူတွေကို ဝိုင်းဝန်းတုပ်နှောင်လို့ လော်ပန်ငွေ့ ပေးသူပေး၊ သံပရာသီး ရှာသူရှာ၊ ကျားအစစ်နဲ့ မျက်နှာချင်းကပ်ပြီး ကျားစိတ်ဖြေပေးသူပေးနဲ့ အလုပ်ရှုပ်ရပါတော့တယ်။ ဒါဟာလည်း ဖြစ်ရိုးဖြစ်စဉ်ပဲမို့ အနာရှိတော့လည်း ဆေးသိရစမြဲပါ။

ရပ်ကွက်စုံလို့ ကျားတွေ ရေချိုးသန့်စင်တော့မယ်ဆိုရင် ကလွင်ရပ်ကွက်မှာရှိတဲ့ ကျားတွင်းဆီ ထွက်ခွာသွားတဲ့အခါ ကျုပ်လည်း အိမ်ပြန်ဖြစ်ပါတော့တယ်။ တန်ဆူးလ သင်္ကြန်နီးတိုင်း ကျားဆေးကို လှလှပပ ရေးခြယ်ခဲ့ရတဲ့ ကျုပ်ရဲ့လက်တွေဟာ အဲဒီ ရာသီရောက်ရင် မရိုးမရွနဲ့ ယင်းထနေပါတော့တယ်။ နောက်တော့လည်း နိုင်ငံ့ဝန်ထမ်း အဖြစ်နဲ့ ဇာတိမြေကို ခွဲခွာရတော့ နွေဦးပေါက်ရောက်တိုင်း အဝေးလွမ်းအိပ်မက်တွေ တစ်ရာသီပြီး တစ်ရာသီ မက်လို့ပေါ့။

× × ×

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

မြို့ကလေးကိုရောက်တော့ ကိုယ့်မြို့ကိုကိုယ် မမှတ်မိလောက်အောင် ပြောင်းလဲသွားတာ တွေ့ရတယ်။ မြို့ကို ရံတားစောင့်ရှောက်နေတဲ့ အထင်ကရ ပထော်၊ ပထက်တောင်ညီနောင်သာ မရှိဘူးဆိုရင် ပြောင်းလဲမှုဖြစ်စဉ်တွေကြားမှာ ကိုယ့်မြို့ကို ကိုယ်ပြန်လည်ရွေးချယ်ဖို့ ခက်နေလိမ့်မယ်။ နိုင်ငံခြားငါးဝယ်လှေတွေ၊ ငါး၊ ပုစွန် အအေးခန်းတွေ၊ တစ်ချိုးကွေ့ရှင်သန်လာတဲ့ ကုန်စည်စီးဆင်းမှုတွေအောက်မှာ ရုပ်ဝတ္ထုပစ္စည်းတွေ ခမ်းနားတိုးတက်လာပုံက အံ့မခန်းစရာပါ။ လူတွေရဲ့ နေ့စဉ်လှုပ်ရှားရှင်သန်မှုကလည်း အတန်ငယ် ပြောင်းလဲသွားခဲ့ပြီ။ ဟိုတုန်းက ကိုယ့်ခြေထောက်ကိုယ်အားကိုးခဲ့တဲ့ ကျုပ်တို့ မြို့သားတွေ ခုများတော့ ဆိုင်ကယ်၊ တက္ကစီ တဝီဝီနဲ့။ ဟိုနား . . . ဒီနား ဘုရားသွား . . . ဆိုင်ကယ်တက္ကစီနဲ့၊ ဈေးကြီးသွားမလား၊ ကမ်းနားဆင်းမလား၊ ဆိုင်ကယ် တက္ကစီနဲ့။ စွမ်းအားရှင်တဲ့ . . . အားသစ်ဝေတဲ့ . . . စမ်းသီတာတဲ့။ အမျိုးအမည် များပြားလှတဲ့ ဆိုင်ကယ် တက္ကစီအသင်းတွေဟာ ဆရာမြသန်းတင့်ရဲ့ ဟွန်ဒါယဉ်ကျေးမှုဆိုတဲ့ စကားကို အမှတ်ရသွားစေတယ်။

ဆရာမြသန်းတင့် တင်စားသလို အီကွေတာညများက မပြောင်းမလဲ တည်ရှိနေပေမယ့် ပင်လယ်ဓားပြ ယိုးဒယားဝိုက်ရဲ့ဇနီး မေရီဗိုဗေးရဲ့ သချိုင်းဂူကျောက်ပြားကတော့ အဝတ်လျှော်ကျောက်ပြားမှသည် ရေအိုးစင်ကျောက်ပြား။ အဲဒီကမှတစ်ဆင့် လောကမြင်ကွင်းကနေ ပျောက်ကွယ်သွားပြီဆိုတဲ့ အကြောင်းတော့ ဆရာ သိသွားဟန် မတူပါ။

အဟောင်းထဲက ရုန်းမထွက်နိုင်တဲ့ ကျုပ်ဟာ အသစ်အသစ်သော ရုပ်ဝတ္ထုတွေကြားမှာ ကြာရှည်မပျော်မွေ့နိုင်ပါဘူး။ မိတ်ဆွေဟောင်းတွေနဲ့ အပြေးအလွှားလိုက်တွေ့တဲ့အခါ ကျုပ်တို့အရွယ် ခြောက်ဆယ်ကျော်တန်းတွေ အတော်များများ မရှိတော့တာ တွေ့ရတယ်။ စာပေပေါင်းဟောင်းသင်းဟောင်းတွေ နည်းပါးသွားသလို ကျားကပွဲကသူတွေလည်း အတော်များများ မရှိကြတော့ပါဘူး။

အချိန်ကာလ ကြာညောင်းတဲ့အခါ အစဉ်အလာဟောင်းတွေ မှေးမှိန်ပျက်ပြယ်လာမှုအပေါ်မှာတော့ ကျုပ်ဘယ်လိုမှ ဘဝင်မကျနိုင်ခဲ့ဘူး။ အသစ်အသစ်သော မျိုးဆက်တွေဆီ ဆင့်ကမ်းဝေငှခြင်း မပြုနိုင်မှုအပေါ် ဘယ်သူ့ကို ယိုးစွဲပြစ်တင်ရမှန်းမသိနိုင်ခဲ့ဘူး။ တစ်ပင်ရှင်သန်ဖို့ တစ်စေ့ပျိုးသူမှာ တာဝန်ရှိတယ်ဆိုရင်တော့ အဲဒီအထဲမှာ ကျုပ်လည်း တာဝန်မကင်းသူအဖြစ် ပါဝင်နေပေလိမ့်မယ်။

"ဘယ်မှာလဲ . . . ကျုပ်ရဲ့ ညွှတ်နူးမှုအာရုံကလေး ဘယ်မှာလဲ"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဟောဒီ ပုန်းညက်တောင်ပေါ်ကနေ ပြောင်းလဲမှုဖြစ်စဉ် တရားတွေနဲ့ ခမ်းနား သစ်လွင်နေတဲ့မြို့ကလေးကို အပေါ်စီးကနေကြည့်ပြီး ကျုပ်ရဲ့ ညွတ်နူးမှုအာရုံကလေး ကို ရှာဖွေနေမိတယ်။ အသံ . . . ဒေါင်းဒေါင်းနီချိန်းနောင်းဆိုတဲ့ အသံ၊ မြို့ကလေးရဲ့ အရှေ့ဘက်ဆီမှာလား၊ အနောက်ဘက်ဆီမှာလား၊ တောင်မြောက်ဝဲယာ ဘယ်ဆီက များ ထွက်ပေါ်လာလေမလဲ။

မမာမကျန်းဖြစ်ပြီး အိပ်ရာထဲလဲနေတဲ့ ကျုပ်တစ်ချိန်က လေးစားခဲ့ရတဲ့ အစ်ကို ကြီး ပုလဲမြေမောင်ယဉ်စမ်းရဲ့ 'ကျားပွဲ' ကဗျာလေးကိုသာ ကျုပ်တစ်ယောက်တည်း အာသာဖြေ ရွတ်ဆိုနေမိတော့တယ်။ ခုနေများ ကျားတစ်ကောင်လောက် ရေးခြယ်ချင် စမ်းပါရဲ့ . . အို . . . . . ဘာတဲ့။

- အတာကြို
  ရာသီပြောင်းလျှင်ဖြင့်
  ဒေါင်းဒေါင်းတဲ့ နီချိန်
- ကိုယ်ပေါ်မှာ
  ဝါနီနက်တွေက
  အကွက်ရောင်စုံဖော်၍
  ဒေါ်လာခေါ်
  ဗုံသံနှက်ပါလို့
  ကျားဗျဂ္ဃိ
  နောင်ညီမြူးတယ်
  ထူးတဲ့ နွှေဂိန်။
- ကပ္ပလီ
  မောင်ရွှေရိုးငယ်နှင့်
  ခါးကြိုးကို
  နိုင်နိုင်ထိန်းသူက
  ပွဲအကူ
  ဇာတ်ရုံထူးတွေပေါ့
  'ကျားချေးလူး
  ကျားရေပူ'တဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

ပြိုင်ညီတူ
အတိုင်အဖောက်ရယ်နှင့်
ပြောင်နောက်ကြ
သားငယ်ထိန်
ငြိမ်ငြိမ်ဖြင့် နေဘူး။
- များမကြာခင်
ကျားလာလျှင်
ပြန်လှန်ပြေးပါရော့
အဝေးမှာ
တစ်ခါရှောင်၍
ပြောင်ချော်ချော်
ပျော်မငြီးပြီကွယ့်
ကျားမိုးနီ
တစ်ဖုံစီးကာမှ
ဝေးနီမနေသာဘု
မေကညာ
ရင်တုန်ထိတ်ရမယ်
ကြောက်စိတ်နှင့်မူး။

× × ×

*(မြိတ်မြို့မှ ကျားကပွဲများ ပြန်လည်ရှင်သန်ရေးကို ရည်ရွယ်ပါသည်။)*

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း**
**ဇူလိုင်လ၊ ၂၀၀၅ ခုနှစ်**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# တစ်ကိုယ်ရေအလွှမ်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# တစ်ကိုယ်ရေအလွမ်း

မိုးတွေညိုလာရင် မိုးညိုကို အစ်ကိုသတိရတယ် ညီလေးရယ်။ မိုးဆိုတာက ညိုပေမယ့်လဲ ရွာချင်မှ ရွာလေ့ရှိတာပါ။ 'မိုးဖြူမစဲ မိုးမည်း မရွာ' ဆိုတဲ့ စကားတောင် ရှိသေးရဲ့မဟုတ်လား။ သဘာဝတရားရဲ့ လှည့်ဖျားမှုကို၊ ဘယ်လိုအတတ်ပညာတွေနဲ့မှ မပိတ်ဆီး မကာကွယ်နိုင်ပါဘူး။

အစ်ကိုတို့ ညီအစ်ကိုအဖို့ကတော့ သဘာဝတရားရဲ့ လှည့်ဖျားမှုကို မကြာခဏ ခံရသလို ကံကြမ္မာရဲ့ ကြိမ်းမောင်းခြောက်လှန့်မှုကိုလဲ မကြာခဏ ခံကြရပါသေးတယ်။ နောက်ဆုံးအကြိမ်မှာတော့ ကံကြမ္မာက ကြိမ်းမောင်း ခြောက်လှန့်ရုံတင်မဟုတ်၊ အစ်ကို့ညီလေးကို ချောက်ကမ်းပါးထဲ အပြီးအပိုင် ဆွဲချသွားခဲ့တာပဲနော်။

နတ်ဆိုးမိစ္ဆာရဲ့ ကျိန်စာစက်ကွင်းက ညီလေးမိုးညိုအပေါ်မှာမှ ရွေးချယ်ကျရောက်ခဲ့ခြင်းအတွက် ဘယ်သူ တစ်ဦးတစ်ယောက်ကို အပြစ်တင်မောင်းမဲခြင်းပြုရမှန်း မသိအောင် အစ်ကို့စိတ်တွေ ယိမ်းယိုင်ပြိုကွဲခဲ့ရတယ်။ ရက်စက်တဲ့ကံကြမ္မာရဲ့ ဆိုးဝါးတဲ့ ရိုက်ချက်အပေါ် ယုံကြည်ဖို့ မဝံ့မရဲဖြစ်နေချိန်မှာပဲ လက်သင့်မခံနိုင်တဲ့အဖြစ်အပျက်ဟာ တကယ်ပဲ ဖြစ်ပျက်သွားခဲ့ပြီ။ အစ်ကိုမယုံဘူး ညီလေးရေ၊ ဟောဒီ နားတစ်ခိုက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျွန်းတောင်သောင်စပ်မှာ ညီလေး အသက်ပျောက် သေဆုံးခဲ့တဲ့ကိစ္စကို ဒီကနေ့အထိ အစ်ကို မယုံနိုင်သေးဘူး။ ဒါတွေဟာ အိပ်မက်တွေသာ ဖြစ်လိုက်ပါတော့။

အစ်ကိုနဲ့ညီဟာ အထက်အောက်ပေမယ့် အသက်ချင်း ဆယ်နှစ်တိတိ ကွာတာရယ်၊ မိတဆိုးလေးဖြစ်တာရယ်၊ အစ်ကိုဟာ ညီ့ကို စာနာညှာတာစိတ်နဲ့ ဆတိုးချစ်ခင်နှောင်တွယ်မှုမှာတော့ ပတ်ဝန်းကျင်တစ်ခုလုံးမှာ လက်ဖျားခါလောက်တယ်နော်။ အမေက ညီလေးမွေးပြီး မီးတွင်းမှာ ကွယ်လွန်၊ ဒီဘက်နှစ်ပိုင်းမှာ အဖေကလည်း စီးပွားကျပြီး စိတ်ဂယောက်ဂယက်ဖြစ်ချိန်မှာမှ ထူးထူးချွန်ချွန် ဆယ်တန်းအောင်ထားတဲ့ မိုးညိုကို တက္ကသိုလ်ပို့ဖို့ အစ်ကိုအားခဲပြီးသားပါ။ အိမ်ထောင်ခဲ့ အစ်မနှစ်ယောက်ကလဲ နိုင်သလောက်ထောက်မယ်၊ အစ်ကိုကလဲရှာသလောက် ငါ့ညီအတွက် ရည်စူးထားတာမို့ အစစ အဆင်ပြေမယ်လို့ ယုံကြည်ပြီးသားပါ။

တကယ်ဆို မိုးညိုဟာ ဟောသည် ပင်လယ်ထဲ လိုက်လာစရာ အကြောင်းမရှိပါဘူး။ ဒီအလုပ်နဲ့ အစိမ်းကြီးမဟုတ်သလို ဒီအလုပ်နဲ့လဲ မိုးညိုစီးပွားရှာစရာ မလိုဘူးလေ။ အစ်ကိုသာ ရေငုပ်လွန်းလို့ အကြောထိချင်ထိ၊ နားလေးချင်လေး၊ အစ်ကို့ညီလေးကိုတော့ ရေငုပ်ပြီး စီးပွားရှာခိုင်းဖို့ အစီအစဉ် မရှိပါဘူး။ ဒါပေမယ့် အစ်ကို့ချို့ယွင်းချက်က ငါ့ညီ ဘာလုပ်လုပ် အထင်တကြီး အလိုလိုက်ချင်တဲ့ဆန္ဒ ရင်ထဲမှာ အမြဲကိန်းအောင်းနေခဲ့တယ်။

"ကျောင်းတွေလဲ မဖွင့်သေးတော့ ကျွန်တော်အစ်ကိုနဲ့ ပင်လယ် ဆင်းလိုက်မယ် အစ်ကိုရာနော်၊ ကျွန်တော့်ကို ခေါက်ဖြတ်ပဲပေးပေး၊ အကောင်ဖြတ်ပဲပေးပေး"

"ဆိုစမ်းပါဦး၊ မင်းက ဘာရောဂါထတာလဲ၊ ပင်လယ်ငုပ်တာ လွယ်တဲ့ အလုပ်မဟုတ်ဘူး"

"လွယ်ပါတယ် အစ်ကိုရ၊ ကျွန်တော် အရင်လဲ မကြာခဏ အပျော်လိုက်ဖူးတာပဲဟာ"

"အဲဒါက အပျော်လေကွာ၊ အခုမင်းက ငွေလိုလို့ စီးပွားဖြစ်လုပ်မှာ မဟုတ်လား၊ အများနည်းတူ လုပ်ရတော့မှာပေါ့၊ ဆိုစမ်းပါဦး၊ မင်းက ဘာကိစ္စ ငွေလိုရတာလဲ၊ ဘာလဲ၊ ကျောင်းတက်ဖို့ အင်္ကျီအဝတ်အစားသစ်လိုလို့လား"

"မဟုတ်ပါဘူး အစ်ကိုရာ"

ဒီတုန်းက အစ်ကိုမေးတာကို ချက်ချင်းမဖြေဘဲ မိုးညိုက ခပ်ဆိုင်းဆိုင်းရယ်။ ဒီကောင်မြုံစိစိ လုပ်နေပုံထောက်တော့-

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဘာလဲ၊ ရည်းစားတွေ ဘာတွေရနေပြီလား"

"ဟာ မဟုတ်က ဟုတ်က အစ်ကိုကလဲ"

"ဒါဆို"

"ဒီလိုအစ်ကိုရ၊ အခုကျောင်းတွေကလဲ မဖွင့်သေးတော့ ဒီစပ်ကြားမှာ ကျွန်တော် ငွေရှာချင်လို့ပါ။ အစ်မတွေက ထောက်ပံ့မယ်ဆိုပေမယ့် သူတို့ခမျာလဲ ချောင်လည်ကြတာ မဟုတ်ဘူး၊ ကျောင်းဖွင့်တာနဲ့ ကျောင်းစရိတ်၊ အဆောင်စရိတ်၊ ခရီးစရိတ်တွေ စုပုံကျလာတော့မယ်၊ တစ်ခါကုန်တာနဲ့မပြီး၊ လစဉ်ကုန်ရမှာတွေ ရှိသေးတယ်၊ ဒါတွေအတွက် ကျွန်တော် ငွေရှာထားချင်လို့ပါ"

"မင်းစရိတ်အတွက် ပူမနေနဲ့၊ အစ်ကိုတစ်ယောက်လုံး ရှိပါသေးတယ်၊ မင်းတစ်ယောက် ပဂဲဆင်းငုပ်ရုံနဲ့လဲ ဒီကိစ္စတွေအားလုံး ပြေလည်သွားမှာ မဟုတ်ဘူး"

"နေဦး၊ ကျွန်တော် ပြောပါရစေဦး အစ်ကို၊ ကျွန်တော် အဓိက လုပ်ချင်တာက ဒါမဟုတ်ပါဘူး၊ ပဂဲငုပ်လို့ ငွေအတော်အတန်စုမိရင် ဆိုင်ကယ်တက္ကစီဆွဲချင်လို့ပါ"

"ဆိုင်ကယ် တက္ကစီ၊ ဟုတ်လား"

"ဟုတ်တယ်လေ အစ်ကိုရ၊ အခုမြို့မှာ ဆိုင်ကယ်တက္ကစီ အသင်းတွေပေါ်နေတာမှ အများကြီး၊ ဆိုင်ကယ်ပိုင် ရှိစရာမလိုဘူး။ အံ့နာကြေးရှိရင် အသင်းဝင်လို့ရပြီ၊ အသင်းဝင်ပြီး အသင်းကြေး သွင်းနိုင်တာနဲ့ တက္ကစီဆွဲလို့ရပြီ၊ ဒီတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေ့ါ အစ်ကိုရာ"

မိုးညိုရဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတဲ့ စကားကိုတော့ အစ်ကိုပြုံးလိုက်မိတယ်။ ဒီကောင်က ဆိုင်ကယ်ခရေဇီ၊ ဆိုင်ကယ်စီးချင်နေတာနဲ့ အတော်ပဲ။ တက္ကစီမောင်းတော့ ကိုယ့်ဆိုင်ကယ်မဟုတ်ပေမယ့် စီးပြီးသား ဖြစ်နေရောပေ့ါ။ အင်း ဆိုင်ကယ်တက္ကစီကိုတော့ ဘယ်အသင်းဝင်ရင် ကောင်းမလဲ။ အားးသစ်ဝေလား၊ စမ်းသီတာလား၊ စွမ်းအားရှင်လား။ အားသစ်ဝေဆိုရင်တော့ ကြောင်ငယ်ရပ်က အသင်းခေါင်းဆောင် ကိုလှသန်းနဲ့ ရင်းနှီးပြီးသားမို့ အစ်ကိုကိုယ်တိုင် ညီကို လိုက်အပ်ပေးနိုင်မယ်။

ဒီလိုနဲ့ မိုးညိုဆန္ဒတွေ အကောင်အထည်ဖေါ်နိုင်ဖို့ အစ်ကိုနဲ့အတူ ပဂဲလှေဆင်းလိုက်ခဲ့တော့တယ်။ ပဂဲငုပ်တဲ့အလုပ်ဟာ မိုးညိုနဲ့ စိမ်းစိမ်းကြီး မဟုတ်လှပါဘူး။ သူ ရှစ်တန်းနှစ်ကစလို့ ကျောင်းကြီးပိတ်တိုင်း အပျော်သဘော လိုက်နေကျပါ။ သည်တုန်းက မိုးညို ပဂဲလှေ ဆင်းလိုက်လာတာ ပဂဲငုပ်ဖို့ထက် လှေမှာကျွေးတဲ့ မုန့်တီကြော်၊

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခေါက်ဆွဲကြော်၊ လက်ဖက်ရည်တို့ကို စားဖို့ သောက်ဖို့ အာသီသနဲ့ လိုက်လာတာ များပါတယ်။

အခုတော့ တကယ်ငုပ်တော့မယ့် ပင်လုပ်သားကြီးအဖြစ်နဲ့ပေါ့။ ဒီလိုနဲ့ မြန်မာ လဆန်း ၃ ရက်၊ ၂၅ ကောင်အား စက်တပ်၊ ခြောက်လံ လှေကလေးနဲ့ ထွက်လာကြတယ်။ လှေပေါ်မှာ ပွဲနင်းလဲဖြစ်၊ လှေရှင်လဲဖြစ်တဲ့ နောင်သားမဲက ဦးဆောင်ပြီး စာရင်းမှတ်တစ်ယောက်၊ လှေသားနှစ်ယောက် လိုက်ပါလာကြတယ်။ မြို့ကနေ မနက် ၁၀ နာရီမှထွက် ဝက်ဖြူတောင်မှာ ညအိပ်၊ မနက်လင်းရင် လှေထခုတ်၊ ပုလဲကျွန်း အောက် ကျွန်းမည်းရောက်တော့ သတင်းဝင်ပို့ ပြီးရင် နေဝင်တာနဲ့ ကျွန်းစပ်တွေမှာ ပဂဲငုပ်နိုင်ပါပြီ။

အစ်ကိုတို့ ငုပ်မဲ့ပဂဲတွေဟာ အစိမ်းရောင်၊ အနီရောင်ရှိတဲ့ ပဂဲဘီလူးတွေပါ။ အကောင်ကြီးကြီး အကွက်ထင်းထင်း အရောင်ခုနစ်မျိုးပါတဲ့ ဆဲဗင်းကာလာလောက် အရောင်မစုံ အကွက်မလှပေမယ့် ပြူးတူးပြဲတဲ ဖွံ့ဖွံ့ထွားထွား အသားများလှတယ်။ မျက်မှန်၊ အောက်စီဂျင်ပိုက်တပ်၊ ပိုက်အိတ်လွယ်၊ လက်နှိပ်ဓါတ်မီးရဲ့ အလင်းအားကိုးနဲ့ ရေအောက်ဆင်းလာတဲ့အခါ အစ်ကိုရဲ့နောက်မှာ ညီဟာ ဖြည်းဖြည်းနဲ့မှန်မှန် လိုက်လာခဲ့တာ ဘာပြဿနာမှ မရှိပါဘူး။ မည်သည့်ပဂဲမဆို (ရွှံ့ပဂဲကလွဲရင်) ကျောက်ကြို ကျောက်ကြား အေးစိမ့်တဲ့နေရာတွေမှာ ပုန်းခိုနေလေ့ရှိတာမို့ ပဂဲကောင်တွေကို တကူးတက ရှာဖွေနေစရာမလိုဘဲ လွယ်လင့်တကူ ကောက်ယူနိုင်ကြတယ်။ ခက်ခက်ခဲခဲ ကျောက်ကြား ဂလိုဏ်တွေထဲနေတဲ့ ကောင်တွေဟာ နေရဲ့အရောင် အလင်းပျောက်ညချမ်းမှာ ထွက်လာလေ့ရှိပြီး ပဂဲငုပ်သူတွေရဲ့ လက်နှိပ်ဓါတ်မီး အလင်းအားအောက်မှာ ပဂဲတွေ ရှောက်ပုန်းနိုင်ဖို့ အခွင့်အရေး မရတော့ပါဘူး။

ဒီလိုပဲ သင့်ရာသင့်ရာ လျှောက်ဖမ်းရင်း လေးယောက်ပြန်ဆုံတဲ့အခါ အတော် ဝေးဝေးမှာ ကျန်ခဲ့တဲ့လှေကို မီးနဲ့အချက်ပြပြီး ခေါ်လိုက်ကြတယ်။ လှေဝမ်းထဲမှာ ပင်လယ်ရေနဲ့ တစ်ညလှောင်ထားဦးမှာမို့ အေးအေးဆေးဆေးပါပဲ။ အဲဒီညမှာ ပေါင်းမိုးတစ်ပိုင်းပါတဲ့ ခြောက်လံလှေကလေးထဲမှာ မောမောပန်းပန်းနဲ့ အရင်ဆုံး အိပ်ပျော်သွားသူဟာ မိုးညိုကလွဲပြီး ဘယ်သူဖြစ်နိုင်ဦးမှာလဲ။

အစ်ကိုဟာ ညီရဲ့ဟောက်သံကိုနားခံရင်း မိတဆိုးလေးကို သနားချစ်ကြင်စိတ်နဲ့ သဘောတွေကျပြီး ကျေနပ်ပျံ့ကြီးပြုံးလို့၊ မီးဖိုပေါ်က ကျောက်ဖရုံသီးနဲ့ ဇလုံးခြောက်ရိုး ရောချက်ထားတဲ့ ဟင်းအိုးတစ်ပွက် နှစ်ပွက်ဆူတယ်ဆိုရင်ပဲ ပွဲနင်းနောင်သားမဲဆီက သတိပေးစကားသံ ထွက်ပေါ်လာပါတော့တယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

'ဟော့ကောင်တွေ၊ ဟင်းကို မန်ကျည်းသီး နိုင်နိုင်အုပ်နော်၊ ရေငုပ်သမားဟာ လေပူတက်တတ်တယ်၊ မန်ကျည်းသီးသောက်စား ဟင်းချဉ်ချဉ်ကလေးနဲ့မှ၊ ငါတို့လို လူတွေဟာ အစပ်လဲ မစားရဘူး၊ ငါးပိထောင်းတောင် ငါ့မိန်းမ အစပ်လျော့ပြီး ထောင်းပေးလိုက်တယ်၊ စောစောကရတဲ့ ငါးလိပ်ကျောက်ကင်နဲ့ ထမင်းမြိန်ဦးမယ်'

ပင်္ဂဲကို နေဝင်ဖျိုးဖျမှနေ တစ်ညလုံးငုပ်လေ့ရှိတာမို့ နေ့ဘက် အားနေတဲ့ တစ်ချိန်လုံး အစ်ကိုတို့ဟာ ကမ်းစပ်တစ်လျှောက် ငါးကြမ်း ရှာလေ့ရှိကြတယ်။ ပိုက်တန်းတဲ့အခါတန်း၊ မျှားစာနဲ့မျှားတဲ့အခါမျှား၊ ဘယ်လိုပဲဖြစ်ဖြစ် ရလာတဲ့ ကုလားကုတ်၊ ပါးနီ၊ စစ်ဟောက်၊ တရုတ်မစား၊ ဟင်းချိုမစတဲ့ ငါးကြမ်းတွေကို ဒီမှာပဲ အပြီးဆားနယ် နေလှန်း သွားကြတယ်။ မြို့အပြန် ပင်္ဂဲအပြင် ငါးကြမ်းရောင်းရ ဝင်ငွေကလဲ အိမ်စရိတ်ကာမိနေလို့ လှေသားတွေဟာ ဒီအခွင့်အရေးကို လက်မလွှတ်ချင်ကြဘူး။

ပင်လယ်ထဲက တချို့ကျွန်းတွေဟာ လူမနေ၊ ငှက်မနား၊ ငါးမခို ကျွန်းတွေဖြစ်ပြီး၊ တချို့ကျွန်းတွေကျတော့ လူမနေပေမယ့် အပင်ကြီး အပင်ကောင်းတွေ၊ သဘာဝရေထွက်စမ်းတွေကြောင့် သောက်ရေချိုရနိုင်လို့ တံငါသည်တွေ ကွန်းခိုလေ့ရှိကြတယ်။ ဒီလိုအချိန်မျိုးဆို အစ်ကိုက ငါးကြမ်းတွေနဲ့ အလုပ်များနေသလောက် ညီဟာ ပါလာတဲ့ အားကစားဂျာနယ်တွေနဲ့ အလုပ်ရှုပ်နေလေ့ရှိတယ်။ မြို့မှာဆိုရင် ဘောလုံးပွဲစဉ်တိုင်း လက်မလွှတ်အောင် ကြည့်လေ့ရှိတဲ့ ဘောလုံးဝါသနာအိုးတစ်ယောက်လဲ ဖြစ်သေးတယ်။ ဘောလုံးပွဲကထွက်လာပြီး လက်ဖက်ရည်ဆိုင်မှာ အပေါင်းအသင်းတွေနဲ့ ဘောလုံးပွဲအကြောင်းတွေ ငြင်းခုန်နေကျ ညီဟာ အခုတော့ လူသူမရှိတဲ့ ကျွန်းတောင်မှာ ဂျာနယ်ဟောင်းတွေဖတ်ပြီး အာသာဖြေနေရရှာတယ်။

'မိုးညိုရေ၊ ရေသန့်ဘူးခွံအဟောင်းတွေ သယ်သွားပြီး တောင်ကျရေ ရသလောက် သယ်ထားဦးနော်၊ နောက်တစ်ကျွန်း နေရာရွှေ့တော့ ရေချိုကိစ္စ အဆင်ပြေချင်မှပြေမယ်၊ ပြီးတော့ တစ်လက်စတည်း ထင်းခြောက်လဲကောက်ခဲ့ဦး'

လူတိုင်းကိုယ်စီ အလုပ်များနေချိန်မှာ မိုးညို အားကစားဂျာနယ်နဲ့ စတိုင်ထုတ်နေတာ ကြည့်လို့မကောင်းဘူး မဟုတ်လား။ ဒါကြောင့် ညီကို ဒီလို ဥပါယ်တံမျဉ်နဲ့ ခိုင်းပေးရတယ်။ နောင်သားမဲက သဘောကောင်းပေမယ့် ဘဝတူ လှေသားတွေက အခွင့်အရေးယူတယ်လို့ ထင်သွားမှာ စိုးရတယ်။ တစ်လှေတည်းစီး တစ်ခရီးတည်းသွားသူတွေက ချစ်ကြင်စည်းလုံးဖို့တော့ လိုအပ်တယ်။ လုပ်တော့လဲ တက်ညီ လက်ညီ၊ စားတော့လဲ လက်ရေတစ်ပြင်တည်း၊ ရတော့လဲ ညီတူမျှတူပေါ့။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထမင်းဟင်းစားသောက်ပြီးတော့ နေအတော်မြင့်နေပြီ။ စူးတောက်တောက် နေရောင်ခြည်ဟာ လူမနေတဲ့ ကျွန်းကလေးပေါ်ကို ခပ်ရဲရဲထိုးကျနေတယ်။ ဒီအချိန် ငါးတွေနေလှန်းလို့ အကောင်းဆုံးပေ့ါ။ ကမ်းခြေသောင်စပ်က သဘာဝကျောက်တုံးကြီး တွေပေါ်မှာ ဆားနယ်ထားတဲ့ငါးတွေကို တစ်ကောင်ချင်း ဖြန့်လှန်းကြတယ်။ ဒီလိုဆို တော့ မိုးညိုဟာ လှေသားတွေနဲ့အတူ ခြေပေ့ါလက်ပေ့ါပါပဲ။

သူက ငါးခွဲဆားနယ်သာ မကျွမ်းတာ၊ ငါးလှန်း ငါးသိမ်းဖို့တော့ လုံ့လရှိတယ်။ သဘာဝတရားကြီးက လူတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေတယ်။ နေ ရောင်ခြည်ရဲ့ အပူစွမ်းအင်ဟာ ငါးတွေဆီက အစိုဓါတ်ကို နှုတ်သိမ်းနေချိန်၊ ပျင်းရိ ဖွယ်နေ့လည်ခင်းတွေကို ကုန်ဆုံးပစ်ဖို့ ပင်္ဂုပ်သမားတွေဟာ တရေးတမော အိပ်စရာ ရှာကြတယ်။ တချို့လဲ ပေါင်းမိုးထဲ၊ တချို့လဲ အရိပ်ကောင်းရာ သစ်ပင်အောက်၊ နှစ်သက်သလို အေးကွက်ရှာကြတယ်။

အစ်ကိုဟာ အုန်းလက်လေး ငါးလက်ကို ဆွဲယူစုစည်းပြီး အုန်းလက်မွေ့ရာပေါ် ခေါင်းတင်လိုက်တဲ့အခါမှာတော့ ငုံ့ကြည့်နေတဲ့ ပြာကြည်စင်ကောင်းကင်ကြီးနဲ့ မျက်နှာ ချင်းဆိုင်မိပါတော့တယ်။ တိမ်ငါးကြင်းကွက်တွေ ဖြန့်ကျက်နေတဲ့ကောင်းကင်ဟာ အပြာနဲ့အဖြူ ရက်ဖောက်ယှက်ငင်လို့ တကယ်ပဲ ငါးကြင်းကွက်အခွံတွေလို အရစ် အခုံး အမို့တဝိုက်တွေနဲ့ သိုင်းဖွဲ့ကနေလိုက်ကြတာ ကြည့်လို့မမုန်း၊ ဟိုး . . . မိုးကုတ် စက်ဝန်း အဆုံးအထိပါပဲ။

ပိုက်ပေါက်ပိုက်ဟောင်းတွေကို ဖာထေးပြုပြင်နေတဲ့ လှေရှင်နောင်သားမဲ တစ်ယောက်ကလွဲရင် လူတွေအားလုံး တုံးလုံးပက်လက် အိပ်ပျော်ကုန်ကြပြီ။ ချုပ်စ နေရီ အမှောင်ဝေ့သီလာတာနဲ့ ရေအောက်ဆင်းပြီး ပင်္ဂုပ်ဖို့ အားမွေးနေကြတာလေ။ အစ်ကိုဟာ မလှမ်းမကမ်းက အုန်းပင်နှစ်ပင်မှာ ငါးဖမ်းပိုက်အစနှစ်ဖက်ကို ပုခက်လုပ် အိပ်နေတဲ့ညီကို ခပ်ငေးငေး ကြည့်နေမိတယ်။

ဒီလိုတော့လဲ ညီမိုးညိုက တကယ့်ပီဘိ ကလေးလေးလိုပါပဲလား။ အဖေအမေ တို့ရဲ့ သားထွေးကလေး မိုးညို၊ ဒီကလေးကို အမေမွေးပြီး မီးတွင်းမှာဆုံးတော့ အစ်ကို က ဆယ်နှစ်သားအရွယ်၊ သူပဲ မတတ်တတတ်နဲ့ အနှီးထုပ် ချိုပုံးထိန်းကျောင်းခဲ့ရတာမို့ ညီဟာ သူ မမွေးရုံတမယ် သူ့လက်ပေါ် ကြီးခဲ့ရတဲ့ ကလေးပေ့ါ။

အဖေက မြိတ်ဇာတိမဟုတ်၊ မော်လမြိုင် ကျိုက္ခမီဇာတိဖြစ်ပြီး မြိတ်ကို အရောင်း အဝယ်နဲ့ ရောက်လာရာက မြိတ်သူအမေနဲ့ အိမ်ထောင်ကျခဲ့တာပါ။ အမေက ပင်လယ်တံငါလုပ်ငန်းနဲ့ ရင်းနှီးပွန်းတီးစွာ ကြီးပြင်းခဲ့သူ၊ အဖေနဲ့အမေ အိမ်ထောင်ပြု

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တော့ အမေ့ရဲ့အဖေ (အဘိုး) ဖြစ်သူက လှေတစ်စင်း မင်္ဂလာလက်ဖွဲ့သတဲ့။ အဲဒီလှေကြီးက ညီအစ်ကိုမောင်နှမတွေ အားလုံးထက် အသက်ကြီးတဲ့လှေကြီး။ ဒီလှေကြီးကို အဖေပေးထားတဲ့ နာမည်က 'အောင်ကမ္ဘာငြိမ်းချမ်း' တဲ့။ အဖေဟာ အဲဒီလှေကိုစီးပြီး မိသားစုကို ရုန်းကန်ရှာဖွေကျွေးခဲ့တာ သားသမီးတွေ လူလားမြောက်တဲ့အထိပါပဲ။

ကနဦးက ကုန်ရောင်းကုန်ဝယ်သာတတ်တဲ့အဖေဟာ သားကျွေးမှု၊ မယားကျွေးမှုအတွက် ပင်လယ်တံငါလုပ်ငန်းထဲ တစ်စ,တစ်စ တိုးရင်း၊ အလုပ်က လူကိုသင်ရင်း ပွဲ့နင်းလုံးလုံး ဖြစ်လာပါတော့တယ်။ အဖေဟာ အောင်ကမ္ဘာငြိမ်းချမ်းကိုစီးပြီး ငါးသလောက်ပိုက်လှေချခဲ့တာ နှစ်တွေ မနည်းပါဘူး။ တစ်ခေတ်တစ်ခါတုန်းကတော့ မြိတ်အနီးဝန်းကျင်ရေပြင်မှာ ငါးသလောက်တွေမြူးသလောက် တဖြည်းဖြည်း စားကျက်တွေ ရွှေ့သွားလိုက်တာ ပုသိမ်ဘက်ရောက်သွားပါရော။ အဖေဟာ အောင်ကမ္ဘာငြိမ်းချမ်းနဲ့အတူ မော်တင်စွန်း၊ ကျောက်ကလပ်၊ လိပ်သောင်တွေဆီ အရောက်အခေါက်ခေါက်ပေါ့။ အစ်မနှစ်ယောက် အိမ်ထောင်ကျ၊ အစ်ကိုရှစ်တန်းရောက်တဲ့ အထိအောင် ကမ္ဘာငြိမ်းချမ်းဟာ အဖေနဲ့ ဒိုးတူပေါင်ဖက် စီးပွားရှာခဲ့တယ်။

ဒါကြောင့် အဖေဟာ အောင်ကမ္ဘာငြိမ်းချမ်းကို သားတစ်ယောက်လို ချစ်တယ်။ ငါးလှေသိမ်းချိန် ဒေါက်တင်ပြီဆိုရင်တော့ အစ်ကိုတို့မှာ အုန်းဆံဖတ်ကြီးတွေနဲ့ လှေနံမှာကပ်နေတဲ့ ရေညှိရေမှော်တွေ၊ ခက်ရင်းကောင်တွေကို တိုက်ချွတ်ရတာ အမောပါပဲ။ အဖေကိုယ်တိုင် အုန်းလက်ကျစ်ဆံမြီး ငါးချောင်းပူးတွေကို မီးမြှိုက်ပြီး စပ်ကြောင်းတွေ စေ့ပိတ်အောင် လှေထေးလေ့ရှိတယ်။ ပြီးရင် လှေကိုယ်ထည်တစ်ခုလုံး ရေနံမည်းဝအောင်သုတ်၊ အပေါ်ကရွက်တိုင်တွေ၊ အိပ်စင်တွေလဲ ဆေးအသစ်ပြန်သုတ်လို့ သူ့သားကြီးကို အသကြီးသကာ အလှဆင်နေလေ့ရှိတယ်။

အောင်ကမ္ဘာငြိမ်းချမ်းကို အဲဒီလို အနားပေး၊ ဒေါက်တင်ထားတဲ့ ကာလတစ်လျှောက်လုံး အဖေဟာ ဘယ်တော့မှ အိမ်မှာ အိပ်လေ့အိပ်ထ မရှိဘူး။ ကုန်းပေါ်မှာ ဘယ်လောက် အလုပ်များများ ညအိပ်တော့မယ်ဆို လှေထဲ ဆင်းအိပ်လေ့ရှိတယ်။ ပင်လယ်ထွက်ရင်လည်း အဖေဟာ လှေထဲမှာ၊ အိမ်ပြန်ရောက်တော့လဲ အိမ်အနောက်ကျပ်စင်စွန်းမှာ ကပ်ဆိုက်ထားတဲ့လှေထဲမှာ အဖေဟာ သူ့သားကြီးနဲ့ ဘယ်ခါမခွဲ တတွဲတွဲ ဖြစ်နေတော့တာပါပဲ။ နောက်ပိုင်း အမေ မိုးညိုကိုမွေးပြီး ဆုံးသွားတော့ ပိုဆိုးတော့တာပေ့ါ။ အဖေဟာ သူ့ရဲ့နောက်ဆုံး အထီးကျန်အချိန်နဲ့ အာရုံဝင်စားမှုအတော်များများကို အောင်ကမ္ဘာငြိမ်းချမ်းဆီမှာပဲ ကုန်လွန်နေတော့တယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မိုးညိုကိုမွေးပြီး အမေက အဖေ့ကို စွန့်ခွာသွားပြီးတဲ့နောက် လေးငါးခြောက်နှစ်လောက်အကြာကစပြီး အဖေ့သားကြီး အောင်ကမ္ဘာငြိမ်းချမ်းဟာ တစ်မျိုးပြီးတစ်မျိုး ချူခြာလာပါတော့တယ်။ အမှန်မှာတော့ နှစ်ကာလတွေ ကြာညောင်းလာတာနဲ့အမျှ မမြဲသော သင်္ခါရ သဘောတရားအရ ဟောင်းနွမ်းဆွေးမြေ့ ပျက်စီးခြင်း အနေအထားဆီ တဖြည်းဖြည်း တိုးဝင်နေတာပါ။ နှစ်ပေါင်းများစွာ ဒိုးတူပေါင်ဖက် တက်လက်ညီညီ ရုန်းကန်လှုပ်ရှားခဲ့ရတဲ့ လက်တွဲဖော် ရဲဘော်ကြီးရဲ့ ပြိုလဲကျဆုံးမှုကို အဖေ ဘယ်လိုမှ တင်းမခံနိုင်ခဲ့ဘူး။ အောင်ကမ္ဘာ ပြိုလဲတာနဲ့အမျှ အဖေ့စိတ်တွေ ဗုန်းဗုန်းကျခဲ့ရတယ် နော်။

ဒီအချိန်မှာ အစ်ကိုဟာ ဆယ်တန်းတောင် မဖြေဖြစ်တော့ဘဲ အိမ်ရဲ့လိုအပ်ချက် ဖြည့်တင်းဖို့ ပင်္ဂင်ုပ်လှေထဲ ဆင်းခဲ့ရတော့တယ်။ ကိုယ်တို့ အခြေအနေက လှေတစ်စီး ဆုံးလို့ တစ်စီးပြန်ဝယ်စရာ စုမိ ဆောင်းမိ မရှိခဲ့တဲ့ဘဝရဲ့ လစ်ဟာမှုတွေဟာ အစ်ကို့ကို ပင်လယ်ထဲ မရောက်ရောက်အောင် တွန်းပို့လိုက်တဲ့ တွန်းအားတွေပါပဲ။ မြိတ်မြို့က သာကေတရပ်ကွက်မှာ သုံးပင်နှစ်ခန်း သစ်သားအိမ်ကြီး တစ်ဆောင် အမေ့အမွေ အဖြစ် ကျန်ခဲ့တာကလွဲရင် အစ်ကိုတို့မိသားစု ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင် ဖြစ်ခဲ့ရတယ်။

ဒီကြားထဲ အစ်မနှစ်ယောက်ရတဲ့ လင်ယောက်ျားတွေက လောင်းကစား သန်သူတွေဆိုတော့ မိဘလက်ငုပ်လက်ရင်း တံငါအလုပ်ကို ဆက်လုပ်ဖို့မပြောနဲ့၊ သူတို့ ကိုယ်တိုင် နဲ့သမားပါးလို ပိန်လိုက်ဖောင်းလိုက်၊ အဖေကိုတောင် လှည့်မကြည့်နိုင်ကြ ဘူး။ တကယ့် လက်ရှိဘဝမှာတော့ အမေထားခဲ့တဲ့ အိမ်ကြီးထဲမှာ အစ်ကိုတို့ သားအဖ သုံးယောက်တည်း သွေ့ခြောက်ခြောက် ဖွယ်တယ်တယ် ဖြတ်သန်းနေရာက ပြုန်းဆို အစ်ကို့ညီလေး မိုးညို ရုတ်တရက် ခွဲခွာသွားတာကဖြင့် အစ်ကို့ရင်ကို သံပူပြင်းနဲ့ ကပ်လိုက်သလိုပါပဲ ညီလေးရယ်။

ပင်လယ်ဟာ လျှို့ဝှက်သိပ်သည်းမှုတွေနဲ့ ဖွဲ့စည်းပျော်ဝင်နေတယ်ဆိုတာ ပင်္ဂင်ုပ် သက်ရင့်နေတဲ့ အစ်ကိုကသိပေမယ့် ဧည့်သွားဧည့်လာ အစ်ကို့ညီလေးက ဘယ်သိနိုင်ပါ့ မလဲနော်။ လောကကြီးမှာ တိုးတက်ခေတ်မီတဲ့ သိပ္ပံပညာနဲ့ ချိန်ထိုးမရတဲ့ အကြောင်း အရာတွေ၊ ယုတ္တိမတန်သော်လဲ နားလည်လက်ခံထားရတဲ့ အကြောင်းအရာတွေ ရှိတယ်ဆိုတာ ပင်လယ်ခရီးသွားဖူးမှ သိတာပါ။ ပင်္ဂလှေထွက်တော့မယ်ဆို ရေငံပိုင်ဦး ရှင်ကြီးကို ကိုးရ၊ အဘိုးသန်လျှက်ဆောင်ကို ပ, သရ၊ ပထော်ပထက်ကျွန်းက မကန်ရှင်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

ကြီးဆီ ဆည်းကပ်ရန်နဲ့ ငါး၊ ပုစွန်၊ ပင်လယ်ငှက်များ ပါဝင်တဲ့ ဆုတောင်းပူဇော်ရတာ အစဉ်အလာ တစ်ခုပါ။

နောင်သားမဲဟာ အတွေ့အကြုံရှိတဲ့ ဝါရင့်ပင်လယ်လှေရှင် တစ်ယောက်အနေနဲ့ မလွဲမသွေ ဆောင်ရွက်လိမ့်မယ်ဆိုတာ ယုံမှား သံသယရှိစရာ မလိုပါဘူး။ ဒါပေမယ့် မိုးညိုရယ်၊ ကံကြမ္မာဆိုတာက ခက်သားကလား။ မမြင်ရတဲ့မှောင်ထဲက အေးစက်စက် လက်မည်းကြီး ဖြန့်းကနဲ ထွက်ချလာမယ်လို့ ဘယ်သူထင်ထားပါ့မလဲ။

အဲဒီညနေက ဆည်းဆာရီနှုတ်ဆက်နေပုံဟာ ပုစွန်ဆီရောက် တောက်ပြီး အနောက်ဂေါယာကျွန်းဆီ နေလုံးကြီး နှုတ်ဆက်နေချိန်၊ တောက်ပရွှန်းစိုမှုတွေဟာ ရေပြင်မှာ စွန်းထင်းဖြာဝေလို့ ဒီနေ့မှ လကလဲ အစောကြီးထွက်လာလိုက်တာ နေ အရောင်၊ လအရောင်၊ ရတနာ နဝရတ်အရောင်တွေ ဖိတ်ဖိတ်တောက်နေချိန်၊ အလင်းက ဆုတ်ခွာ၊ အမှောင်က တိုးဝင် တကယ့် စာပန်းချီရေးလို့မမီတဲ့ အနေအထား ပင်လယ်မှာ မြင်ရခဲလှတယ်။

ကိုယ်တို့ ပင်လယ်လှေ ကျွန်းစပ်ကိုကပ်ပြီး ရေထဲဆင်းဖို့ ပြင်ဆင်နေချိန်မှာ မိုးညိုဆီက မထင်မှတ်တဲ့ စကားသံက ပီပီသသကြီး ထွက်လာတာ ဟန့်တားချိန်တောင် မရလိုက်ပါဘူး။

'အလို လှလိုက်တဲ့မြင်ကွင်းပါလား အစ်ကိုတို့ရေ၊ ခေါင်ရမ်း၊ နှင်းဆီ ကမ္ဘလာနီတို့ ရောယှက်လိမ်းကျံထားတဲ့ မြင်ကွင်းက ထူးခြားဆန်းကျယ် အံ့ဖွယ်သာယာလှပါလား၊ ကျွန်တော် အစ်ကိုတို့နဲ့ လိုက်မပြန်ချင်တော့ဘူးဗျာ၊ ဒီကျွန်းကလေးမှာပဲ ကျန်ရစ်တော့မယ်'

'ဟဲ့ သားငယ်မိုးညို၊ ဖွဟဲ့ မပြောကောင်းမဆိုကောင်း'

နောင်သားမဲရဲ့ ဟန့်တားသံအဆုံးမှာ ညီရဲ့အပြောအဆိုအတွက် အစ်ကိုလဲ အတော်ကလေး ထိတ်လန့် တုန်လှုပ်သွားခဲ့တယ်။ ကျွန်းတောင်သောင်ကမ်းရေပြင်နဲ့ အသက်မွေးရသူတွေအတွက် ပြောမှား ဆိုမှား အမှားမခံတာ ညီ မသိလေရော့ သလား။ တစ်ခါတုန်းက အဘိုးသန်လျက်ဆောင်ကျွန်းနားက လှေတစ်စီးဖြတ်တဲ့အခါ လှေသားတစ်ယောက်ဟာ 'ဒီကျွန်းကလေးက သာယာလိုက်တာ နေချင်စမ်းပါဘိ' လို့ နှုတ်ဆော့မိတာနဲ့ နွေခေါင်ခေါင် ချက်ချင်းကြီး မိုးကြီးလေကြီးကျပြီး လှေမှောက် သွားတော့တယ်။ တခြားသူတွေ ဓနိပေါက်တုတ်တွေရပြီး အသက်ရှင်ပေမယ့် အဲဒီ နှုတ်ဆော့တဲ့ လှေသားကလေးဟာ အဲဒီနေရာမှာပဲ သေဆုံးကျန်ရစ်ခဲ့ရှာတယ်။ မယုံ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လျှင်မရတဲ့ပုံပြင် သာဓကတွေကြောင့် အစ်ကို့စိတ်တွေ လေးသွားပေမယ့် ဉပါန်ဒန်ကြောင့် ဉပါဒ်ရောက်မှာစိုးလို့ ညီကို ဘာမှဆူပူမနေဘဲ ရေထဲ ဆင်းခဲ့ကြတော့တယ်။

မုန်တိုင်းမရှိ ရေငြိမ်၊ လေငြိမ်ကာလမှာ ရေအောက်မှာ ဘာအန္တရာယ်မှ မရှိနိုင်ပါဘူး။ ကိုယ့်ကိုယ်ကို ရဲဆေးတင်လို့ ရေအောက်ဆင်းလာတော့ အလုပ်မှာဝင်စားပြီး စောစောကိစ္စ အမေ့မေ့ အလျော့လျော့ ဖြစ်သွားတော့တယ်။ ပထမအချီ ပိုက်အိတ်ထဲ ပဂဲတွေပြည့်လို့ လှေပေါ်ပြန်တင်၊ နောက်တစ်နေရာရွှေ့၊ ဒုတိယအကြိမ် ရေထဲ အဆင်း။

ရေအောက်ရောက်တယ်ဆိုရင် လက်နှိပ်ဓါတ်မီးဟာ ပဂဲငုပ်သူတွေအတွက် မပါမရှိ ပစ္စည်းပါ။ အမှောင်ထဲ ကျောက်ကြိုကျောက်ကြား ပုန်းနေတဲ့ကောင်တွေကို ရှာဖွေဖို့ အကြီးမားဆုံး အကူအညီဟာ လက်နှိပ်ဓါတ်မီးပါပဲ။ ပဂဲငုပ်သူတွေကို အကြီးမားဆုံး အကူအညီပေးတဲ့ အဲဒီလက်နှိပ်ဓါတ်မီးကပဲ ငါ့ညီလေးဆီ အန္တရာယ်အရောက်လာဖို့ ဖိတ်ခေါ်ခဲ့တယ်နော်။ မှောင်ထဲက လက်နှိပ်ဓါတ်မီးရောင်ဟာ ကျောက်ဆွယ်နှစ်ခုအကြား 'ဂလက်' ထဲမှာ ခိုနေတဲ့ နှုတ်သီးချွန်ငါးကြီးကို နှိုးဆွခေါ်ယူလိုက်သလို ဖြစ်သွားတာဟာ ကံကြမ္မာရဲ့လှည့်ဆယ်မှုလေလား၊ ကြည့်စယ်မှုလေလား။ ငါးတွေဟာ မီးရောင်မြင်ရင် ရုတ်တရက် ချက်ချင်း တစ်ဟုန်ထိုး တိုးဝင်ရောက်လာတတ်တယ်ဆိုတဲ့ အချက်ကိုတော့ အစ်ကိုကိုယ်တိုင် အမေ့မေ့ အလျော့လျော့ပါ မိုးညိုရယ်။ အဲဒီနှုတ်ခမ်းချွန်ငါးကြီးတွေဟာ ဆလုံတွေရဲ့ဝမ်းပိုက်ကို ထိုးဖောက်လေ့ရှိလို့ 'ဆလုံကြောက်ငါး' ရယ်လို့ ခေါ်တွင်ခဲ့တဲ့ ငါးကြီးမျိုးပါ။ ကျောက်ဆွယ်ကြားကနေ အရှိန်နဲ့ မီးရောင်အောက်ကို တိုးဝင်လိုက်တာ ချွန်ထက်တဲ့နှုတ်သီးဟာ မိုးညိုရဲ့လည်မြိုကို ထိုးမိပြီး။

"ညီလေးရေ"

မချိတင်ကဲ ဆို့နင့်ကြေကွဲနေတဲ့ အစ်ကိုဟာ ငါ့ညီလေးရဲ့အလောင်းကို နီးရာကျွန်းပေါ်မှာပဲ မြှုပ်ခဲ့ရတော့တယ်ကွာ။ လူမနေတဲ့ ဇရပ်တောကျွန်းပေါ်မှာ ထားရစ်ခဲ့ရတဲ့ အစ်ကိုရဲ့ ကြေကွဲနာကျင်မှုတွေကိုတော့ လူကြားကောင်းအောင် ဖွဲ့နွဲ့ငိုညည်းမနေတော့ပါဘူး။ ဒါပေမယ့် တငွေ့ငွေ့တစစ်စစ် ကျွမ်းလောင်နေမှုတွေကိုတော့ အချိန်အတိုင်းအတာတစ်ခုအထိ အစ်ကို တင်းခံရပေဦးမယ် ညီလေးရယ်။ မြို့နဲ့အလှမ်းကွာ ဝေးနေတာရယ်၊ အချိန်တိုတိုအတွင်းမှာ သွေးထွက် လွန်သွားတာရယ်၊ ညီလေးရဲ့အသက်ကို သေမင်းလက်က ပြန်မလုနိုင်ခဲ့တာ ခွင့်လွှတ်ပါတော့ မိုးညိုရယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဒီညနေမှ လှရက်တဲ့သဘာဝ တရားကြီးကိုလား၊ ဒီနေရာမှာ ကျန်ရစ်ချင်တယ်လို့ နှုတ်မစောင့်စည်းခဲ့တဲ့ ညီလေးကိုလား။ မီးရောင်ကိုမြင် အစာထင်လို့ ခုန်ဝင်ခဲ့တဲ့ နှုတ်သီးချွန် ဆလုံကြောက်ငါးကိုလား၊ ဒါမှမဟုတ် မမြင်ရတဲ့ မကောင်းမိစ္ဆာကိုလား၊ အစ်ကို ဘယ်သူ့ကို ပြစ်တင်မောင်းမဲရမှာလဲဟင်။

မိုးတွေညိုရင် မိုးညိုကို အစ်ကို သတိရတယ် ညီလေးရယ်။ မိုးဆိုတာက ညိုပေမယ့် ရွာချင်မှ ရွာလေ့ရှိတာပါ။ ဟော အခုတော့ အဲဒီညိုနေတဲ့မိုးတွေ လေနှင်ဖယ်ရှားလို့ လွင့်ပါးကုန်ပြီလေ။ မိုးမလာမချင်းတော့ အစ်ကိုတို့ ပင်ဂွင်သမားတွေ အလုပ်ဖြစ်ကြဦးမှာပေ့ါ။ ရသမျှပင်ဂွင်တွေ ပင်လယ်ရေနဲ့မြှုးလျှောင်၊ ဈေးကွက်ပို့ပြီးတာနဲ့ အိမ်ကို အပြေးပြန်ရတော့မှာပါ။ အိမ်မှာက အဖေတစ်ယောက်တည်းရယ်။ အစ်မတွေဆီက မပို့တစ်ချက် ပို့တစ်ချက်ဟင်းတွေနဲ့ ဖြစ်သလို စခန်းသွားနေတာ အဖေဟာ သူ့သားတွေကို မျှော်နေရှာတယ်။

အစ်ကိုအိမ်ရောက်တော့ အတော်မှောင်နေပြီ။ ထုံးစံအတိုင်း ဘုရားစင်မှာတောင် မီးရောင်မမြင်၊ အမှောင်ပိန်းနေတဲ့အိမ်ထဲ စမ်းတဝါးဝါး ဝင်လာရင်းနဲ့ အဖေ့ကို ပစ်ထားရက်တဲ့ အစ်မနှစ်ယောက်ကိုလှမ်းပြီး မေတ္တာပို့နေမိတယ်။ ဧည့်ခန်းမှာ အဖေမရှိ အိပ်ခန်းမှာ အဖေမရှိ အိမ်နောက်ဖက် ကျပ်စင်စွန်းမှာ ချိုချိုနဲ့နဲ့ လဲလျောင်းနေတဲ့ အောင်ကမ္ဘာငြိမ်းချမ်းရဲ့ လှေဦးတစ်နေရာမှာ အဖေလေ။

ရွက်တိုင်ကျိုးနေတဲ့ အောင်ကမ္ဘာ၊ ပဲ့စင်ပြိုပျက်နေတဲ့ အောင်ကမ္ဘာ၊ ကန့်ပြင်ကြမ်းခင်းတွေ ဆွေးမြေ့ပေါက်ပြဲနေတဲ့ အောင်ကမ္ဘာ၊ အရိုးပြိုင်းပြိုင်းကျနေတဲ့ အောင်ကမ္ဘာငြိမ်းချမ်းပေါ်မှာ အဖေ ထိုင်နေတယ်။ တစ်ချိန်ထက်တစ်ချိန် ပိုမိုချိနဲ့ ပိန်ချုံးလာတဲ့ ခန္ဓာကိုယ်နဲ့ အဖေ့မျက်လုံးတွေဟာ ဟိုး မမြင်ရတဲ့ နက်မှောင်ရေပြင်ထဲ စူးစူးကဲကဲ စိုက်ကြည့်နေလိုက်တာ။

ထွက်ပြူစ လရောင်ဝါဖျော့ဖျော့ဟာ အဖေရဲ့ ငွေရောင်ဆံပင်တွေကို ရွှေရည်နုနုလိမ်းကျံထားကြတယ်။ အဆီးအတားမဲ့ မြစ်ပြင်လေဟာ အဖေဝတ်ထားတဲ့ နွမ်းဖတ်ဖတ်ရှပ်အင်္ကျီစကို တဖျပ်ဖျပ် ယမ်းခါစေတယ်။ ကျပ်စင်ပေါ်က ငါးပုပ်ပုစွန်ပုပ်နံ့လက်ကျန်တွေကတော့ ရေအီရနံ့တွေနဲ့အတူ တံငါရပ်ကွက်ကလေးရဲ့ ပြည့်စုံမှုကို ဖြည့်ကူနေလေရဲ့။

"အဖေ"

အစ်ကိုခေါ်လိုက်တော့ အဖေဟာ နားလည်ရခက်တဲ့ မျက်လုံးအစုံနဲ့ အစ်ကို့ကို မော်ကြည့်ပြီး စကားကို ခပ်လေးလေး တစ်လုံးချင်း ပြောပါတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



"စိုးကို၊ သားကြီးပြန်လာပြီလား၊ ညီလေးမိုးညိုရော"

"မိုးညိုထားဝယ်မှာ ကျောင်းသွားတက်နေတယ်လေ အဖေ"

"ဩော် အေး ဟုတ်သားပဲ"

မှောင်ထဲမှာ စို့တက်လာတဲ့မျက်ရည်ကို အဖေမသိအောင် ခိုးသုတ်ပြီး တစ်ခေါက် တစ်မျိုးမရိုးအောင် လိမ်နေရတဲ့ဝဋ်ကြီးက ကျွတ်ချင်စိတ်တွေ တဖွားဖွားပေါ်နေပေမယ့် ပုံမှန်မဟုတ်တော့တဲ့အဖေ ကိုယ်စိတ်ကျန်းမာရေးအတွက် ကျဆင်းသွားတဲ့ စိတ်ဓါတ်တွေကို တစ်ယောက်တည်း ကောင်ငင်သိမ်းဆည်းနေမိပြန်တယ်။

အဖေ့ကို ထမင်းကျွေး။ ဆေးတိုက်၊ အိပ်ရာထဲပို့ပြီးတဲ့အခါမှာတော့ အစ်ကိုဟာ အဖေထိုင်နေကျ အောင်ကမ္ဘာငြိမ်းချမ်းရဲ့ လှေဦးပိုင်းမှာထိုင်လို့ မြင့်တက်လာတဲ့ လရိပ်အောက်မှာ တလက်လက် တောက်ပနေတဲ့ရေပြင်ကို ငေးကြည့်နေမိတယ်။ ကမ်းရိုက်လှိုင်းသံ သဲ့သဲ့ကလွဲရင် ဝန်းကျင်တစ်ခွင်လုံးဟာ တိတ်ဆိတ်ငြိမ်သက်နေလိုက်တာ ကိုယ့်အသက်ရှူသံ ကိုယ်ပြန်ကြားနေရတော့တယ်။

နောက်ဆုံးအခေါက် အဖေငါးလှေထွက်တော့ အိမ်ရဲ့စီးပွားရေးဟာ အတော်ယိုင်နေပြီ။ လှေတစ်ခါထွက်ရင် ဓာတ်ဆီဖိုး၊ ရေခဲဖိုးနဲ့ အလုပ်သမားတန်ကြေး လုပ်ခတွေက မကုန်မဖြစ် ကုန်ရတဲ့အရာတွေ။ အဲဒီအတွက် အဖေဟာ ငွေကို အတိုးကြီးနဲ့ ဆွဲသွားရရှာတယ်။ အဲဒီအခေါက်မှာမှ စရန်ယူပြီးသား အလုပ်သမားတွေဟာ သစ္စာမရှိ ကတိမတည် လှေထဲကနေနီးရာကျွန်းဆီ ခုန်ချဆင်းပြေးကုန်ကြတာ လေးငါးယောက်မကပါဘဲ။ သစ္စာတရားချိန်ခွင်ညွှာရဲ့ ရွဲ့စောင်းယိမ်းယိုင်မှုတွေက အဖေရဲ့ ခံနိုင်ရည်ရှိမှုကို သွေးတိုးစမ်းသပ်လိုက်သလိုပါပဲ။

အလုပ်သမား မလုံမလောက်ဖြစ်ရတဲ့အထဲ အလုပ်ခွင်ရောက်မှ ပင်လယ်ဌက်ဒဏ်မခံနိုင်လို့ ပြန်လွှတ်လိုက်ရတာတွေ၊ အရင်အခေါက်တွေက ပုံမှန်ငါးထိတဲ့နေရာတွေမှာ ငါးမရတော့တာတွေက အတိုးကြီးပေးရမယ့် အဖေ့အတွက် နောက်ဆက်တွဲ စိတ်ဖိစီးမှုတွေ ဖြစ်ခဲ့ရတယ်။ ရာသီကုန်လို့ တောင်သိမ်းပြီး ပြန်လာတဲ့အဖေဟာ တာဝေးအပြေးသမားတစ်ယောက်ရဲ့ နွမ်းဖတ်ရင့်ရော်မှုတွေနဲ့ အရင်ကထက် စကားနည်း အိုစာသွားတော့တယ်။

ဟော . . . မိုးတွေညိုလာပြန်ပြီ မိုးညိုရေ၊ ဒီတစ်ခါတော့ တိမ်မည်းညိုတွေဟာ လေနှင်လို့ လွင့်ပါးပြေးရှောင်ကြဟန်မတူဘူး။ ဂျိုးဂျိမ့်သံပေး လျှပ်စီးအရေးကြောင်းတွေကလဲ တိမ်မည်းညိုတွေကို မပြိုပြိုအောင် တွန်းထိုးဖြိုချနေပါပေါ့။ မကြာမီ မိုးစက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

မြားတန်းတွေ သွန်းထိုးလွတ်ကျလာလိုက်တာ အစ်ကိုရဲ့ မျက်နှာဦးခေါင်း၊ လက်မောင်းတွေကို ထုထောင်းနေတဲ့အတိုင်းပါပဲ။

အဖေ ဒီနေရာမှာထိုင်ရင်း ပြုငြင်လေ့ရှိတဲ့အစ်ကိုဟာ ဒီနေ့တော့ ထူးဆန်းစွာပဲ ဒီနေရာကမရွေ့ဘဲ မိုးသည်းသည်းမှာ ထိုင်နေမိတော့တယ်။

ရွာလိုက်စမ်းပါ မိုးရယ်။

ရင်ထဲကအပူတွေ စီးသွန်းမျောပါသွားအောင် ရွာလိုက်စမ်းပါ။ တစ်ခဏလေးပဲ ဖြစ်ဖြစ် အစ်ကို အေးချမ်းချင်စမ်းပါဘိ။

***သည်းထိတ်ရင်ဖိုမဂ္ဂဇင်း***
***အတွဲ(၁) အမှတ် - ၁၊ ဇူလိုင်လ ၂၀၀၃ ခုနှစ်***

***မှတ်ချက်(မြိတ်စကား)***

- *ငါးလိပ်ကျောက်စမတ်* - *ငါးလိပ်ကျောက် အကောင်ပေါက်ငယ်ကလေး*
- *ခနိုပေါက်တုတ်* - *ခနိုလက်အရင်း*
- *တက်လက်ညီညီ* - *တက်ညီလက်ညီ*
- *ဂလက်* - *ကျောက်အစွန်းနှစ်ခုအကြား ကွေ့ဝိုက် ချိုင့်ဝှမ်းနေသည့်နေရာ*
- *တောင်သိမ်း* - *ငါးလုပ်ငန်းသိမ်းချိန်*

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# အရည်ရွှမ်း

# သစ်သီးတွေရဲ့ယာခင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# အရည်ရွှမ်းသစ်သီးတွေရဲ့ယာခင်း

အသွေးအရောင်စုံ လူတွေရှုပ်ထွေးနေတဲ့ ဘောတံတားရေပေါင်ပေါ်မှာ ညိုညိုရိန် ရပ်နေတယ်။ ရေကျနေလို့ အမိုးစွန်းသာပေါ်နေတဲ့ စက်တပ်လှေကလေးတွေကို ငုံ့ကြည့်ရင်း ဒီခရီးအကွာအဝေးကို ချင့်တွက်နေတယ်။ အဖော်မပါ ရေလမ်းခရီးမို့ နည်းနည်းလေး တွေဝေနေတာကလွဲရင် တခြားဘာကိုမှ ညိုညိုရိန် မကြောက်ဘူး။

လိုက်မယ် အသေအချာပြောထားပြီး အရေးပေါ် ကိစ္စတစ်ခုကြောင့် မလိုက်ဖြစ် တဲ့သူငယ်ချင်း ခင်စန်းမွန်ကို စိတ်ထဲကနေ မကြာခဏလှမ်းပြီး ဒေါသထွက်နေမိတယ်။ တကယ်ဆို ဒီခရီးကို သူနဲ့ နှစ်ယောက်သွားဖို့ စီစဉ်ပြီးသား။ ဒါကြောင့် စားစရာတွေနဲ့ အချိုရည်ဘူးတွေကို သယ်လာပြီးကာမှ၊ အင်းလေ၊ ခုမှတော့ ဘာတတ်နိုင်မှာလဲ။ တစ်ယောက်တည်းလည်း သွားကိုသွားရမှာပဲ။ ညိုညိုရိန့်ဘဝမှာ ရှေ့တိုးပြီး နောက် ဆုတ်တယ်ဆိုတာ မရှိဘူး။ အဲ မလုပ်ချင်ဘူးဆိုလဲ ဘယ်သူ တိုက်တွန်း တိုက်တွန်း မလုပ်ဘူး။ အဲဒီ ညစ်ကန်ကန်စိတ်ကြောင့်ပဲ ဖေဖေနဲ့ပြဿနာတက်ပြီး ညိုညိုရိန် ဒီမြို့ကလေးကို ရောက်လာခဲ့ရတာ မဟုတ်လား။

ညိုညိုရိန်ကသာ ဒီမြို့သူမဟုတ်တာ။ သူ့ဖေဖေက ဒီမြို့သားစစ်စစ်။ ကမ်းရိုး တန်းသားပီပီ စိတ်ကလဲ ခပ်ဆတ်ဆတ်။ စကားကလဲ တိုပြတ်ပြတ်။ အစ်ကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နှစ်ယောက်နဲ့လဲ တကျက်ကျက်။ တစ်ဦးတည်းသော သမီးညိုညိုရိန်ကိုလဲ သူ့ပုံစံခွက်ထဲ ဆွဲထည့်လို့။ ဖေဖေက စီးပွားရေးအနေအထားတစ်ရပ်အရ ရန်ကုန်မှာနေ၊ ရန်ကုန်သူနဲ့ အိမ်ထောင်ကျရပေမယ့် သူ့ဇာတိရပ်ရွာကို အလွန်ပဲ စွဲလမ်းလွန်းလှတယ်။ ဒေသစွဲ ရှိတယ်ပဲ ဆိုပါတော့။ သားသမီးတွေအထဲက တစ်ယောက်ယောက် သူ့ဇာတိမြို့မှာ ပြန်လည်အခြေချစေချင်တယ်။ ဒါမှ သူလဲ အိုမင်းမစွမ်းတဲ့အခါ ဇာတိမြို့မှာ ပြန်ပြီးခေါင်းချမယ်ဆိုတဲ့ စိတ်ကူး။ ဒီစိတ်ကူးကို အကောင်အထည်ဖော်ရာမှာ မဲကျသူက ညိုညိုရိန်ဆိုပါတော့။ နောက်ဆုံးနှစ် စာမေးပွဲလဲဖြေပြီးရော သူ့နှမ အန်တီဝေလီနဲ့ မြို့ကလေးဆီ ထည့်လွှတ်လိုက်ပါရော။

ထည့်လို့သာ လိုက်လာရ။ ညိုညိုရိန်ကတော့ ဖေဖေ့သဘောထားကို ဆန့်ကျင်ချင်ချင်။ ဖေဖေလုပ်စေချင်တဲ့ ဒီကအလုပ်တွေ တစ်ခုမှစိတ်မဝင်စား။ ဟိုသွား ဒီသွား စားစားသောက်သောက် လည်လည်ပတ်ပတ် နေပစ်လိုက်တယ်။ မှတ်ကရော။ သိမ်တော်ကြီးဘုရား၊ ဖူးဘုရား၊ ဘိုတောင်တဲ့၊ ပေါ်တော်မူတဲ့၊ ကျွန်းမြို့ပေါ်က ထင်ရှားတဲ့ ဘုရားတွေကုန်ပြီ။ ရွာနီးချုပ်စပ် ရွှေရင်းတောင်လဲရောက်၊ မြစ်ကူးချောင်းခြားပထော်ပထက် တောင်ဘုရားလဲစုံ။ ဟော အခု ကျွန်းစုမြို့နယ် နဝရတ်ရေတံခွန်ဆီ ရေလမ်းခရီးထွက်မလို့။ အရေးထဲ တွဲနေကျ သူငယ်ချင်းခင်စန်းမွန်က ပွဲကျန်နေခဲ့။ ရေမကူးတတ်သူမို့ တစ်ယောက်တည်းစွန့်စားရမှာ တွေးဆနေဆဲ။ ကဲလေ တစ်ယောက်တည်းလည်း ဘာဖြစ်သေးလဲ။ မေးမြန်းပြီးသွားရုံ။ လမ်းဆုံးရင် ရွာတွေ့လိမ့်မပေါ့။

"ကျွန်းစု ပါစင်ဂျာတွေ ဆင်းလို့ရပြီ"

လှေဆီမှ အော်ခေါ်သံနှင့်အတူ လူအုပ်ကြီး လှုပ်လှုပ်ရွရွ ဖြစ်လာတယ်။ ညိုညိုရိန် ကျောပိုးအိတ်ကို ကောက်လွယ်လိုက်တယ်။ နေပူခံကက်ဦးထုပ်ကို ပြင်ဆောင်းပြီး ဒီခရီးအတွက် ဘောင်းဘီရှည်ဝတ်လာမိတာကို ကိုယ့်ဘာသာ ကျေနပ်နေမိတယ်။ ကြည့်ဦး . . . ရေပေါင်ပေါ်ကနေ ဆိုက်ကပ်ထားပေမယ့် လှုပ်ခတ်နေတဲ့ လှေအမိုးပေါ်ကို ကူး။ ဒီလှေ မဟုတ်သေးဘူး။ အပြင်ဘက်က နောက်တစ်စင်းဆီ ဆက်ကူး။ အဲဒီအစင်းရဲ့ အမိုးပေါ်က လှေဝမ်းကုန်းပတ်ထဲ ခုန်ချ။ ဟာ . . . ဟာ၊ ဘောင်းဘီရှည်နဲ့မဟုတ်ရင် မနိုပ်သေးဘူး။

လှေထဲရောက်တော့ ကုန်းပတ်ပေါ်မှာ စတိုင်ထုတ်ပြီး ရပ်နေဦးမလို့ပဲ။ လှုပ်ခတ်နေတဲ့လှေပေါ်မှာ ကိုယ့်ခြေထောက်ကိုယ်မယုံတာနဲ့ ပေါင်းမိုးထဲ ဝင်ထိုင်လိုက်ရတယ်။ ပေါင်းမိုးက ပြားပြားနိမ့်နိမ့်။ ကုန်းပတ်လောက်တော့ လေရပုံမပေါ်။ ပါလာတဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သတင်းစာ ခင်း။ ကျကျနနထိုင်ပြီးမှ ပတ်ဝန်းကျင်ကိုကြည့်တော့ အရောင်မတူ အဆင်ကွဲနေတဲ့ ညိုညိုရိုန်ကို ကြည့်နေကြတဲ့ မျက်လုံးတွေ။

ကျွတ်၊ စိတ်ပျက်ဖို့ကောင်းလိုက်တာ။

ကျွန်းစုမြို့ဆိုတာ ရုံးစိုက်ရာမြို့ဖြစ်လို့ ရွာသူရွာသားတွေအပြင် နေ့စဉ်တက်ဆင်းနေတဲ့ ရုံးသူရုံးသားတွေပါ လှေတစ်စီးလုံးအပြည့်။ ဘာပဲဖြစ်ဖြစ် ညိုညိုရိုန့်ရုပ်ရည်၊ ဝတ်စားဆင်ယင်မှုက နယ်ခံလူတွေကြားထဲ ထင်းခနဲ ပေါ်နေတာတော့အမှန်။ ဒီကြားထဲ ရာသီဥတုကြီးက ပူလိုက်တာ။ မနက် ၈ နာရီခွဲနေက လှေကလေးပေါ်ကို စူးစူးရဲရဲကြီးထိုးနေလို့ အိုက်စပ်စပ် ပူလောင်လောင်ကြီး။ ဘာကုန်တွေ တင်ချနေမှန်းမသိ။ လှေက နည်းနည်းကလေးမှ ရွေ့ဖို့ စိတ်မကူး။ ဟူး . . . လေကလေးတစ်မလောက်လာရင်ကောင်းမှာ။

ဟောဘယ်လိုပါလိမ့်။ လှေလဲမထွက်သေးဘဲ လှုပ်ခုန်နေပါလား။ အလို၊ မြစ်ကြောင်းထဲဝင်လာတဲ့ သင်္ဘောကကြီးမှကြီး။ စက်သံလဲကျယ်၊ အဟန့်လည်းကောင်း၊ ရန်ကုန်၊ မြိတ်၊ ကော့သောင်း ကမ်းရိုးတန်းသွားသင်္ဘောကြီး 'သံလွင်' တဲ့။ ဒါကြီးဝင်လာတဲ့အရှိန်နဲ့ လှိုင်းဘောင်ဘင်တွေ လူးနေတော့တာ။ အလိုလေး၊ ကမ်းရိုက်လှိုင်းကတင် မူးချင်ချင်ပါလားကွယ်ရို့။ ရှူဆေးဘူးကလေး ရှာဦးမှ။

ခဏကြာတော့ ကျွန်းစုလှေလဲ စက်သံပေးပါရော။ ကောင်းပါလေ့၊ မြန်မြန်ထွက် မြန်မြန်ရောက်။ အို . . . ဘာလို့ မြန်မြန်ရောက်ချင်ရတာလဲ။ ရောက်ချင်တဲ့အချိန်မှရောက်။ တစ်နေ့လုံးအချိန်တွေ အများကြီး။ ညနေ ၄ နာရီမှ ကျွန်းစုကပြန်မယ့်လှေရှိမှာ။ တစ်နေ့လုံး လည်ပါလေ့။ ဟော . . . ပြောရင်းဆိုရင်း ကျွန်းစုလှေထွက်ပြီ။ မြစ်ရေက နောက်ကျူကျူ၊ ရေရနံ့က ညှီစို့စို့၊ အခုမှ လေကလေး မစို့မပို့ ရောက်လာတော့တယ်။

ပထော်တောင်စွန်းကို လှေဖြတ်တော့ ကျွန်းစပ်က မကန်ကျောက်တုံးကြီးကို လှမ်းကြည့်မိသေးတယ်။ ဒီနေရာကိုတော့ အန်တီဝေလီမိသားစုနဲ့ ပျော်ပွဲစားထွက်ရင်းရောက်ဖူးခဲ့ပြီ။ မကန်ကျောက်တုံးကြီးကတော့ မဟာမေဒင်တို့ရဲ့ ယုံကြည်ကိုးကွယ်မှုအထိမ်းအမှတ်လို့ ဆိုကြတယ်။ ဒီနေရာကို တရုတ်အမဲယူလို့မရဘူး။ ငါးပုစွန်ဖမ်းပင်လယ်ထွက်မယ့်လှေတွေ ဦးတိုက်တဲ့နေရာ။ အဲဒီနေ့က အန်တီဝေလီ သမီးတွေနဲ့ ရေကျနေတဲ့ကျောက်တုံးပေါ်က ခက်ရင်းတွေခွာ၊ သောင်ပြင်က ခရုတွေကောက်၊ ကျောက်ဆောင်တွေပေါ် ဓာတ်ပုံရိုက်နဲ့ အတော်ပျော်လိုက်ကြသေးတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လှေက ပထော်တောင်စွန်းကနေ အနောက်ဘက်ကို ခပ်ယွန်းယွန်း ဖြတ်မောင်းနေတယ်။ ရေအရောင် ပြောင်းသွားပြီ။ ရွှံ့နှစ်ရောင်က နေဝါနုနု၊ ပြာတာတာ။ ခပ်လှမ်းလှမ်းမှာ ကျွန်းကြီးတစ်ကျွန်း။ အနီးအနားက လူတစ်ယောက်ကို မေးကြည့်တော့ အုန်းပင်တွေ၊ သောင်တန်းတွေနဲ့ စိမ်းစိုစိုကျွန်းကြီးရဲ့နာမည်က မလှမပ ကုလားကျွန်းကြီးတဲ့။ အဲဒီကောင်မစုတ် ခင်စန်းမွန်ပါမလာလို့ စကားပြောဖော်၊ အငြင်းလုဖော် မရှိတာပေါ့။ ခင်စန်းမွန်နဲ့ ညိုညိုရိန်က ရန်ကုန်မှာကတည်းက မေဂျာတူတွဲဖက်တွေ။ ပေါင်းလာတဲ့နှစ်တွေ မနည်းတော့ဘူး။ ဒါကြောင့် မလှမရှောင်သာ မြို့ကလေးဆီရောက်ပြန်တော့ သူငယ်ချင်းနှစ်ယောက် ပြန်တွဲဖြစ်ကြပြန်တယ်။ ခင်စန်းမွန်က မြို့ကလေးသူဆိုတော့ ညိုညိုရိန်ရဲ့ အလည်အပတ်ခရီးစဉ်မှာ ဒေသခံတစ်ယောက်အနေနဲ့ လိုက်ပါသင့်တယ်လို့ သူ့ကိုယ်သူ ခံယူထားသူဖြစ်တယ်။ ဒီနေ့မှာတော့ မလှဲမရှောင်သာကိစ္စကြောင့် ကျန်ရစ်ခဲ့တော့လည်း ခုမှတော့ ညိုညိုရိန် တစ်ယောက်တည်းပါ။

အတွေးတွေ လျှောက်ပြေးနေတာနဲ့ စဉ်းစားရင်းနဲ့ ငိုက်မျဉ်းချင်လာပြီ။ ရှင်းသန့်သန့် လေပြည်ကလေးကလဲ ထိုးထိုးဖွဖွ ဝှေ့ဝှေ့ဝဲဝဲ ကလေးတိုက်လို့။ ရေညှီနံ့တွေ မရတော့ဘူး။ ညိုညိုရိန် အဆုတ်ထဲရောက်အောင် လေတွေ ခပ်ပြင်းပြင်းရှူသွင်းရင်း ငိုက်မျဉ်းမှုကို ယမ်းခါထုတ်ဖို့ ကြိုးစားလိုက်တယ်။ ငိုက်လို့မဖြစ်ဘူး။ ငိုက်နေရင် ခရီးသွား အတွေ့အကြုံမြင်ကွင်းတွေ လက်လွတ်သွားနိုင်တယ်။

ကျွန်းစုလှေဟာ ငါးဖမ်းလှေကလေးတွေအနားက ဝေ့ခနဲ ဝေ့ခနဲ ဖြတ်ကျော်ခုတ်မောင်းနေတယ်။ ငါးဖမ်းလှေကလေးတွေ တချို့ ပိုက်ချ၊ တချို့ ပိုက်ချဖို့ ပြင်ဆင်၊ တချို့ လှေငယ်ကလေးတွေပေါ်မှာ လူတွေဆယ်ယောက်လောက် တန်းစီထိုင်နေပြီး မြားကြိုးကလေးတွေ ရေမှာချလို့။ နေရောင်ဟာ အမိုးမပါတဲ့ အဆီးအတားမဲ့ ကျောကုန်းတွေပေါ် အညှာအတာကင်းမဲ့စွာ ကျရောက်နေတယ်။ ကမ်းရိုးတန်းနေ ကျေးလက်လူထုရဲ့ ဝမ်းစာရှာဖွေမှုကို ညိုညိုရိန် ခပ်ငေးငေးကြည့်နေတယ်။ ပင်လယ်ကလူတွေ ငါးရှာနေချိန်မှာ တောင်တန်းပေါ်ကလူတွေ လက်ဖက်ခူးနေမလား။ သစ်သီးဆွတ်နေမလား။ လွင်ပြင်ကလူတွေက ဝါတွေ ခူးဆွတ်နေမလား။ ဂျုံတွေ ရိတ်သိမ်းနေမလား။ ဘဝရပ်တည်ရှင်သန်ဖို့အတွက် လူတိုင်း ကျွမ်းကျင်ရာ လိမ္မာရာ အလုပ်တစ်ခုခုကို လုပ်နေကြတယ်။ ဒါဆို ညိုညိုရိန်က ဖေဖေ့သဘောထားကို ဆန့်ကျင်ပြီး အလုပ်လုပ်ဖို့ ငြင်းဆန်နေတာ မှန်ကန်ပါ့မလား။ အတွေးရေကြောတွေ ဆန့်တန်း ရှည်လျားလာတယ်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

လှေစက်သံ တစ်မျိုးပြောင်းသွားပါလား။ လူတွေလဲ လှုပ်လှုပ်ရွရွ ဖြစ်လာကြတယ်။ ခေါင်းထောင်ကြည့်တော့ ကျွန်းစုမြို့ဆိုင်းဘုတ်ကြီးက ခံ့ခံ့ထည်ထည် လှလှပပ။ ကျွန်းစုမြို့ဆိုတာ မြိတ်မြို့ရဲ့ အနောက်မြို့နယ်တစ်ခုအဖြစ် ရုံးစိုက်ရာမြို့ဖြစ်လို့ ရှင်းသန့်ခံ့ထည်နေလေသလား။ လှေကမ်းကပ်တော့ အခက်အခဲမရှိ ကမ်းပေါ် တက်လာနိုင်ခဲ့တယ်။ ဘောတံတားထိပ် မြို့အဝင်ရောက်တော့ ကမ်းနဖူးပေါ် မေးတင်ထားတဲ့ စားသောက်ဆိုင်တွေထဲဝင်နေဆဲ အနားကို ဆိုင်ကယ်တစ်စီး ဝူးခနဲ ထိုးဆိုက်လိုက်တော့တယ်။

"အစ်မ၊ ဆိုက်ကယ်တက္ကစီ ငှားမလား"

ညိုညိုရိန် နည်းနည်း စိတ်ညစ်သွားတယ်။ လူကိုများ အစ်မတဲ့။ သူ အဲဒီလောက်ကြီးရင့်နေပြီလား။ ဆိုက်ကယ်သမားကို ကြည့်လိုက်တော့ ဟုတ်ပါရဲ့။ ညိုညိုရိန်ထက်ငယ်ဦးမယ့် ကောင်ကလေးတစ်ယောက်။ ညိုပေမယ့်စိုနေတဲ့ အသားအရေပေါ်က မျက်ခုံးနက်နက်၊ မျက်ဝန်းစိုစိုကလေးတွေက ကောင်ကလေးရဲ့ ပျိုမျစ်မှုကို ပြနေတယ်။ အလို၊ ရယ်လိုက်ရင် သွားစွယ်ကလေးနဲ့ပါလား။ ညိုညိုရိန် အဲဒီမျက်နှာကလေးကို အလိုလိုနေရင်း နှစ်ခြိုက်သွားတယ်။ ကြိုက်သွားပြီ။ ကြွေတော့ မကြွေသေးဘူး။ ညိုညိုရိန် ဒီလောက်တော့ မနုဘူး။

"အင်း၊ နဝရတ်အိုင် သွားချင်လို့"

"ရတယ် အစ်မ၊ တက်လေ"

"ဈေးကို ပြောပါဦး"

"ရပါတယ်၊ ကြည့်ပေးပါ"

"ဟင်း ဟင်း ကြည့်ပေးဆို၊ ဒီက မပေးတတ်ဘူး"

"တက်ပါ၊ အစ်မ မနစ်နာစေရပါဘူး"

ကဲ တက်ဆိုလဲ တက်တာပေါ့။ ဆိုက်ကယ်နောက်ခုံမှာ ညိုညိုရိန် ဇွေ့ခနဲ တက်ထိုင်လိုက်တယ်။ ကတ္တရာလမ်းပေါ်မှာ ဆိုက်ကယ် စပြေးနေပြီ။ ဆိုင်ကယ်သမားရဲ့ ကျောပေါ်မှာတော့ အားသစ်ဝေဆိုတဲ့ စာတန်းကြီးနဲ့။ ဒီဒေသမှာ ဆိုက်ကယ်တက္ကစီအသင်းတွေ အများကြီး။ အားသစ်ဝေ၊ စွမ်းအားရှင်၊ စမ်းသီတာ၊ သန်မြန်သူ ဆိုတာတွေပေ့ါ။

"အစ်မက ဧည့်သည်လား"

"အင်း ဧည့်သည်ဆိုပါတော့၊ ရန်ကုန်က"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဒါဆို ဒီကို တစ်ခေါက်မှ မရောက်ဖူးဘူးပေါ့"

"မြို့ကိုတော့ ငယ်ငယ်က တစ်ခေါက်ရောက်ဖူးတယ်၊ ဒီကျွန်းစုကိုတော့ အခု ပထမအကြိမ် ရောက်ခြင်းပဲ"

"ဘယ်လိုမြင်လဲ"

"ဘာကိုလဲ ဟင်"

"ကျွန်းစုမြို့ကလေးကိုလေ"

"လောလောဆယ်တော့ လှပပြီး သန့်ရှင်းတဲ့ ကျွန်းမြို့ကလေးလို့ပဲ မြင်ပါတယ်"

"ကျွန်းစုမြို့နယ်က မြိတ်ကျွန်းစုမှာ အကြီးဆုံးကျွန်းဖြစ်တဲ့ ကတန်ကျွန်းကြီးပေါ်မှာရှိတာ အစ်မရဲ့၊ အရင်က မြိတ်အနောက်မြို့နယ်လို့ ခေါ်ပြီး 'ကမ်းဇော်တော' ရွာမှာ မြို့သစ်စတည်ခဲ့တာပါ"

"မင်းက ဒီဇာတိလား"

"ဆိုပါတော့၊ ဒီမြို့ကတော့ မဟုတ်ဘူး၊ ဟိုး ကတ္တလူဆိုတဲ့ ကျေးရွာက"

"ဒါကြောင့် ဒီဒေသအကြောင်း ပြောနိုင်တာကိုး"

"အစ်မ စိတ်ဝင်စားရဲ့လား"

"စိတ်ဝင်စားပါတယ်ကွ"

"ဒီလို အစ်မရဲ့၊ ဒီကျွန်းစုမြို့ကို ရေလမ်းခရီးတစ်ခုပဲ ပေါက်တယ်၊ ဒီရေအတက်အကျနဲ့ သွားလာရတဲ့နေရာပေါ့၊ ကတန်ကျွန်းကြီးပေါ်မှာတော့ ကျွန်းပတ်လမ်းကြီး ဖောက်နေပါပြီ၊ ကျွန်းပတ်လမ်းပြီးသွားရင် ကျွန်းပေါ်မှာရှိတဲ့ ရွာပေါင်းသုံးဆယ်က ဒေသထွက်ကုန်တွေဟာ အချိန်စောင့်စရာမလိုဘဲ ကျွန်းစုမြို့မှတစ်ဆင့် မြိတ်ကို အချိန်မီ ပို့နိုင်မှာပေါ့"

"ဒီဒေသရဲ့ အဓိက ထွက်ကုန်တွေက"

"ဥယျာဉ်ခြံထွက်သီးနှံနဲ့ ရေထွက်ငါးပုစွန်တွေပါပဲ၊ ဥယျာဉ်ခြံထွက်သီးနှံဆိုတာ ဒူးရင်း၊ မင်းကွတ်၊ ကွမ်းသီး၊ ရာဘာနဲ့ သီဟိုဠ်စေ့တို့ကို ပြောတာပါ၊ အစ်မတွေ့လား၊ ဟိုမှာ ကွမ်းသီးပင်နဲ့ သီဟိုဠ်ပင်တွေ"

တောင်ပတ်ကားလမ်းဟာ သိပ်ပြေပြေပြစ်ပြစ်ချည်း မဟုတ်ဘူး။ ချိုင့်တဲ့နေရာ ချိုင့်၊ ခွက်တဲ့နေရာခွက်နဲ့ ဆိုင်ကယ် ယိမ်းထိုးယမ်းခါနေတော့တယ်။ ညီညီရိန် ဆိုင်ကယ်စီးကျင့်မရှိဘူး။ ဆိုင်ကယ်စီးတဲ့အရသာကိုလည်း မနှစ်ခြိုက်ဘူး။ ဒီဒေသကို ရောက်မှ သွားလေရာ ဆိုင်ကယ်တက္ကစီကို အသုံးပြုပြီး သွားလာရတာလန့်တော့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခပ်လန့်လန့်။ သူကဖြစ်လိုက်ရင် အထိန်းအချုပ်သိပ်မရှိဘူး။ ဟော. . . ဟော ပြောရင်း ဆိုရင်း . . .၊

ညိုညိုရိန် လေထဲ အေးခနဲ မြောက်တက်သွားတယ်။ ပြန်ကျတော့ လမ်းဘေး မြက်ဖုတ်ချုံတောတစ်ခုကြားမှာ။ အရှေ့ကို ဆိုင်ကယ်အတော်လွန်သွားပြီးမှ ပြန်ကွေ့ လာတယ်။ ရုတ်တရက် ညိုညိုရိန် မထနိုင်ဘူး။ ကောင်ကလေး ဆိုင်ကယ်ရပ်ပြီး လမ်းဘေးကို အပြေးကလေး ဆင်းလာတယ်။

"အစ်မ . . . အစ်မ၊ ဘယ်နားနာသွားလဲ"

ညိုညိုရိန် မဖြေနိုင်ဘူး။ နာတော့နာတယ်။ ဘယ်နေရာမှန်းသာ မသိတာ။

"ဆောရီး အစ်မရယ်၊ ဧည့်သည်ဆိုတာ မေ့သွားတယ်၊ အစ်မ ဆိုင်ကယ်စီးကျင့် မရှိဘူးထင်ပါရဲ့၊ မြဲမြဲကိုင်ရတယ် အစ်မရဲ့၊ ကျွန်တော့်အပြစ်ပါ၊ တောင်အတက်မှာ ရုတ်တရက် ဂီယာချိန်းလိုက်တော့ အစ်မကို ခါချလိုက်သလို ဖြစ်သွားတယ်၊ ဘယ်နာ သွားလဲ အစ်မ၊ ထကြည့်ပါဦး၊ ကျွန်တော့်ကိုတွဲ"

ညိုညိုရိန် သူ့လက်မောင်းကို အားပြုပြီးထလိုက်တယ်။ နှာခေါင်းနဲ့ စိမ်းနေတဲ့ ချိအီအီချွေးနံ့က နှာဝထဲ တိုးဝင်လာတယ်။ နာနေတာနဲ့ သီးခြားခွဲထွက်နေတဲ့ ဝေဒနာ တစ်ရပ် ညိုညိုရိန့်ရင်ဘတ်ထဲ ဖြတ်ပြေးသွားတယ်။

"ခြေထောက်က ဘာမှမဖြစ်ဘူး၊ အင်း ခါးကတော့ နည်းနည်းနာသွားပြီ၊ လက်လဲ အကောင်း၊ ရတယ် ရတယ်၊ ကိုယ့်ဘာသာကိုယ် ရပ်နိုင်ပါတယ်"

"ဖြစ်ပဲ့မလား အစ်မရဲ့၊ ကျွန်တော့်ကို အားမနာနဲ့၊ အစ်မ ဒီလိုဖြစ်တာ ကျွန်တော့် အပြစ်"

ညိုညိုရိန် သူ့မျက်လုံးကို လှမ်းဖတ်လိုက်တယ်။ ညိုညိုရိန်အတွက် စိုးရိမ်တာရော၊ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်မှုတွေပါတွေ့ရတော့ နည်းနည်း ကျေနပ်နှစ်သိမ့်သွား သလိုလို။

"မင်း တမင်လုပ်တာမှ မဟုတ်တာ၊ မတော်တဆ အက်ဆီးဒင့်ပဲ၊ ကိစ္စမရှိပါဘူး"

"ပေး ပေး၊ အစ်မကျောပိုးအိတ်ကြီး၊ ရှေ့ကခြင်းထဲ ထည့်လိုက်မယ်၊ ကဲ လမ်း လျှောက်ကြည့်ပါဦး"

ခြေထောက်တွေ ဘာမှမဖြစ်ပေမယ့် ခါးလား၊ တင်ပါးဆုံရိုးလား မသိတဲ့နေရာက ခပ်မြက်မြက် နာနေတာအမှန်။

"ကဲ တက်၊ ဒီတစ်ခါ ကျွန်တော့်ကို အားမနာနဲ့၊ ခါးကို တင်းတင်းဖက်၊ ရှေ့မှာ တောင်တက်တောင်ဆင်းတွေ များမယ်"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ညိုညိုရိန် ဘာမှ စောဒကမတက်တော့။ ဆိုက်ကယ်နောက် ခုံပေါ် တက်ထိုင်။ သူ့ခါးကို မြမြဖက်ကိုင်လိုက်လို့ ခေါင်းကိုလဲ သူ့နောက်ကျောပေါ်မှီပြီး မျက်စိကို ခဏမှိတ်ထားမိတယ်။ မူးဝေသွားတာမဟုတ်ပေမယ့် လန့်သွားတာရော၊ စိတ်လှုပ်ရှားသွားတာပါပေါင်းပြီး ညိုညိုရိန့်ရင်ခုန်သံဟာ ဒိတ်ဒိတ်ညံလို့။ ရှေ့မှာ တောင်တက်တောင်ဆင်း များမယ်ဆိုပါလား။ မြမြကိုင်မှ။ နောက်တစ်ခါ ထပ်ဖြစ်ရင် မလွယ်ဘူး။

"ဘယ်လိုလဲ အစ်မရဲ့၊ ကြောက်သွားပြီလား၊ အသံတိတ်လှပါလား"

"ကြောက်တော့ မကြောက်ပါဘူး၊ ရုတ်တရက်ဆိုတော့ လန့်သွားတာကွဲ့၊ လန့်သွားတာ"

"ဘာမှမဖြစ်တော့ပါဘူး အစ်မရဲ့၊ ကျွန်တော်လဲ အရှိန်လျှော့မောင်းပါ့မယ်၊ အစ်မသွားချင်တာ နဝရတ်အိုင်တစ်ခုပဲဆိုတော့ အချိန်တွေအများကြီး၊ လှေက ညနေလေးနာရီမှ ပြန်ထွက်မှာ၊ ဟိုမှာ အေးအေးဆေးဆေး နားလို့ရတယ်၊ အစ်မတွေ့လား၊ ကျွန်တော်တို့ ဒူးရင်းခြံတွေကို ဖြတ်နေပြီ၊ ကြည့်ပါဦး၊ ရန်ကုန်မှာမမြင်ရတဲ့ မြင်ကွင်းတွေ"

"ဟုတ်တယ်နော်၊ ဒူးရင်းပင်တွေက တောင်စောင်း ဆင်ခြေလျှောမှာ ပေါက်တဲ့ အပင်တွေကိုး၊ ဒါကြောင့် ကျွန်းတောင်မှာ ဖြစ်ထွန်းတာပေါ့"

"ဒီဒေသရဲ့ထွက်ကုန်ထဲမှာ ဒူးရင်းလဲပါတယ်၊ သူက စကြွေပြီး ၄၅ ရက်အတွင်း အပင်ပေါ်ကအသီး ကုန်တာပဲ၊ အစိမ်းအတိုင်း ရောင်းတန်ရောင်း၊ ယိုထိုးတန်ထိုးပေါ့၊ အခွံကိုခွဲ၊ အသားကို ဓားပြားနဲ့ခြစ်ပြီး အိုးထဲထည့်၊ ရေဓာတ်ကုန်တဲ့အထိ မီးနဲ့ကျိုရတယ်၊ ဒီကဒူးရင်းယိုက သကြား၊ ထန်းလျက်မပါ အော်ရီဂျင်နယ်အတိုင်း ထိုးကြတာပါ"

တဖြည်းဖြည်း တောင်ကမြင့်လာလို့ လေတိုက်နှုန်းမြန်လာတယ်။ ကက်ဦးထုပ်ကလေးကတော့အပေါ်က ဆိုင်ကယ်စီးဦးထုပ် ထပ်ဆောင်းထားလို့ လွင့်ကျမှာ မပူရဘူး။ စောစောက ညိုညိုရိန် ဆိုင်ကယ်ပေါ်ကကျတော့ အကျမတော်ရင် ခေါင်းကိုပါ ထိခိုက်နိုင်မယ်။ ဒါကြောင့် မြို့ပေါ်မှာ ဆိုင်ကယ်စီးရင် ဦးထုပ်ဆောင်းပါ၊ မေးသိုင်းကြိုးတပ်ပါဆိုတဲ့ ပိုစတာတွေ ထောင်ထားတာပေါ့။

"အစ်မ မကြောက်နဲ့၊ အတက်တွေများနေပြီ၊ ကျွန်တော် ဂီယာချိန်းမယ်"

မကြောက်နဲ့ဆိုပေမယ့် စောစောကအရှိန်နဲ့ဆိုတော့ အစိုးရိမ်သား။ ညိုညိုရိန်တစ်စုံတစ်ခုဖြစ်ရင် အန်တီဝေလီတို့ ဘယ်လောက် စိတ်ပူလိုက်ကြမလဲ။ သူတို့က

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခင်စန်းမွန်နဲ့သွားမယ်လို့ ထင်နေကြမှာ။ ကောင်စုတ်မလေးရေ၊ ငါ့အဖြစ်ကိုသိရင် နင်ဘာတွေပြောမလဲ။

"ဟော အစ်မ၊ ရေကျသံကြားလား၊ နဝရိတ်အိုင်နီးပြီ အစ်မရဲ့"

နီးပြီဆိုတော့ ညိုညိုရိန်စိတ်ဓာတ်တွေ လန်းဆန်းတက်ကြွလာတယ်။ ရေကျသံကလဲ စိတ်ကို ဆွဲဆောင်ညှို့ငင်တယ် ထင်ပါရဲ့။ ဆိုင်ကယ်ဟာ ကတ္တရာလမ်းမကနေ ဖဲ့ပြီး လမ်းသွယ်ကလေးထဲ တိုးဝင်မောင်းနှင်နေတယ်။ မကြာဘူး။ အနိမ့်မှိုင်ကြားထဲ တဝေါဝေါအော်မြည်နေတဲ့ ရေတံခွန်တစ်ခုကို အပေါ်စီးကနေ ဘွားခနဲ တွေ့လိုက်ရတယ်။ စီးသွန်ထိုးကျနေတဲ့ ရေတံခွန်ရဲ့အောက်မှာတော့ ဖွေးဖွေးထနေတဲ့ ရေလုံးရေဆံတွေနဲ့အတူ စိမ်းစိုပြည့်အိုင်နေတဲ့ နဝရတ်အိုင်။ ကျောက်တုံးကျောက်စွယ်တွေကြားထဲက စိမ်းရိပ်အေးငြိမ် မြင်ကွင်း။ ကလေး၊ လူကြီး၊ ကျား,မ နှစ်ဆယ်ခန့် ရေကူးရေချိုးနေကြသည်။

ဆိုင်ကယ်ပေါ်ကဆင်း။ နားနေဆောင် ဇရပ်ကလေးရောက်တော့ ကျောပိုးအိတ်ကိုချပြီး စိမ်းစိုနေတဲ့ တောတောင်သက်ငြိမ်မြင်ကွင်းကို သတိလက်လွတ် ငေးနေမိတယ်။ တကယ် စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင်ပါလား။

"အခု ဒီရေတံခွန်က ရေအားလျှပ်စစ်ထုတ်နေပြီ အစ်မရဲ့၊ ဒါကြောင့် ရေကို အပေါ်ကထိန်းထားလို့ အရင်ကလောက် ရေလုံးမကြီးတော့ဘူး၊ အစ်မ နားပါဦး၊ လန်းသွားအောင် ရေချိုးလိုက်ပါလား၊ နဝရတ်အိုင်လာတဲ့လူတိုင်း ရေချိုးကြတယ်၊ ဒီရေက ဆေးဖက်ဝင်သတဲ့၊ အစ်မ အဝတ်ပိုပါရင် ရေချိုးလိုက်ပါလား"

ညိုညိုရိန် ဘာမှမပြောဘဲ စေတနာပို စကားများနေတဲ့ချာတိတ်ကို ခပ်စူးစူးလေး ကြည့်နေမိတယ်။ ညိုညိုရိန်မျက်လုံးကို သူသတိပြုမိသွားတယ် ထင်ပါရဲ့။ စကားသံ တိတ်သွားလေရဲ့။

"မင်း ကိုယ့်ကို အစ်မ အစ်မနဲ့ မခေါ်ပါနဲ့လား၊ ကိုယ့်နာမည် ညိုညိုရိန်ပါ"

"ဟင်၊ အစ်မ၊ အဲ၊ ကျွန်တော် ဒီလိုခေါ်တာ မကြိုက်လို့လား"

"ရန်ကုန်နားနဲ့ဆိုတော့ တစ်မျိုးဖြစ်နေလို့ပါ"

"ဒါဆို ဟိုဒင်း၊ အစ်မ၊ အဲလေ ဒီက ခေါ်စေချင်သလို ခေါ်ပါ့မယ်"

ဒီလိုဆိုတော့ မရွံ့မရဲဖြစ်သွားတဲ့ သူ့ဟန်ကလေးက တကယ့် ပီဘိကလေး ဆန်စွာ။

"ဒီလိုလေ၊ ကိုယ့်တူမကလေးတွေ ခေါ်သလို ခေါ်ပါလား"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဘယ်လိုလဲ"

"ရိန်ရိန် တဲ့"

"ရိန်ရိန်"

ကောင်ကလေး ပြုံးလိုက်တဲ့ အပြုံးဟာ သွားစွယ်ကလေးကြောင့် ပိုလှသွားတော့တယ်။

"မင်းကိုရော ကိုယ်ဘယ်လိုခေါ်ရင် အဆင်ပြေမလဲ"

"ကျွန်တော့်နာမည် ထင်လင်းအောင်ပါ။ ကျွန်တော့်အိမ်သား တွေခေါ်သလို ခေါ်ပါလား"

"ဘယ်လိုလဲ"

"လင်း တဲ့"

"လင်း"

သူတို့နှစ်ယောက်ရယ်သံဟာ ငှက်ကလေးတွေ စိုးစီစိုးစီမြည်သံကို လွှမ်းသွားတော့တယ်။

"ကဲ၊ ကိုယ်ရေချိုးမယ်"

ညိုညိုရိန်က မဆိုင်းမတွ ဆုံးဖြတ်လိုက်ပြီး ကျောပိုးအိတ်ကို ကောက်ကိုင်လိုက်တဲ့အခါ လင်းက မလှမ်းမကမ်းက အဝတ်လဲခန်းဆီ လှမ်းညွှန်ပြတယ်။ ညိုညိုရိန် ထဘီရင်လျားပေါ်က အမွေးပွ သဘက်ကြီးခြုံပြီး ကျောက်စရစ်လမ်းကလေးအတိုင်း ရေတံခွန်ဘက်ထွက်လာတော့ . . .

"အိုင်ကြီးထဲ ဆင်းမကူးနဲ့နော်၊ အန္တရာယ်ရှိတယ်၊ ဘယ်ဘက်က ရေတံခွန်ခွဲငယ်လေးအောက် ရောက်အောင်သွား"

အစိုးရိမ်ပိုပြီး လှမ်းပြောလိုက်တဲ့အသံကလေးက ပြေးလိုက်လာတယ်။ သူ့စကားအတိုင်း ရေတံခွန်ငယ်လေးအောက် ခေါင်းထိုးဝင်လိုက်တော့ အေးစိမ့်မှုက ဆီးယူပွေ့ဖက်လိုက်တော့တယ်။ ခေါင်း၊ မျက်နှာ၊ လည်ပင်း၊ ပခုံးသားတွေ အပေါ် မပျော့မပြင်း ကျရောက်လာတဲ့ ရေရှိန်ရေသားရဲ့ယုယမှုကို ခံယူရင်း နဝရတ်အိုင် လာရင်းစွဲရသကို တစိမ့်စိမ့်ခံစားနေတော့တယ်။

အပေါ်က နားနေဆောင် ဇရပ်ကလေးဆီ လှမ်းကြည့်တော့ ညိုညိုရိန်ရှိရာဘက်ကို ခပ်ငေးငေးကြည့်နေတဲ့ လင်းကို မြင်ရတယ်။ မြင်ကွင်းက ဝေးနေတာရယ်၊ ရေမှုန်ရေဖွားတွေ ပိတ်ဆီးကာကွယ်နေတာရယ်၊ လင်းရဲ့ ဝေဒနာအခင်းအကျင်းကို ထင်ထင်လင်းလင်း မြင်ခွင့်မရဘူး။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စေဘန်မား**

ရေဟာ ဆေးတစ်ပါးတဲ့။ ရေကြောင့် နွမ်းနယ်မှုတွေ ပေ့ါပါးလန်းဆန်းသွားတယ်။ စောစောက မျက်တက်တက်နာနေတဲ့ ခါးဆီက အနာကလဲ ရေရဲ့သတ္တိဓာတ်ကြောင့် အထိုက်အလျောက် သက်သာသွားပြီ။

ညှိညှိရိန် ရေဝဝချိုးပြီး အဝတ်လဲ၊ ဇရပ်ပေါ်ပြန်တက်လာတော့ ဇရပ်ကလေးမှာ လင်းရှိမနေဘူး။ ဘယ်ထွက်သွားပါလိမ့်။ ရွှဲရွှဲစိုသွားတဲ့ ဆံပင်ရေစိုတွေကို အမွေးပွမျက်နှာသုတ်ပုဝါနဲ့ သုတ်နေတုန်း လင်းပြန်ရောက်လာတယ်။

"ကျွန်တော် ဘာစားစရာများ ရမလဲလို့ လျှောက်ကြည့်တာ၊ ဘာမှမရှိဘူး"

"စားစရာတွေ ကိုယ့်ဆီမှာ ပါ,ပါတယ်ကွ၊ မရိုမသေ၊ တစ်ချက်လောက် ထုတ်ပေးစမ်းပါ၊ ပြီးတော့ ကိုယ့်တို့နှစ်ယောက် ခင်မင်မှုအမှတ်တရ အတူစားကြတာပေ့ါ"

ငါးမုန့်ကြော်၊ အာလူးကြော်ထုပ်တွေအပြင် ဗွီဗွီအချိုရည်ဘူးတွေပါ အလယ်မှာထားပြီး ဟာနေတဲ့ဝမ်းကို ဖြည့်တင်းကြတယ်။ အိုင်အောက်က ရေကူးဆော့ကစားနေသူတွေရဲ့အသံတွေသာ တစ်ချက်,တစ်ချက် တက်လာပြီး ဇရပ်ဝန်းကျင်မှာတော့ လေ တိုက်သံ၊ သစ်ရွက်မြည်သံသာ ကြီးစိုးနေတော့တယ်။

"တိတ်လှချည်လား၊ စကားလေး ဘာလေးများ ပြောပါဦး လင်းရေ"

"တစ်ခါတစ်ရံမှာ အနေအထားတစ်ရပ်ဟာ စကားလုံးတွေကို ပုန်းကွယ်ဆွံ့အစေတယ်ဆိုရင် ရိန်ရိန် ယုံမလား"

"ဘယ်လို အကြောင်းတရားတွေကများ စကားလုံးတွေကို ပုန်းကွယ်ဆွံ့အစေပြန်တာလဲ"

"အခုလို မမျှော်လင့်ဘဲ တွေ့ကြုံသိကျွမ်းရတဲ့၊ လမ်းမှားလာတဲ့ ချစ်စရာ့ကြမ္မာကို ပြောတာပါ"

"လမ်းမှားလာတဲ့ ချစ်စရာ့ကြမ္မာ ဟုတ်လား"

"ဟုတ်တယ်၊ ဒီလို king Island လို့ခေါ်တဲ့ ကြီးကျယ်မြင့်မားတဲ့ ကျွန်းဘုရင်ကြီးပေါ်က နဝရတ်အိုင်ခရီးမှာ တွေ့ဆုံသိကျွမ်း ရင်းနှီးခင်မင်ခွင့်ရဖို့ဆိုတာ မဒူးဆွတ်ရတဲ့ အိပ်မက်ပန်းဖူးတစ်ခုပါပဲ"

"အလို၊ မင်းကလေးက ကဗျာဆန်လှပါလား"

"ရိန်ရိန်ရဲ့အလှနဲ့ ပသာဒအကြည်ဓာတ်တွေဟာ လင်းရင်ထဲက အနုရသကို နှိုးဆွနေတာပါ"

လင်းရဲ့အကြည့်နဲ့ အပြောတွေဟာ ရိန်ရိန်ရဲ့ နှလုံးသည်းဆိုင်ကို တွန်းတိုက်စပြုနေပြီ။ ကြာရင် ယိမ်းယိုင်သွားနိုင်တယ်။ မဖြစ်ဘူး။ ရှန်တိန်လက်နက်တွေ ထုတ်သုံးမှ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဟော့၊ မင်းတို့ရွာ ကတ္တလူက အဝေးကြီးလား"

"မဝေးပါဘူး၊ ဒီက အဆင်းလမ်းခွဲလေးအတိုင်း မောင်းရုံ"

"ကဲ ဒါဆို သွားကြစို့"

"ဟင်၊ ဘယ်ကိုလဲ"

"ကတ္တလူရွာကိုလေ"

ညိုညိုရိန် လှုပ်ရှားမှုနဲ့ ဆုံးဖြတ်ချက်ကို လင်းနားမလည်တော့ဘူး။ သွားဆိုလဲ သွားတာပေါ့။ သူ့ရွာက ဥယျာဉ်ရွာကလေးမို့ ကြွားစရာတော့ သိပ်မရှိလှဘူး။ နဝရတ် တောင်ကြောက လာလမ်းအတိုင်း ပြေးဆင်းလာပြီး လမ်းခွဲတစ်နေရာက ခွဲထွက်လို့ မကြာခင်ဘဲ သစ်ရိပ်အုပ်အုပ် စိမ်းစိုစိုရွာကလေးဆီ ရောက်လာတော့တယ်။ အထက် ဘက် ဆက်သွားရင်တော့ မရမ်းချောင်း၊ ကတန်၊ ကပ၊ ကဒဲ ဆိုတဲ့ ရွာတွေဆီ ရောက် သွားလိမ့်မယ်။ ခနိုမိုး မြေစိုက်တဲအိမ်ကလေးရှေ့ ဆိုင်ကယ် ထိုးရပ်လိုက်တော့ လင်းရဲ့ မျက်နှာနဲ့တူတဲ့ အမျိုးသမီးကြီးတစ်ယောက် ထွက်လာတာ တွေ့ရတယ်။

"မယ်မယ်၊ ဒါက ရန်ကုန်က ဧည့်သည် ရိန်ရိန်တဲ့၊ ဟောဒါက လင်းရဲ့ မယ်မယ် ပါ"

"ကလေးမက ရန်ကုန်ကကိုး၊ အလည်လာတာ ထင်တယ်၊ နားကြပါဦး"

အိမ်ထဲမှာတော့ ဘာသီးတွေမှန်းမသိတဲ့ ပစ္စည်းပုံကြီးနဲ့ လူတွေ အလုပ်များနေ ကြတယ်။

"ဒီမှာလာကြည့် ရိန်ရိန်၊ ဒါသီဟိုဠ်စေ့လေ၊ ဒီမှာတော့ ခရူစေ့လို့ခေါ်တယ်၊ ဒီရွာထွက်ကုန်တစ်မျိုးပေါ့၊ ဒီအချိန် ခရူစေ့ထွက်ချိန်လေ၊ ဒူးရင်းတော့ စောသေးလို့ နို့မို့ဆို ရိန်ရိန်ကို ဒူးရင်းသီးအဝကျွေးနိုင်မှာ၊ လင်းမှာ အဖေမရှိတော့ဘူး၊ ချောင်းဖျားမှာ သစ်တိုက်လိုက်ရင်း ငှက်ဖျားမိပြီး ဆုံးတာပါ၊ ဒီဥယျာဉ်အလုပ်ကို မယ်မယ်နဲ့ အဒေါ် တွေ၊ ဦးလေးတွေက မိဘလက်ငုက်လက်ရင်းအနေနဲ့ ဆက်လုပ်ကြတယ်၊ စုပေါင်း လုပ် အကျိုးမျှယူပေါ့။ လင်းကတော့ ရူပဗေဒအထူးပြုနဲ့ အဝေးသင် ဒုတိယနှစ်တက် ရင်း တစ်ဖက်က ဆိုင်ကယ်တက္ကစီမောင်း ကျောင်းစရိတ် ရှာတာပါ၊ ဘွဲ့ရပြီးရင်တော့ မြို့ပေါ်မှာ အလုပ်သွားလုပ်ဖို့ စိတ်ကူးထားတယ်၊ အခု ပုစွန်အအေးခန်းတွေ၊ ငါး လေလံဈေးတွေနဲ့ တိုးတက်ခေတ်မီတဲ့ ကုန်သွယ်မှုလုပ်ငန်းတွေ ပေါ်လာပြီ၊ မြို့မှာ အလုပ်မရှားတော့ဘူး၊ ကိုယ့်ဘက်က အရည်အသွေးပြည့်မီဖို့သာ လိုတာပါ"

ဘဝကအပ်နှင်းတဲ့ ဖြတ်သန်းမှုတွေနဲ့ အရွယ်နဲ့မမျှ ရင့်ကျက်နေတဲ့ လင်းရဲ့ မျက်နှာနုနုကလေးကို ညိုညိုရိန် တွေပြီး ကြည့်နေမိရင်း ကိုယ့်သဘောထားတွေကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကိုယ့်ဘာသာ ပြန်ရှက်နေမိတယ်။ အန်တီ ဝေလီ၊ သမီးကြီး မမနီနီလွင် မန်နေဂျင်းဒါရိုက်တာလုပ်တဲ့ ပထက်ကမ်း တန်းတစ်ထောင် အအေးခန်းကို လေ့လာရေးခေါ်သွားတဲ့နေ့က ငါးပုစွန်ညှီနံ့တွေကြား ခေါင်းနောက်မူးဝေပြန်လာပြီး အဲဒီမှာ အလုပ်လုပ်ဖို့ ခါးခါးသီးသီး ငြင်းပယ်ခဲ့တာတွေ စဉ်းစားမိတဲ့အခါ ကိုယ့်ကိုယ်ကို မလုံမလဲ ဖြစ်နေမိတယ်။

"ညီမလေးရထားတဲ့ဘွဲ့နဲ့ ဒီနေရာနဲ့ သင့်တော်လို့ မမနီ တိုက် တွန်းတာပါ။ ဒီအလုပ်က ဒို့ပြည်နယ် ဒို့ဒေသအတွက် ဂုဏ်တက်တဲ့ အလုပ်ပါ။ အနံ့အသက်ကတော့ ကျင့်သားမရသေးလို့ နောက်ဆို နှာခေါင်းယဉ်သွားလိမ့်မယ်၊ ကျွန်းတောင်ရဲ့ အငွေ့အသက်၊ ပင်လယ်ကို ဖြတ်သန်းလာတဲ့လေ၊ မြင်တွေ့နေကျထက် ထူးခြားတဲ့မြင်ကွင်း၊ စိတ်ဝင်စားဖွယ်ရာ လုပ်ငန်းအတွေ့အကြုံ ဒါတွေက ညီမလေးကို ရင့်ကျက်ပြည့်ဝအောင် သင်ပေးသွားလိမ့်မယ်"

မမနီရဲ့အသံဟာ အဝေးကနေ ပြေးလာနေတယ်။ လူတွေ တာဝန်ကိုယ်စီကိုယ်ငှ ရှိနေချိန်မှာ ညို့ညို့ရိန်တစ်ယောက်မှာတော့-

"တီ . . . တီ"

ညို့ညို့ရိန် အတွေးလွန်နေတာနဲ့ လင်းတစ်ယောက် ဆိုင်ကယ်ပေါ်ကနေ အချက်ပေးနေပြီ။ စက်လှေအချိန်မီ ကျွန်းစုမြို့ကလေးဆီ အရောက်သွားရဦးမှာပါလား။ လင်းရဲ့မယ်မယ်ကို နှုတ်ဆက်၊ ဆိုင်ကယ်ပေါ်တက်၊ အပြန်ခရီးမှာ စိတ်မသွက် ကိုယ်မသွက် ဖြစ်နေတော့တယ်။

တစ်လမ်းလုံး လင်းလဲ အသံတွေတိတ်လို့၊ ပြောစရာ စကားတွေ ကုန်သွားသလို၊ အလျားရှည်လမ်းမကြီးပေါ်မှာ ပွဲကြွေသွားတဲ့ အချိန်နာရီတွေကို ကောက်ငင်ဖို့ မကြိုးစားဘဲ လိုက်ပါလာကြတယ်။ နေပြင်းပြင်းအောက်မှာ ကျွန်းစုမြို့ကလေးဟာလဲ တိုးတိတ်ငြိမ်သက်နေတယ်။ လူနေအိမ်ခြေနည်းပါးပြီး၊ ရုံးဌာနတွေ များပြားနေခြင်းဟာ ဆိတ်ငြိမ်မှုကို အားပေးနေတဲ့အရာတွေပါပဲ။

"အချိန်ရပါသေးတယ်၊ အပူထဲကလာတာ၊ အအေးမသောက်နဲ့၊ ကျွန်တော်တိုက်ပါ့မယ်၊ လက်ဖက်ရည်ပဲ သောက်ရအောင်နော်"

"မင်းက ကိုယ်ကို ပြန်ဧည့်ခံရအောင် ဒီနေ့အဖို့ နေ့တွက်ကိုက်ပါ့မလား"

"အင်း၊ ဒီခရီးအတွက် ဆိုင်ကယ်တက္ကစီခ မြက်မြက်ကလေးရရင်တော့ ကိုက်မှာပေါ့"

"တောင်းလိုက်လေ၊ တန်ရာတန်ကြေးဆို ကိုယ့်ဘက်က ဝန်မလေးပါဘူး"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နို့ဆီနှစ်နှစ်၊ လက်ဖက်ဆီကျကျ လက်ဖက်ရည်နှစ်ခွက် ရောက်လာတယ်။ ရန်ကုန်က လက်ဖက်ရည်ကိုတော့ နှစ်ခြိုက်ခြင်းမရှိ။ ဒီဒေသက လက်ဖက်ရည်ကို ညိုညိုရိန် စွဲနေပြီ။ လက်ဖက်ဆီနှပ်တာပဲ ကွာတာလား။ တစ်ခုခုတော့ ကွာခြားဟန် တူရဲ့။

သံသရာအေး မြို့ဦးစေတီရဲ့ ဆည်းလည်းသံဟာ အေးမြမြ လေပြည်နဲ့အတူ ပျံ့လွင့်လာတယ်။ ရေထဲတစ်ဝက်ထိုးထုတ်ထားတဲ့ ဆိုင်ရဲ့ အနေအထားကြောင့် အအေးဓာတ်ကို အတန်အသင့်ရနေတယ်။ အရှေ့ဘက်ကမ်းမှာတော့ မှုန်ပျပျ တံငါရွာ ကလေးက လွမ်းမောဖွယ်ရာ။ ကျွန်းစုမြို့ကလေးမှာ တံငါလုပ်ငန်းမရှိပေမယ့် ရွာနီးချုပ်စပ်မှာတော့ လက်ညှိုးညွှန်မလွဲပါလား။ ရောက်စက ဒီဒေသအပေါ် စိတ်ဝင်စားမှု နည်းခဲ့တဲ့ ညိုညိုရိန်ဟာ အခုတော့ တဖြည်းဖြည်း ကျွန်းတောင် သောင်ကမ်းတွေ အပေါ်မှာ အာရုံညွတ်နူး သာယာစ ပြုနေပြီ။ စေ့ဆော်မှုစွမ်းအား တစ်စုံတစ်ရာဟာ စီးပိုင်နွှေးထွေးမှုတွေကို အပြည့်အဝတင်ဆောင်ပြီး နှလုံးသားဗဟိုချက်နဲ့ အလွန်နီးကပ်တဲ့ အနေအထားဆီ အရှိန်အဟုန်နဲ့ မောင်းနှင်ခုတ်မောင်းလာနေပြီ။

ဒီအချိန်မှာ လင်းဟာ ညိုညိုရိန်မထင်မှတ်တဲ့ အပြုအမူကလေးကို ပြုလုပ်လိုက်တော့တယ်။ သူတစ်လမ်းလုံး သိုင်းလွယ်လာတဲ့ အိတ်ကလေးထဲက CASSETTE-RECORDER လေးကိုထုတ်ပြီး ညိုညိုရိန့်ဆီ ကမ်းပေးလိုက်တယ်။

“ဒီကနေ့ ကျွန်တော်တို့နှစ်ယောက် တွေ့ဆုံသိကျွမ်းခင်ရမှုအပေါ် ရိန်ရိန်ရဲ့ ခံစားချက်၊ ကျွန်တော့်အတွက် အမှတ်တရစကားလေး ပြောပေးပါ၊ ကျွန်တော် တစ်သက်လုံး သိမ်းထားချင်လို့ပါ၊ အဲဒါ ကျွန်တော်တောင်းတဲ့ ဆိုင်ကယ်တက္ကစီခပါပဲ”

သူကမ်းပေးတဲ့အရာကလေးကို လှမ်းယူလိုက်ရပေမယ့် ညိုညိုရိန် ဝိုင်တွေတွေ လေးဖြစ်သွားတယ်။ တတ်လဲတတ်နိုင်တဲ့ လင်း။ ညိုညိုရိန်ရဲ့ စိတ်ပြတင်းကို အတင်း ချောင်းကြည့်လိုက်ပြီ ထင်ပါရဲ့။ ညိုညိုရိန်ကိုယ်တိုင် ပြတင်းတံခါးကို စေ့စေ့မပိတ်မိခဲ့ လေသလား။ တိုးဝင်လာတဲ့ နှောင်ဖွဲ့တွယ်ငယ်မှုတွေကို ဘယ်အရာနဲ့ ဖြိုခွင်းခဲ့ခြေ ပစ်ရမှာလဲ လင်းရယ်။

ညိုညိုရိန်ဟာ လှုပ်ရှားနေတဲ့စိတ်တွေကို တည်ငြိမ်အောင် စုစည်းပြီး RECORD ခလုပ်ကလေးတွေကို နှိပ်လိုက်တယ်။

ကိုယ် အခုပေးမယ့် ဆိုင်ကယ်တက္ကစီခကလေးကတော့ AULD LANG SYNE ဆိုတဲ့ စကော့တလန် သီချင်းကလေးပါ၊ Days Gone By လို့ အဓိပ္ပာယ်ရပြီး မြန်မာလို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လွမ်းစရာနေ့များလို့လဲ ဆိုချင် ဆိုနိုင်ပါတယ်၊ ဒီအောလ်လန်ဗိုင်း သီချင်းကလေးဟာ ဒီကနေ့အတွက် ကိုယ်ပြောချင်တဲ့ အမှတ်တရစကားလေးပါပဲ၊ တစ်နည်းအားဖြင့် လင်းအတွက် ကိုယ့်ရဲ့ အိမ်အပြန် လက်ဆောင်ကလေးပေါ့။

Should old aquaintance be forgot and never bought to mind?

Should old aquaintance be forget and days Auld Lang Syne?

For Auld Lang Syne, my dear, for Auld Lang Syne We'll take a cup of kindness yet for Auld Lang Syne.

And here's a hand, my trusty friends and give a hand of time.

We'll take a cup of kindness yet for Auld Lang Syne.

*မြဝတီမဂ္ဂဇင်း ရွှေရတု နှစ်ငါးဆယ်ပြည့်*
*အတွဲ ၂၊ ဩဂုတ်၊ ၂၀၀၂ ခုနှစ*

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# ကူးတို့ဆိပ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

# ကူးတို့ဆိပ်

သစ်ပင်အရိပ်တို့မရှိသည့် လွင်တီးခေါင်ဟင်းလင်းပြင်သို့ တိုက်ရိုက်ကျဆင်းနေသော နေရောင်ခြည်သည် ကျွန်တော့်ရဲ့ အိပ်ပျက်မျက်ဝန်းတွေကို ရင့်ရဲစူးရှစေလေသည်။ မမြင်ရသည့်မြစ်ကမ်းဆီမှ တိုက်ခတ်လာသည့်လေက အေးမြရမည့်အစား ပူလောင်လောင် လေပွေ့ဝဲတွေကို သယ်ဆောင်လာပြန်တော့ ချွေးစို့နေသော အရေပြားများကို စပ်ဖျဉ်းဖျဉ်းဖြစ်စေလေသည်။ ကဖေးဆိုင်ကလေးထဲက မဆိုချင့်ဆိုချင် လေးတွဲ့တွဲ့ တေးသံတချို့ ပျံ့လွင့်လာလျှင် ထိုင်းမှိုင်းနေသော စိတ်အာရုံကို မှုန်ဝေ ညစ်ညူးအောင် အားပေးနေပြန် လေသည်။

ကဖေးဆိုင်ကလေးရှေ့က လမ်းမကိုကျော်၍ ကွက်သစ်ပေါ်မှ အိမ်သစ်ကလေးတွေကို ကျွန်တော်ငေးကြည့်နေမိသည်။ ထိုအိမ်သစ်တွေအထဲမှာတော့ ကျွန်တော့်အဖေလာဆောက်ထားသည့် ခြေတံရှည်သွပ်မိုးအိမ်က ထင်ထင်ရှားရှားကြီး ပေါ်နေ၏။ အဖေက မြစ်ရေတက်လာလျှင် ရေမလွတ်မှာကို စိတ်ပူပြီး အိမ်ကို ခြေတံရှည်ရှည် ဆောက်၏။ အမိုးကိုလည်း မိုးရမည့်အတူတူ မထူးပါဘူးဆိုပြီး သွပ်မိုး၏။ အကာကိုလည်း ကာရမည့်အတူတူ မထူးပါဘူးဆိုပြီး ပျဉ်ထောင်ကာ၏။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သည်နေရာက အခုမှ မြေစမ်းခရမ်းပျိုးတုန်း။ သည်နေရာမှာ အိမ်ကြီး အိမ်ကောင်းလာဆောက်သော အဖေ့ဆန္ဒကို ကျွန်တော် အားမပေးချင်ခဲ့။

"မရေရာဘဲနဲ့ အဖေရာ. . . တော်တော်ကြာ ဒီနေရာမဟုတ်တော့ဘူးဆို ဘယ်လိုလုပ်မလဲ၊ ဒီလောက် ခိုင်ခိုင်မာမာကြီးလုပ်ဖို့ မကောင်းဘူး"

ကျွန်တော့်ပြောစကားကို အဖေနားမဝင်ခဲ့ပါ။ အဖေက အဖေဟာကိုး၊ တစ်သက်လုံး သူလုပ်ချင်တာ လုပ်လာတဲ့သူဆိုတော့ ဘယ်သူချုပ်ပြတာမှ လက်မခံပါ။ အဖေက စိတ်လည်းမြန်သည်။ ဆုံးဖြတ်ချက်လည်း မြန်သည်။ အကောင်အထည်ဖော်တော့ ဘေးဖယ်ကာ အနောက်က လိုက်ရသည်ပင်။

"လောကကြီးမှာ ရေရာတာ သေချာတာ ဘာမှမရှိဘူး၊ မင်းတောင် ဘယ်နေ့ သေမယ်ဆိုတာ သေချာလို့လား၊ အဲဒီ မရေရာတာကြီးကို ထိုင်စိတ်ပျက်နေလို့ အပိုပေါ့ကွ၊ ကမောက်ကမ အဆင်မပြေမှုတွေကြားထဲက အကောင်းဆုံးနေတတ်အောင် ကြိုးစားရမယ်"

အဖေ့စကားက အဖေ့ရဲ့ဖြတ်သန်းမှုကို ပြနေသည်။ အမေဆုံးတော့ ကျွန်တော့် အဖေ အသက်ငါးဆယ်ကျော်အရွယ် အရွယ်ကောင်းတုန်း။ ကျွန်တော်တို့ မောင်နှမတွေလည်း ကျောင်းတစ်ပိုင်း တန်းလန်းတွေနှင့်။ အဖေသည် ယိုင်နဲ့သွားသည့် အိမ်အခြေအနေကို ထိန်းသည်။ စီးပွားရေးကိုအုပ်စီးပြီး ကလေးတွေကို ကျောင်းဆက်ထားသည်။ ကျွန်တော်တို့မောင်နှမတွေ တချို့တက္ကသိုလ်မှာ၊ တချို့အထက်တန်းမှာ ပညာသင်ဆဲ။ အိမ်ရဲ့မီးဖိုချောင်လိုအပ်ချက်ကို ဖြည့်ဆည်းဖို့ အဖေ နောက်အိမ်ထောင်ပြုသည်။

အဖေ့လုပ်ရပ်က လျော်ကန်အပ်စပ်နေလို့ ကျွန်တော်တို့ တစ်ယောက်မှ စောဒကမတက်ရဲ။ အဖေ့ရွေးချယ်မှု မှန်ကန်သဖြင့် ကျွန်တော့်အမေနေရာ အစားဝင်လာသော ဒေါ်လေးမြင့်ကို ကျွန်တော်တို့ ချစ်ခင်လေးစား၍ ရသည်။ ဒေါ်လေးမြင့်က ရုပ်အဆင်း တင့်တယ်ရုံသာမဟုတ်၊ သဘောထားပါ ဖြောင့်စင်းလေရာ မကြာခင် အဖေ့ညာလက်ရုံး ဖြစ်လာတော့သည်။ ဒေါ်လေးမြင့်က အမေ့လို မီးဖိုချောင်ထဲမှာပဲ မနေ။ အိမ်အပြင်ထွက်ကာ အဖေနှင့် ဒိုးတူပေါင်ဖက် အလုပ်လုပ်သည်။ အစဉ်ချိုပြုံး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သော မျက်နှာထားနှင့် သွက်လက်ချက်ချာမှုတွေက အဖေ့အတွက် အားဆေးသဖွယ် ဖြစ်ပြီး ဒီဘက်နှစ်ပိုင်းတွေမှာ အဖေသည် အရွယ်နှင့်မမျှ နုပျိုလန်းဆန်းလှ၏။

ကျောက်မစီ သဲမခင်းရသေးသည့် ဖုန်လမ်းပေါ် သို့ သံစုံမြည် စက်ဘီးတစ်စီး ထိုးစိုက်လိုက်သဖြင့် ကျွန်တော်အတွေးတွေ လွင့်ပြယ်သွားရ၏။ ကလေးဆိုင်ကဖေး ထဲတွင်ဝင်လာသူက ကျွန်တော့်မိတ်ဆွေကြီး ကိုစိုးအောင်။ သူ့ထံမှ မောနင်းပက်ရနံ့ ကလေး သင်းနေသည်။

"မင်း ကြည့်ရတာ မလန်းမဆန်းနဲ့ ဘယ်လိုဖြစ်နေတာတုံး၊ ကိုစိုးအောင်က ကျွန်တော့်ကို ဦးအောင် အရင်ခွပ်လိုက်သည်"

"မလန်းဆို ညက ဂျူတီလေဗျာ"

"အေးကွာ. . . ဒီတစ်နွေ မြန်မြန်ကုန်ပါစေ ဆုတောင်းနေမိတယ်၊ နွေရောက်ရင် မီးဂျူတီစောင့်ရတာ ငါတို့ရွာမှ ထုံးစံဖြစ်နေပြီ"

"မစောင့်လို့လည်း ဖြစ်မလားဗျ။ ဟိုတစ်နေ့တုန်းကမျှားဆို တစ်ရပ်ကွက်လုံး ကုန်ပြီ အောက်မေ့တာ"

"ကုန်တော့လည်း အေးတာပေါ့ကွာ။ တစ်ရွာလုံး ကွက်သစ်ကို ရွှေ့လာတော့ ကိစ္စပြတ်ရော"

ထိုစကားကိုဝင်ပြောသူမှာ ကဖေးဆိုင်ကလေးပိုင်ရှင် ဦးဘရှင် ဖြစ်သည်။ သူက သူ့ကွက်သစ်ကလေးကို လူစည်းကာစေချင်သည်။ ဒါမှ သူ့ဆိုင်ရောင်းကောင်းမှာကိုး။ ခုတော့ သူ့ဆိုင်က မိုးလင်းလာရင် ချောက်တီးချောက်ချက်။ စွဲစွဲမြဲမြဲထိုင်သူဆိုလို့ ကျွန်တော်နှင့် ကိုစိုးအောင် နှစ်ယောက်တည်းသာ။

ကျွန်တော်နှင့် ကိုစိုးအောင်ကတော့ အားအားရှိ ကွက်သစ်ကလေးထဲ ဦးဘရှင် ဆိုင်မှာလာထိုင်ကာ ခံစားချက်ကိုယ်စီဖြင့် ကိုယ့်ရွာကိုယ့်အိမ်ကို မျက်နှာလွဲထားကြ သည်။ ကိုစိုးအောင်က စီးကရက်တစ်လိပ်ကို စိတ်နာနာနှင့် ခပ်နက်နက်ရှိုက်ဖွာနေ သည်။ ဝါကျင့်ကျင့်မျက်လုံးအစုံက ဝမ်းတွင်းရောဂါတစ်ခုခု အခြေအနေကို ပြနေ သည်။

"စောစောစီးစီးကွာ၊ မိကြာမုံ ထငိုနေလို့ ငါနဲ့ တစ်ပွဲချရသေးတယ်"

"ခင်ဗျားကလည်း ကိုယ့်မိန်းမအပေါ် ဒီလောက်တော့ နားလည်ပေးလိုက် စမ်းပါ"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဟ. . . ဒီလောက်ငိုရ တော်ရောပေါ့ကွ၊ သမီးသေတာပဲ ခြောက်လကျော်ပြီ"

"ဒါ သူက အမေကိုး‌ဗျ၊ ဘယ်ဖြေနိုင်ပါ့မလဲ၊ ခင်ဗျားကပါ မကြင်နာရင် မကြာမီ ဒုက္ခရောက်လိမ့်မယ်"

ကျွန်တော့်စကားက ကိုစိုးအောင် ရင်ဘတ်ထဲတည့်တည့် ရောက်သွားဟန် ထင်ရဲ့။ ခပ်ငိုင်ငိုင် ခပ်ငေးငေးဖြစ်သွားသည်။ အင်း. . . သူလည်း သူ့သမီးသတိရသွား ပြန်ပြီးလားမသိ။ သို့မဟုတ် မိန်းမကိုညာတာဖို့ သတိရသွားလေသလား။ သို့မဟုတ် ဒုက္ခတရားတွေ ကန်ထရိုက်ဆွဲထားသော သူတို့မိသားစုရဲ့ အဖြစ်အပျက်ကို ရေးရေး ပြန်မြင်မိလေသလား. . . ။

တကယ်တော့ ကိုစိုးအောင်က နဂိုကတည်းက ခြေထောက် တစ်ဖက်သန်သူ မဟုတ်ချေ။ လူပျိုဘဝနှင့် အိမ်ထောင်ဦးကာလတွေမှာ မြို့ပေါ်က ရုပ်ရှင်ရုံကြီးတစ်ရုံ မှာ လက်မှတ်ရောင်းသည်။ လက်မှတ်မှောင်ခိုခေတ်တွင် ကိုစိုးအောင်တို့ တောက်ပ ရွှန်းစိုခဲ့ဖူးသည်။ ရသည့် မိန်းမကလည်း မူလတန်းကျောင်းအုပ်ဆိုတော့ ပြေလည် သည်ပဲ ဆိုပါစို့။ နောက်ပိုင်း ရုပ်ရှင်ရုံလုပ်ငန်းတွေ ပြောင်းလဲလာပြီး ကိုစိုးအောင် အလုပ်မရှိတော့ ဘာမှ ဟုတ်တိပတ်တိ လုပ်သည် မကြားရ။ သည်ကြားထဲ စာတိုပေစ ကလေး ရေးစရှိတော့ မြို့နယ်မဂ္ဂဇင်းတွေမှာ ကလောင်ဝင်သွေးရင်း စာရေးဆရာ ယောင်ယောင် ဖြစ်နေလေသည်။ ကိုစိုးအောင်အဖို့ တစ်နှစ်တစ်ကြိမ်ထုတ် နယ်မဂ္ဂဇင်း တွေမှာသာ ပါဝင်ခွင့်ရပြီး ရန်ကုန်မဂ္ဂဇင်းကြီးတွေ ဝင်မတိုးနိုင်သဖြင့် 'စိုးကိုစိုး' ဆိုသည့် ကလောင်အမည်လည်း စုပ်စမြုပ်စ ပျောက်တော့သည်။

သားအကြီးကောင် ဆယ်တန်းကို ဂုဏ်ထူးလေးဘာသာဖြင့် ဆေးတက္ကသိုလ် ဝင်ခွင့်ရလိုက်ခြင်းက သူတို့မိသားစုအတွက် ကံကောင်းခြင်းတွေ သယ်ဆောင်လာ သလား၊ ကံဆိုးခြင်းတွေ သယ်ဆောင်လာသလား မသိနိုင်အောင်ပင် ဖြစ်ခဲ့ရသည်။ မြို့ပေါ်မှ အိမ်ပိုင်မြေကွက်ကလေး ရသည့်ဈေးနှင့်ရောင်းကာ သားကို ဆေးကျောင်းပို့ခဲ့ ရသည်။ သူတို့မိသားစုကတော့ မကြာမီ ကျောင်းအုပ်ရာထူးအတွက် ပေးထားသည့် ရွာကျောင်းနှင့်တွဲထားသည့် အခန်းကျဉ်းကလေးထဲမှာ။ သူက မလှမ်းမကမ်း လေ့ဒေါက်တင်စခန်းမှာ ဂိတ်မှူးရာထူးဝင်ငွေကလည်း သူတို့မိသားစုအတွက် လောက်ငရုံသာ။

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

သားကြီးဆေးတက္ကသိုလ်စရိတ် တရိပ်ရိပ်တက်လာတော့ မြို့ပေါ်က မြေကွက်ကလေးရောင်းရငွေ တတိတိပွန်းပဲ့ရင်း နောက်ဆုံး သမီးလတ်ရဲ့ ကျောက်ကပ်ရောဂါကို ဟုတ်တိပတ်တိ မကုစားနိုင်လို့ သမီးကို လက်လွတ်ဆုံးရှုံးလိုက်ရပါရော။ သူတစ်ပါးအသက်ကို ကယ်တင်မယ့် သားတစ်ယောက်ဖြစ်ဖို့ သူ့သမီးကို စတေးလိုက်ရတယ်ဆိုပြီး မကြာမုံတစ်ယောက် ကြေကွဲလို့မဆုံးဘူး။ ဆေးဖိုးငွေကို ပြည့်ပြည့်ဝဝ မရှာပေးနိုင်သူ ကိုစိုးအောင်တစ်ယောက်ကတော့ မကြာမုံရဲ့ နာကြည်းမှုတွေ သွန်လွှတ်ရာအဓိကပစ်မှတ်ကြီးပေါ့။

သားအတွက် မျှော်လင့်ချက်တွေနှင့် အစဉ်လင်းလက်နေလေ့ရှိသော မကြာမုံရဲ့မျက်လုံးတို့သည် သမီးဆုံးပါးသွားပြီးသည့် နောက်ပိုင်း မှုန်ဝေဝေးရီမှုတွေနှင့် အုံ့ကျင်းဖွဲ့နေတော့သည်။ ဒါတောင် သူ့သားဟောက်စ်ဆင်းပြီးလျှင် ရန်ကုန်မြို့မှ ကြေးရတတ်မိန်းကလေးတစ်ယောက်နှင့် လက်ထပ်တော့မည်ဆိုသည့် အကြောင်းကြားစာကို မကြာမုံ မဖတ်ရသေးပေလို့။ ဖတ်မျှားဖတ်မိလို့ကတော့ နောက်ထပ် ဆုံးရှုံးရမည့် သားတစ်ယောက်အတွက် မပဋ္ဌာမြေလူး ဖြစ်ရပေဦးတော့မည်ပင်။ အဖေနှင့်အမေသောကနွံနစ်နေစဉ် အငယ်ဆုံးသားကလေးကတော့ ဆယ်တန်းမှာ ကျောင်းမှန်မှန်မတက်၊ စာတွေခက်နေတော့၏။

ပြီးခဲ့သည့်လ,က ကိုစိုးအောင်တစ်ယောက် ဂိတ်မှူးရာထူးမှ ဘာကြောင့်မှန်းမသိပြုတ်သွားပြန်ရာ အိမ်မှာ မိန်းမနှင့် ရင်မဆိုင်ချင်သော ကိုစိုးအောင်မှာ ကွက်သစ်ထဲကကဖေးဆိုင်ကလေးတွင် တစ်နေကုန် အချိန်ဖြုန်းနေတော့၏။ နေညိုလာလျှင်တော့ ရွာထိပ်က ဘုံဆိုင်ကလေးထဲ ရောက်နေပြန်သည်။

ကိုစိုးအောင်က သူ့ခံစားချက်နှင့်သူ အိမ်ကိုရှောင်ကွင်းပြီးသည်နေရာသို့ရောက်လာရသလို ကျွန်တော်လည်း ရပ်ကွက်ကလေးကို ရှောင်ကွင်းချင်သည်နှင့် သည်နေရာသို့ ရောက်လာသည်မှာတော့ အခြေခံအကြောင်းရင်းချင်း မတူကြပေ။

သည်တစ်နှစ် ၂ နှစ်အတွင်း ကျွန်တော်တို့ အသစ်ဟူသော ဝေါဟာရတွေကိုတွင်တွင်သုံးနေရသည်။ လူအသစ်၊ ကုန်ပစ္စည်း အသစ်. . . စသည်ဖြင့်ပေါ့။ ကျွန်တော်တွေးကြည့်နေသည်။ အသစ်ဆိုတိုင်း ကောင်းပါရဲ့လား။ အသစ်သည် လူတို့၏အာရုံကို ဆန်းသစ်စွာ ဆွဲဆောင်နိုင်သော်လည်း ထိုအသစ်မှာ အသားကျဖို့ မလွယ်လှ။ အသစ်မှာ နေသားကျဘို့ အချိန်အတိုင်းအတာတစ်ရပ် လိုအပ်သည်ဟု

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျွန်တော်ထင်သည်။ ဥပမာ-အသစ်နှင့် ဝိရောဓိဖြစ်နေသော ကျွန်တော်တို့ ရွာကလေး။

"ဘယ်လိုလဲကွ. . . မင်းတို့အိမ်ကြီးက ပြီးတော့မယ်၊ ပြီးရင် ဘယ်သူတွေလာနေမှာလဲ. . . "

ကောက်ကာငင်ကာမေးလိုက်သော ကိုစိုးအောင် အမေးကြောင့် ကျွန်တော် အတွေးလွန်နေရာမှ လန့်သွားသည်။

"ဟင်. . . ဘာလဲ. . . ကိုစိုးအောင်"

"သြော်. . . ဒီမှာ ဘယ်သူတွေလာနေကြမလဲ မေးနေတာ"

"ဟင့်အင်း. . . ဘယ်သူမှ လာမနေနိုင်ကြပါဘူး၊ ဟိုမှာက တစ်သက်လုံး အထိုင်ကျပြီးသားဆိုတော့ ဒီမှာလာနေဖို့ ဘယ်သူမှ စိတ်မပါကြဘူး"

"ဒါဆို အလကားပိုက်ဆံအပိုကုန်ခံလို့ကွာ၊ မင်းအဖေကတော့. . . "

"အဲဒါ ကျွန်တော့်အဖေပဲလေ၊ အဖေက အတိတ်ကို သိပ်ပြီး လွမ်းဆွတ်တ,သတတ်သူမဟုတ်ဘူး။ ပစ္စုပ္ပန်တည့်တည့် ရှုတဲ့လူ။ နိဒါန်းရှိရင် နိဂုံးရှိရမယ်ဆိုတာ အဖေ့သဘောထားပေါ့။ နိဂုံးချုပ်ပြီးရင်လည်း အချိန်မရွေး နိဒါန်းပြန်စဖို့ အဖေ့မှာ အမြဲတမ်း အဆင်သင့် ဖြစ်နေပြန်ရော။ ဒီကွက်သစ်ထဲက အိမ်သစ်ဟာ အဖေ့ရဲ့နိဒါန်း အသစ်ပေါ့"

စာရေးဆရာလူထွက် စိုးကိုကို (ခေါ်) ကိုစိုးအောင်တစ်ယောက် အဖေ့အယူအဆတွေအပေါ်မှာ အတော်ကလေး ငိုင်သွားသည်။ ကျွန်တော်တို့ရဲ့ သွပ်မိုးပျဉ်ကာအိမ်ကြီးကို ငေးကြည့်နေသည်။

"ဘယ်လိုလဲ. . . အဖေ့သဘောထားတွေအပေါ် ဆွေးနွေးငြင်းခုံဖို့ ဆန္ဒရှိနေလို့လား"

ကျွန်တော်က စကားဝိုင်းကို တူးဆွဖို့ ကြိုးစားနေစဉ်မှာပင် မမျှော်လင့်သော သူ့စကားကြောင့် ကျွန်တော် ကိုစိုးအောင်ကို အား အနာကြီး နာသွားလေ၏။

"ငါစဉ်းစားနေတာက လူတစ်ယောက်မှာ (သို့မဟုတ်) မိသားစု တစ်စုမှာ အိမ် ဘယ်နှစ်ဆောင် ပိုင်ဆိုင်ခွင့်ရှိသလဲလို့ စဉ်းစားနေတာပါ"

× × ×

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

'မျက်စိမှာအကျင့်၊ ဝမ်းမှာအချင့်' ဆိုသည့်စကားသည် ရှေးပညာရှိတို့ ကျွန်တော့်အတွက် ထားခဲ့လေသလားမသိ။ ကျွန်တော့်မျက်စိက သည်လို နံနက်စောစော ၄ နာရီအချိန်ဆိုလျှင် နိုးလာပြီး ဘယ်လိုမှ ပြန်အိပ်လို့မရတော့။ နှစ်ပေါင်းများစွာ တစ်သက်လုံးပါခဲ့ သည့်အကျင့်ထိ ဖြေဖျောက်ဖို့မလွယ်လှ။ နံနက်စောစောအချိန်၏ တိတ်ဆိတ်ခြင်းသည် ကျွန်တော့်ကို ခြောက်လှန့်သလို ကျွန်တော်တို့ ရွာရဲ့ ဆိပ်ဦး ရပ်ကွက်ကလေးကိုလည်း ခြောက်လှန့်နေမည်မှာ အမှန်ပင်။ ထိုတိတ်ဆိတ်ခြင်းကို သည်အချိန်ရောက်တိုင်း ကျွန်တော် သည်းမခံနိုင်။ အိပ်ရာထဲ ဟိုလူးသည်လှိမ့်နှင့် ပြန်မရတော့သည့်အတိတ်ကို လောဘတကြီး လိုက်လံပွေ့ငင်နေမိသည်။

တစ်ခါတုန်းကတော့ ကျွန်တော်တို့ရွာကလေးသည် အလွန် ဝီရိယရှိစွာ နံနက်စောစောစီးစီး လွန့်လူးနိုးထလေ့ရှိသော ရွာကလေးပါ။ တက်ကြွလန်းဆန်းမှုများဖြင့် အရုဏ်ဦးကို ကြိုလေ့ရှိသည်။ အချိန်ရောက်သည်နှင့် ဆိပ်ဦးဆီသို့ ဝေါခနဲ. . . ဝေါခနဲ ထိုးဆိုက်လာသော ခရီးသွားအမြန်ယာဉ်ကားကြီးများသည် အိမ်ဆိုင်ကလေးများဆီသို့ ရောင်းဝယ်ဖောက်ကားခြင်းတွေ သယ်ဆောင်လာခဲ့သည်။ ကုန်ပစ္စည်း လဲလှယ်မှု ကြားခံငွေကြေးတို့ တဖွဲဖွဲရောက်လာသည်။ ဆူဆူညံညံ ပြောဆိုရယ်မောသံ၊ အစားအသောက်မှာယူသံတွေဖြင့် စည်ညံလာသည်။

ကျွန်တော်တို့ရပ်ကွက်ကလေးရဲ့ အိမ်တိုင်းမှာ ဈေးဆိုင်ကလေးတွေ စီရီပေါ်ထွက်လာသည်က ယခုမှသာမဟုတ်။ ရှေးမွန်မဆွ ဆယ်စုနှစ်များစွာကပင်။ ကျွန်တော်တို့ ခပ်ငယ်ငယ်မြို့မှာ အခြေဖျက်ပြီး ရွာကလေးသို့ပြောင်းစဉ်ကပင် အဖေ့မှာ ကုန်သည်မျိုးစေ့ ပါခဲ့ဟန်တူသည်။ ပထမတော့ ကုန်ခြောက်ဆိုင်ကလေး၊ နောက်တော့ လူသုံးကုန်ပစ္စည်းမျိုးစုံ၊ အပ်ကအစ ချိတ်တွဲအဆုံး ကျွန်တော်တို့ဆိုင်မှာ ရှိသည်။ ကျွန်တော့်အစ်မတွေ အိမ်ထောင်ကျတော့ အိမ်ခွဲသည့်အခါ ဆိုင်ခွဲတွေပေါ်လာသည်။ အခြေအနေအရ ရောင်းကုန်ပစ္စည်းသာ ကွဲပြားလျှင် ကွဲပြားသွားမည်။ မူလဘူတ အခြေခံကတော့ အဖေချသည့် မျိုးစေ့အရောင်းအဝယ်လုပ်ငန်းပင်။ အဖေကိုယ်တိုင်လည်း အ, အားမနေ၊ ရော်ဘာအချိန်ရော်ဘာ၊ ကွမ်းသီးခြောက်အချိန် ကွမ်းသီးခြောက်၊ သီဟိုဠ်စေ့ချိန် သီဟိုဠ်စေ့၊ ဝယ်ယူသိုလှောင်၊ လက်ပြောင်းလက်လွှဲ အကုန်လုပ်သည်။ ကျွန်တော်တို့အိမ်မှာ ပစ္စည်းပုံကြားထဲက စားပွဲမှာ မျက်မှန်တစ်လက်နှင့် ပေသီးခေါက်နေသည့်အဖေ့ကို မမြင်ရလျှင် ပြည့်စုံမှုမရှိချေ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျွန်တော်အိမ်ထောင်ကျတော့ အဖေက အိမ်ရှေ့မှာ ဆယ်ပေ အခန်းတစ်ခန်း ကာပေးသည်။ ပြီးတော့ အဖေက ပါးစပ်ကလည်း ပြောသေး၏။

"အဖေ့မျက်စိရှေ့မှာ ကောင်းရောင်းကောင်းဝယ် လုပ်စားစမ်းပါ၊ ရေမှာရှာတဲ့ ငွေထက် ကုန်းမှာရှာတဲ့ငွေက ပိုပြီးသန့်စင်တယ်၊ မင်း ရေထဲက မတက်သရွေ့ လူ တစ်လုံး သူတစ်လုံးဖြစ်မှာ မဟုတ်ဘူး"

ကျွန်တော်က အဖေပြောလည်း ပြောစရာ။ ဘွဲ့ရပြီးသည်နှင့် အောင်ရတနာ စက်လှေမှာ လှေစာရေးသွားလုပ်နေလိုက်တာ နည်းသည့်နှစ်တွေမဟုတ်။ ငွေတွေ ရသလောက် အဖတ်မတင်။ ရေကရသည့်ငွေ ရေထဲပြန်သွားရုံမဟုတ်၊ ကြာလာတော့ စာရိတ္တပင် ပျက်ချင်ချင်။ အဖေက မဟန်တာတွေကြိုမြင်ပြီး ကျွန်တော့်ကို ရိုးရိုး အေးအေး တောသူလေးတစ်ယောက်နှင့် ရှာပေးစားသည်။

မိန်းမရတော့ ထင်သလိုနေလို့မရတော့။ အဖေက အခန်းကန့်ပေးပြီး ဆိုင်ချရ တော့မည်ဆိုတော့ အစ်မတွေ၊ အစ်ကိုတွေ မရောင်းသည့်ပစ္စည်းမျိုး၊ မဖွင့်သည့်ဆိုင်မျိုး ရောင်းချင် ဖွင့်ချင်သည်။ သို့နှင့် ဘီယာနှင့် ကာရာအိုကေဆိုင်ကလေး တွဲဖွင့်ဖြစ်သည်။ ကျွန်တော့် မိန်းမကတော့ ဘီယာနဲ့တွဲဖက်စားသောက်မည့် လက်ဖက်သုပ်၊ ချင်းသုပ်၊ ခရမ်းချဉ်သီးသုပ်၊ ရေခူသုပ်၊ ပုစွန်စိမ်းကော၊ ပုစွန်ကင်တို့ ရောင်းသည်။

မလှမ်းမကမ်းမှာ လှေဒေါက်တင်စခန်းလည်းရှိလို့ ကျွန်တော့်ရဲ့ 'အကြင်နာ မျက်ဝန်း' ဆိုင်ခန်းကလေး လူစည်ပေရဲ့။ လူငယ်လူရွယ် အလုပ်သမားလေးတွေ မောမောနှင့် ပေါက်ကွဲသံစဉ်တွေလာ ဟဲလျှင် ကျွန်တော့်မှာ အံသြနေရသည်။ တကယ့် ဟဲဗီးအဆိုကျော်တွေအတိုင်း သီဆိုနိုင်မှုက လေးစားစရာကောင်းသည်။ အသက်ခပ်ကြီးကြီးတွေကလည်း ကိုသန်းလှိုင်၊ ကိုတင်လှိုင်၊ တွံတေးသိန်းတန်၊ ဘာလာ,လာ အကုန်ရသည်။ ညဉ့်နက်လာလျှင်တော့ အမူးသမားတွေကို အတော် ထိန်းရတာတစ်ခုပါပဲ။

ကျွန်တော်ဆိုင်မှာ ဘီယာသာရပေမယ့် တခြားအရက်ကြမ်းတွေကို ရသည့်ဆိုင် က သောက်လာပြီးသည်မှာ လာရစ်ချင် ရစ်နေတတ်ကြသည်။ သည်လိုအခြေအနေမျိုး ဆိုလျှင် ကိုစိုးအောင်က အားကိုးရသည်။ သူက ခြေတစ်ဖက်သာမသန်တာ၊ အရပ် မြင့်မြင့် ဥပဓိရုပ်ကောင်းကောင်း၊ အသံသြဇာရှိရှိ ဘယ်လိုလူမျိုးကို ဘယ်လို ချက်ကိုင် ပြောဆိုရမည်ကို သိသည်။ လှေဒေါက်ဂိတ်မှူးလည်း လုပ်ဖူးတော့ သူ့ကို မသိသူမရှိ၊

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တော်ရုံပြဿနာ သူဖျန်ဖြေလျှင် ပြီးသည်။ သည်တော့ ကိုစိုးအောင် ညစဉ်ညတိုင်း ကွန်တော့်ဆိုင်မှာ အနေများသည်။ ကွန်တော်ကလည်း ဆိုင်သိမ်းလျှင် ရှစ်ရာမျိုး တစ်ထောင်မျိုး ကမ်းပေးနေကျဆိုတော့ အဆင်ပြေသည်။

အဖေကတော့ ကွန်တော့်ဆိုင်ကို သဘောအကျကြီး မဟုတ်ပေမယ့် အရင်အလုပ်ထက်စာရင် မျက်စိအောက်မှာမို့ ဘာမှမပြောဘဲ မျက်နှာလွှဲနေသည်။ ဒီကမှ အရင်းအနှီးစုဆောင်းပြီး တခြား ကောင်းရောင်းကောင်းဝယ်ကို စိတ်ကူးပါဆိုသည့်သဘော။ ကွန်တော်တို့မှာ အိမ်ထောင်ဘက် သုံးနှစ်သာတိုင်ရော၊ သားသမီးက မရှိသေး။ မိန်းမက လောဘကလည်း ခပ်တက်တက်ဆိုတော့ ဘာပြောကောင်းမလဲ၊ မှန်လုံကားတွေ တစ်ခေတ်ဆန်းတော့ ရောင်းပန်းဝယ်ပန်းတွေ ပွင့်လိုက်ကြသည်မှာ ဝက်ဝက်ကို ကွဲပါရော။

မြိတ်-ရန်ကုန်ကားလမ်းကြီး ဖောက်ဖြူးတော့ ကွန်တော်တို့ရွာသည် မြိတ်ကွန်းစုပေါ်က ဟိုင်းဝေးမှန်လုံကားကြီးတွေ ဖြတ်သန်းရာ အဓိက အချက်အချာနေရာပေါ့။ မြို့မှထွက်လာသည့်ကားတိုင်း ကွန်းမြေအဆုံး ကွန်တော်တို့ရွာရောက်လျှင် ရပ်နားရသည်။ ရွာကားဂိတ်သည် မြစ်ဆိပ်လည်းဖြစ်၍ ဟိုဘက်ကမ်းသို့ ကူးတို့ဖြင့်ကူးရမည်။ ကူးတို့က ရောင်နီမလာမချင်း မကူးရသေး။ ကူးတော့လည်း ကားတွေ နှစ်စီးတစ်ခေါက် သုံးစီးတစ်ခေါက်ဆိုတော့ အချိန်တွေမှ အကြာကြီး။ ထိုနှစ်နာရီ သုံးနာရီအတွင်း ကွန်တော်တို့ရွာသားတွေ စီးပွားဖြစ်ကြသည်။

ခရီးသွားလုပ်သားပြည်သူတို့ ဘာလိုအပ်ပါသလဲ။ ရေသန့်ဘူးလား၊ တစ်ရှူးလား၊ ဘီစကစ်လား၊ ပေါင်မုန့်လား၊ အိမ်အပြန် လက်ဆောင်ဒေသထွက် မုန့်ကုလားမည်း၊ မုန့်ဟာလဝါလား၊ ဒူးရင်း ယိုလား၊ လှလှပပ ပါကင်ထုပ်ထားသည့် စိမ်းစားငါးပိလို၊ ရှပ်ခရုလို အစားအစာမျိုးလား။

အမျိုးသမီးတွေအတွက် ခေါင်းစည်းပုဝါ ဆံထိုး၊ ဆံညှပ်၊ ကလစ်အမျိုးမျိုး၊ ပိုက်ဆံအိတ်လှလှ၊ ညှပ်ဖိနပ်၊ ကတ္တီပါဖိနပ်၊ မိုးတွင်းစီးဖိနပ်၊ အရေးပေါ် တစ်လတစ်ခါ သုံးပစ္စည်း၊ သော့ချိတ်၊ မိတ်ကပ်ဘူး၊ ဘီး၊ မှန်၊ ဆပ်ပြာလိုချင်တာ အကုန်ရနိုင်သည်။

အစားအသောက်ဆိုလည်း ခေါက်ဆွဲကြော်၊ ကတ်ကြေးကိုက်၊ ထမင်းကြော်၊ ထမင်းဖြူ ဟင်းမျိုးစုံ၊ မိုးမလင်းခင်စားချင်တာအစုံမှာ စား၍ရသည်။ ကွန်တော့်မိန်းမက သည်ဒေသက ဆန်မုန့်တီခြောက်တွေကိုကြော်ကာ အချဉ်ရည်ဖြင့်စားသည့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စားစရာတစ်မျိုးကို ထိုအချိန်မှာ ထရောင်းသည်။ ကျွန်တော်က မိန်းမထတော့ မနေနိုင်။ မိန်းမကို ကူသလိုလို၊ အစ်မဆိုင် ကူသလိုလိုနှင့် လက်ဖက်ရည်ဆိုင်ထိုင်က မြို့ကကောင်မလေးတွေကို ရှိုးနိုင်သေးသည်။

လမ်းမကြီးတစ်ခုလုံး အိမ်ဆိုင်များဆီမှ ဘက်ထရီမီးတွေ ထိန်,ထိန်ညီးနေသဖြင့် ခရီးသွား ဒီဇိုင်းလှလှကလေးတွေကို ရောင်နီမလာမီ မီးရောက်အောင်မှာ အဆင် အမျိုးမျိုးနှင့် မြင်နိုင်သည်။ တချို့ကားပေါ်မှဆင်း ဈေးဝယ်၊ လမ်းလျှောက်၊ မြစ်ပြင်လေရှူကြ။ တချို့ကားပေါ်မှာပဲ ကူရှင်ကိုမှီကာ ကားကက်ဆက်မှ တေးသံသာမှာ နစ်မြောကြ။ တချို့ ခရီးသွားအချင်းချင်း စကားတွေ ဖောင်လောက်အောင်ပြောကာ လက်ပံပင် ဆက်ရက်ကျကြ။ ခရီးသွားတွေလည်း အဆင်ပြေ၊ ရွာခံလူထုလည်း စီးပွားဖြစ်၊ ဆယ်စုနှစ်ကိုပင် ချဉ်းနင်းဖြတ်သန်းလို့ သမားရိုးကျဘဝထဲ ခေါက်ရိုးကျေ အသားကျနေခဲ့ကြပြီ။

ရွာအနောက်ဘက်မှာ ကွက်သစ်တွေ အကွက်ရိုက်ပေးတော့ အဖေက ရှေ့ဆုံးက ပြေးဝယ်သည်။ ဆောက်တော့လည်း သူများလို ယာယီမဟုတ်။ အိမ်ကြီးအိမ်ကောင်း အကျအနဆောက်သည်။ အဖေသည် နိဂုံးကို ရင်မဆိုင်ရခင် တစ်ဖက်နိဒါန်းကို အစပျိုးချင်သူ ဖြစ်သည်။

အခုတစ်လောက မိုးရွာနောက်ကျရသည်အထဲ ပေ့ါဆမီးက ဟိုနားသည်နားကြားနေရ၍ ကျွန်တော်တို့ ကိုယ့်အစီအစဉ်နှင့်ကိုယ် မီးဂျူတီတွေချနေရသည်။ မနေ့ညက ဂျူတီကျခဲ့သဖြင့် ဒီနေ့ည နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ရမည့်အစား ကျွန်တော့်မှာ နိုးနေကျ နံနက်လေးနာရီဆို အလိုအလျောက် နိုးလာမြဲ။

ကြားနေကျ ဟိုင်းဝေးကားဆိုက်သံတွေ၊ လူသံဆူသံတွေ၊ ကက်ဆက်သံတွေ၊ ကုန်ပစ္စည်းမေးမြန်းသံတွေ၊ ဈေးခေါ်သံတွေ၊ မကြားရတော့သော ဆိပ်ဦးသည် အရင်နေ့တွေတုန်းကလိုပင် တိတ်ဆိတ်ငြိမ်သက် ငိုက်မျဉ်းမှဲ့မှဲ့ ဖြစ်နေလေသည်။ အနားမှ မိန်းမမှာတော့ ခြေပစ်လက်ပစ် အိပ်ပျော်နေဆဲ။ ခမျာမှာ ပင်ပန်းရှာသည်။ မနက်ပိုင်း ဆန်မုန့်တီကြော်ရောင်းသော စီးပွားရေးတစ်ခု ပြုတ်သွားသည့်အတွက် ဘီယာနှင့် ကာရာအိုကေဆိုင်ကို ညဥ့်နက်သည်အထိ အချိန်တိုးဖွင့်ရလေရာ မိန်းမမှာ ညစဉ် အိပ်ရာဝင်နောက်ကျတော့၏။

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

ရောင်စုံခြယ် ကျွန်တော်တို့ ကူးတို့ဆိပ်ကလေး အသွေးအရောင် ပြောင်းသွားပုံက သွေ့ခြောက်ခြောက် ဖွယ်တယ်တယ် နိုင်လွန်းလှ၏။ မြစ်တစ်ဖက်ကမ်း ဥယျာဉ်ရွာကလေးတွေဆီမှ သီးနှံ လှေ၊ လူစီးဝမ်းထိုင် စက်တပ်လှေကလေးတွေပင် တစ်စီးတလေမျှ ဆိုက်ကပ်ခြင်း မရှိတော့။ မြစ်ရိုးအတိုင်း ဆန်တက်ပြီး မြစ်ကမ်းနံဘေးရွာကလေးတွေမှာ စာသင်ပြမည့် အဖြူအစိမ်းဝတ် ဆရာမကလေးတွေကိုလည်း မမြင်နိုင်တော့။ မိုးလင်းသည်နှင့် ရောက်လာနေကျ ငါးလှေ၊ ပုစွန်လှေကလေးများလည်း အစုလိုက်အဖွဲ့လိုက် ရောက်လာလေ့မရှိတော့။ နေမြင့်မှသာ ပျင်းရိပျင်းတွဲ တစ်စင်းတလေ မျက်စိလည် ရောက်လာချင်ရောက်လာ၊ မရောက်လာလျှင်လည်း အဲသည်နေ့ရွာကလေး ငါးပုစွန်တော်ပေရော့။ တစ်ခါက ကျွန်တော်တို့ရွာမှ နံနက်ခင်း ဈေးကလေးကို ပန်းချီဆရာတစ်ယောက် ဓာတ်ပုံလာရိုက်ကာ ပန်းချီကားကြီးဆွဲ၍ ပြခန်းတင်သည်ကို မြင်ရဖူးသည်။ ပန်းချီကားထဲမှာ ငါးလိပ်ကြောက်၊ ငါးပါးနီ၊ ကျွဲရင်၊ ကဗြုန်းတို့ဟန်ရေးပြ လှုသွေးကြွယ်နေကြသည်မှာ ဂုဏ်ယူဖွယ်ကောင်းပါဘိ။ အို. . . ဘာတဲ့. . . ပန်းချီကားနာမည်က "ကျွဲကူး ရွာဈေး. . . " တဲ့။ ရိုးရိုးကလေးပေမယ့် ကိုယ့်ရွာအမည် အနုရသဂုဏ်တင်ခံရတာ ကျွန်တော့်မှာ ကျေနပ်မဆုံးခဲ့။

ကျွန်တော့်အစ်မတွေလည်း ကူးတို့ဆိပ်မရှိကာတည်းက ကျဆင်းသွားသည့် ဝင်ငွေကို ဖြည့်တင်းဖို့ သူတို့ယောက်ျားတွေကို ဝါးလတ်၊ ဝါးတန်းငါးလှေကြီးတွေထဲ မောင်းချနေကြသည်။ ရွာမှ လူအတော်များများပင် မျှားတန်းလိုက်သူလိုက်၊ မော်တုန်းကြီးနားက ကျောက်ငါးကန်သွားသူသွား ရေထဲမှာ ရှာဖွေစားကုန်ကြပြီ။

ရေမှာ မရှာစားစေချင်သောအဖေသည် ပါးစပ်ကို စေ့စေ့ပိတ်ထားလေ၏။ ကျွန်တော်လည်း လှေဒေါက်အခြေအနေကို ကြည့်နေသည်။ လှေဒေါက်သည် ကူးတို့ဆိပ်နှင့် ပတ်သက်ခြင်းမရှိသည့်အတွက် ပုံမှန်တိုင်း စည်ကားနေသည်။ လွန်းကျင်းအလုပ်သမားတွေ စည်စည်ညံညံ လှုပ်လှုပ်ရှားရှားနှင့် လက်ဖျားငွေသီးနေသေးသည့်အတွက် ထိုလှေဒေါက်တင်လွန်းကျင်းသည် ကျွန်တော့်ရဲ့ အကြင်နာမျက်ဝန်း ကာရာအိုကေဆိုင်ကလေးကိုတော့ ကယ်တင်ဆယ်မထားနိုင်သေးသည်။ လှေဒေါက်မရှိတော့ဘူးဆိုပါက ကျွန်တော်လည်း ရေထဲပြန်ရောက်သွားမည်ပင်။ ဥပေါသထတို့၊ အောင်ရတနာတို့ ကမ်းရိုးတန်းလှေကြီးတွေပေါ် သို့ ဟုတ်ချင်မှ ဟုတ်မည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တစ်လောက မြို့တက်ရင်း မိတ်ဆွေတစ်ယောက်နှင့်တွေ့ရာ မိတ်ဆွေက ကျွန်တော့်ရဲ့ လှေစာရေးအတွေ့အကြုံ ရေလမ်းအတွေ့အကြုံတွေကို နှမြောတသစွာနှင့် တနင်္သာရီကမ်းရိုးတန်းသွား ဟိုင်ဖိုင် အမြန်ယာဉ်မှာ လုပ်ဖို့ခေါ်သည်။ ကျွန်တော်က အဖေ့လိုမဟုတ်။ နိဂုံးကို ဖက်တွယ်ထားချင်သူ။ နိဒါန်းအသစ်စတင်ဖို့ တွန့်ဆုတ်နေသူ။ အဟောင်းကို ဖက်တွယ်ထားချင်သော ကျွန်တော့်အယူအဆကရော ရာနှုန်းပြည့်မှန်ကန်ပါရဲ့လား။ ရေမှာလုပ်သည့် အလုပ်ချင်းအတူတူ ဟိုယခင် ကုန်တင်လှေကြီးတွေမှာ လှေစာရေးလုပ်ရတာနှင့် ယခု ကမ်းရိုးတန်းသွား ဟိုင်ဖိုင်အမြန်ယာဉ်ပေါ်မှာ စာရေးလုပ်ရတာက လုပ်ငန်းသဘောသဘာဝ ကွာချင်တိုင်း ကွာဟနေမည်။

အိပ်မပျော်မည့်အတူတူ ကျွန်တော် အိပ်ရာမှထကာ အိမ်ပြင်ထွက်လိုက်တော့ လမ်းမပေါ်မှာ မည်သည့်ဟိုင်းဝေးကား တစ်စင်းတလေမှ ရှိမနေပါ။ လမ်းမီးမှိန်မှိန်အောက်တွင် အရာရာသည် ရှင်းလင်းလစ်ဟာနေသည်။ ကျွန်တော် ဆိပ်ဦးဘက်ထွက်လာကာ လူမရှိသော ကျောက်တံတားစွန်းမှာ ရပ်မိလျှင် မြစ်ပြင်ရေ၏ အေးစိမ့်မှုနှင့် ထိတွေ့ရသည်။ ဒီရေတောင် တက်လာပါပကော။

မြစ်တစ်ဖက်ကမ်း ရွာကလေးတွေဆီမှ မီးရောင်မှိတ်တုတ်ပင် မမြင်ရ။ အိပ်မောကျနေဟန်ထင်ရ၏။ နေ့ခင်းကွက်သစ်ရှေ့မှ ကဖေးဆိုင်ကလေးထဲထိုင်နေစဉ်က မြစ်ပြင်ကို ဖြတ်သန်းလာသည့်လေတွေ ပူလောင်နေပေမယ့် ယခုတော့ အေးမြမြကလေး ဖြစ်နေသည်။ ကျွန်တော် ရွာထဲဘက်လှမ်းကြည့်တော့ ကုန်းမို့မို့ပေါ်တွင် ကိုစိုးအောင်တို့ အိမ်ခန်းကလေးရှိနေသည့် မူလတန်းကျောင်းကလေး။ သား ပညာရေးပံ့ပိုးနေရသည်နှင့် သမီးအသက်ကို လက်လွှတ်ခဲ့ရသည့် မိခင်တစ်ယောက်၏ ကြေကွဲရှိုက်သံသည် ကုန်းမြင့်ပေါ်မှ ပြေးဆင်းလာဟန် ထင်ရ၏။ ကိုစိုးအောင်ကတော့ မသန်သည့်ခြေတစ်ဖက်ကို ခပ်ညှာညှာလျှောက်ရင်း မိသားစုတစ်ခု မြေတစ်ကွက် အိမ်တစ်ဆောင် ပိုင်ဆိုင်ရေးအိပ်မက်များ မက်နေလေမလား။

မြစ်ပြင်ကိုဖြတ်သန်းနေသည့် သက်တံ့ခုံကြီးပေါ်မှာတော့ ရောင်စုံကြယ်တာရာတွေ လင်းလက်နေကြသည်။ ကျွန်တော်တို့ ကြယ်တာရာတွေကို ဆွတ်ချူချင်တယ်ဆိုရင်တော့ အဟောင်းတွေကို ထားရစ်ကာ အသစ်တို့ဆီ ဆန့်တန်းတိုးဝင်ကြရမည်ပင်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

**အိုး မယ်ဝေး ကြီးကျယ်စဘန်မား**

ပြောင်းလဲခြင်း၏ တန်ပြန်သက်ရောက်မှု ကောင်းညွှံဖြစ်စဉ်ကိုတော့ ရှိသည့် စွမ်းအားဖြင့် ကြံ့ခိုင်ထူမတ်ထားကြရမည်။

ဒါဆိုလျှင် ကျွန်တော် ဘာဖြစ်လို့ အရှိတရားကို ရင်မဆိုင်ချင်ဘဲ ရှောင်ပြေးချင်နေရပါလိမ့်။ အဖေ့ရဲ့နိဒါန်းအသစ်ကို ရေးရေးမြင်လိုက်ရသလိုပင်။

ရွာကလေးကတော့ လူသားတွေ သူ့အပေါ် ရွှေချယ်ကန့်သတ်မှုအတွက် တိတ်တဆိတ် ကြေကွဲကောင်း ကြေကွဲနေပေလိမ့်မည်။

*မြားနတ်မောင်မဂ္ဂဇင်း*
*ဩဂုတ်လ၊ ၂၀၀၄ ခုနှစ်*

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

